www.burmeseclassic.com

GOLDEN HEART
BOOK HOUSE



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

ရွှေနှလုံးသားစာအုပ်အမှတ် ( ၁၉ )

# မင်းလူ

## စာပေကယ်ရီကေးချား

GOLDEN HEART
BOOK HOUSE

ဖြန့်ချိရေး

အမှတ်၁၂(၄-အေ)၊ ရတနာပုံလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀ ၂၆၃ ၀၆၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၂၉၉ ၀၆၀၃

•

မျက်နှာဖုံး
မြင့်မောင်ကျော်

•

အုပ်ရေ
၅၀၀

•

ပုံနှိပ်ခြင်း
ပထမအကြိမ်

•

ထုတ်ဝေခြင်း
မတ်၊ ၂၀၀၆

•

ထုတ်ဝေသူ
ဦးသက်လှိုင်၊ မိုးစန္ဒာစာပေ၊
၃/၂၆၇၊ ခရေပင်လမ်း၊ ဝေဘာဂီမြို့သစ်။

•

အတွင်းပုံနှိပ်
ဦးမြတ်ကျော် (၀၅၅၅)၊ စာလုပ်ငန်းပုံနှိပ်တိုက်၊
၁၉၄ (မြေညီထပ်)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

•

မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြ (၀၆၈၁၄)၊ ဝသန်ပုံနှိပ်တိုက်၊
၁၇၅၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊

•

တန်ဖိုး - ၁၀၀၀

•

## မာတိကာ

| | | |
|---|---|---|
| ● ရေးသူ၏အမှာ | .......... | ၇ |
| ● စာအုပ်တွင်ပါဝင်သော | | |
| ● ပေအနုပညာရှင်ဇာတ်ဆောင်များ | .......... | ၁၁ |
| ၁။ စာပေကြော်ငြာစတိတ်ရှိုးပွဲတော် | .......... | ၂၂ |
| ၂။ လေထန်ဖုန်း | .......... | ၃၆ |
| ၃။ ဒေဝတာမြို့တော် | .......... | ၅၉ |
| ၄။ ရေးတော့အမှန် | .......... | ၇၉ |
| ၅။ စာပေလေလံပွဲ | .......... | ၈၅ |
| ၆။ အော်ပရေးရှင်းအယ်လ်ကိုဟော | .......... | ၁၁၄ |
| ၇။ စာပေကူလီထမ်းခြင်း | .......... | ၁၄၀ |
| ၈။ စာပေအင်မစ်တေးရှင်း | .......... | ၁၆၀ |
| ၉။ စာပေကယ်ရီကေးချား | .......... | ၁၈၄ |

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ကျွန်တော်သည် စာပေလောကသားများကို ဇာတ်ဆောင်လုပ်ပြီး
သဝတ္ထုလေးတွေရေးခဲ့ပါသည်။ အစကတော့ ပျော်စေပျက်စေသဘော
တစ်ပုဒ်နှစ်ပုဒ်လောက်သာ ရေးမလို့ပါပဲ။ နောက်တော့ စာဖတ်ပရိ
တ်တွေက သဘောကျသည်ဟု ကြားသိရတာက တကြောင်း၊ စာပေ
ဓားအချင်းချင်းထဲကလည်း အားပေးကြ၊ (မြှောက်ပေးကြ)တာက
ကြောင်း၊ ကျွန်တော် ကိုယ်တိုင်ကလည်း စိတ်ပါလာတာက တကြောင်း
ကြောင့် ဆက်ပြီးရေးဖြစ်ခဲ့သည်။နောက်တစ်ချက်ကတော့ ဒီဝတ္ထု
လေးတွေကိုစုပြီး စာအုပ်အဖြစ်ထုတ်ဝေဖို့ စိတ်ကူးရလာသောကြောင့် ဖြစ်
အမှတ်တရသဘောလည်း ဖြစ်မည်။ လက်ရှိ စာပေနယ်ထဲမှာ ကျင်
ည်နေသော စာပေသမားအချို့ကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်ပြီးသား
င်မည်။ (စာရင်းသီးခြား ဖော်ပြထားပါသည်။)

ထူးခြားချက်ကတော့ ဇာတ်ဆောင်တွေက နာမည်ကျော်အနုပညာ
မားတွေဖြစ်သော်လည်း ဇာတ်လမ်းထဲမှာပါဝင်သော အကြောင်းအရာ
တွေကတော့ တစ်ခုမှ အမှန်အကန် မဟုတ်ခြင်းပင်ဖြစ်၏။ ကျွန်တော့်
ဘသာ ပေါက်ကရ လုပ်ကြံဇာတ်လမ်းဆင်ပြီး ပါဝင်အသုံးတော်ခံစေခြင်း
ာဖြစ်ပါ၏။

ခုလိုရေးရာမှာ အထူးသတိထားရသောကိစ္စတစ်ခုရှိပါသည်။ ချင်ပို့
င်လို့ ကလူကျီစယ်သည့်သဘောကို ထင်ရှား ထင်ရှားပေါ်လွင်စေရခြင်း
ဖြစ်၏။ ဂုဏ်သိက္ခာထိခိုက်အောင် ချိုးနှိမ်တာမျိုး၊ သရော်လှောင်ပြောင်ကဲ့

www.burmeseclassic.com

www.burmeseclassic.com



ရဲ့တာမျိုး မဖြစ်အောင် ရှောင်ကျဉ်ရပါသည်။ မရေးတတ်လျှင် တစ်ဘက်လူကို စော်ကားတာမျိုး ဖြစ်သွားတတ်ပါသည်။ ဒီကြားထဲကမှ နာသာခံခက်ဖြစ်စရာတချို့တလေ လက်လွန်ပြီး ပါသွားခဲ့လျှင်လည်း အနူးအညွတ်တောင်းပန်ပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်မဟုတ်ကဟုတ်က ရေးသမျှနားလည်းခွင့်လွှတ်ပေးကြခြင်းအတွက် ကျေးဇူးအထူးတင်ရှိပါသည်။

BURMESE CLASSIC .com

*

(သူတို့က သဘောထားကြီးစွာ ဘေးမဲ့ပေးထားသဖြင့် ကျွန်တော်ကလည်း 'အရူးလိုင်စင်ရထားသလို ဖြစ်နေတော့တာပေါ့။)

တကယ်တော့ ဒီလိုဝတ္ထုမျိုးတွေ ရေးရတာ သိပ်လွယ်လှတာတော့မဟုတ်ပါ။ တချို့ဝတ္ထုတွေဆိုလျှင် နှစ်နဲ့ချီပြီး ကြာတဲ့အထိ အောင်းထားရသည်။ ဒီကြားထဲမှာ အချက်အလက်တွေ စုရသည်။ ဇာတ်ကောင်တွေနေရာချတာကိုက တော်တော်ဦးနှောက်စားသည်။ တကယ်ချရေးတဲ့အခါကျတော့လည်း တစ်လလောက်ကြာအောင် ပင်ပပင်ပန်းပန်း ခေါင်းပူခံပြီးရေးရတာမျိုး ရှိသည်။

၁၉၉၈ မှ ၂၀၀၅ အထိ ခုနစ်နှစ်တာကာလအတွင်း ၉–ပုဒ်သာရေးနိုင်ခဲ့တာကို ကြည့်လျှင် သိနိုင်သာပါသည်။ နှစ်ဆယ်ရာစုကုန်ကာနီးမှ နှစ်ဆယ့်တစ်ရာစုဆန်းတဲ့အချိန်ထိကြာအောင် ရေးရတာဟု ကြံကြံဖန်ဖန်ပြောလို့တောင်ရသည်။

ဤဝတ္ထုများကို 'သောင်းပြောင်းထွေလာရယ်စရာ'၊ 'ရုပ်ရှင်အမြုတေ'၊ 'ကလျာ'နှင့်'မဟေသီ'မဂ္ဂဇင်းများတွင် ရေးခဲ့ခြင်း ဖြစ်ပါသည်။ ရှေ့ပိုင်း ငါးပုဒ်မှာ အခြားစာမူများနှင့်အတူ စာအုပ်အဖြစ် ထုတ်ဝေခဲ့ဖူးပါသည်။ နောက်ပိုင်းလေးပုဒ်ကတော့ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေဖူးခြင်း မရှိသေးပါ။ ထိုဝတ္ထုများပေါင်း၍ ဤစာအုပ်ကို တင်ဆက်လိုက်ခြင်းဖြစ်ပါသည်။

*



ဤစာအုပ်တွင် စာပေအနုပညာသမား နာမည်ကျော်ဇာတ်ဆောင်ခေါင်း ရာနှင့်ချီ၍ ပါဝင်ပါသည်။ ကျွန်တော်ချစ်ခင်သော၊ ကျွန်တော့်ကိုချစ်ခင်သော အနုပညာသမား ရာနှင့်ချီရှိနေကြောင်း တွေ့ရသဖြင့် အလွန်ဝမ်းသာ ဂုဏ်ယူရပါသည်။ ဒါတောင် အကုန်မဟုတ်သေးပါ။ အကြောင်းကြောင်းကြောင့် ကန့်ရစ်သူတွေ ရှိပါသေးသည်။

ဆရာမောင်မြေကြီး(ပန်းတောင်း)၊ နွမ်ဂျာသိုင်း၊ ဇေယျာမြတ်နိုင်၊ နေမျိုးသူရ(တကောင်းစာပေ)၊ မောင်သိမ်းစိုး(သီဟရတနာ)၊ ဒေါက်တာဘင်စံဦး စသူတို့ကို ဆောင်းပါးတစ်ပုဒ်ထဲမှာ ထည့်ပြီး ကလိခဲ့ဖူးပါသည်။ သို့ရာတွင် ဝတ္ထုမဟုတ်သဖြင့် ဤစာအုပ်နှင့် အကြုံးမဝင်ဘဲ ချန်လှပ်ထားခဲ့ရပါသည်။

ဆရာကြီးတစ်ယောက်ကဆိုလျှင်

"ငါ ကျန်းကန်းမာမာနဲ့ အသက်ရှည်နေလို့သာပေါ့ကွာ၊ နို့မို့ဆို မင်းက ငါ့ကို ဒေဝတာမြို့တော် ပို့ဦးမှာမဟုတ်လား။ တော်တော် ရှုပ်တဲ့ကောင်"

ဟု ရယ်ရယ်မောမော နောက်ပြောင်ပြောဆိုခဲ့ပါသေးသည်။

ကျွန်တော်ချစ်ရခင်ရသူတွေထဲမှာ ပန်းချီဆရာ၊ ကာတွန်းဆရာတွေလည်း အများကြီး ရှိပါသေးသည်။ တချို့ဆိုလျှင် ရေးဖို့စဉ်းစားပြီးမှ ဇာတ်သိမ်းထဲ အကွက်မဝင်သဖြင့် ချန်လှပ်ထားခဲ့ရတာမျိုး ရှိသည်။

ဒီထဲမှာ ပန်းချီမြင့်မောင်ကျော်လည်း ပါသည်။ ပေဖူးလွှာမဂ္ဂဇင်းထဲက ပန်းချီဒီဇိုင်းတွေ စဆွဲစဉ်ကတည်းက ခင်မင်ခဲ့သည်။ ပြောမနာဆိုမနာတွေဖြစ်၏။ သူ့လက်ရာတွေကို ကြိုက်လို့ စာအုပ်မျက်နှာဖုံးအပ်တဲ့အခါ ဘော်တော်နဲ့မပြီးလို့ ရန်ဖြစ်ရတာလည်း ခဏခဏပါပဲ။ ရေးလို့ပြီးပြန်တော့လည်း ပုံက ကောင်းနေစဖြင့် အောင့်သက်သက်နှင့် ချီးကျူးရပြန်သည်။

ပြီးတော့ ဒီငနဲဟာ လေကလည်းကျယ်သည်။ နေနှင့်အုံး၊ တစ်ခါလောက်တော့ ဝတ္ထုထဲထည့်ရေးပြီး နှိပ်ကွက်လိုက်ဦးမယ်ဟု တေးထားသော်လည်း ကံကောင်းထောက်မစွာ လွတ်လွတ်နေခဲ့သည်။ ဒီစာအုပ်ကို ထုတ်ဝေဖို့ စီစဉ်သောအခါ ထုတ်ဝေသူ 'ရွှေနှလုံးသား'လင်းမယားက 'မြင့်မောင်ကျော်အဖုံးနဲ့ဆိုရင် စာအုပ်ရောင်းကောင်းတတ်တယ်'ဟု ပြောဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဤစာအုပ်မျက်နှာဖုံးပုံကို ဆရာမြင့်မောင်ကျော်၏လက်သို့(ဆဲဆဲဆိုဆိုနှင့်ပဲ) ဝကွက်အပ်လိုက်ရလေသည်။

*

ကျွန်တော် ကွမ်းခြံကုန်းမြို့သို့ရောက်စဉ်က ဒေသခံစာပေသမားများနှင့် စကားပြောဖြစ်ခဲ့သည်။ ဒီထဲမှာ ဆရာ 'ငခါး(ကွမ်းခြံကုန်း)'လည်းပါသည်။ ကိုခါးက စာပေလောကသားတွေကို ဇာတ်ဆောင်လုပ်ပြီး ရေးထားသော ကျွန်တော့်ဝတ္ထုများကို သဘောကျကြောင်းပြောပြီး

'ဒါဟာ ကယ်ရီကေးချားတွေပဲ'

ဟု မှတ်ချက်ချပါသည်။

ကယ်ရီကေးချားဆိုသည်မှာ ကာတွန်းနည်းပညာဖြင့် ပုံတူဆွဲခြင်းဖြစ်၏။ ကြည့်လိုက်လျှင် ဒါ ဘယ်သူ့ပုံပဲဟု သိသာ၏။ သို့ရာတွင် ပန်းချီမှာ တစ်ထပ်တည်းတူအောင် ဆွဲထားခြင်းမဟုတ်။ ရုပ်ပြောင်သဘောဆွဲထားခြင်း ဖြစ်၏။ နာမည်ကျော်ပုဂ္ဂိုလ်တို့၏ ပုံများကို ဒါမျိုး ရေးဆွဲလေ့ရှိ၏။ ကျွန်တော်၏ဝတ္ထုများတွင်လည်း စာပေလောကသားများကို စာဖြင့် ကယ်ရီကေးချားဆွဲထားသည့်သဘောကို ဆိုလိုခြင်းဖြစ်၏။

သူ့စကားလုံးကို ကျွန်တော် အလွန်သဘောကျနှစ်သက်သွားသည်။ ထို့ကြောင့် 'စာပေကယ်ရီကေးချား'ဆိုသော ခေါင်းစဉ်၏အတွေးစိတ်ကူးကို အစဖော်ပေးသောဆရာငခါး(ကွမ်းခြံကုန်း)ကိုလည်းကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

*

ဤစာအုပ်ဖတ်ပြီးနောက် စာဖတ်ပရိသတ်များ ရယ်မောပျော်ရွှင်ကြပြီး စာပေအနုပညာသမားများသည်လည်း အချင်းချင်း ကလူကျီစယ်နောက်ပြောင်ကြရင်း ပိုမိုချစ်ခင် စည်းလုံးညီညွတ်လာကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ချစ်ခင်လေးစားလျက်
မင်းလူ



## ဤစာအုပ်တွင်ပါဝင်သော စာပေအနုပညာရှင်ဇာတ်ဆောင်များ

(အက္ခရာစဉ်အတိုင်း ဖော်ပြရာတွင် စာပေပညာရှင်များ အသုံးပြုလေ့ရှိသော နည်းစံနစ်ကို မသုံးပါ။ ထိုနည်းစနစ်တွင်–ဥပမာ–'တက္ကသိုလ်မောင်အောင်ဆွေ' ဆိုလျှင် 'အောင်ဆွေ၊ မောင်၊ တက္ကသိုလ်'ဟုရေးပြီး 'အ' အက္ခရာအောက်တွင် ထားရပါသည်။ 'ဦး'၊ 'ဒေါ်'၊ 'ကို'၊ 'မ'၊'မောင်'၊ 'ဒေါက်တာ' စသော စကားလုံးများကိုလည်း နောက်သို့ မပို့ဘဲ အရှိအတိုင်းထားပါသည်။ (ဥပမာ–ကိုတာ၊ မောင်ခိုင်မာ၊ ဒေါက်တာငွေစိုး)။ ကလောင်အမည် အနုပညာအမည်တို့၏ ထိပ်ဆုံးစာလုံးကိုသာ အတည်ယူခြင်းဖြစ်ပါသည်။ ပညာရှင်မဟုတ်သော သာမန်စာဖတ်ပရိသတ်များပါ အလွယ်တကူ သိရှိနိုင်ရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

၁။ ကလျာ (ဝိဇ္ဇာ–သိပ္ပံ)
၂။ ကီဝိ
၃။ ကေမြိုး(ပန်းချီ)
၄။ ကိုကိုနိုင်(ပန်းချီ)
၅။ ကိုဂျိုး
၆။ ကိုတာ
၇။ ကိုနောင်ကြီး
၈။ ကိုပိုက်
၉။ ကိုရိုးကွန့်

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ကိုဦးဆွေ
၁၁။ ကောက်နွယ်(ကနောင်)
၁၂။ ကောက်လိုင်း
၁၃။ ကောင်းညွန့်
၁၄။ ကံချွန်
၁၅။ ကျော်စိန်မင်း
၁၆။ ကျော်ဇင်(ဘုန်းတင့်ကျော်)
၁၇။ ကျော်ဇင်ကိုကို
၁၈။ ကျော်ရင်မြင့်
၁၉။ ကျော်သောင်း(ပန်းချီ)
၂၀။ ကျွန်း(မိမှံ)
၂၁။ ကြူးနှစ်
၂၂။ ကြည်စိုးထွန်း
၂၃။ ကြည်နိုင်
၂၄။ ကြည်ဝင်း(ကာတွန်း)
၂၅။ ကြပ်ကလေး
၂၆။ ခက်မာ
၂၇။ ခင်ဆွေဦး
၂၈။ ခင်နှင်းယု
၂၉။ခင်ပန်နှင်း
၃၀။ ခင်ဖြူ
၃၁။ ခင်မောင်ညွန့်(မဟေသီ)
၃၂။ ခင်မောင်မြင့်(မဟေသီ)
၃၃။ ခင်မောင်လတ်(ဦးခင်မောင်လတ်)
၃၄။ ခင်မျိုးချစ်
၃၅။ ခင်မြဇင်
၃၆။ ခင်ဝင်းသစ်
၃၇။ ခင်အောင်(မနု)
၃၈။ ချစ်စံဝင်း
၃၉။ ချစ်ဝင်းမောင်
၄၀။ ချစ်ဦးညို
၄၁။ ချမ်းငြိမ်းမိုး(ငြိမ်းငြိမ်းချမ်းချမ်း)
၄၂။ ဂျူး
၄၃။ ဂျက် (ကွမ်းခြံကုန်း)(မောင်သာချို)
၄၄။ ဂျိမ်းလှကျော်
၄၅။ ငေါ်း(ကွမ်းခြံကုန်း)
၄၆။ ငြိမ်းကျော်
၄၇။ ငွေကြည်(ကာတွန်း)
၄၈။ စောမင်းဝေ (ကာတွန်း)
၄၉။ စံတိုး(ပန်းချီ)
၅၀။ စိုးမြင့်လတ်
၅၁။ စိုးလိုင်မြင့် (ဦးစိုးမြင့်)(အတွေးသစ်)
၅၂။ စိုးသိဏ်း
၅၃။ စည်သူလွင်
၅၄။ စန်းမောင်
၅၅။ စန်းဦး (M.S.O.) (စိတ်ကူးချိုချို)
၅၆။ စိန်ကြီး(ပန်းချီ၊ ကာတွန်း)
၅၇။ စိန်ခင်မောင်ရီ
၅၈။ စိန်မျိုးမြင့်
၅၉။ စမ်းစမ်းနွဲ့ (သာယာဝတီ)
၆၀။ ဆောင်းဝင်းလတ်
၆၁။ ဆွေမင်း(ဓနုဖြူ)
၆၂။ ဇာဂနာ
၆၃။ ဇော်ဂျီ
၆၄။ ဇော်ဇင်
၆၅။ ဇော်နောင်

www.burmeseclassic.com

www.burmeseclassic.com



၆၆။ ဖင်သန့်
၆၇။ ဖောင်းထက်
၆၈။ ဇန့်မြင့်
၆၉။ ဇွန်ပွင့်
၇၀။ ညီပုလေး
၇၁။ ညိုထွန်းလူ
၇၂။ ညိုမြ
၇၃။ ညောင်ဦးဖိုးချို (ဓာတ်ပုံ)
၇၄။ တဂိုးမျိုး(ပန်းချီ)
၇၅။ တာရာမင်းဝေ
၇၆။ တူးတူးသာ
၇၇။ တိုးမိုး
၇၈။ တက္ကသိုလ်ဘုန်းနိုင်
၇၉။ တက္ကသိုလ်မောင်အောင်ဆွေ
၈၀။ တက္ကသိုလ်အေးမြင့် (ဓာတ်ပုံ)
၈၁။ တင်ကိုအောင်(ဟာန်သစ်)
၈၂။ တင်မောင်ထက် (ကွမ်းခြံကုန်း)
၈၃။ တင့်တယ်
၈၄။ ထက်ခေါင် (အတွေးသစ်)
၈၅။ ထွန်းဦး(ထွန်းဦးစာပေ)
၈၆။ ဒဂုန်ရွှေမျှား
၈၇။ ဒေါ်တူး(စာပေလောက)
၈၈။ ဒေါက်တာလမင်း(မဦး)
၉၀။ ဒေါင်းနွယ်ဆွေ
၉၁။ နီကိုရဲ
၉၂။ နုနုရည်(အင်းဝ)
၉၃။ နေဝင်းမြင့် (အောင်မောင်း)
၉၄။ နောင်ဝင်းထွန်း



၉၅။ နိုင်ဇော်
၉၆။ နတ်နွယ်
၉၇။ နွယ်ဦးလှိုင်
၉၈။ ပီမိုးနင်း
၉၉။ ပုလဲ
၁၀၀။ပုညခင်
၁၀၁။ ဖေမြင့်
၁၀၂။ ဖေသိန်း(ကာတွန်း)
၁၀၃။ ဗဂျီအောင်စိုး
၁၀၄။ ဗိုမောင်
၁၀၅။ ဗန်းမော်တင်အောင်
၁၀၆။ ဘငြိမ်းဝေ
၁၀၇။ ဘုန်းဝေ
၁၀၈။ မငြိမ်း
၁၀၉။ မစန္ဒာ
၁၁၀။ မထား (လေဒီမျိုးမြင့်)
၁၁၁။ မနော်ဟရီ
၁၁၂။ မမွေး (ပန်းချီ)
၁၁၃။ မသီတာ(စမ်းချောင်း)
၁၁၄။ မဟာဆွေ
၁၁၅။ မအိ
၁၁၆။ မာလတ်
၁၁၇။ မိချမ်းဝေ
၁၁၈။ မီးပွား (ဒါရိုက်တာ)
၁၁၉။ မိုနီဆန်း
၁၂၀။ မိုးမိုး(အင်းလျား)
၁၂၁။ မင်းနီရှုလ်
၁၂၂။ မင်းကျော်

www.burmeseclassic.com

www.burmeseclassic.com



၁၂၁။ မင်းခိုက်စိုးစန်
၁၂၂။ မင်းနိုင်ဦး
၁၂၃။ မင်းထက်မောင်
၁၂၄။ မင်းသိုက်မွန်
၁၂၅။ မောင်ခိုင်မာ
၁၂၆။ မောင်စိန်ဝင်း(ပုတီးကုန်း)
၁၂၇။ မောင်ညိုပြာ
၁၃၀။ မောင်ညိုဝင်း(ပန်းချီ)
၁၃၁။ မောင်ဒီ (ပန်းချီ ကဗျာ)
၁၃၂။ မောင်နေဝင်း
၁၃၃။ မောင်နွယ်အောင်(ဒဂုံဆောင်)
၁၃၄။ မောင်ပေါ်ထွန်း)
၁၃၅။ မောင်ပြည့်ဝ(ပန်းဝေသီ)
၁၃၆။ မောင်ဖေသဏ်း(ပန်းချီ)
၁၃၇။ ဘမိုးမြင့်
၁၃၈။ မောင်မိုးသူ
၁၃၉။ မောင်မောက် (ဥက္ကလာ)
၁၄၀။ မောင်မောင်စနေ
၁၄၁။ မောင်မောင်သိုက် (ပန်းချီ)
၁၄၂။ မောင်မျိုး(ကြောင်နှစ်ကောင်)
၁၄၃။ မောင်မျိုးမင်း(ရင်တွင်းဖြစ်)
၁၄၄။ မောင်မြင့်(စာအုပ်ချုပ်)
၁၄၅။ မောင်ရတနာ
၁၄၆။ မောင်ရန်ရှင်း
၁၄၇။ မောင်ရွှေစွန်
၁၄၈။ မောင်လူမိုက်
၁၄၉။ မောင်လေးအောင်



၁၅၀။ မောင်လင်းယုန်(ရှမ်းပြည်)(ဆရာရှမ်း)
၁၅၁။ မောင်ဝံသ
၁၅၂။ မောင်သုခ
၁၅၃။ မောင်သင်းခိုင်
၁၅၄။ မောင်သိန်း(မနေ)
၁၅၅။ မောင်သိန်းဆိုင်
၁၅၆။ မောင်သွေးချွန်
၁၅၇။ မောင်သွေးသစ်
၁၅၈။ မောင်အောင်ပွင့်
၁၅၉။ မျိုးကိုမျိုး
၁၆၀။ မျိုးညွန့်(စာပေလောက)
၁၆၁။ မျိုးမြင့်(ပန်းချီ)
၁၆၂။ မျိုးမြင့်ညိမ်း
၁၆၃။ မျိုးမြတ်သူ
၁၆၄။ မျိုးရာဇာညွန့်
၁၆၅။ မျိုးသန္တာထွန်း
၁၆၆။ မျိုးအောင်(ရက္ခဗေဒ)
၁၆၇။ မျောက်ညီနောင်လေးဖော်
(မောင်ဝဏ္ဏ)၊
(သုမောင်)၊
(ရှုပ)၊
(မင်းလူ)။
၁၆၈။ မှူးနီ
၁၆၉။ မြနှောင်းညို
၁၇၀။ မြမျိုးလွင်
၁၇၁။ မြမြင့်မို
၁၇၂။ မြလှိုင်

www.burmeseclassic.com

www.burmeseclassic.com



၁၇၃။ မြသန်းတင့်
၁၇၄။ မြင့်ကျောင်း
၁၇၅။ မြင့်မောင်မောင်
၁၇၆။ မြင့်သိန်း(စံရွှေမြင့်)
၁၇၇။ မြင့်ဦးဦးမြင့်
၁၇၈။ မြတ်နိုင်
၁၇၉။ မြတ်ငြိမ်း
၁၈၀။ မြတ်ဆွေ
၁၈၁။ မြတ်သစ်
၁၈၂။ ယဲဝင့်ဟာန်
၁၈၃။ ရာသက်ပန်(တောင်ငူဆောင်)
၁၈၄။ ရဲခေါင်မဲမောင်(နေမျိုးအေး)
၁၈၅။ ရန်အောင်
၁၈၆။ ရှုမဝဦးကျော်
၁၈၇။ ရွှေကူမေနှင်း
၁၈၉။ လူထုဦးလှ
၁၉၀။ လေဒီချစ်ဦးညို(အန်တီမေ)
၁၉၁။ လေဒီငြိမ်းကျော်(အတူး)
၁၉၂။ လေဒီနီကိုရဲ(နိုင်နိုင်ဝင်း)
၁၉၃။ လေဒီမင်းလူ(စန်းစန်းအောင်)
၁၉၄။ လေဒီမောင်ခိုင်မာ(ရှင်မ)
၁၉၅။ လေဒီမောင်သွေးသစ် (မမရီ)
၁၉၆။ လေးကိုတင်
၁၉၇။ လေးသူစံ
၁၉၈။ လယ်တွင်းသားစောချစ်
၁၉၉။ လင်း(ဆေး-၁)
၂၀၀။ လင်းနိုင်ဦး



၂၀၁။ လင်းယုန်မောင်မောင်
၂၀၂။ လင်းရောင်တင်
၂၀၃။ ဝသုန် (ပန်းချီ)
၂၀၄။ ဝေမှူးသွင်
၂၀၅။ ဝေလျှံ(မနု)
၂၀၆။ ဝေသာ(သောကြာ)
၂၀၇။ ဝင်းငြိမ်း
၂၀၈။ ဝင်းမော်ဟန် (ပန်းချီ)
၂၀၉။ ဝင်းမင်းထွေး
၂၁၀။ ဝင်းမောင်ညွန့်
၂၁၁။ ဝင်းအောင်(ကာတွန်း)
၂၁၂။ ဝိုင်းဝိုင်း(ကုံကော်ဝတ်ရည်)
၂၁၃။ သခင်ကိုယ်တော်မှိုင်း
၂၁၄။ သာဂဒိုး
၂၁၅။ သာခု
၂၁၆။ သားကြီးမောင်ဇေယျ
၂၁၇။ သီဟလတ်
၂၁၈။ သော်တာဆွေ
၂၁၉။ သင်းသင်းသာ
၂၂၀။ သန်းကြွယ်(ကာတွန်း)
၂၂၁။ သန်းဆွေ
၂၂၂။ သန်းငွေမောင်(ပန်းချီ)
၂၂၃။ သန်းထိုက် (သီရိဆွေ)
၂၂၄။ သန်းနိုင်(မိုးဝေ)
၂၂၅။ သန်းမြင့်အောင် (စာပေ)
၂၂၆။ သန်းမြင့်အောင် (ပန်းချီ)
၂၂၇။ သန်းအုန်း(မိုးဝေ)

www.burmeseclassic.com

www.burmeseclassic.com



၂၂၈။ သိန်းဖေမြင့်
၂၂၉။ သွန်းနေစိုး
၂၃၀။ သွန်းနှင်းအိမ်
၂၃၁။ သိပ္ပံမောင်ဝ
၂၃၂။ သိမ်းတင်သား
၂၃၃။ ဟိန်းလတ်
၂၃၄။ အကြည်တော်
၂၃၅။ အထောက်တော်လှအောင်
၂၃၆။ အရိုင်း
၂၃၇။ အိကြာကွေး
၂၃၈။ အော်ပီကျယ် (ကာတွန်း)
၂၃၉။ အံ့ဘွယ်ကျော်
၂၄၀။ အောင်ကျော်တိုး
၂၄၁။ အောင်ဇော်ဇော်(ကလျာ)
၂၄၂။ အောင်နိုင်နိုင်(ကလျာ)
၂၄၃။ အောင်ပြည့်
၂၄၄။ အောင်ဘညို
၂၄၅။ အောင်မင်းသိမ်း (ဒါရိုက်တာ)
၂၄၆။ အောင်မြတ်ကျော်(စာပေလောက)
၂၄၇။ အောင်လင်း
၂၄၈။ အောင်ဝေး
၂၄၉။ အဏ္ဏဝါစိုးမိုး
၂၅၀။ အတ္တကျော်(ဆူဗိုနင်)

◆



www.burmeseclassic.com

www.burmeseclassic.com

## စာပေကြော်ငြာစတိတ်ရှိုးပွဲတော်

ရုပ်မြင်သံကြားမှ လာလာနေသော ကြော်ငြာတွေကိုသာ နိုင်ငံခြားသားတွေ ကြည့်မိလျှင် မြန်မာလူမျိုးဆိုသည်မှာ ခေါင်းကလေးလျှော်လိုက်၊ သနပ်ခါးလေး မိတ်ကပ်လေးလိမ်းလိုက်၊ အချိုရည်လေး သောက်လိုက်၊ အားဆေးလေး မှီဝဲလိုက်၊ ဆပ်ပြာမှုန့်နှင့် အဝတ်လျှော်လိုက်၊ ယိုစုံကလေးစားလိုက်၊ ကော်ဖီမစ်လေးသောက်လိုက်၊ ရွှေကလေးဝယ်လိုက်နှင့် နေတတ်သော လူမျိုးဟု ထင်ကြပေလိမ့်မည်။

ကြော်ငြာတွေကလည်း ဒါတွေချည်းပဲကိုး။ ဒါတောင် ဘီယာ၊ အရက်နှင့် စီးကရက်ကြော်ငြာတွေကို ကြပ်ကြပ်မတ်မတ် လုပ်လိုက်ပေလို့ပေါ့။ ဒါမှမဟုတ်လို့ကတော့ မြန်မာဆိုတာ ဘီယာလေး၊ အရက်လေး တမြမြ စီးကရက်လေး တဖွာဖွာ နေတတ်သူများဟု သတ်မှတ်ခံရမှာသေချာသည်။

မြန်မာတို့သည် စာအလွန်ဖတ်သော လူမျိုးဟု အထင်ကြီးခံရဖို့ အလားအလာတော့ သိပ်မရှိလှပါ။ အကြောင်းမှာ ရုပ်မြင်သံကြားတွင် စာအုပ်ကြော်ငြာ မပါသလောက် ဖြစ်နေသောကြောင့်ပင် ဖြစ်၏။

တစ်လ တစ်ခါ၊ နှစ်ခါလောက်တော့ ရှားရှားပါးပါး တွေ့ရတတ်သည်။ သို့ရာတွင် စာအုပ်ကြော်ငြာဆိုတာက သူများတွေလို အချိန်အကြာကြီးယူပြီး ကြော်ငြာနိုင်တာမဟုတ်။ စက္ကန့်အနည်းငယ်အတွင်းမှာ အမြန်တက်သုတ်နှင့်ရခြင်း ဖြစ်၏။ နောက်ခံစကားပြောကိုလည်း ဖွဲ့ဖွဲ့နွဲ့နွဲ့ မလုပ်နိုင်ရှာ။ ဘယ်သူ၏ ဘာဝတ္ထု၊ ဘယ်စာအုပ်တိုက်က ထွက်နေပါပြီ ဆိုတာလောက်ကို နောက်မှ ရန်သူလိုက်လာဘိသကဲ့သို့ အမောတကော ပြောရသည်။



ဆလသံကလည်း ရုပ်ကွက်ထဲ ဖြတ်ပြေးရင်း " မီးဗျို့ မီးလောင်နေပြီ"ဟု အော်သွားသည့် ပုံစံမျိုး။

ဒါတောင် အရောင်းရဆုံးစာရင်းဝင် စာရေးဆရာများ၏ စာအုပ်များသာ ခုလိုကြော်ငြာနိုင်သည်။ တော်ရုံတန်ရုံဆရာဆိုလျှင်တော့ သတင်းစာမှာ ကြော်ငြာတာတောင် စာအုပ်ထွက်ချိန်အမီ ကြော်ငြာပါဖို့ တော်တော်ကြိုးစားကြရသည်။

ရုပ်မြင်သံကြားမှ အခြားကုန်ပစ္စည်းတွေ အကြီးအကျယ်ကြော်ငြာနေကြတာကြည့်ပြီး အားကျမိ၏။ ငါတို့စာအုပ်တွေလည်း ဒီလိုကြော်ငြာနိုင်ရင် ကောင်းမှာပဲဟု တွေးမိ၏။ ဒါကလည်းဝေးပါသေးသည်။

ဒီတော့ တစ်ခုသွားစဉ်းစားမိ၏။ ကိုယ့်ဘာသာ ကြော်ငြာစင်မြင့်တစ်ခုလုပ်ပြီး စာအုပ်တွေ ကြော်ငြာလျှင် မကောင်းဘူးလား။ ကောင်းသည်။ သို့ရာတွင် ဘယ်သူက စပွန်ဆာလုပ်ပြီး ငွေထုတ်ပေးမှာလဲ။ လက်တွေ့ အကောင်အထည်ဖော်ဖို့ မလွယ်။ ထိုအခါ စာတွေ့ အကောင်အထည်ဖော်ကြည့်သည်။ ဤသို့ဖြင့် စာပေနယ်မှ ကျွန်တော်ချစ်သော၊ ခင်သော၊ ပြဿနာရှိမည် မထင်သော ဆရာ၊ ဆရာမများကို ဇာတ်ဆောင်များအဖြစ် ဖန်တီးပြီး ဝတ္ထုတစ်ပုဒ် ရေးလိုက်ရပါသည်။ (ကြော်ငြာပေးသည့်အတွက် ကျွန်တော့်ကို ကျွေးမွေးပြုစုလိုကြပါလျှင်လည်း အမြန် ဆက်သွယ်နိုင်ပါသည်။ ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။)

* * *

'စာပေကြော်ငြာစတိတ်ရှိုးကြီး'

စာပေဝါသနာရှင်များအတွက် အထူးအစီအစဉ်။ လေထန်ကုန်း မီဒီယာ အင်တာပရိုက်စ်မှ တင်ဆက်သည်။ စာရေးဆရာ၊ စာရေးဆရာမများ ကိုယ်တိုင်စင်မြင့်ပေါ်တက်၍ ကြော်ငြာသီချင်းများကို ဆိုကြမည်။ ကချေကြမည်။ တစ်သက်မှာ တစ်ခါသာ ကြုံရမည့်ပွဲတော်ကြီး။ ကြိုတင်လက်မှတ်များ ရောင်းချနေပါပြီ။ လက်မှတ်တစ်စောင် ၃၀။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီပြိုင်ပွဲ ကြော်ငြာတွေ လိုက်ကပ်ထားသည်။ ထိုင်ခုံဝေ ချော့မြှူလာသူအသင် လက်မှတ်များ ရိုက်နှိပ်ရောင်းချရာ ပွဲလုပ်ဖို့ သုံးရက် အလောသုံးနေ့သည့် နေ့အထိ လက်မှတ်အစောင် တစ်ရာကျော်ကျော်သာ ရောင်းရသေး စီစဉ်သူများ စိတ်ပူကြရပြီ။ စာရေးဆရာတွေကို ဒီလော ဖိတ်ထားတာ နည်းကုန်ကြပြီလားဟု စိုးရိမ်သွားကြသည်။ ထို့ကြော င်းကြော်ငြာ ကြံကြ၏။

ထင်မှတ်ဝယ်ထားသော ပရိသတ်များကို ကံစမ်းမဲဖောက်ပေး ပြီး မဲပေါက်သူကို စာရေးဆရာမ မစန္ဒာနှင့်အတူ ပါပူဝါ နယူးဂီနီကျွန်း သို့ အခမဲ့ဖြစ်ပြီး စရိတ်ငြိမ်း ပို့ပေးမည်ဟု ကြော်ငြာလိုက်၏။

မစန္ဒာဆိုတာ အသက်ဘယ်လောက်ရှိပြီလဲ။ ဖြူသလား၊ မဲသလား ဆိုပါ။ ပါပူဝါ နယူးဂီနီကျွန်း ဘယ်နားရှိမှန်းမသိသော်လည်း နိုင်ငံခြား သို့သာနှင့်ပင် လက်မှတ်တွေ ပြိုက်ခနဲ ကုန်ရုံမက မှောင်ခိုတောင် ဖြစ်သွား သေး၏။

* * *

စတိတ်ရှိုးကျင်းပမည့်နေ့သို့ ရောက်လာသည်။ ပရိသတ်များလည်း တဖွဲဖွဲ ကြွရောက်လာကြ၏။ ခန်းမ၏ အပြင်ဘက်မှာလည်း စျေးဆိုင်ခန်း များနှင့် စည်စည်ကားကား ရှိနေ၏။ စာပေလောက စာအုပ်တိုက်က တောင် အထူးစာအုပ်ဆိုင် လာဖွင့်သေးသည်။

"ရွှေပွဲလာ ပရိသတ်များခင်ဗျား အခမ်းအနား စတင်တော့မှာဖြစ်တဲ့ အတွက် သတ်မှတ်ထားတဲ့နေရာများမှာ ဝင်ရောက်နေရာယူကြဖို့ ပန်ကြား အပ်ပါတယ် ခင်ဗျား "

အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သူ မြတ်ခိုင်၏အသံ ထွက်ပေါ် လာသည်။ မြတ်ခိုင်သည် အခမ်းအနားမှူး လုပ်ရမည်ဖြစ်၍ သားသားနား နား ဝတ်စားပြင်ဆင်လာ၏။ တစ်ခုပဲ ပြဿနာရှိ၏။ သူသည် ကြော်ငြာ ရိုက်ဖို့ ကိစ္စတစ်ခုကြောင့် တစ်နေ့လုံး အလုပ်များနေခဲ့ရ၏။ ညနေစောင်းမှ အိမ်ပြန်ရောက်သည်။ စတိတ်ရှိုးသွားဖို့ နောက်ကျနေမည်စိုး၍ ကတိုက်



ကရိုက် ပြင်ဆင်ရသည်။ ထိုအခါ မျက်နှာမှာလိမ်းရမည့် အသားဖြူဆေး နှင့် ခေါင်းလိမ်းဆီခရင်မ်ကို နေရာလွဲမှားပြီး လိမ်းလိုက်မိ၏။ ထို့ကြောင့် ဆံပင်တွေက ဖြူသွားပြီး မျက်နှာက ပိတုန်းရောင်တောက်သွားသည်။ ပြန်ပြင်ဖို့ အချိန်မရတော့သဖြင့် ဒီအတိုင်းပင် ထွက်လာခဲ့ရသည်။ ရေးဖော် ရေးဖက်တွေကတော့ မြတ်ခိုင်တို့ကတော့ ထူးထူးခြားခြား လုပ်ချလိုက် ပြန်ပြီဟု ချီးကျူးကြလေသည်။

မြတ်ခိုင်သည် စင်ပေါ်တက်လာပြီး

"ရွှေပွဲလာ ညီနောင်ပရိသတ်များ ခင်ဗျား၊ ခုချိန်ကစပြီး ကြော်ငြာစတိတ် ရှိုး ခင်တင်ပွဲကြီးကို စတင်ဖွင့်လှစ်လိုက်ပါပြီ ခင်ဗျား"

လက်ခုပ်သံတွေ ထွက်ပေါ်လာသည်။

"ဒီပွဲကြီးဟာဆိုရင် အင်မတန်ထူးခြားတဲ့ ပွဲကြီးပဲဖြစ်ပါတယ်။ ပရိသတ်များ ချစ်ခင်နှစ်သက် စွဲလမ်းခဲ့ကြတဲ့ စာရေးဆရာ၊ ဆရာမများ ကိုယ်တိုင် စင်ပေါ်တက်ပြီး ဖျော်ဖြေကြမှာ ဖြစ်ပါတယ်။ တစ်သက်မှာ တစ်ခါ ဆိုသလို ကြုံတောင့်ကြုံခဲဖြစ်တာမို့ အားပါးတရ ရှုစားတော်မူကြ ပါ ခင်ဗျား။ အခု ပထမဆုံး ပဏာမမိတ်ဆက်အနေနဲ့ ဖျော်ဖြေမှာကတော့ သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း အဖွဲ့သားများပဲ ဖြစ်ပါတယ် ခင်ဗျား..."

လက်ခုပ်သံ ဖြိုးဖြိုးဖြောက်ဖြောက်နှင့်အတူ သောင်းပြောင်းထွေလာ မှ အယ်ဒီတာချုပ်မာလတ်၊ တာဝန်ခံအယ်ဒီတာ ကောက်နွယ်(ကနောင်) နှင့် အဖွဲ့သားများ စင်ပေါ်တက်လာကြသည်။

သူတို့သည် တီရှပ်အဖြူရောင်နှင့်အဝါရောင်ဘောင်းဘီများ ဝတ်ထား ကြ၏။ တီရှပ်ပေါ်မှာ ရယ်မောနေသည့် မျက်နှာဖုံးပုံကို ရိုက်နှိပ်ထား၏။ ဝမ်းတူးသရီးဖိုးဟု အချက်ပေးလိုက်သောအခါ ဘာမှန်းမသိသော အက တစ်မျိုးကိုတစ်ယောက်တစ်ပေါက်စီမညီမညာကရင်း သံပြိုင်ဆိုသည်။

*"သောင်းပြောင်းထွေလာ..ရှားလားလာလာလာ သင်မှန်မှန်ဖတ် ပါကွယ်...သောင်းပြောင်းထွေလာ ရှားလားလာလာလာ ရယ်စရာတွေ မျိုးစုံတယ်"*

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုနေကြသော ပရိသတ်က "ဟင်း ရယ်စရာမဂ္ဂဇင်းအဖွဲ့တဲ့ကွာ၊ တစ်ယောက်မှလည်း ရယ်စရာရုပ်မပေါက်ဘူး….၊ ဟိုအယ်ဒီတာချုပ်ဆိုတဲ့ လူ့ရဲ့မျက်နှာက ပုပ်သိုးသိုးနဲ့…တာဝန်ခံအယ်ဒီတာကလည်း နှုတ်ခမ်းမွေးနဲ့…သူကြီးသား လူမိုက်ရုပ်မျိုး" ဟု ဝေဖန်ကြလေသည်။

သူတို့အုပ်စု ကုပ်ချောင်းချောင်းနှင့် ဆင်းသွားကြပြီးနောက် အခမ်းအနားမှူးမြတ်ခိုင် စင်ပေါ်တက်လာပြန်သည်။

"ရွှေပွဲလာ ဧည့်ပရိသတ်များခင်ဗျား၊ အခုဆက်လက်ပြီး တင်ဆက်မယ့်သူကတော့ သရုပ်မှန်ဝတ္ထုများဖြင့် ထင်ရှားကျော်ကြားခဲ့တဲ့ စာရေးဆရာမ ခင်မြဇင်ပဲ ဖြစ်ပါတယ်ခင်ဗျား"

တကယ်တော့ ခင်မြဇင်မှာ ခုလို လူကြားသူကြား ထွက်လေ့မရှိ။ အိမ်ထောင်ကျပြီးနောက်ပိုင်း စာရေးကျဲနေသဖြင့် "ဒီအတိုင်းဆိုရင် ပရိသတ်နဲ့ စိမ်းသွားလိမ့်မယ်။ စာမရေးဖြစ်ရင်တောင် အခုလိုပွဲမျိုးမှာတက်ပြီး ပရိသတ်နဲ့ ထိတွေ့မှဖြစ်မယ်" ဟု စီစဉ်သူများကစေတနာနှင့်အကြံပေးသလိုလိုလုပ်ပြီး ခြိမ်းခြောက်သောကြောင့် စင်ပေါ်တက်လာရရှာခြင်း ဖြစ်၏။

သူသည် စင်ပေါ်ရောက်သောအခါ ခေါင်းကြီးငုံ့ပြီး ရှက်နေသေးသည်။ နောက်ခံတီးလုံးစသောအခါ သူမဆိုဘဲ နေလို့မရတော့။

*"ပါရာရာ ရာရာဘုံ…ပါရာရာ ရာရာဘုံ…ပါရာရာရာ…အရွယ်စုံဖတ်တယ်၊ ခင်မြဇင်ဝတ္ထုတွေလည်း… လူငယ်တွေ ကြိုက်ကြတာပဲ..ဝေဖန်သူများလည်း ကြိုက်တဲ့ ခင်မြဇင်…အရေးအသားလည်း ကောင်းပါတယ်… ကြာတာလေးတော့ ခွင့်လွှတ်ပါကွယ်၊ အချိန်ယူကာ အကောင်းဆုံးရေးတဲ့ ခင်မြဇင် ဘုံ…ပါရာရာ ရာရာဘုံ….ပါရာရာ ရာရာဘုံ"*

ဆိုလို့ပြီးသွားသော်လည်း ပရိသတ်က ငိုင်ပြီး ငြိမ်နေကြသည်။ သူ့ခင်ပွန်းကိုသန်းအုန်းက အရင်ဆုံး လက်ခုပ်တီးပြီး ချူလိုက်တော့မှ ပရိသတ်တွေ လက်ခုပ်လိုက်တီးကြလေ၏။

"အခုတစ်ခါ အလှည့်ကျသူကတော့ မကြာခင်အချိန်ကလေးကမှ မန္တလေးကနေ အဲယားမန္တလေး လေယာဉ်နဲ့ဆိုက်ရောက်လာခဲ့တဲ့ ဆရာကံချွန်ပဲ ဖြစ်ပါတယ်ခင်ဗျား"



အခမ်းအနားမှူးက ကြေညာသည်။ အမှန်တော့ ကံချွန်သည် လေယာဉ်နှင့်လာခဲ့ခြင်းမဟုတ်။ အက်စ်အီးအမြန်ရထား အထက်တန်းတွဲ၏ လေ့ကားချောင်မှာ ခိုကပ်လိုက်လာခဲ့ရခြင်းသာ ဖြစ်၏။ လူအထင်ကြီးအောင် မြှောက်ပင့်ကြေညာလိုက်ခြင်းပင်။

ဘာပဲဖြစ်ဖြစ် ကံချွန်ကတော့ မျက်မှန်ကလေးတဝင့်ဝင့်လုပ်ရင်း ဇင်မြင့်ပေါ်ကို ခပ်တည်တည် တက်လာသည်။ ပရိသတ်ဘက်လှည့်၍ သက်အုပ်ချီပြီး နှုတ်ဆက်၏။ ထို့နောက် သူ၏ပင်ကိုဟန်ဖြစ်သော ဗိုက်ပူပူကလေးကို ရှေ့သို့ပစ်၍ပစ်၍ လှုပ်ရင်း

*"ပန်…ပန်…ပန်…ပန်း…ပန်၊ ပန်ပန်ပန်ပန်းပန် ကံချွန် ကာတွန်းဆွဲလို့အောင်မြင်၊ ကံချွန် ဝတ္ထုရေးလဲ အောင်မြင်၊ ကံချွန် ကြံရာအကုန်လုပ်လိုက်ချင်…ရွှေမန်းရဲ့ သခင်..ဗိုမောင်…ပန်…ပန်…ပန်..ပန်းပန်"*

"ဟာ… ဘယ့်နှယ် ဗိုမောင်ဆိုတာကြီးက ပါလာရတာလဲကွ"

ဟု ပရိသတ်ထဲမှ အသံထွက်လာ၏။ ကံချွန်က သွားလေးဖြီး၍ လက်အုပ်ချီလိုက်ပြီး

"အခွင့်အရေးရတုန်း ကျွန်တော့်ညီအတွက်ပါ ထည့်ကြော်ငြာလိုက်ရတာပါခင်ဗျာ"

ဟု ပြောပြီး အမြန်ဆင်းပြေးသွားသည်။

နောက်ထပ် အလှည့်ကျသူက ချစ်ဦးညိုဖြစ်သည်။ သူကတော့ ဓာတ်သဘင်နှင့် ပတ်သက်နေသဖြင့် နှစ်ပါးသွားပုံစံ လုပ်လာသည်။ တစ်ခုပဲရှိ၏။ သူနှင့်တွဲဖို့ မင်းသမီးရှာလို့မရခြင်းခြင်းပင် ဖြစ်၏။ သူနှင့်ခင်သော ဓာတ်မင်းသမီးတွေကလည်း ဓာတ်နားထားကြတာကြာတော့ ဝတုတ်ကြီးတွေဖြစ်သူဖြစ်၊ အိမ်ထောင်ကျသူက ကျ၊ တချို့ကတော့ "ကျွန်မတို့ စင်ပေါ်ပြန်မတက်ချင်တော့ပါဘူး ဆရာရယ်" ဟု အလိမ္မာနှင့် ငြင်းလွှတ်ကြသည်။

တကယ့် ကြော်ငြာမင်းသမီးတွေကျတော့လည်း သရုပ်ဆောင်ခသိန်းနှင့်ချီ တောင်းနေသဖြင့် အနားတောင်မကပ်နိုင်။ နောက်ဆုံးတော့ ရှာဆွဲမှပဲဆိုပြီး သူ့အိမ်က လေဒီကြီးကိုပဲ စည်းရုံးရတော့သည်။ ပြောရဘာ တော်တော်ခက်မည် ထင်ထားသော်လည်း တကယ်တမ်းကျတော့

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါပဲ မေးရသေးသည်။ "စောစောက ပြောပါလား၊ တကတည်း သူများ တွေ လျှောက်ရှာနေရသေးတယ်"ဟု ဆိုလေ၏။

တခ်ခုပဲ ရှိ၏။ လေဒီချစ်ဦးညိုမှာ အသက်အရွယ်ကလေး နည်းနည်း ရလာပြီဖြစ်၍ ကိုယ်လုံးကိုယ်ထည်က ဖယောင်းတိုင်ရှိပ် ဖြစ်ချင်နေပြီ ဒီတော့ ကိုန်းဖောင်ဒါ၏စာအုပ်ဖတ်ပြီး နှစ်ပတ်အတွင်း အပြင်းအထန် လေ့ ကျင့်လိုက်ရာ အံ့ဩစရာကောင်းလောက်အောင် ငယ်မူပြန်သွား၏။

ဒီလိုနှင့် စင်မြင့်ပေါ် နှစ်ယောက်တွဲ တက်လာနိုင်ခဲ့လေသည်။ သူတို့ မှာ ရိုးရာဟန်မပျက်စေဘဲ ကျေးလက်ဂီတသံဖြင့် ကြော်ငြာသွားပုံမှာ—

"ကိုကြီးညိုရေ"

"ဗျို…ဗျို…ဗျို…ဗျို…"

"ကိုကြီးညိုရေ"

"ဗျာ…ဗျာ…ဗျာ…ဗျာ…"

"ဒီတစ်ခေါက် ဝတ္ထုရေးရင် မမေ့ပါနဲ့ရှင်၊ အများတကာတွေ တောင်း တတာပင်.ကျွန်မမှာလေ ကြားရပါသရှင်၊ ရာဇဝင်ဝတ္ထုကလေး ရေးလို့ ဖြင့် ထုတ်စမ်းပါရှင်..ကိုကြီးညိုရေ"

"အေးပါဟ"

လူလတ်ပိုင်းနှင့် လူကြီးပိုင်းပရိသတ်က သဘောကျကြသည်။ လူငယ် တွေကတော့ ဝတ်ကျေတန်းကျေလောက်သာ လက်ခုပ်တီးကြသည်။

အခန်းအနားမှူးက ကြေညာပြန်သည်။

"ယခုအလှည့်ကျသူကတော့ ကာတွန်းဆရာငွေကြည်ပဲ ဖြစ်ပါတယ် ခင်ဗျား"

ငွေကြည်စင်ပေါ်တက်လာသည်။ သူ့ကို ရုတ်တရက် မမှတ်မိနိုင်ကြ အကြောင်းမှာ သူက သားရေဂျာကင်နှင့် ဂျင်းဘောင်းဘီဝတ်ထားပြီး ဆံ ပင်ကိုလည်း အနီရောင်ဆိုးထားသောကြောင့် ဖြစ်၏။ သူသည် တံတောင် ဆစ်ကို ကွေး၍ လက်သီးကို ဆုပ်၊ ဒူးကို အနည်းငယ် ညွတ်လိုက်ပြီးမှ

"ဒူဝါ ဒီဒီ ဒမ်း ဒီးဒီဒူ… အို့၊ ငွေကြည်ဆိုသည်မှာ ကာတွန်းဆရာပဲ၊ အိုလေ…ဒူဝါဒီဒီ ဒမ်း ဒီဒီဒူ… အပြစ်ကင်းစွာ ရယ်မောကြ၊ ရိုးရာဟာသလေး



နားပါ၊ ပြည်သူတွေ ရွှင်ပြုံးနှစ်သက်လို့ ကြည်နူးလို့သာမဆုံး…ရေးဆွဲတဲ့ ငွေကြည်လေးပါပဲ"

ပရိသတ် မှင်သက်မိသွားကြ၏။ သူတို့စိတ်ထဲတွင် ကာတွန်းငွေကြည် သီချင်းဆိုတတ်မှာ မဟုတ်ဟု ထင်ထားကြသည်။ တကယ်တမ်းကျ တော့ အသံရော ဟန်ရော တကယ့်ဝါရင့်တွေအတိုင်း ဖြစ်နေသဖြင့် အံ့ဩ ချီးကျူးကြရသည်။ စည်သူလွင်ထက်တောင် သာသည်ဟု မှတ်ချက်ချကြ လေ၏။

*  *  *

ထို့နောက် ပရိသတ်များ ခံစားမှုအာရုံအပြောင်းအလဲဖြစ်စေရန် ကြားဖြတ်အစီအစဉ်များ တင်ဆက်သည်။

ကိုရိုးကွန်၏မျက်လှည့်၊ အောင်ဝီကျယ်၏ အသံတု၊ နေဝင်းမြင့်နှင့် ညို ညွန့်းလူတို့၏ ဟာဒယရွှင်ဆေး၊ မမွေး၊ မဝိုင်း၊ ဖွန်ပွင့်နှင့်ရာသက်ပန် (ဘောင်ငူဆောင်)တို့၏ ပန်းပွားအက၊ မအိ၏ တစ်ကိုယ်တော် ဖက်ရှင်ရှိုး သော အစီအစဉ်များကိုလည်း ပရိသတ်က သဘောကျကြသည်။

*  *  *

ကြားဖြတ်အစီအစဉ်များအပြီးတွင် မူလကြော်ငြာစတိတ်ရှိုး အစီ အစဉ် ပြန်စသည်။ အလှည့်ကျသူက ဆရာအောင်ပြည့် ဖြစ်၏။ သူက စာလည်း ရေးသည်။ အယ်ဒီတာလည်း လုပ်သည်။ ကျူရှင်လည်း ပြသည်။ ရုပ်ရှင် ဗီဒီယိုသရုပ်ဆောင်လည်း လုပ်သည်။ ခုလည်း ကျူရှင်ပြရာမှ တန်း လာရသောကြောင့် စင်ပေါ်တက်လာရသောအခါ ကျူရှင်ဆရာတို့၏ အထိမ်းအမှတ်ဖြစ်သော မျက်နှာသုတ်ပဝါ အသေးစားလေးက ပခုံးပေါ် တင်လျက် ပါလာ၏။

ဆရာအောင်ပြည့်သည် မျက်နှာနှင့် လည်ပင်းမှ ချွေးများကို ပဝါလေး နှင့် သုတ်ပြီး အဆင်သင့်ပြင်သည်။ တီးလုံးစပြီ။ ထိုအခါကျမှ တီးဝိုင်းဘက် သို့ ပြုံးပြုံးပြာပြာ လက်ကာပြပြီး ပါးစပ်ထဲမှ မြို့လျက်သားရှိနေသော ဘွမ်းဖတ်များကို သွားထွေးထုတ်ပစ်သည်။ ပြီးမှ တီးဝိုင်းဘက်သို့ အချက်

www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်၏။

"တွေ့လား ဆောင်းပါးလား၊
ဗီဒီယိုရိုက်ဦးမလား၊
အယ်ဒီတာ ခန့်ချင်သလား၊
အောင်ပြည့်ဆီကိုသွား၊
လေကုန်ခံကာလေ မမေးနဲ့၊
မြန်မာစာတော်ချင်ရင် ပြေးခဲ့၊
ကျောင်းသားတွေအားလုံးအတွက်
မြန်မာစာသင်တန်း.....တက်ကြစို့လား..."

ဆရာအောင်ပြည့်သည် ချွေးတစ်ခါ ထပ်သုတ်၊ ကွမ်းယာဘူးထဲမှ တစ်ယာ ထုတ်ဝါးပြီး ပြန်ဆင်းသွား၏။

"ဆရာအောင်ပြည့်တို့ကတော့ ဝိုင်တယ်ဗျာ၊ သူ့အလုပ်တွေ အားလုံး ပါအောင် ကြော်ငြာသွားနိုင်တယ်"

ဟု ဇော်ဇင်က သူ့ဘေးနားမှာ ထိုင်နေသော မြင့်ဦးဦးမြင့်ကို ပြောလိုက်၏။ မြင့်ဦးဦးမြင့်က ခေါင်းညိတ်ပြသည်။ ထို့နောက်

"ဟော...လာပြီ၊ လာပြီ"

ဟု ပြောလိုက်၏။ မောင်ခိုင်မာ စင်ပေါ်တက်သည်။ သူသည် ပါးစပ်မှာ တပ်လျက်သားပါလာသော ဆေးပြင်းလိပ်တိုကို ချွတ်သည်။ ဆေးလိပ်မီးကို တံတွေးနှင့် အသာတို့၍ ငြိမ်းသတ်ပြီး ရှပ်အင်္ကျီအိတ်ထဲ ရှရှကလေး ထည့်သိမ်းထားလိုက်သည်။ သူက ကဗျာဆရာပီပီ သူများတွေလို သီချင်း မဆိုဘဲ ကဗျာတစ်ပုဒ်ကိုသာ အသံနေ အသံထားဖြင့် ရွတ်ဆိုလိုက်သည်။

"နွေရက် မိုးဆောင်း
ပြောင်းလို ပြောင်းလော့
အဟောင်းသွေ့ဖည်
အသစ်တည်မည်
ရာသီတိုင်းမှာ...
မောင်ခိုင်မာ..."

ကဗျာ အဆုံးသတ်လိုက်သော အချိန်မှာပင် လူငယ်ကဗျာသမားအုပ်စုထံမှ "ဒါမှ ဆရာခိုင်ကွ"ဟူ၍ အော်ဟစ်အားပေးသံများ ထွက်လာ၏။

ထို့နောက် အခမ်းအနားမှူးမြတ်ခိုင် စင်ပေါ်တက်လာပြန်သည်။ သူက ရှေ့တန်းမှာထိုင်နေကြသော သူများဆီ မျက်လုံးကစားလိုက်ပြီး

"အခု ကြားဖြတ်ဖျော်ဖြေမှုအနေနဲ့ တင်ဆက်မယ့်သူကတော့ ဆရာဝင်းငြိမ်းပဲ ဖြစ်ပါတယ်ခင်ဗျား"

ရှေ့ဆုံးတန်းတွင် ထိုင်နေသော ဆရာဝင်းငြိမ်း မျက်လုံးပြူးသွားသည်။ သူက စင်ပေါ်တက်ပြီး ကြော်ငြာဖို့လာခဲ့ခြင်းမဟုတ်၊ ဧည့်သည်တော်အနေဖြင့် တက်ရောက်လေ့လာခြင်းသာ ဖြစ်၏။ ဒါကို မြတ်ခိုင်က စေတနာတွေ ပိုသွားမိ၏။ တခြားစာရေးဆရာတွေအသီးသီး စင်ပေါ်တက်ပြီး ဆိုကြဟစ်ကြချိန်မှာ သူ့ဆရာက ဒီအတိုင်း ထိုင်နေရတာကို မကြည့်နိုင်သဖြင့် ပွဲထုတ်ဖို့ စိတ်ကူးရပြီး ရုတ်တရက် ကြေညာလိုက်ခြင်းဖြစ်၏။

ကြေညာပြီးမှတော့ စင်ပေါ်မတက်လို့ မဖြစ်တော့။ ပရိသတ်တွေကလည်း လက်ခုပ်တီး၍ ကြိုဆိုနေကြပြီ။ အနီးအနားမှ လူများကလည်း ဝိုင်းကြည့်နေကြပြီ။ ထို့ကြောင့် စင်ပေါ်သို့ ခပ်ဖြည်းဖြည်း ခပ်လေးလေး တက်လာခဲ့ရ၏။ မိုက်ကရိုဖုန်းရှေ့မှာ ရပ်လိုက်ပြီးနောက် ဘာလုပ်ရမှန်း မသိဘဲ ခေါင်းကုတ်လိုက်၏။ ပရိသတ်က ကြွက်စီကြွက်စီ ဖြစ်လာသည်။ ဒီအတိုင်း ဆက်ရပ်နေလို့ မဖြစ်တော့သဖြင့် ခေါင်းထဲ ဖျတ်ခနဲပေါ်လာသည့်အတိုင်း...

"မိုးလုံးဟိန်းတဲ့ ဝင်းငြိမ်း"

ဟု အော်လိုက်၏။ ရုတ်တရက် ကြံရာမရသဖြင့် စိတ်ကူးတည့်ရာ အော်လိုက်ခြင်း ဖြစ်သော်လည်း ပရိသတ်က သဘောကျသွားပြီး လက်ခုပ်တီး၍ ဩဘာပေးကြသည်။ ဆရာဝင်းငြိမ်းမှာ ခုမှ သက်ပြင်းချနိုင်ပြီး စင်ပေါ်မှ ဆင်းသွားသည်။ သူ့နေရာသို့အသွားတွင် မြတ်ခိုင်ရှိရာသို့ မျက်စောင်းကြီးနှင့် ကြည့်လိုက်၏။ မြတ်ခိုင်မှာ ဇက်ကလေးပုပြီး မျက်လုံးလေး ကလယ်ကလယ် လုပ်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် အလှည့်ကျသူကတော့ ပရိသတ်များ မျှော်လင့်စောင့်စားနေကြတဲ့ ဇူဝါစတား စာရေးဆရာလေး တာရာမင်းဝေနဲ့ မနော်ဟယ်ရီတို့ပဲ ဖြစ်ပါတယ်ခင်ဗျား"

လက်ခုပ်သံများနှင့်အတူ တာရာမင်းဝေတို့စုံတွဲ စင်ပေါ်တက်လာ၏။ တာရာမင်းဝေက အနောက်တိုင်း ပွဲတက်ဝတ်စုံကို ဝတ်ဆင်ထား၏။ မနော်ဟာရီကလည်း အနီရဲရဲဝတ်စုံနှင့်။ အသက်ကလေးတွေကလည်း ငယ်၊ ရုပ်ကလေးတွေကလည်း ချောမောကြသဖြင့် သူတို့နှစ်ယောက်ကိုကြည့်ပြီး တိုင်တန်းနစ် ဇာတ်ကားထဲမှ မင်းသားမင်းသမီးများဖြစ်ကြသော လီယိုနာဒိုဒါဗင်ချီ (ဆောရီး) လီယိုနာဒိုဒီကာပရီယိုနှင့် ကိတ်ဝင်းစလက်တို့ကို ချက်ချင်း သတိရမိကြလေ၏။

(လီယိုနာဒိုမှာ ရုပ်ရှင်ထဲတွင် ရေခဲတမျှအေးသော ပင်လယ်ထဲ၌ သွေးခဲပြီး သေသွားခဲ့သည်။ တာရာမင်းဝေကတော့ မိန်းမချောချောလေး ရပြီးကတည်းက ပါးစပ်ကြီးဖြဲဖြဲနေတတ်သဖြင့် သွားတွေအအေးမိမှာ စိုးရိမ်ရ၏။)

တီးလုံးက အင်ထရိုဖြင့် အစပျိုးလိုက်ပြီ။ တာရာမင်းဝေက လက်ဖျောက်ကလေးတီးပြီး စတင်လှုပ်ရှားလိုက်သောအခါ မနော်ဟရီက လက်နှစ်ဖက်ကို မြှောက်၍ဆန့်တန်းလိုက်ပြီး

*"ဘီဒီ ဘီဒီ ဘမ်းဘမ်..ဝူး...ဘီဒီ ဘီဒီဘမ်းဘမ်...ဘီဒီ....ဘီဒီ...ဘမ်း၊ တာရာ့ရဲ့ကဗျာ...တာရာ့ရဲ့စာ အဆင့်မြင့်မြင့်နဲ့ ဖတ်ကြည့်ပါ၊ ဘီဒီ ဘီဒီ ဘမ်းဘမ်...ဘီဒီဘီဒီဘမ်းဘမ် ရွှေရောင်လွှမ်းလာ...မော်ဒန်ခေတ်မှာ ဆန်းသစ်တောက်ပ အတွေးများစွာ...ဘီဒီဘီဒီ ဘမ်းဘမ်...ဘီဒီ ဘီဒီ ဘမ်းဘမ်...ဘီဒီ....ဘီဒီ....ဘီဒီ....ဘီဒီ...."*

လူငယ်ပရိသတ်က သည်းသည်းလှုပ်မျှ လက်ခုပ်သြဘာပေးကြသည်။ အဘိုးကြီးတစ်ယောက်ကတော့

"ဘယ့်နှယ်ကွာ ဒီနေရာမှာများ ဘီပီဘမ်းပရုပ်ဆီလာကြော်ငြာနေရတယ်လို့"

ဟု ရေရွတ်လိုက်၏။ တာရာမင်းဝေတို့ ဆင်းသွားပြီး ခဏအကြာမှာပင် မီးတွေမှောင်ကျသွားသည်။



"ဟာ...အရေးထဲဆို မီးကပြတ်ပြီ"

"မီးစက်မရှိဘူးလားဟေ့၊ နှိုးလေကွာ"

စသည်ဖြင့် အော်ဟစ်ကြသည်။ ထိုစဉ်မှာပင် အသံချဲ့စက်မှ ကြေညာသံ ထွက်လာ၏။

"ညီ့ပရိသတ်များခင်ဗျား အခုနောက်ဆုံး အထူးအစီအစဉ်အဖြစ် တင်ဆက်မှာ ဖြစ်တဲ့အတွက် မီးများ မှောင်ချထားခြင်း ဖြစ်ပါတယ်၊ အခု ဖျော်ဖြေတင်ဆက်မယ့်သူကတော့ ဟာသထိပ်ခေါင် ဂုရုကွေး ခေါ် ဆရာကြီးကွေး ခေါ် အီကြာကွေးပဲ ဖြစ်ပါတယ် ခင်ဗျား"

ကြေညာသံနှင့်အတူ စပေ့ါ်လိုက်ခေါ် မီးဆလိုက်ကြီးများဖြင့် စင်မြင့်ပေါ်သို့ ကွက်၍ ထိုးလိုက်သည်။

ဆရာကြီးကွေးသည် စွပ်ကျယ်လက်ပြတ်အနီ၊ သူဝတ်နေကျ မီးခိုးရောင် ဘောင်းဘီတို့ကို ဆင်မြန်းလျက် ဝါးလုံးရှည်တစ်လုံးကိုထမ်း၍ လက်နှစ်ဘက်တင်ထားပြီး ပြုံးပြုံးကြီး ရပ်နေသည်။ သူ့နောက်မှာ တပည့်ကျော်များဖြစ်သည့် ဒကာဆိတ်၊ ဟာကြူလီငပျော့နှင့် စာကလေးတို့ တန်းစီ ရပ်နေကြ၏။ လက်ထဲမှာလည်း ကွမ်းယာဆေးမွှေးထည့်သည့် ဗူးတွေကို ဆုပ်ကိုင်ထားကြသည်။

လက်ခုပ်သံများ ဆူညံသွားသည်။

"ဆရာကွေးကွ၊ ဒါမှ တို့ဆရာကွေး၊ အဲဗားကွေး၊ အဲဗားကွေး"

ဆိုသော အော်ဟစ်အားပေးသံများလည်း ထွက်ပေါ်လာသည်။ ဆရာကြီးကွေးသည် ထမ်းထားသည့် ဝါးလုံးကြီးကို ပစ်ချလိုက်ပြီး

"ကွေးဆရာရေ"

ဟု အချက်ပေးလိုက်သောအခါ တပည့်ကျော်များက သံပြိုင်ဟစ်လိုက်ကြ၏။

*"ဘယ်သူတွေ ဘယ်လောက်ကောင်းကောင်း အီကြာလူတိုင်းကြိုက်ကုန်ပြီ၊ ဒန်းဒန်...ဒန်းဒန်၊ စာစောင်တွေအများကြီးထဲ အီကြာပါနေပွဲစည်သည် ဒန်းဒန်...ဒန်းဒန်၊ ဝိ...ဝိုးဂူ...ဝိုးဂူ...ဝိ...ဟာသလေးများ လစဉ်*

www.burmeseclassic.com

www.burmeseclassic.com



*ဆွေနိုင်ဝါသည်။ သက်တမ်းကလည်း အနှစ် နှစ်ထောင် ပြည့်ခဲ့ပြီ*
*ဘယ်သူတွေ ဘယ်လောက်ကောင်းကောင်း အီကြာလူတိုင်းကြိုက်ကုန်ပြီ"*

သီချင်းအဆုံးတွင် ဆရာကြီးကွေးက လက်နှစ်ဖက်မြှောက်ပြီး တီးလုံးနှင့် အံ့ဝင်ခွင်ကျ ရပ်လိုက်၏။

လက်ခုပ်သံများ လက်ခေါက်မှုတ်သံများ တဝေါဝေါ ဆူညံနေ၏။

"ဆရာကွေးကွ"

"ရှုပါကွေးကွ"

"ပြည်သူချစ်တဲ့ ဆရာကြီးကွေးကွ"

"ဆရာကွေး...ဝမ်းဆွေ့..ဝမ်းဆွေ့ ... ဝမ့် ဝမ့်ဆွေ့"

စသည်ဖြင့် အော်ဟစ်အားပေးသံများက ခန်းမကြီးပွင့်ထွက်မတတ် မြည်ဟိန်းနေသည်။ ဤသို့ဖြင့် စာပေကြော်ငြာ စတိတ်ရှိုးကြီးမှာ အောင်မြင်စွာ ပြီးဆုံးသွား၏။

ကံစမ်းမဲဖောက်ရာတွင် ကိုစန်းမောင်ဆိုသူက ပေါက်သွား၏။ ထိုသူမှာ အခြားမဟုတ်၊ စာရေးဆရာမ မစန္ဒာ၏အိမ်ကလူကြီးပင် ဖြစ်သတည်း။

(မှတ်ချက်။ ။ကျွန်တော်ချစ်သောခင်သော စာရေးဆရာတွေ အများကြီး ရှိပါသေးသည်။ သို့ရာတွင် ကြော်ငြာသီချင်းစာသားများနှင့် ၎င်းတို့၏ အမည်များ အံ့ဝင်ခွင်ကျဖြစ်အောင် စပ်ဆိုရန် အခက်အခဲရှိသဖြင့် ချန်လှပ်ထားခဲ့ရသည်ကို ခွင့်လွှတ်ပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။ နောင်အလျဉ်းသင့်လျှင် ထည့်သွင်းဖော်ပြပေးပါမည်။)

(သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၉၈)




www.burmeseclassic.com

www.burmeseclassic.com

# လေထန်ဖုန်း

ကျွန်တော်သည် ၁၉၉၈ ဩဂုတ်လထုတ် သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်းထဲတွင် ‘စာပေကြော်ငြာစတိတ်ရှိုးပွဲတော်’ ဆိုသောဝတ္ထု တစ်ပုဒ်ရေးခဲ့ပါသည်။ ကျွန်တော် ချစ်သော၊ ခင်သော၊ လေးစားသော စာပေနယ်သားများကို ဇာတ်ကောင်များလုပ်၍ ကလူကျီစယ်ခဲ့ပါသည်။ (ထိုဝတ္ထုကို သဘင်ဂျာနယ်တွင် ဆရာဆန်းထွန်းက ရုပ်ပြကာတွန်းအဖြစ် ထပ်ဆင့် တင်ဆက်ခဲ့ပါသေးသည်။)

ကျွန်တော်၏ရည်ရွယ်ချက်မှာ မတွေ့မဆုံဖြစ်တာကြာပြီဖြစ်သော ဆရာဆရာမများကိုသတိရသောကြောင့်လည်း ဖြစ်၏စတ္တုဈေးတွေ တက်၊ ကုန်ကျစရိတ်တွေကြီး၊ စာအုပ်တွေ အရောင်းကျသဖြင့် လေးထောင့် ထိုင်းမှိုင်းသုန်မှုန်နေသော စာပေလောကသားတို့ စိတ်ပြေလက်ပျောက်မရှိ ပြုံးလေးဖြစ်ဖြစ် ပြုံးနိုင်ကြပါစေ၊ ပျော်နိုင်ကြပါစေဆိုသော စေတနာလည်း ဖြစ်၏။

ကျွန်တော့်ရည်ရွယ်ချက်သည် အထိုက်အလျောက်တော့ အောင်မြင် ပါသည်။ စာဖတ်ပရိသတ်များကတော့ ဝတ္ထုထဲ ပါဝင်သော ဇာတ်ကောင် များကပါ သဘောကျနှစ်သက်ကြသည်ဟု အယ်ဒီတာ ဆရာကောက်ထ ပြောပါသည်။ (တကယ်ဟုတ် မဟုတ်တော့ မသိပါ။ နောက်ကို စာရွ တောင်းလို့ကောင်းအောင် လည်ဆယ်ခြင်းလည်း ဖြစ်နိုင်ပါသည်။)

ပြဿနာ လုံးဝမရှိတော့ မဟုတ်။ နည်းနည်းပါးပါးတော့ မကျေနပ် သံလေးတွေ ထွက်လာခဲ့ပါသည်။ တခြားမဟုတ် တချို့ စာရေးဆရာတွေ က ဝတ္ထုထဲတွင် သူတို့အခန်းတွေ နည်းသည်ဟု ဆိုသည်။ တချို့ကျတော့



သည်း သူတို့လို နာမည်ကြီးတွေကို ဇာတ်ပို့ဇာတ်ရန်လောက်သာ နေရာ ပေးသဖြင့် နည်းနည်း စိတ်ခုသွားကြသည်ဟု ကြားသိရပါသည်။

ဒါ့အပြင် တချို့က “ဒီလောက် ခင်မင်နေတဲ့လူတွေဖြစ်လျက်နဲ့ ငါတို့ ကျတော့ ဘာကြောင့် ထည့်မရေးရသလဲ”ဟု မချိတင်ကဲ ပြောကြသည်။ စာရေးဆရာမလေးဂျူးဆိုလျှင် ခရီးလွန်နေသဖြင့် စတိတ်ရှိုးပွဲတော် မနွှဲ လိုက်ရလေခြင်းဟု ယူကြုံးမရဖြစ်ပြီးလျှင် ပရိုဇီမင် အလုံးသုံးဆယ် တစ်ခါတည်းသောက်ချလိုက်သည်ဟု သတင်းကြားရပါသည်။ စာရေးဆရာ လေး မိုနီဆန်းကလဲ “ဒို့များ တက္ကသိုလ်မှာတုန်းက အလှဘုရင်မရွေးပွဲ ထာမအဆင့်မှာ အရန်အဖြစ် အရွေးခံရဖူးပါတယ်။ အတန်းထဲမှာ မိန်း ကလေးဆယ်ယောက်ရှိတာ နဝမချိတ်ခဲ့တယ်လေ၊ ဒို့ရဲ့ အမိကပြိုင်ဖက် ခင်ဖြူက တုတ်ကွေးမိလို့ နုတ်ထွက်သွားတာကိုး”ဟု ဖုန်းဆက်ပြီး လှမ်း ပြောသည်။

နဂါးစာပေမှ ကိုထွန်းဦးကလည်း မန္တလေးမှ ဖုန်းလှမ်းဆက်ပြီး သူ သည်လည်း စာပေလောကသားတစ်ဦးဖြစ်ကြောင်း၊ အထက်မြန်မာနိုင်ငံ အတွက် စာနယ်ဇင်းများကို အကြီးအကျယ် ဖြန့်ဖြူးပေးနေသော နာမည် ကြီးတစ်ဦးဖြစ်ကြောင်း၊ တကယ်လို့ သီချင်းစာသားထဲ ထည့်စပ်ဖို့ အခက် အခဲရှိလျှင်တောင် “နဂါးဆွန်နား အခြားဟဲ”ဆိုတာလောက်တော့ ထည့် ပေးသင့်ကြောင်း အရေးဆိုလာ၏။

နောက်တစ်ခုကတော့ ပန်းချီဆရာများ၏ ဓောဒကတက်မှုပင် ဖြစ် ၏။ ကျွန်တော်၏ ဝတ္ထုထဲတွင် စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ အယ်ဒီတာတွေ စုံလင်သော်လည်း ပန်းချီဆရာများထဲမှ မမွေးတစ်ယောက် သာ တစ်ခန်းလောက် ဖျတ်ခနဲ ပါခဲ့သည်။ ကျွန်တော်သည် ပန်းချီဆရာများ နှင့် အတော်လုံးလုံးထွေးထွေး နေခဲ့ဖူးသဖြင့် သူတို့ကို ဝတ္ထုထဲမှာ နေရာ ပေးမိခြင်း အတွက် စိတ်မကောင်းဖြစ်ရပါသည်ဟု ဆိုပါသည်။

ထိုအကြောင်းကို ဖွင့်ဟပြောသူမှာ ဆရာမောင်ဒီဖြစ်၏။ သူနှင့် ကျွန် တော်မှာ ညီအစ်ကိုတမျှ ခင်မင်သူများ ဖြစ်၏။ ထို့ကြောင့် နောက်ဆက် တွဲအဖြစ် ရေးသားဖော်ပြရမည်ဟု အကျပ်ကိုင်လေသည်။ တစ်ခုရှိတာ ဆရာဒီသည် ပန်းချီဆွဲရာမှာ သရုပ်မှန်ရော၊ မော်ဒန်ပါ လက်များခါလောက်

www.burmeseclassic.com

www.burmeseclassic.com



သူ ဖြစ်၏။ ပညာမာနလည်း ကြီးသည်။ တော်ရုံလူကို အထင်မကြီးတ ကျွန်တော့်ကိုဆိုလျှင် လေးခွတစ်လက်နှင့် လျှောက်လက်တည့်စမ်းတ သော နွားကျောင်းသားလေးလောက်သာ သဘောထားသူ ဖြစ်၏။ ကြောင့်—

"မင်းရေးမယ်ဆိုရင် သီချင်းကိုတော့ ငါ့ဘာသာစပ်ထားတဲ့ ကိုယ် သီချင်းကိုပဲ သုံးမှရမယ်၊ မင်းကို စိတ်မချဘူး"ဆိုပြီး အသင့်ရေးလာသ သီချင်းစာရွက်ကို ပေးပါသည်။ ထိုသီချင်းမှာ

"လိုင်းလိုင်းလိုင်းလိုင် လိုင်လိုင်လိုင်လိုင်းလိုင်း လိုင်းလိုင်းလိုင်လ လိုင်လိုင်လိုင်းလိုင်းလိုင်

သင့်အတွက်တာ မောင်ဒီ၊ ကဗျာရေးသည်၊ နှစ်သက်စရာ ဂုဏ် ရေးခဲ့တဲ့ ပန်းချီ မောင်ဒီ ရင်ခုန်နေတဲ့ မောင်ဒီ၊ ပျို့နေဆဲ မော လေညင်းလေးတောင် တေးဖွဲ့လို့သီ မန်ကျည်းဖျော်ရည်"

"ဟင် မန်ကျည်းဖျော်ရည်က ဘယ်လိုလုပ်ပါလာတာလဲ ဆရာဒီ

ဟု ကျွန်တော် မေးသောအခါ ဆရာဒီက

"ငါက မြစ်ခြေသားလေကွာ၊ ဒါ့ကြောင့် အညာအငွေ့အသက် အောင် ထည့်လိုက်တာ"

အော်...ဒါကြောင့် မြန်မာပြည်မှာ ဆရာဒီရယ်လို့ နာမည်ကျော် တာကိုး။

* * *

နောက်ပြဿနာတစ်ခု။ ထူးခြားသည့်ဓာတ်လမ်း တစ်ပုဒ်တွေ ဆိုလျှင် အရင်ဦးအောင် လိုက်တတ်ကြသော ဗီဒီယိုသမားများ၏ ထုံ အတိုင်း ဒါရိုက်တာမောင်ပြည့်ဝ(ပန်းဝေသီ)ရောက်ရှိလာပြီး

"အဲဒီဝတ္ထုကို ဗီဒီယိုရိုက်ချင်တယ်ဆရာ၊ ရိုက်ခွင့်ရမယ်ဆိုရင်တော ဗီဒီယိုလောကမှာ မှတ်တိုင်တစ်တိုင် စိုက်လိုက်နိုင်မှာပဲ"ဟု လာစည်း သည်။ ကျွန်တော်က မှတ်တိုင်စိုက်သော ကိစ္စမှာ လွယ်လွယ်လေးမဟုတ် ကြောင်း၊ စည်ပင်သာယာတို့၊ ခရီးသည်ပို့ဆောင်ရေးအဖွဲ့အစည်းတို့က ခွင့် ပြုဖို့လည်း လိုသေးကြောင်း ပြောပြီး ငြင်းလိုက်ရပါသည်။



သို့တိုင်အောင် လူပိန်သလောက် အသံပြဲသော မောင်ပြည့်ဝသည် သူ့စိတ်ကူးကို လက်ဖက်ရည်ဆိုင်တွေမှာ အော်ကြီးဟစ်ကျယ်ပြောခဲ့သဖြင့် ဒီသတင်းက ပျံ့သွားသည်။

ထိုအခါ ကျွန်တော့်ထံသို့ မအိ ရောက်ရှိလာလေသည်။ စာပေ ကြော်ငြာ စတိတ်ရှိုးပွဲတော်ဝတ္ထုကို ဗီဒီယိုရိုက်မည်ဟု သတင်းကြား ကြောင်း၊ မိမိအနေနှင့်မူ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ဖို့ လုံးဝ မဖြစ်နိုင် ကြောင်း ၊ မိမိသည် မဟောသီမဂ္ဂဇင်းမှာ ဆရာဟိန်းလတ်နှင့် အင်တာဗျူး လုပ်ပြီးကတည်းက ဗီဒီယိုရိုက်ဖို့မပြောနဲ့ ဓာတ်ပုံအရိုက်ခံဖို့တောင် အကြီး အကျယ် စိတ်ကုန်သွားကြောင်း၊ တစ်ခုတော့တောင်းပန်လိုကြောင်း၊ ဗီဒီ ယို ရိုက်ဖြစ်ခဲ့လျှင် မိမိ၏နေရာတွင် အိန္ဒြာကျော်ဇင်ကို ထည့်သွင်းအသုံးပြု ဆလိုကြောင်း တစ်နာရီလောက်ကြာအောင် ပြောသွားပါသည်။

ပန်းချီမမွေးကျတော့ တစ်မျိုးဖြစ်၏။ ဗီဒီယိုရိုက်ဖြစ်ခဲ့လျှင် သူ့နေရာ မှာ သရုပ်ဆောင်ဖို့ သရုပ်ဆောင်တစ်ယောက်ယောက်ကို အစားထိုးတာ မျိုး ခွင့်မပြုနိုင်ကြောင်း၊ သူကိုယ်တိုင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ပြောလာပါသည်။

"ဘာကြောင့်လဲ ဆိုတော့ ကျွန်မလဲ သရုပ်ဆောင်လိုင်းပြောင်းမလို့ ဆုံးဖြတ်ထားလို့၊ ပန်းချီရေးရတာ သိပ် မစားသာတော့ဘူး"

"ကောင်းပါတယ် ခင်ဗျားအရုပ်အမှောင်းက စိုးမြတ်နန္ဒာနဲ့ မတိမ်း မယိမ်းပဲ"

ဟုကျွန်တော်က အလိုက်အထိုက်ပြောလိုက်ရာ သူ အားတက်သွား ပြီး...

"ဟုတ်တယ်မောင်မျိုးမင်းကလည်း ဒီအတိုင်းပြောတယ်၊ အခု သူ ရိုက်မယ့် ဗီဒီယိုကားမှာတောင် ဝင်ပြီး သရုပ်ဆောင်ဖို့ သဘောတူပြီးသွား ပြီ၊ မမေ့ရက်ဘူး အချစ်ဦးရယ်ဆိုတဲ့ တရုတ်ကားကို ပြန်ရိုက်မှာလေ"

"ခင်ဗျားက ဘယ်နေရာက သရုပ်ဆောင်မှာလဲ"

"ကျွန်ကျောင်းတို့အမေနေရာက"

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ကောင်းပါတယ်၊ ခင်ဗျားနဲ့ လိုက်ပါတယ်"

"အမေနေရာဆိုပေမယ့် ဇာတ်ရဲ့ အဓိက သရုပ်ဆောင်ပဲလေ၊ ဇာတ်ကားနာမည်ကိုတောင် ကံကောင်းလို့မသေ၊ ကျန်ကျောင်းတို့အမေလို့ ပေးထားတယ်"

"ဒါဆို ခင်ဗျားသားနေရာက ဘယ်သူ သရုပ်ဆောင်မှာလဲ"

"ပန်းချီကိုမျိုးမြင့်"

"ဟင်...သူ့အရွယ်ကြီးနဲ့များ မင်းသားအဖြစ် သရုပ်ဆောင်မယ်ဆိုတော့ ကြည့်လည်း လုပ်ပါဦးဗျာ"

"ဒါကတော့ သူက ပရိဂျူဆာကိုး အစ်ကိုရဲ့၊ သူကြိုက်တဲ့ဇာတ်ရှိ နေရာယူမှာပေါ့"

"ဪ...ဒီလိုလား"

ပန်းချီကိုမျိုးမြင့်သည် ကျွန်တော်နှင့်လည်းပင်းဖက်ပေါင်းလာသော သူငယ်ချင်းဖြစ်၍ သူ့အကြောင်း ကောင်းကောင်းသိ၏။ သူ့အနေနှင့် မင်းသားလုပ်မည်ဆိုလျှင် လုပ်နိုင်သည့် အခြေအနေရှိသည်။ အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်တတ်သည်။ အသားကလည်း ဖြူသည်။ ရုပ်ရည်ကလည်း မဆိုးလှ၊ ရုပ်မြင်သံကြားမှာ ပြသွားသည့် တစ်ရာ့တစ်ကြိမ်မြောက် ချစ်ခွင့်ပန်ခြင်းဇာတ်ကားထဲက ဂျပန်မင်းသားနှင့် ခပ်ဆင်ဆင်တူသည်။

သူသည် ဒီက ပန်းချီလောကမှာ ထိပ်တန်းအဆင့် ရောက်နေတာကိုတောင် အားမရသေးဘဲ စင်ကာပူမှာ အလုပ်သွားလုပ်နေသူဖြစ်၏။ ကျွန်တော်တို့ကတော့ မိသားစုရှေ့ရေး၊ သူ့မိခင်အိုကြီးကို ပြုစုစောင့်ရှောက်နိုင်ရေးအတွက် စွန့်စွန့်စားစား သွားလုပ်တာပဲလေဆိုပြီး ချီးကျူးမိသေးသည်။

ခုမှပဲ သူ့အကြံကို သိရတော့သည်။ လက်စသပ်တော့ သူက မင်းသားလုပ်ဖို့ အရင်းအနှီးရအောင် ငွေသွားရှာတာကိုး။

"ဒါဆို သူ့မိန်းမ မထားကကော မင်းသမီး လုပ်ဦးမှာလား"

"မထားက အဲဒီလောက် မကြောင်ပါဘူး၊ ပါရမီဖြည့်ဘက် တစ်ယောက်အနေနဲ့ ပံ့ပိုးပေးမှာပါတဲ့။ သူယောကျ်ား မင်းသားဖြစ်သွားပြီဆိုရင်



သော့ စိတ်အေးရပါပြီတဲ့။ အဲဒီအခါကျရင်တော့ စင်ကာပူက ကွမ်ရင်မယ် ဘော်ကျောင်းမှာ သီလရှင်ဘဝနဲ့ပဲ အေးအေးချမ်းချမ်းနေပြီး အရိုးထုတ်သော့မယ်တဲ့"

"သာဓုဗျာ၊ သာဓု၊ သာဓု၊ ကိုမျိုးမြင့်တစ်ယောက် အောင်မြင်ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ"

* * *

ဆရာမောင်ခိုင်မာတို့ ဇနီးမောင်နှံ ကျွန်တော့်အိမ်လာလည်မည်ဟု တယ်လီဖုန်းသတင်း ရလိုက်သောအခါ ကျွန်တော် အတော်ကလေး ပြာသွား၏။ ဆရာခိုင်ကို ဝတ္ထုထဲမှာ 'ရာသီတိုင်းမှာ မောင်ခိုင်မာ'ဟု ရေးခဲ့သည်။ သူသည် နေမကောင်းဖြစ်နေတဲ့ကြားက တကူးတကန့် လာမှာဆိုတော့ အကောင်းတော့ မဖြစ်နိုင်။ ပြဿနာရှာဖို့ လာခြင်းသာ ဖြစ်ရမည်။

သူ စိတ်ပြေအောင် ဘယ်လိုဖားရပါ့မလဲ။ အပူတပြင်းစဉ်းစားပြီး လက်ထဲမှာ ပူပူနွေးနွေးရှိနေသေးသော သောင်းပြောင်းထွေလာမဂ္ဂဇင်းမှရသည့် စာမူခကလေးဖြင့် အားဆေးတစ်ပုလင်း အမြန်ပြေးဝယ်ထားရပါသည်။

သူတို့လင်မယားရောက်လာသောအခါ ပျာပျာသလဲ ဆီးကြိုရသည်။ အိမ်ဦးခန်းခေါ်သွားပြီး ပက်လက်ကုလားထိုင်မှာ ထိုင်ခိုင်းရသည်။ ပြီးတော့ ကြိုတင်စီစဉ်ထားသည့်အတိုင်း အရင်ဦးအောင် ပြောလိုက်ရ၏။

"အစ်ကိုနေမကောင်းဘူးတဲ့ သတင်းကြားပါတယ်၊ ကျွန်တော်လဲ သတင်း လာမေးမလို့ပါပဲ၊ ဒါပေမယ့် အစ်ကိုရာ ကျွန်တော်လဲ ဒီ ရက်ပိုင်း အတွင်း ဘယ်လိုဖြစ်တယ် မပြောတတ်ဘူး၊ အရမ်းချူချာတာပဲ၊ တုတ်ကွေးမိတယ်၊ နမိုးနီးယားဖြစ်တယ်၊ သွားနာတယ်၊ ခါးကိုက်တယ်၊ အဆစ်အမြစ်တွေ ယောင်ပြီး လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်ဘူး"

ဟု သတိရသမျှ ရောဂါတွေ လျှောက်ပြောပြီး အပြစ်လွတ်အောင် ကြိုးစားကြည့်လိုက်၏။ ဆရာခိုင်သည် ရှုတည်တည်ကြီးလုပ်၍ နားထောင်နေရာမှ ဟိုက္ကူကဗျာတစ်ပုဒ်ကို လက်တန်းစပ်ပြီး အသံနေအသံထားဖြင့် ကောက်ကာငင်ကာ ရွတ်ဆိုလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတွေ စော်ကား
ရောဂါဘယ ထူလို့ပွား
ဟောကောင် မှတ်ပြီလား"

ကျွန်တော်သည် "ဟဲ ဟဲ အစ်ကိုကြီးကလဲ'ဆိုပြီး သွားဖြဲလိုက်ရ၏။ သူ ထပ်ဆင့်နေသော မထပ်နိုင်ခင်မှာပင် အားဆေးပုလင်းကို အလျှင်အမြန် ထုတ်၍...

"အစ်ကို့အတွက် ကျွန်တော် ဝယ်ထားတာ"

ဆိုပြီး လက်ထဲ ထည့်ပေးလိုက်သည်။

သူသည် ကျွန်တော့်ကို သိပ်ယုံကြည်ဟန် မရှိသေး။ အားဆေးပုလင်းကို အစစ်ဟုတ်မဟုတ်၊ အင်ထုထားခြင်း ဟုတ်မဟုတ် သေချာစွာ စစ်ဆေးပြီး ကျေနပ်သွားတော့မှ ခေါင်းတစ်ချက် ညိတ်လိုက်သည်။ ပြီးတော့ ဟိုဝတ္ထုကဗျာတစ်ပုဒ်ကို အသံနေအသံထားဖြင့် ရွတ်ဆိုပြန်၏။

"လူပင်ငယ်သော်ငြား
ဆရာသမား သိတတ်သား
အပြစ်လွတ်စေဗျား"

ဟု ဆိုပြီးမှ မျက်နှာထားကို ပြင်ပြီး တဟားဟား ရယ်လေတော့သည်။

"ဟဲဟဲ တော်တော် လန့်သွားသလားကွ"

ဒီတော့မှ ကျွန်တော့်ကို အတည်ပေါက်နှင့် ခြောက်နေခြင်းဖြစ်ကြောင်း သိလိုက်ရလေသည်။ သူ၏ရှင်မက ပြုံးတုံးတုံးလုပ်ရင်း ဝင်ပြောသည်။

"တကယ်ဆိုရင် သူကတောင် မင်းကို ကျေးဇူးတင်ရဦးမယ်၊ သူ့မှာ နေမကောင်းဖြစ်ပြီးကတည်းက တမှိုင်မှိုင် တတွေတွေ မရယ်နိုင်၊ မပြုံးနိုင် ဖြစ်နေတာကြာပြီ၊ မင်းဝတ္ထုကို ဖတ်ပြီးတော့မှ လန်းလန်းဆန်းဆန်း ဖြစ်လာတာ"

ဟု ချီးကျူးလိုက်ပြီး ဆက်လက်၍

"ဝတ္ထုထဲမှာ ချစ်ဦးညိုမိန်းမ ပါလာတော့ တို့ကိုလဲ ဓာတ်ကောင်လုပ်ပြီး ထည့်ရေးဦးမလားလို့ ရှာကြည့်ရသေးတယ်"



ရှင်မသည် ကဗျာဆရာကတော်ပီပီ ဝက်ဝုတ္တိအလင်္ကာဖြင့် ပြောဆိုလိုက်ခြင်းဖြစ်ကြောင်း ကျွန်တော် သိသည်။ သူ ဆိုလိုတာက ဆရာချစ်ဦးညို၏ ဖယောင်းတိုင်ကြီးတောင် ဝတ္ထုထဲပါသေးတာ၊ သူ့လို မျက်နှာဖုံးရှင်ဘစ်ယောက်အနေဖြင့် ဘာကြောင့် မပါရသနည်းဟု မေးခွန်းထုတ်လိုက်ခြင်း ဖြစ်၏။ သူသည် ဆရာမောင်ခိုင်မာ၏ 'ရှင်မရေ'ဆိုသော ကဗျာစာအုပ်မှ မျက်နှာဖုံးရှင် ဖြစ်နေတာကိုး။

"ကျွန်တော်လဲ အစ်မကို ထည့်ရေးမလို့ပါပဲ။ ဒါပေမယ့် အစ်မရဲ့ ဘော်ဒီဝိတ်နဲ့ဆိုရင် ကျမ်းလေးမှာစိုးလို့ ချန်ထားခဲ့ရတာပါ၊ ဆရာခိုင်ရဲ့ ရှင်မ ကဗျာစာအုပ်မျက်နှာဖုံးမှာ ပါတုန်းကတောင် ရိုးရိုးဆယ့်ခြောက်ချိုးဆိုက်နှင့် မဆန့်လို့ ဆယ်ချိုးဆိုက်ကြီးပြောင်းရိုက်ရတယ် မဟုတ်လား"

ဟု ပြေရာပြေကြောင်း ပြောလိုက်ရ၏။

ထိုစဉ်မှာပင် ကျွန်တော်တို့ထိုင်နေသော အိမ်ဦးခန်းလေးသည် တသိမ့်သိမ့်လှုပ်လာသည်။ အလိုလိုကမှ အသည်းငယ်တတ်သောဆရာခိုင်မှာ

"ဟာ..ဟာ လုပ်ကြပါဦး ငလျင်လှုပ်တယ်ထင်တယ်"

ဟု သူ့ရှင်မလက်ကို လှမ်းကိုင်ပြီး အလန့်တကြားပြောလိုက်၏။ တကယ်တော့ ငလျင်လှုပ်တာ မဟုတ်ပါ။ 'လည်ပင်းအထိ စောင်ခြုံထားတဲ့အခါမှာတော့ လှုနေတုန်းပဲ'ဟု တင်စားချီးမွမ်းခဲ့ဖူးသော ကျွန်တော်၏ ချစ်ဇနီးသည် ဆရာခိုင့်အတွက် နို့ဖျော်ပြီး လာပို့ခြင်းသာ ဖြစ်ပါ၏။

ဆရာခိုင်၏ရှင်မနှင့် ကျွန်တော်၏လေဒီမင်းလူတို့သည် ဂျပန်နပမ်းသမားကြီးများ မျက်နှာချင်းဆိုင် တွေ့ဘိသကဲ့သို့ တစ်ဦးကိုတစ်ဦး အကဲခတ်ကြပြီးမှ အသိအမှတ်ပြုသည့်အပြုံးဖြင့် အပြန်အလှန် နှုတ်ဆက်လိုက်ကြ၏။

ဆရာခိုင်ကလည်း ကျွန်တော့်ဇနီးကို တချက်မော့ကြည့်ပြီးနောက် ခပ်သဲ့သဲ့ ရယ်၍...

"ဟင်း...ဟင်း... မင်းကဗျာစာအုပ်ထုတ်တဲ့အခါကျရင်တော့ မဂ္ဂင်းဆိုက် ရိုက်ရလိမ့်မယ်ထင်တယ်"ဟု ဝိုက်လက်သီးတစ်လုံးနှင့် တုံ့ပြန်လိုက်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆရာခိုင်တို့ ပြန်သွားပြီးသည့်နောက် ကျွန်တော့်ခေါင်းထဲ အတွေး တစ်ခု ဝင်ရောက်လာသည်။ ကျွန်တော့်ဝတ္ထုထဲ ဇာတ်ကောင်အဖြစ် ထည့် ရေးခဲ့သော ဆရာ ဆရာမ အများစုမှာ သူတော်ကောင်းများဖြစ်၍ ချွင်း ပါရမီနှင့်ပြည့်စုံကြသော်လည်း သူတို့ထဲမှာ စုန်းပြူး တစ်ယောက်နှစ် ယောက်လောက် ရှိကောင်းရှိနိုင်သည်။

မတော်တဆ သူတို့ထဲမှ တစ်ယောက်ယောက်က ကျွန်တော့်ကို ဇာတ်ဆောင်လုပ်ပြီး မဟုတ်က ဟုတ်ကတွေ ပြန်ရေးလာလျှင် ခက်မည်။ မြတ်ခိုင်တို့ တာရာမင်းဝေတို့က ယုံရတာမဟုတ်။ သူတို့ဦးနှောက်တွေ ကလည်း အွတ်တော့်လိုပင် ပေါက်ကရအတွေးမျိုး ထွက်တတ်သည်။

ဒီလိုစဉ်းစားမိသောအခါ "မဖြစ်ချေဘူး၊ သူတို့ကျေနပ်အောင် တစ်ခု ခုတော့ လုပ်မှပဲ"ဆိုပြီး မိမိကိုယ်မိမိ ပြန်နှိပ်ကွပ်သည့် ဝတ္ထုတစ်ပုဒ်ကို အောက်ပါအတိုင်း ရေးလိုက်ရပါသည်။

(ကိုယ့်ဟာကိုယ်ရေးတာဆိုတော့ ဇာတ်နာပြီး သနားအောင် ကြည့် လုပ်လို့ရတာပေါ့လေ။)

* * *

ရုံးတော်၏ နောက်ဘက် သီးသန့်ခန်းလေးထဲတွင် သုခမိန်ကြီး ပေါင် စိန်သည် အဝတ်အစား လဲနေသည်။ သူ၏ဦးခေါင်းတစ်ဘက်တစ်ချက်တွင် တပ်ဆင်ထားသော အင်တင်နာနှစ်ချောင်းကို နေသားတကျ ရှိမရှိ မှန်ထဲ တွင် ကြည့်နေစဉ် ရုံးအပြင်ဘက်မှ ဗုံတီးသံများကို ကြားလိုက်ရ၏။ ထို့ ကြောင့် ဘေးမှာ ရပ်နေသော ကုန်းစွန်ကို မေးလိုက်သည်။

"အခုဗုံတီးနေတာ ဘယ်သူလဲ"

"မိုးဇော်ဗိုလ် ဖြစ်မှာပေါ့"

"တယ်..ဘာကြောင့် ပေါ့ပေါ့ဆဆပြောရတာလဲ၊ သေချာအောင် သွားကြည့်"

သုခမိန်ကြီးက ငေါက်လိုက်တော့မှ ကုန်းစွန်လည်း ခပ်သုတ်သုတ် ထွက်သွားသည်။ ခဏအကြာတွင် ပြန်ဝင်လာပြီး...

"ဟာ...အများကြီးပဲ...အများကြီးပဲ စာရေးဆရာတွေ၊ စာရေးဆရာမ



တွေ ဗုံကို အလုအယက် တီးနေကြတာ၊ ကုမ္ပဏီဖွင့်ပွဲမှာ လက်ဆောင် ငွေသီးဝေလို့ ဝိုင်းလုနေကြတဲ့အတိုင်းပဲ"

"သူတို့က ဘယ်သူ့ကို တရားစွဲချင်လို့တဲ့လဲ"

သုခမိန်ကြီးက မေးသဖြင့်...

"ဟို...မျောက်ညီနောင်လေးဖော်ထဲက အငယ်ဆုံးကောင်ကို တရားစွဲ ချင်လို့တဲ့"

"ဩော စာပေနယ်၊ ရုပ်ရှင်နယ်ထဲမှာ ခြေရှုပ်နေတဲ့ မျောက်ညီနောင် လေးဖော်လား"

"ဟုတ်ပါတယ်"

"ကဲ...ဒါဆို ကျန်စိန်ဝင်းကို တရားခံသွားဖမ်းခိုင်းလိုက်၊ ပြီးရင် ရုံးဖွင့် မယ်"

* * *

လေထန်ဖုန်းတရားရုံးတွင် လူစုံပြီ။ သုခမိန်ကြီးပေါင်စိန်၊ ကုန်းစွန်၊ ကျန်စိန်ဝင်း၊ ဝမ်ခ၊ မာလတ်၊ ဆွေလုံ၊ ကောက်ဟူ အားလုံးနေရာယူပြီး ကြပြီ၊ သုခမိန်ကြီးက ခေါင်းညိတ်လိုက်သောအခါ သူတို့ထဲတွင်အသံအပြ ဆုံး၊ အပြာဆုံးဖြစ်သည့် ဝမ်ခက...

"ရုံးတော်ဖွင့်ပြီ"

ဟု အော်လိုက်သည်။

(ဤနေရာတွင် တရုတ်ပြည်သူ့တရားရှင်ဇာတ်လမ်းတွဲထဲကလို ရုံး အမှုထမ်းများက 'ဝူ...ဝယ်'ဟု မအော်ကြပါ။ သုခမိန်ကြီးမှာ အားကစား ဝါသနာပါသူဖြစ်သဖြင့် အောက်ပါအတိုင်း အော်ဖို့အမိန့်ထုတ်ထားသော ကြောင့်)

"ဟာလေ ဟာလေး ဟာလေး၊ ဟာလေ ဟာလေး ဟာလေး"

"ကဲ...တရားလိုတွေကို ဆင့်ခေါ်လိုက်"

စာရေးဆရာ၊ဆရာမများ တန်းစီဝင်လာကြသည်။ ပေါင်စိန်ကြီးကို ဂါရဝပြုပြီးနောက် ဘေးတစ်ဘက်မှာ ကပ်ရပ်နေလိုက်ကြ၏။

"တရားခံကို ခေါ်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



သုခမိန်ကြီးက အမိန့်ပေးလိုက်သောအခါ မျောက်ညီနောင်လေး ဖော်ထဲက အငယ်ဆုံးဖြစ်သော တရားခံမျောက်လူကို လက်မောင်းတစ်ဖက်တစ်ချက်ဆီမှ ချုပ်နှောင်ပြီး ခေါ်လာသည်။ ကြမ်းပြင်ပေါ်တွင် ဒူးထောက်ထိုင်ခိုင်းလိုက်၏။

"အခု ရုံးရှေ့မှာ ဒူးထောက်နေတာ ဘယ်သူလဲ"

ဟုသုခမိန်ကြီးက မေးလိုက်၏။ တရားခံက မော့ကြည့်သည်။ ပြီးတော့ အံ့သြသွားသည်။ ထို့နောက် စပ်ဖြဲဖြဲ ဖြစ်လာ၏။ သုခမိန်ကြီးဆိုလို့ လန့်နေတာ လက်စသတ်တော့ ပေါင်စိန်ဆိုတာ အားကစားဆောင်းပါးရှင်ဆရာစိန်မျိုးမြင့်ကြီးပါလားဟု သိသွားသောကြောင့် ဖြစ်၏။ ပြီးတော့ ကျန် ရုံးအဖွဲ့သားတွေကလည်း တခြားလူတွေ မဟုတ်။

ကုန်းစွန်ဆိုတာ မောင်ရွှေစွန်၊ ကျန်စိန်ဝင်းဆိုတာ မောင်စိန်ဝင်း (ပုတီးကုန်း)၊ ဝမ်ခဆိုတာ ပေဖူးလွှာအယ်ဒီတာဟောင်းမောင်သုခ၊ မာလတ်ဆိုတာ သောင်းပြောင်းထွေလာအယ်ဒီတာချုပ်၊ ဆွေလုံဆိုတာ ကီဇီ၊ ကောက်ဟူဆိုတာ ကောက်နွယ်(ကနောင်)အားလုံး ဘော်ဒါတွေချည်းပါလား။ ထိုအခါ နည်းနည်း အကြောက်ပြေသွားသည်။

"မေးနေတာ မကြားဘူးလား"

ဟု သုခမိန်ကြီးက ထပ်မေးသည်။ မျောက်လူက

"ဟင်...ကိုကြီးစိန် ကျွန်တော့်ကိုတောင် မမှတ်မိတော့ဘူးလား"

"ဘာ ကိုကြီးစိန်လဲ ပြင်ပြောစမ်း"

ဘယ်လိုပြင်ပြောရမယ်မှန်းမသိသဖြင့် ဟိုဒီကြောင်ကြည့်နေစဉ်... ကောက်ဟူက 'ပေါင်စိန်ကြီးလို့ ခေါ်ရတယ်'ဟု ခပ်တိုးတိုးပြောသည်။ သေချာစွာ မကြားရသောကြောင့် နားစွန်နားဖျားဖြင့်..

"ဟုတ်ကဲ့...ဒီလိုရှိပါတယ် အပေါင်ဆိုင်ကြီးရယ်"

"တယ်၊ လုပ်ပြန်ပြီ၊ ပေါင်စိန်ကွ...ပေါင်စိန်.."

သုခမိန်ကြီးစိတ်တိုသွားသဖြင့် တရားခံ လန့်သွား၏။ စိတ်ပြေအောင် ဘယ်လိုဖားရပါ့မလဲ စဉ်းစားရင်းမှ တစ်ခု သတိပြုမိ၏။ ထို့ကြောင့်...

"ဟာ...ပေါင်စိန်ကြီး နဖူးမှာ ဘောက်ဖတ်ကြီး ကပ်နေတယ်"



ဟု လှမ်းအော်ပြောလိုက်၏။ ပေါင်စိန်ကြီးသည် လန့်ဖျပ်ပြီး နဖူးကို ခမ်းလိုက်သည်။ ပြီးမှ...

"ဟာ...ဒါ ဂမ္ဘီရလခြမ်းကွ၊ ဘာမှတ်နေသလဲ၊ လင်းရောင်တင်ကိုယ်ဆိုင် စီရင်ပေးထားတာ"

တကယ်တော့ နဖူးမှာ တပ်ရမည့် လခြမ်းပုံကို ပီကေဖြင့် ကမန်းကတမ်း လုပ်လာရသောကြောင့် မပီမပြင် ဖြစ်သွားခြင်း။ သုခမိန်ကြီးသည် ဣန္ဒြေဆည်လိုက်ပြီး ...

"ကဲ...တရားလိုတွေ...ဒီကောင့်ကို ဘာတွေ စွပ်စွဲချင်သလဲ ပြော"

ထိုအခါ တရားလိုများမှာ တစ်ယောက်တစ်ပေါက် ဆူညံစွာ ပြောကြ၏။ ဘာတွေပြောမှန်းမသိလောက်အောင် ရောထွေးနေသဖြင့်...

"တိတ်စမ်း"

ပေါင်စိန်ကြီးက စားပွဲကို သစ်သားတူကြီးနှင့် ထုလိုက်၏။ ထိုအခါ တစ်ယောက်တစ်ပေါက် ဆူညံနေသူများ အသံတိတ်သွားသည်။

(ထိုသစ်သားတူကြီးမှာ စာပေလောကပုံနှိပ်တိုက်မှ စာစီဗိုမင်ဆရာများသုံးသောပစ္စည်းဖြစ်၏။ ခုချိန်မှာ ကွန်ပျူတာစာစီခေတ်ဖြစ်သဖြင့် ဒါကြီးအသုံးမဝင်တော့ဘူးဆိုပြီး လွှင့်ပစ်မည့်ဆဲဆဲ ဆွေလုံက ကိုမျိုးညွန့်ထံမှ ရမ်တစ်လုံးနှင့် လဲပြီး ယူလာခဲ့ခြင်း ဖြစ်၏။)

"ဒီလို တစ်ယောက်တစ်ပေါက် ပြောနေလို့ ဘယ်ဖြစ်မလဲ၊ တစ်ယောက်ချင်းပြော၊ ကဲ..ဟိုဘက်က မျက်မှန်နဲ့ ပြဇာတ်မင်းသားလိုလူ မောင်မင်း စပြော..."

သုခမိန်ကြီးက လူတစ်ယောက်ကို လက်ညှိုးထိုးရင်း ပြောလိုက်၏။ ထိုသူကား ချစ်ဦးညို။ သူသည် ပါတိတ်ဟာဝေယံရုပ်နှင့် စာပေဟောပြောပွဲမှ လက်ဆောင်ရခဲ့သော ပိုးယောလုံချည်ခရမ်းရောင်ကို ဝတ်ထားသဖြင့် ပြဇာတ်မင်းသားနှင့် ပိုတူနေတာ အမှန်ပဲ ဖြစ်၏။ သူက ရှေ့ကို တစ်လှမ်းတိုးလိုက်ပြီးနောက် တရားခံကို တစ်ချက်လှမ်းကြည့်သည်။ တရားခံက လက်မကို ထောင်ပြီး တစ်စုံတစ်ခု မော့သောက်သည့်ဟန် လုပ်ပြ၏။ အရက်ပြတ်ပါပြီ ဆိုပြီးမှ မိန်းမမသိအောင် ဘီယာခိုးသောက်သည့်ကိစ္စ ဖော်လိုက်ရမလားဟု ခြိမ်းခြောက်လိုက်ခြင်းဖြစ်ကြောင်း သိလိုက်၏။ ထို

www.burmeseclassic.com

www.burmeseclassic.com



အခါ ချစ်ဦးညိုမှာ နှုတ်ဆွံ့သွားပြီး...

"အဲ...တကယ်တော့ ကျွန်တော့်အနေနဲ့ တရားစွဲဖို့ မရည်ရွယ်ခဲ့ပါဘူး ဟိုဒင်းက အဲဒီလိုပြောလို့..."

ယောင်ချာချာလုပ်နေသဖြင့် သူ၏လေဒီက မိုက်ခေါက်ကိုဆွဲပြီး ကား စက်နှိုးသလို လှည့်လိုက်တော့မှ...

"အား...အဲ...ဟုတ်ပါတယ်၊ တရားစွဲမလို့ပါပဲ၊ ဒီနေရာမှာ တရားဆို တာ ဘာလဲ၊ တရားဆိုတာ စကားက လာတာပါ။ စကားဆိုရာမှာလဲ သမိုင်းဝင်တဲ့ စကား၊ သမိုင်းတွင်တဲ့ စကားရယ်လို့ ရှိပါတယ်၊ ဒါကြောင့် သမိုင်းမတွင်၊ သမိုင်းဝင် လူတွင်ပန်းဆယ်မျိုးဆိုတာလို..."

လေဒီချစ်ဦးညိုက စိတ်မရှည်တော့ဘဲ...

"တော်စမ်းပါ၊ ရှင့်ကို ပေါ်ပြူလာဂျာနယ်မှာ ဆောင်းပါးရေးခိုင်းနေ တာမဟုတ်ဘူး၊ ဖယ်၊ ဖယ် ကျုပ်ဘာသာပဲ ပြောတော့မယ်"ဆိုပြီး ဆွဲဖယ် လိုက်သည်။ ချစ်ဦးညိုကလည်း နေရာမှန်ဖြစ်သော မိန်းမနောက်သို့ ရှိန့်ကလေး ဆုတ်သွား၏။ လေဒီချစ်ဦးညိုက ရှေ့သို့တိုးလာပြီးမှ ရုတ်တရက် ဘာပြောရမှန်းမသိဘဲ....

"ကိုကြီးစိန်ရေ"

'ဟု ရုတ်တရက် ခေါ်မိရာ ပေါင်စိန်ကြီးကလည်း "ဖျိ ဖျိ ဖျိ ဖျိ" ဟု ယောင်ပြီး ထူးမိ၏။ ပြီးမှ ရှက်သွားပြီး...

"တယ်အတင့်ရဲနေပါလား"

ဟု ငေါက်လိုက်၏။ လေဒီချစ်ဦးညိုကလည်း

"ကျွန်မ အဲဒါ စိတ်စွဲနေလို့ပါ"

ဟု တောင်းပန်လိုက်သည်။

"ကဲ...ကဲ...မယ်မင်း၊ သူ့ကို ဘာ့ကြောင့် တရားစွဲချင်တာလဲ ပြော"

လေဒီချစ်ဦးညိုသည် တရားခံကို တစ်ချက်ကြည့်ပြီး

"သူက ဝတ္ထုထဲမှာ ကျွန်မကို ဖယောင်းတိုင်ရှိတ်ကြီးလို့ရေးထား တယ်၊ အဲဒါကို မကျေနပ်ဘူး"

"ကဲ..မောင်မင်း ဘာပြောချင်သလဲ"

တရားခံကို မေးလိုက်ရာ



"ဟာ...တကယ်ဆို ဒီလိုအရေးခံရတာကို ဂုဏ်တောင် ယူသင့်ပါ တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခုချိန်မှာ ဖယောင်းတိုင်ဆိုတာ အိမ်တိုင်း အိမ်တိုင်းမှာ မရှိမဖြစ် အရေးအကြီးဆုံးပစ္စည်းပဲ၊ လူတကာကြားမှာ စူပါ စတားဖြစ်နေတာ၊ ဆရာချစ်နဲ့ အစ်မနဲ့ဟာ မီးသွေးနဲ့ ဖယောင်းတိုင်လို ထိုက်ဖက်တယ်ဆိုတဲ့သဘော..."

"ကြည့်စမ်း...၊ ထပ်လုပ်ပြန်ပြီ၊ ပေါင်စိန်ကြီးရှင့်...တကယ်တော့ ဖယောင်းတိုင်ဆိုတာ မီးရှို့လိုက်ပြီးတာနဲ့ စပြီး ပုံပျက်တော့တာပဲ၊ ကြာလေ အပုအထစ်တွေနဲ့ ရုပ်ဆိုးလေပဲ"

"အစ်မ မကြိုက်ဘူးဆိုရင် မီးချောင်းရှိတ်လို့ ပြောင်းရေးပေးပါ့မယ်"

"အမယ် ဘာထူးလဲ၊ မီးချောင်းလဲ တစ်ဖြောင့်တည်းပဲ"

"တော်ကြစမ်း...၊ ကြာရင် မီးလုံးရှိတ်တို့၊ ဖန်ပြောင်းရှိတ်တို့၊ အင်ဗာ တာရှိတ်တို့ ဖြစ်တော့မယ်၊ ကဲ...ခင်ဗျားရဲ့စွဲချက်ကို မှတ်တမ်းတင်ထား မယ်၊ နောက်တစ်ယောက် ပြော..."

သုခမိန်ကြီး စကားဖြတ်ပစ်လိုက်ရ၏။ တရားလိုနောက်တစ်ယောက် မှာ မစန္ဒာ ဖြစ်၏။ သူ့ဘေးတွင် အိမ်ကလူကြီး ကိုစန်းမောင်ကုပ်ကုပ်လေး ရပ်နေသည်။ သူက အသံတိုးတိုးဖြင့်

"မိချိုရာ ဒီငပေါကို အဖက်လုပ်ပြီး ပြောမနေစမ်းပါနဲ့"

ဟု တားသော်လည်း မစန္ဒာက 'အသာနေစမ်းပါ'ဟု ပြောရင်း တံ တောင်နှင့်တွက်လိုက်ပြီး ရှေ့တိုးရပ်လိုက်၏။ ပြီးတော့

"သုခမိန်ကြီးရှင့်...ဒီကောင်လေးဟာ ဝတ္ထုထဲမှာ ကျွန်မတို့ ဇနီး မောင်နှံကို ပါပူဝါနယူးဂီနီကျွန်းကို ပို့မယ်လို့ ရေးထားပါတယ်။ တကယ် တော့ အဲဒီကျွန်းဟာ မီးတောင်ပေါက်လိုက်၊ မုန်တိုင်းကျပြီးရေလွှမ်းလိုက် ဖြစ်နေတာပဲ။ ဒါပေမယ့် ဆွေမျိုးနဲ့သူငယ်ချင်းတွေကတော့ ကျွန်မတို့ တကယ် နိုင်ငံခြားသွားရတယ်မှတ်ပြီး အိမ်ပြန်လက်ဆောင်တွေ လာ တောင်းနေကြတယ်၊ ဝတ္ထုထဲမှာ အတိအလင်းပါတာဆိုတော့ ငြင်းလို့ မရဘူး။ မင်္ဂလာဈေးက ပစ္စည်းတွေဝယ်ပြီး ပေးနေရတယ်၊ ဒါမှာ သူ့ ကြောင့်ပဲ..."

ဟု တရားခံကို လက်ညှိုးထိုးရင်း ပြောသည်။ တရားခံက

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကျွန်တော့်သဘောနဲ့ ကျွန်တော် ရေးတာမဟုတ်ပါဘူး။ တစ်ရက်မှာ ကိုစန်းမောင်နဲ့ မြို့ထဲမှာတွေ့တော့ သူက ခုတလော မင်းတို့အစ်တော်တော် 'ပဲ'များနေတယ်၊ ကြည့်ပြီး နှိပ်လိုက်စမ်းပါ ဆိုလို့"

ကိုစမ်းမောင်က ပျာပျာသလဲ

"ဟော့...ဟော့ကောင် ငါ့ကို ဆွဲမထည့်နဲ့"

ပြောနေတုန်း မစန္ဒာက သူ့လူကြီးဘက်လှည့်ပြီး

"ဟင်...ဒါ ရှင့်အကြံပေါ့လေ၊ ကျောင်းမှာတုန်းက တီစကွဲယားနဲ့ အရိုက်ခံရတာ မမှတ်သေးဘူးလား...ကဲ"

ဆိုပြီး ကိုစန်းမောင်၏ နဖူးကို ဒေါင်ခနဲ ခေါက်လိုက်၏။ ကိုစန်းမောင်ကလည်း နဖူးကိုပွတ်ရင်း

"ဟာ...ငါက ပဲများတယ်ဆိုတာလောက်သာ ပြောတာ၊ ဝတ္ထုထဲထည့်ရေးခိုင်းတာမှ မဟုတ်ဘဲ"

သုခမိန်ကြီးက စားပွဲကို တစ်ချက်ထုပြီး

"ကဲ...တော်တော့ ဒါ လင်မယားရန်ဖြစ်နေရမယ့်နေရာ မဟုတ်ဘူး ဒီစွပ်စွဲချက်ကို မှတ်ထားမယ်၊ ကဲ...နောက်ဘယ်သူရှိသေးသလဲ"

ဝိန်ဝိန်ရှည်ရှည် ငယ်ငယ်ချောချော မိန်းကလေးသုံးယောက် တန်းစီ ဝင်လာကြ၏။ စကတ်တိုတို ကြပ်ကြပ်များ ဝတ်၍ သားရေလည်ရှည်ဖိနပ်များ စီးထားကြသည်။

သုခမိန်ကြီးက နဖူးကြောတင်းသွားပြီး

"တယ်...ရုံးကိုလာတာ ဒီလိုဝတ်စားလာရသလား၊ မယ်မင်းတို့က ဘယ်သူတွေလဲ ဘာကိစ္စလဲ"

ခေါင်းဆောင်ဖြစ်ဟန်တူသောမိန်းကလေးက ရှေ့တိုးလာပြီး

"ကျွန်မတို့ ကြော်ငြာအစီအစဉ်ကလေးတစ်ခု တင်ဆက်ချင်လို့ပါ"

"ဘာ၊ ရာရာစစ ဒါကြော်ငြာရမယ့်နေရာလား၊ အခုထွက်သွားကြစမ်း။ ဘာပေကပ်ကပ် လုပ်နေတာလဲ၊ ဝမ်ခ၊ မာလတ်၊ ဆွေလုံ၊ ကောက်ပူ"

"ရှိ"

"သူတို့ကို ဆွဲထုတ်သွားစမ်း"

ထိုစဉ်တွင် ကုန်းစွန်က သုခမိန်ကြီးနားနားသို့ကပ်၍ တိုးတိုး ပြော



...သည်။

"သုခမိန်ကြီးခင်ဗျား၊ သူတို့ကို ခွင့်မပြုလို့ မဖြစ်ပါဘူး။ ဘာကြောင့်လဲ ...တော့ အခု ကျွန်တော်တို့ ဝတ်ထားတဲ့ အဝတ်အစားတွေဟာ သူတို့ ...ကုမ္ပဏီက ထောက်ပံ့ထားတာပါ"

သုခမိန်ကြီး ခေါင်းကုတ်လိုက်ပြီး

"ခက်တာပဲ၊ ကြော်ငြာတွေကလဲ နေရာတကာမှာပါပဲလား"

"ကြော်ငြာချင်လည်း မြန်မြန်ကြော်ငြာ၊ စီးကရက်နဲ့ အရက်ဆိုရင် ...တော့ ခွင့်မပြုဘူး"

"ဟုတ်ကဲ့ပါ၊ ကျွန်မတို့က အလှကုန်ကြော်ငြာမှာပါ၊ ကဲ သူငယ်ချင်း ...ရေ"

ဟု ခေါင်းဆောင်မိန်းကလေးက အချက်ပေးလိုက်ပြီး ပရိသတ်ဘက် ...ည့်၍

"ကျေးဇူးပြုပြီး နားဆင်ပါရှင်၊ ကျွန်မတို့ရဲ့ လေးသူ့စံကုမ္ပဏီက နိုင်...ယား နိုင်ငံမှ တိုက်ရိုက်တင်သွင်းတဲ့ မယ်ကုဝဏ်တံဆိပ် အလှကုန် ...ည်းများကို သုံးစွဲကြပါစို့ နော"

ထို့နောက် မိန်းကလေးသုံးယောက်တို့သည် နောက်ကျောကို ပိတ်...ခံထားရသော ကိုယ်ဟန်အမူအရာဖြင့် ခါးကလေးတွေကော့ပြီး ဟို...တ်ဒီဘက် ခေါက်တုံ့ခေါက်ပြန် ပြေးရင်း

"ယာယာယေ ကုဝဏ်၊ ကုဝဏ်၊ ယာယာယေ"ဟု သီဆိုပြီး ထွက်...သွားကြ၏။

"တော်တော်ရှုပ်တဲ့ဟာတွေ၊ ကဲနောက်တရားလိုတစ်ယောက်လာခဲ့"

ခုတစ်ခါ အလှည့်ကျသူကတော့ ခင်မြဇင်။ သူ့ခင်ပွန်းကိုသန်းအုံး ...တော့ သဘောကောင်းသူ၊ နားအေးပါးအေးနေချင်သူဖြစ်သဖြင့် ပရိ...တ်ကြားမှာပင် ထိုင်ရင်း သက်ပြင်းတချချ လုပ်နေ၏။

"ကဲ...ဘာတင်ပြချင်သလဲ၊ ပြော"

သုခမိန်ကြီးက မေးလိုက်၏။ ခင်မြဇင်သည် တရားခံကို မျက်စောင်း ...စ်ချက်ထိုးလိုက်ပြီး

"သူဟာ ဒီတစ်ခါတည်းမဟုတ်ပါဘူး၊ ဟိုးအရင်ကလည်း ဝတ္ထုတွေ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အမျိုးမျိုး ပေါက်ကရ တွေ ရေးခဲ့ပါတယ်။ ဝတ္ထုတစ်ပုဒ်ထဲမှာ ကျွန်မကို ဆေးဘဲဥနဲ့ တူတယ်လို့ ရေးတယ်။ ပြီးတော့ အပျိုကြီးဖြစ်ပါစေလို့လည်း ကျိန်ဆဲခဲ့ဖူးတယ်၊ သူ့ကျိန်စာကြောင့် ကျွန်မတော်တော်နဲ့ မစုံတာပေ့ါ။ ဝေဒတက်ခေတ်ဦးမြတ်သစ်ဆီမှာ ယတြာချေလိုက်တော့မှ ကိုသန်းအုံးနဲ့ အဆင်ပြေသွားတာ၊ ဒါ့ကြောင့် သူ့ကို ပြင်းပြင်းထန်ထန် အရေးယူပေးပါ"

တရားခံက မျက်နှာငယ်လေးလှမ်းကြည့်ပြီး...

"မခင်မြဇင်ရာ ကျွန်တော်တို့ဟာ တက္ကသိုလ်မှာကတည်းက ကဗျာတူတူရေးခဲ့ကြတဲ့ သူငယ်ချင်းတွေပါ"

"ဟော အခုမှသတိရတယ်၊ ကျောင်းမှာတုန်းက ပိုက်ဆံအစိတ်ချေးထားတာ ပြန်မပေးရသေးဘူး"

"အဲဒါ ကျွန်တော်သုံးဖို့ မဟုတ်ဘူး၊ တိုးမိုးရဲ့ ပုဆိုးပေါင်ထားတာ ပြန်ရွေးဖို့ပါ၊ ဘာပဲဖြစ်ဖြစ် ကောင်းတာလည်း ရေးပါတယ်၊ မခင်မြဇင်ရဲ့ ကဗျာတွေဟာ လက်ဖျားခါလောက်တယ်လို့ ချီးကျူးခဲ့ဖူးပါတယ်ဗျာ"

"အမယ်၊ ဒါကော အကောင်းရေးတာမှ မဟုတ်ဘဲ၊ လက်ဖျားခါလောက်တယ်ဆိုပြီး နောက်က ကွင်းစကွင်းပိတ်နဲ့ ဆေးလိပ်မီးကို သွားကိုင်မိလို့ဆိုတာ ပါသေးတယ်မဟုတ်လား။ ဘာပဲဖြစ်ဖြစ် မကျေနပ်ဘူး၊ မကျေနပ်ဘူး"

ဟုပြောပြီး ကလေးတစ်ယောက်လိုခြေဆောင့်နေ၏။ သုခမိန်ကြီးက

"ကဲ၊ ကဲ၊ ကလေးမ ကျေနပ်အောင် ဆောင်ရွက်ပေးမယ်၊ ဟုတ်ပြီလား၊ နောက်..."

သုခမိန်ကြီး စကားမဆက်နိုင်ခင် ခွေလုံနှင့်ဝမ်ခတို့က လူတစ်ယောက်ကို ချုပ်ကိုင်၍ ဝင်လာသည်။

"အပေါက်ဝမှာ ယောင်လည်လည် လုပ်နေလို့ ဆွဲလာခဲ့တာပါ သုခမိန်ကြီး"

ထိုသူမှာ ကဗျာဆရာ မြမြင့်မိုရ်ဖြစ်၏။ သုခမိန်ကြီးက

"မောင်မင်း ဘာလုပ်မလို့လဲ"



"ကျွန်တော်၊ ကျွန်တော် ဆရာစိန့်မွေးနေ့အတွက် မုန့်ဟင်းခါးကျွေးနေတယ်ဆိုလို့ ဝင်လာတာပါ"

"မင်းကို ဘယ်သူပြောတာလဲ"

"မင်းသိုက်မွန် ပြောတာ"

"ဒါလောက်တောင် ငတ်ကြီးကျတဲ့ကောင်နဲ့ သူများကိုချောက်တွန်းချင်တဲ့ကောင်တွေ ရုံးတော်ကို မထေမဲ့မြင်ပြုမှုနဲ့ ဒဏ်ရိုက်ရမယ်၊ တစ်ယောက်ကို ဘီအီးငါးပက်စီ ဒဏ်ကြေးပေးစေ"

မြမြင့်မိုရ်မှာ မရှိသော ဆံပင်ကလေးကိုဖွရင်း

"သွားပါပြီ၊ ညနေစာလေးတော့ ကုန်ပါပြီ"

ဟု ညည်းလိုက်ရာလေ၏။

"ဘယ်သူ ကျန်သေးလဲ"

ဟုမေးလိုက်ရာ ခပ်ပိန်ပိန် အမျိုးသမီးကြီးတစ်ဦး လူကြားထဲကတိုးထွက်လာပြီး

"ကျွန်မ တိုင်စရာရှိတယ်"

"ခင်ဗျားက ဘာတိုင်မလို့လဲ ဒေါ်စိန်ဌွတ်ထော်"

ဟု မေးလိုက်ရာ ခပ်ပိန်ပိန် အမျိုးသမီးကြီးသည် ဆတ်ခနဲ ဖြစ်သွားပြီး

"ကျွန်မ စိန်ဌက်ထော်မဟုတ်ဘူး၊ ရွှေကူမေနှင်း"

"အောအော ရုတ်တရက် မမှတ်မိလို့ပါ၊ နေစမ်းပါဦး၊ သူ့ဝတ္ထုထဲမှာ ခင်ဗျားမှ မပါဘဲ"

"ဝတ္ထုထဲမှာ မပါပေမယ့် စာပေဟောပြောပွဲတွေကျရင် ကျွန်မကို အာပြဲခြောက် ကျပ်တင်ထားတာနဲ့ တူတယ်၊ ဘာညာနဲ့ ဟင်း သူကျတော့ ငကြီးခြောက်ကို ရေနံ့သုတ်ထားတဲ့ ပုံစံနဲ့"

"ခင်ဗျားက သူပြောသလောက်တော့ မဆိုးပါဘူး၊ စိုစိုပြည်ပြည် ရှိသားပဲ"

ရွှေကူမေနှင်းသည် ကျေနပ်သွားပြီး

"ဟုတ်တယ်၊ ကျွန်မမနက်တိုင်း လေ့ကျင့်ခန်းလုပ်နေလို့ ဗိုက်အရွယ်ဘင်နေတာပေ့ါ၊ ဒါကို သူက အမနာပပြောတာ တရားသလား"

www.burmeseclassic.com

www.burmeseclassic.com



" မှန်ပါတယ်၊ ဒီအတွက် သင့်တော်သလို အရေးယူပေးမယ်"

ထိုအခိုက်မှာပင် အပြင်ဘက်မှ ရုတ်ရုတ်သဲသဲ အသံများကြားရသ… သုခမိန်ကြီးက

"ဘာဖြစ်တာလဲဟေ့"

ကောက်ပန္နက ပြေးဝင်လာပြီး

"သိုင်းသမားတစ်ယောက် တရားခံကို ကယ်ထုတ်ဖို့ ကြိုးစား… တယ်"

"ဟုတ်လား ဒါဆို"

ကျန်စိန်ဝင်းဘက်

"ကျန်စိန်ဝင်း"

"ရှိ"

"မောင်မင်း အဲဒီသိုင်းသမားကို သွားရှင်းလိုက်စမ်း"

"ရှိ"

ကျန်စိန်ဝင်းသည် လေထဲတွင် လွှားခနဲ ဝဲပျံသွားသည်။ ကြက်တော… ပံခတ်သလို ဖလပ်ဖလပ်မြည်သွား၏။ သို့ရာတွင် တရားရုံးအလယ်လေ… မှာပင် ရပ်တန့်သွားပြီး လေထဲတွင် တွဲလောင်းကြီး ဖြစ်နေ၏။ ခါးမှာချိ… ထားသော စက်သီးကြိုး ငြိသွားသောကြောင့် ဖြစ်၏။ ဝမ်ခနှင့်မာလ… တို့က စက်သီးကြိုးကိုဖြုတ်၍ အောက်ကို ထမ်းချပေးရသည်။ ထို့နောက… သူသည် အပြင်ကို ဒီအတိုင်းပင် ပြေးထွက်သွား၏။ ခဏကြာတော့ ပြ… ဝင်လာသည်။ လက်ဝါးကို လက်သီးနှင့် ထောက်၍အရိုအသေပြုပြီး…

"ဖမ်းလို့ မမိလိုက်ပါဘူး၊ သူ့သိုင်းပညာက တော်တော်အဆင့်မြ… တယ်၊ ကျွန်တော်က သူ့အုတ်နံရံကို လွှားခနဲ ကျော်သွားလိမ့်မယ်ဆိုပြီ… အပေါ်ကို မော့ကြည့်နေတုန်း၊ ခွေးတိုးပေါက်ကနေ လုစ်ခနဲ လျှောထွက်… သွားတာပဲ"

"ဟုတ်လား၊ ဒါဆိုရင် နီကိုရဲပဲ ဖြစ်မယ်၊ နောက်ထပ် မနှောင့်ယှက် နိုင်အောင် သေသေချာချာ သတိထားနေကြ၊ ကဲ"

သုခမိန်ကြီးက တရားခံဘက်လှည့်၍

"မောင်မင်းအပေါ် စွပ်စွဲထားတာတွေက တော်တော်ခိုင်လုံနေပြီ…



…ပြောချင်သေးသလဲ"

"သူတို့က သက်သက်မဲ့ မကျေမနပ် ဖြစ်ကြတာပါ၊ တကယ်တော့ …ဉ်တော့် ဝတ္ထုဟာ သရုပ်မှန်လွန်းလို့ ဆရာဇန်မြင့်ကတောင် ရွှေပါးစပ်၊ …ပါးစပ်ထဲမှာ ချီးကျူးထားပါသေးတယ်"

"အဲဒီလို ချီးကျူးမိလို့ ဇန်မြင့်တစ်ယောက် စာဖတ်ပရိသတ်တော် …တော်လျော့သွားတယ်လို့တောင် သတင်းကြားရတယ်"

ဟု ကုန်းစွန်က ဝင်ပြော၏။ တရားခံက ဆက်၍

"တစ်ခုလည်း ရှိပါသေးတယ်၊ အခုလို စာရေးဆရာတွေကို ဓာတ် …ောင်လုပ်ပြီးရေးတာ ကျွန်တော် စတာမဟုတ်ပါဘူး၊ ဆရာသော်တာ …တွေတို့၊ ဆရာသာဂဒိုးတို့က စခဲ့တာပါ"

"ဟေ့…လူကြီးတွေကို ဆွဲမထည့်နဲ့"

"ဒီလိုရှိပါတယ်၊ ကျွန်တော်က…"

"တိတ်စမ်း…"

တူကြီးနှင့် စားပွဲကို ထုလိုက်ရာ

"ဟာလေ ဟာလေ ဟာလေး"

"ကဲ…ဘာမှ ဆက်မပြောနဲ့၊ အမိန့်ချမယ်၊ မောင်မင်းဟာ သူ့တို့ဘာ …သာ အေးအေးဆေးဆေးနေတဲ့ စာရေးဆရာတွေကို နောက်လားပြောင် …လား လုပ်တဲ့အတွက် အပြစ်ရှိတယ်၊ ဒါ့ကြောင့် နောက်ကို ပေါက်ကရ …ခရေးနိုင်အောင် လက်ကိုဖြတ်စေ"

"ဟာ…ချမ်းသာပေးပါ သုခမိန်ကြီးရယ်"

"မရဘူးဟေ့၊ လိပ်ခေါင်းဓားစက်ယူခဲ့"

ဟု အမိန့်ပေးလိုက်သောအခါ မောင်မြင့် စာအုပ်ချုပ်လုပ်ငန်းမှ …ကုလားလေး လေးယောက်တို့သည် စက္ကူဖြတ်သည့် ဓားစက်ကြီးကို …မချလာပြီး သုခမိန်ကြီးကို အရိုအသေပြုရင်း ခေါင်းဆောင်ကုလားလေးက

"ဘယ်လိုဖြတ်ရမှာလဲ ဆရာကြီး၊ ကရောင်းဆယ့်ခြောက်ချိုးလား၊ …ုးစကတ် ဆယ်ချိုးလား"

"တယ်…စက္ကူဖြတ်မှာ မဟုတ်ဘူး၊ လူဖြတ်မှာ၊ ကိုင်း…ဓားစက်ဖွင့်"

ကုလားလေးက ခလုတ်ကို နှိပ်လိုက်၏။ ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



"ခွင့်လွှတ်ရောပေါ့ ဆရာကြီး၊ မီးပျက်နေတယ်"

"ဒါဆို မီးစက်နှိုး"

တရားခံက တောင်းပန်သည်။

"သုခမိန်ကြီးရယ်၊ လက်တော့ မဖြတ်ပါနဲ့၊ ကျွန်တော့်မှာ ဒါလေးနဲ့ လုပ်စားနေရတာပါ"

"ဒါဆိုရင် ဖြတ်လို့ရတဲ့ဟာကို ဖြတ်စေ"

ထိုစဉ်တွင် အမျိုးသမီးတစ်ယောက်သည် ငိုကြီးချက်မနှင့် ပြေးဝင်လာသည်။ စောစောက စကားများကို နားစွန်နားဖျားကြားပြီး

"ကျွန်မယောက်ျားကို မဖြတ်ပါနဲ့ရှင်၊ သူ့မှာ ဒါလေးနဲ့ပဲ လုပ်စားနေရတာပါ"

ဟု ရမ်းသမ်းပြောလိုက်သဖြင့် သုခမိန်ကြီးတောင် ပြုံးမိသလိုဖြစ်သွား၏။ သူက မော့်ကြည့်ပြီး

"ဟင်—ကိုကြီးစိန်၊ ကောင်းကြပါလေရဲ့၊ ကျွန်မတို့မင်္ဂလာဆောင်တုန်းက ရေခဲမုန့် သုံးခွက်ဆင့်စားသွားတာကိုတောင် မထောက်တော့ဘူးလား"

"ကလေးမကိုတော့ သနားပါတယ်၊ ဒါပေမယ့် ဒီကောင့်ကို ချမ်းသာပေးလိုက်ရင် တရားလိုတွေက ပြဿနာရှာလိမ့်မယ်၊ ကဲ...အသင့်ဖြင့်"

မာလတ်နှင့်ကောက်ဟူတို့က တရားခံကို ချုပ်ကိုင်ပြီး ဓားစက်ဆီ ဆွဲခေါ်သွား၏။ သုခမိန်ကြီးသည် အချက်ပေးရန်အတွက် ဆီချက်ခေါင်း ဆွဲဆိုင်မှ တောင်းလာသော ဝါးတူကို မြှောက်ကိုင်လိုက်စဉ်...

"ဦးရှီးတော် ပဝမ်ကွေး ကြွလာတယ်"

"ချမ်း ချမ်း"ဆိုသော ယကွင်းသံနှင့်အတူ ဦးရှီးတော်ပဝမ်ကွေးသည် ကိုယ်ရံတော်များဖြစ်ကြသော စာကလေး၊ ဒကာဆိတ်၊ ဟာကျူလီငပျော့တို့နှင့်အတူ ကြွချီလာသည်။ ပရိသတ်ကြီးက ဝမ်ဆွေ၊ ဝမ်ဆွေ၊ ဝမ့်ဝမ့်ဆွေ ဟု အရိုအသေပြုကြ၏။ သုခမိန်ကြီးပေါင်စိန်ပင်လျှင် စင်မြင့်ပေါ်မှ ဆင်းလာပြီး ဂါရဝပြုရင်း

"ဦးရှီးတော် ဘာကိစ္စများ ရှိလို့ပါလဲ"

"ကိစ္စကတော့"



ဘရားခံကို လက်ညှိုးထိုးပြပြီး

"သူ့ကိစ္စပဲ၊ သူဟာ စာပေကြော်ငြာ စတိတ်ရှိုးဆိုတဲ့ဝတ္ထုကို မလိုမာစိတ်နဲ့ ရေးတာ မဟုတ်ပါဘူး၊ စာပေသမားတွေကို ချစ်လို့ခင်လို့ ငေ့ကျီစယ်တဲ့သဘောပါ။ ခုလို ဝတ္ထုထဲ ထည့်ရေးလိုက်တဲ့အတွက် စာဆိုတော်သူတွေ ရယ်မောပျော်ရွှင်ကြရလို့ ကုသိုလ်တောင်ရပါသေးတယ်၊ ဒါ့အပြင် ပုဂ္ဂိုလ်ရှိအမတ်ကြီး ဘိုးဘိုးကြပ်ကတောင် ကျွန်ုပ်နဲ့ သဘောချင်း တူညီကြောင်း သဝဏ်လွှာ ပါးလိုက်ပါသေးတယ်"

သုခမိန်ကြီးက ဦးညွတ်လိုက်ပြီး

"ဦးရှီးတော်ရဲ့စကားကို မပယ်ရှားဝံ့ကြောင်းပါ။ သို့သော်လည်း သူ့ကို ဒီအတိုင်း ခွင့်လွှတ်လို့တော့ မဖြစ်ဘူး ထင်ပါတယ်"

"ဒါကတော့ ဟုတ်တယ်၊ ဒီကောင်ဟာ ကျွန်ုပ်ကိုတောင် နောက်လား ပြောင်လား လုပ်ခဲ့သေးတာပဲ၊ မှတ်လောက်သားလောက်အောင်တော့ ဆုံးမရမှာပေါ့၊ ကိုင်း ဒီတော့ ဒီကောင့်ကို အရူမတက်မချင်း ဝိုင်းပြီး ကလိထိုးကြစေ"

ဦးရှီးတော် ပဝမ်ကွေး၏ စကားအဆုံးတွင် တရားလိုပရိသတ်ကြီးမှာ "ဟာလေ ဟာလေး ဟာလေး"ဟု အော်၍ သူ့ထက်ငါ အလုအယက် ကလိထိုးရန် ဝိုင်းအုံလာကြလေတော့သည်။

(သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း ဇန်နဝါရီလ၊ ၁၉၉၉)

• • •

www.burmeseclassic.com

www.burmeseclassic.com




# ဒေဝတာမြို့တော်

## ( ပြီးခဲ့သောဇာတ်လမ်းအကျဉ်း )

စာပေနှင့် ရုပ်ရှင်နယ်တွင် ခြေရှုပ်နေသောမျောက်ညီနောင်လေးဖော်မှ အငယ်ဆုံးကောင် မျောက်လူသည် စာပေလောကသားများကို ဇာတ်ကောင် လုပ်၍ 'စာပေကြော်ငြာစတိတ်ရှိုးပွဲတော်'ဆိုသော ဝတ္ထုတစ်ပုဒ်ကို ရေးလိုက်ရာ ဇာတ်လမ်းထဲတွင်ပါဝင်သော စာရေးဆရာအချို့က မကျေနပ်သဖြင့် လေထန်ဖုန်းတရားရုံးတွင် တရားစွဲဆိုကြ၏။

သုခမိန်ကြီးပေါင်စိန်က အပြစ်ထင်ရှားသည်ဆိုပြီး မျောက်လူကို လိပ်ခေါင်းမဲ့စက်ဖြင့် လက်ဖြတ်ပစ်ရန် အမိန့်ချမှတ်သည်။ ဦးရိုးတော် ပဝမ်ကွေးနှင့် ပညာရှိအမတ်ကြီး ဘိုးဘိုးကြပ်တို့က မေတ္တာရပ်ခံသဖြင့် အရူမတက်မချင်း ကလိထိုးကြရန် ပြောင်းလဲအမိန့်ချသည်။ စာရေးဆရာများလည်း မျောက်လူကို ဝိုင်း၍ ကလိထိုးကြရာ ရယ်ရလွန်းသဖြင့် အရူတက်ပြီး သတိလစ်သွားလေ၏။

### မပြီးသေးသော ဇာတ်လမ်းအကျယ်

သူ သတိပြန်ရလာ၏။

မရောက်ဖူးသော နေရာတစ်ခု။ ပတ်ဝန်းကျင်ကိုကြည့်လိုက်သည်။ ပင်လုံးကျွတ်ပွင့်နေသော ကသစ်ပင်များမှလွဲ၍ ဘာမှမရှိ။ လူသူဆိုသည်း ဘစ်ယောက်မှ မတွေ့ရ။ မြေပြင်တစ်ခုလုံးမှာ မီးခိုးငွေ့လိုလို၊ မြူနှင်းတွေလိုလို ဝေ့ဝဲပိတ်ဖုံးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါ ဘယ်နေရာလဲဟု စဉ်းစားကြည့်သည်။ မီးခိုးငွေ့တွေရှိပုံထောက်တော့ စတိတ်ရှိုးစင်မြင့် ဖြစ်မှာပဲ တွေးမိသေးသည်။ စတိတ်ရှိုးစင်မြင့် ဆိုလည်း ဒီလောက်တော့ ကြီးမားကျယ်ပြန့်စရာ အကြောင်းမရှိ။ စည်ပင်သာယာတချား အထူးသန့်ရှင်းရေးအတွက် ခြင်ဆေးငွေ့တွေ မှုတ်ထားတာလား။ ဒါလည်း မဖြစ်နိုင်။ မီးခိုးငွေ့တွေ အပေါ်ကို ပျံ့လွင့်တက်မလာဘဲ မြေပြင်မှ တစ်ပေလောက်မှာသာ ဝပ်ဆင်းငုတ်ဝဲနေ၏။ သူ အစဉ်းစားရကြပ်လာသည်။ ထို့ကြောင့်

"ဘယ်မှာလဲ မသိတော့ဘူး၊ ပြောပါတော့ ပြောပါတော့"ဟု သံကုန်အော်လိုက်၏။

ထိုအခါ ရှေ့ခပ်လှမ်းလှမ်းဆီတွင် မီးခိုးငွေ့တွေ အနည်းငယ်ပြယ်သွားပြီး တံတားလေးတစ်စင်းကို လှမ်းမြင်လိုက်ရသည်။ သူ ထရပ်ပြီး တံတားလေးဆီသို့ လျှောက်သွားသည်။

တံတားအောက်တွင် ရေမရှိဘဲ ရွှေမှုန်ငွေမှုန်ကလေးတွေသာ တလွင့်လွင့် မျောနေသည်။ တံတား၏ တစ်ဘက်ကမ်းမှာတော့ ကနုတ်ပန်းပွင့်တွေနှင့် ဘောင်ကွပ်ထားသော ဆိုင်းဘုတ်တစ်ခုရှိ၏။

"ဒေဝတာမြို့တော်"

ထိုအခါကျမှ နတ်ပြည်၏ အဝင်ဝကို ရောက်နေကြောင်း သိလိုက်ရ၏။ ဒါဆိုငါက သေခဲ့ပြီပေါ့ဟု တွေးလိုက်၏။ ဒီလိုလည်း မဟုတ်သေး။ သူ့ခန္ဓာကိုယ်က အကောင်းပကတိအတိုင်းကြီး ရှိနေသေးသည်။ အရှင်လတ်လတ် နတ်ပြည်ရောက်တာမျိုးများလားဟု သူ့ကိုယ်သူ အထင်ကြီးမိလိုက်၏။ သို့ရာတွင် သူ့ပုံစံက အရပ်ဝတ်အရပ်စားနှင့်ပဲ ရှိနေ၏။ နတ်ဝတ်တန်ဆာတွေ၊ မကိုဋ်တွေနှင့်နှင့် မဟုတ်။

နတ်ဆိုလျှင် တန်ခိုးရှိသည်၊ လိုတရသည်ဟု ကြားဖူးသည်။ စမ်းကြည့်မှပဲ ဆိုပြီး...

"လက်ဖက်ရည်တစ်ခွက် လာထား"

ဟု ခေါ်ပြီး လက်ဝါးဖြန့်လိုက်၏။ ဘာမှမလာ။ ဒါဆိုလျှင်တော့ မဟုတ်သေးဘူး။ ဒါတွေ နောက်မှ စဉ်းစား၊ ခုလောလောဆယ်ရောက်တုန်း ရောက်ခိုက် ဝင်လေ့လာသွားဦးမှပဲ။ ဒါမှ လူ့ပြည်ပြန်ရောက်တဲ့အခါ



ဘွာနယ်မှာ ဆောင်းပါးရေးလို့ ရမည်။ ဒါမှမဟုတ် ဆရာအောင်မောင်းတို့၊ ဆရာကျော်ရင်မြင့်တို့၊ ဆရာကိုရိုးကွန့်တို့လို ခရီးသွား အတွေ့အကြုံဆောင်းပါးတွေ ရေးနိုင်မည်။ ခနေ မြန်မာ့ခနေ၊ ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန် မဂ္ဂဇင်းတွေက စာမူခကောင်းကောင်း ပေးသည်ဟု ကြားဖူး၏။

သူသည် တံတားလေးပေါ် ဖြတ်လျှောက်လိုက်၏။ အလယ်လောက်အရောက်မှာပင် တစ်ဘက်ကမ်း တံတားထိပ်တွင် ဝုန်းခနဲ ဝုန်းခနဲ မီးလုံးကြီးများ ထွက်လာပြီးနောက် လူနှစ်ယောက်ပေါ်လာသည်။

သူတို့သည် အရပ်ခြောက်ပေကျော် ခုနစ်ပေနီးပါးရှိသော လူထွားကြီးများ ဖြစ်ကြ၏။ အလွန်တောင့်တင်း သန်မာကြပုံရသည်။ ပုဆိုးခါးတောင်းကျိုက်ထားပြီး အပေါ်ပိုင်းမှာ ဘာမှဝတ်ဆင်မထားကြ။ တစ်ယောက်က ခက်ရင်းခွလှံတံကြီး ကိုင်ထားသည်။ နောက်တစ်ယောက်က ပေါက်ဆိန်ကြီးကို ထမ်းထား၏။

တစ်ယောက်က လက်လှမ်းတားပြီး

"ရပ်လော့၊ ရပ်လော့"

ဟု ပြော၏။ မျောက်လူက

"ခင်ဗျားတို့ ဘာလုပ်ကြတာလဲ၊ ဂိတ်ကြေးတွေ မကောက်ရတော့ဘူးလို့ ညွှန်ကြားထားတယ် မဟုတ်လား"

ဟု ခပ်တည်တည် ပြန်ပြောသည်။ အစောင့်က

"ဘာတွေ လာပြောနေတာလဲ၊ နားမလည်ဘူး၊ မင်းနာမည် ဘယ်သူလဲ"

"မျောက်လူ"

"ရှာကြည့်စမ်းဟေ့"

ဘေးကတစ်ယောက်ကို လှည့်ပြောလိုက်သည်။ အစောင့်တစ်ယောက်က သားရေစာအုပ်ကြီးကို လှန်ကြည့်ပြီး

"မတွေ့ဘူး"

"ကဲ...ဒီကိုလာရမယ့်စာရင်းထဲမှာ မင်းနာမည်မပါဘူး၊ ဒီကပဲ လှည့်ပြန်ပေတော့"

www.burmeseclassic.com



"ဒီလိုပါ၊ ကျွန်တော်က ခဏအလည်လာတာပါ။ ကြုံတုန်းဝင်ပြီး ဆေ့လာချင်လို့"

"ဒါဆို ဖိတ်စာပါလား"

ဟိုက်၊ ဒီမှာလည်း ဖိတ်စာပြသနာ ရှိတာပါလား၊ ဘာပဲဖြစ်ဖြစ် ကျွာနယ်သမားတွေနဲ့ ပေါင်းနေတာပဲ၊ ဒီလောက်တော့ ရပါတယ်ဟု တွေး ပြီး ခပ်တည်တည်ဖြင့်

"ကျုပ်က စာရေးဆရာဗျ၊ ဖိတ်စာ မလိုဘူး"

"ဒါ ရုပ်ပါမားကက် မဟုတ်ဘူး၊ ဝင်ချင်တိုင်းဝင်လို့ ရတယ်မှတ် နေလား"

အင်း…ဒီလူတွေကြည့်ရတာ လူပြည်မှာတုန်းက ဆေးရုံအပေါက် စောင့် လုပ်ဖူးတယ်ထင်တယ်ဟု တွေးပြီး အကျီအိတ်ထဲ လက်နှိုက်မည် ပြုစဉ်…

"အံမယ်ကြည့်စမ်း၊ လူပြည်ကအပေါက်မျိုး လာချိုးနေတာကိုး၊ ဟေ့ သွားမလား၊ မသွားဘူးလား"

ဆိုပြီး ပေါက်ဆိန်ကြီးကို မြှောက်၍ ရွယ်လိုက်၏။ ကိုင်း…ဒီလိုမှ မရရင်တော့ ရတဲ့နည်းကို သုံးရတော့မှာပေါ့။ ထို့ကြောင့် လွယ်အိတ်ထဲ တွင်ပါလာသော ပတ္တမြားကျောက်စီပုလင်းကိုထုတ်၍ မြှောက်ပြလိုက်ရ လေသည်။

ထိုအခါကျမှ အစောင့်နှစ်ယောက်လည်း ပျာပျာသလဲ ဒူးထောက် ထိုင်ချလိုက်ပြီး…

"ဝမ်းပက်၊ ဝမ်းပက်၊ ဝမ်းဝမ်းပက်"

ဟု ပြိုင်တူအော်၍ အရိုအသေပေးကြ၏။

သူတို့ကို ပတ္တမြားကျောက်စီပုလင်းထဲမှ နှစ်တစ်ထောင်ရှည်မတက်ဥ စိမ်ထားသော ဘီအီးတစ်ပက်စီ တိုက်လိုက်သောအခါ အစောင့်များလည်း အငမ်းမရ မော့သောက်ကြပြီးနောက်…

"ဆရာ ဘယ်ကို သွားချင်လို့ပါလဲ အမိန့်ရှိပါ"

"ကျုပ် စာရေးဆရာတွေရှိတဲ့နေရာ သွားချင်တယ်၊ ကကတစ်စင်း



…ာက် ခေါ်ပေးစမ်းပါ"

"ဒီမှာ ကကတော့ မရှိဘူး၊ နနပဲ ရှိပါတယ်"

"အဲဒီ နနပဲ ခေါ်ဗျာ"

သူတို့က 'နနတစ်စင်း လာထား'ဟု အော်လိုက်သောအခါ စောစော …လို ဝုန်းခနဲ မီးခိုးလုံးကြီးတက်လာပြီးနောက် ဇာတ်သဘင်တွေထဲမှာ …ဖူးသော ပန်းရထားလို ယာဉ်တစ်စင်းပေါ်လာသည်။ တစ်ခုရှိတာက …တ်ထဲက ပန်းရထားတွေလို ချပ်ဘီးမျိုးမဟုတ်ဘဲ သတ္တုစပ်အလွှင်းဘီး …ထားခြင်းပင် ဖြစ်၏။ ပန်းရထားမောင်းသူက

"ဘယ်သွားမလဲ အကြည်တော်၊ အဲ…သူငယ်ချင်းက ဘယ်လိုဖြစ် …တာလဲ၊ လာချိန်လည်း မတန်သေးဘဲနဲ့" ကဗျာဆရာခေါင်းထက်က …သဖြင့် "ကျွန်တော် ခဏ လာလည်တာ ရောက်တုန်းရောက်ခိုက် …လာချင်လို့၊ အဲ နေစမ်းပါဦး၊ ခင်ဗျားက ဒီမှာ တက္ကစီမောင်းနေတာ …း"

"ဘယ်ကလာ တက္ကစီရမှာလဲ၊ ဒါ ကိုယ်ပိုင်ပါ၊ ကဗျာရေးနေရင်းက …င်းကြည်လင်သွားအောင် အပြင်တစ်ပတ် ထွက်မောင်းရင်း မုခ်ဝက …ကူအညီတောင်းသံကြားလို့ လာခဲ့တာ၊ ဒီမှာတော့ ဒီလိုပဲ ကြုံတဲ့ရထား … ကြုံသလို ခေါ်တင်သွားကြတာပဲ"

"သြော် မသိပါဘူး၊ ဟိုပုဂ္ဂိုလ်တွေက နနလို့ပြောတာနဲ့ လူပြည်က …ကာလိုများလားလို့"

"ဒီမှာတော့ ဒီလိုပဲ ခေါ်ကြတာပဲ"

ခေါင်းထက်ကို အကဲခတ်ကြည့်လိုက်သောအခါ နတ်ဝတ်နတ်စား …င့်မဟုတ်ဘဲ စတစ်ကော်လာ ရှပ်အကျီဖြူနှင့် မာစရိုက် ချည်ချောလုံချည် …ာ ဝတ်ထားတာ တွေ့သဖြင့်…

"ခင်ဗျားအဝတ်အစားက…"

"သြော်…ခင်ဗျားက ပြောင်ပြောင်လက်လက် ချွန်ချွန်တက်တက်တွေ …တ်ထားမယ်ထင်လို့လား၊ အဲဒါက ဇာတ်ထဲမှာ ဝတ်ကြတာပါ။ ဒီမှာတော့ …ယ်ဝတ်နေကျအတိုင်းပဲ ဝတ်ကြတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း ခုနပြောတဲ့အထဲမှာ ကဗျာရေးနေတယ်ဆိုတာ ပါတယ် နော်၊ ကဗျာရေးပြီး ဘာသွားလုပ်မှာလဲ"

"မဂ္ဂဇင်းထဲ ထည့်မှာပေါ့"

"ဒီမှာ မဂ္ဂဇင်းရှိတယ်"

"ရှိတာပေါ့။ စာရေးဆရာတွေ ကွယ်လွန်ပြီး နတ်ပြည်ရောက်သလို ပဲ၊ မဂ္ဂဇင်းတွေလဲ ကွယ်လွန်တဲ့အခါ နတ်ပြည်ရောက်လာတာပဲလေ"

"ဘယ်လိုဗျ၊ ကျွန်တော် နားမလည်ဘူး"

"ဒီလိုလေ၊ လူ့ပြည်မှာထုတ်တဲ့ မဂ္ဂဇင်းတွေထဲက ဆက်မထုတ်နိုင်ဘဲ ရပ်သွားတဲ့ မဂ္ဂဇင်းတွေဟာ ကွယ်လွန်ကုန်ကြတဲ့သဘောပဲ မဟုတ်လား အဲဒီမဂ္ဂဇင်းတွေကို နတ်ပြည်မှာ ဆက်ထုတ်ကြတာပေါ့"

"တယ်ဟုတ်ပါလားဗျ"

"ဟိုမှာရော မဂ္ဂဇင်းတွေ အခြေအနေဘယ်လိုရှိလဲ"

"ဒီလိုပါပဲ…၊ တချို့မဂ္ဂဇင်းတွေကတော့ အဆင်ပြေကြပါတယ် အများစုကတော့ မပြုတ်အောင် အတော်ကြိုးစား ရပ်တည်နေကြရတာ ခင်ဗျားတို့ဆီမှာ မဂ္ဂဇင်းတွေ တိုးကောင်းတိုးလာနိုင်တယ်ဗျို့၊ ဂျာနယ်တွေ ကတော့ တော်တော်များတယ်၊ ဂျာနယ်တစ်ခေတ်လို့တောင် ဆိုနိုင်တယ်"

"ရေးစရာ၊ နေရာများလာတော့ စာရေးဆရာတွေအတွက် ကောင်း တာပေါ့ဗျာ၊ ကဗျာတွေ အခြေအနေကော ဘယ်လိုရှိလဲ"

"ကဗျာကတော့ အခြေအနေကောင်းတယ်ပြောရမှာပဲ၊ ပုံသဏ္ဌာန် ရော အကြောင်းအရာပါ ပိုပြီးဆန်းသစ်တဲ့ကဗျာတွေ ရေးလာကြတယ် လူငယ်ကဗျာဆရာတွေလည်း အများကြီး ထွက်လာတယ်၊ တော်ကြပါ တယ်"

"ဒါဆိုရင်တော့ ဝမ်းသာစရာပဲ၊ အဲဒါနဲ့ ခင်ဗျားဘယ်သွားချင်သလဲ ပြောဦးလေ"

"ကျွန်တော့်အဖေဆီ သွားချင်တယ်"

"ဆရာသာဓုက ဆရာကြီးတွေချည်းပဲ စုပြီးနေတဲ့ နေရာမှာဗျ၊ လူကြီး တွေ စိတ်အေးချမ်းသာ နေလို့ရအောင်ဆိုပြီး ဆိတ်ငြိမ်ရပ်ကွက်မှာ နေရာ



ချထားတာ၊ ပြီးမှ အေးအေးဆေးဆေး သွားတာပေါ့"

"ခင်ဗျားတို့ကျတော့ ဘယ်မှာနေကြလဲ"

"ခြောက်ထပ်ဗိမာန်တွေမှာ ကိုယ့်အခန်းနဲ့ ကိုယ်နေကြတာပဲ"

"ခင်ဗျားတို့ကျတော့ သီးခြားဗိမာန် မရဘူးလား"

"လိုချင်ရင်တော့ မြို့တော် အုပ်ချုပ်ရေးအဖွဲ့ဆီ လျှောက်လို့ ရပါတယ်၊ ဒါပေမယ့် ဘာလုပ်မှာလဲ၊ ခုလို လူငယ်တွေစုပြီးနေရတာက ပိုပြီး ပျော်စရာ ကောင်းတာပေါ့။ ဆရာဒေါင်းနွယ်ဆွေတောင် သူ့ရတဲ့ ဗိမာန်ကြီးက ခမ်းနားလွန်းလို့ မနေတတ်ဘူးဆိုပြီး ကျွန်တော်တို့ဆီမှာ မကြာခဏ လာ နေတတ်တယ်"

"ဆရာဒေါင်းက ဒေါသကြီးတုန်းပဲလား"

"ထုံးစံအတိုင်းပဲ၊ ဒါပေမယ့် ဆရာ့ဒေါသက အတ္တနဲ့ယှဉ်တဲ့ဒေါသမှ မဟုတ်ဘဲ၊ ကဗျာဒေါသကိုး၊ အားလုံးက ကျေနပ်ကြပါတယ်"

"ခင်ဗျားတို့ စုပြီးနေကြတာ ဘယ်သူတွေရှိလဲဗျ"

"ဆရာမောင်လေးအောင်က အကြီးဆုံးပေါ့၊ ဆရာ မောင်လူမိုက်လဲ ရှိတယ်၊ ခင်ဗျားတို့အုပ်စုထဲက တိုးမိုးလည်း ရှိတယ်"

"အေးဗျာ၊ တိုးမိုးနဲ့လည်း တွေ့ချင်သေးတယ်၊ ဒီကောင် ခုထိ အပျင်း ထူတုန်းပဲလား"

"အကျင့်ဆိုတာကတော့ ဖျောက်နိုင်ခဲ့သားပဲ၊ သူ့အခန်းထဲမှာ တကုပ်ကုပ်နဲ့ ရေးနေတာတော့ တွေ့တွေ့နေတာပဲ။ များသောအားဖြင့် တော့ လိမ့်အိပ်နေတာပဲ"

"တခြားကော ဘယ်သူတွေ ရှိသေးလဲ"

"ပန်းချီတဂိုးမျိုးလဲ ရှိတယ်၊ ဒါပေမယ့် သူက ဆရာဗဂျီအောင်စိုးဆီ သွားနေတာများတယ်"

"ဦးလေးအောင်စိုးနဲ့တွေ့ရင် သူ့ပန်းချီကားတွေကို နိုင်ငံခြားက အရမ်း ဈေးကြီးပေးပြီး ဝယ်နေကြတယ်ဆိုတာ ပြောပြလိုက်ပါဦး"

"ဟုတ်လား ဆရာကြီးတော့ ဝမ်းသာမှာပဲ"

"ဒါနဲ့ စကားမစပ်၊ ခုနခင်ဗျားပြောတဲ့အထဲမှာ မြို့တော်အုပ်ချုပ်ရေး အဖွဲ့ဆိုတာ ကြားလိုက်ပါတယ်၊ ဘယ်သူတွေနဲ့ ဖွဲ့ထားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးသခင်ကိုယ်တော်မှိုင်းက နာယက၊ ဆရာကြီးဂျိမ်းလှကျော်ဟာ ဥက္ကဋ္ဌ ဆရာ သိပ္ပံမောင်ဝက အတွင်းရေးမှူး၊ ဆရာပီမိုးနင်း၊ ဆရာကြီးဒဂုန်ရွှေမျှား၊ ဆရာဇော်ဂျီ၊ ဆရာကြီးဦးရန်အောင်၊ ဆရာဦးခင်မောင်လတ် တို့က အဖွဲ့ဝင်တွေ"

"ဟိုတလောက ဆရာမကြီး ဒေါ်ခင်မျိုးချစ်လိုက်လာတော့ ဆရာလတ်ကြီး ပျော်မသွားဘူးလားဗျ"

"ပျော်တာပေါ့။ ဘာဖြစ်လို့ခုမှလိုက်လာတာလဲလို့တောင် အပြစ်တင်သေးတယ်။ ဆရာမကြီးက ကျူပ်က ရှင်သွားပြီးကတည်းက လိုက်လာချင်တာ၊ ဟိုက စာရေးဆရာတွေက အတင်းဆေးကုပြီး ဝိုင်းဆွဲထားလို့ဆိုပြီး ချော့လိုက်မှ ကျေနပ်သွားတာ"

ပန်းရထားသည် လှစ်ခနဲ လှစ်ခနဲ ပြေးနေ၏။ လမ်းတွေက စကျင်ကျောက်လို ဖြူဖွေးပြီး ညီညာချောမွေ့လှသည်။ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ တိမ်တောင်တိမ်လိပ်တွေက မိုးပေါ်မှာမဟုတ်ဘဲ မြေပေါ်မှာပင်။ ဖောင်းထက် စောစောကပြောခဲ့သော လူငယ်တွေ စုပေါင်းနေကြသည့် ခြောက်ထပ်ဗိမာန်များ၊ လုံးချင်းဗိမာန်များကို မြင်ရသည်။

"ခင်ဗျား ဘယ်ကို အရင်သွားချင်တယ်ဆိုတာ ပြောဦးလေ"

ဟုဖောင်းထက်က သတိပေးသည်။ ရင်းရင်းနှီးနှီး ပြောမနာဆိုမနာ ရှိနိုင်မည့်သူတစ်ယောက်ကို စဉ်းစားမိသည်။

"အစ်ကိုကြီးငြိမ်းကျော်ဆီကို ပို့ပေးပါ"

"အတော်ပဲ ဒီဘက်လမ်း ချိုးသွားရုံပဲ"

သူကပြောပြီး ရထားကို ဘယ်ဘက်ကွေ့လိုက်၏။ ကွေ့တယ်ဆိုရာမှာ ကားတွေလို စတီယာရင်ကိုလှည့်ပြီး ကွေ့ခြင်းမျိုးမဟုတ်။ ဘယ်လက်ကို ဆန့်ထုတ်ပြီး ညွှန်လိုက်ရုံဖြင့် အလိုလို ကွေ့သွားခြင်းဖြစ်၏။

"ခင်ဗျားယာဉ်က တယ်ဟုတ်ပါလား၊ ဒါနဲ့ ဒီပန်းရထားက ရှေ့ယက်လား၊ နောက်ယက်လား"

"အရေးထဲ နောက်နေပြန်ပါပြီ"

ထိုစဉ်ရှေ့မှ ပန်းရထားတစ်စင်း အရှိန်ပြင်းစွာ နှင်လာသည်။ မောင်းလာသူက ဆရာအထောက်တော်လှအောင်။ မျောက်လွှဲက လှမ်းနှုတ်ဆက်သည်။ ဆရာသည် ရေးကြီးသုတ်ပျာနိုင်လှ၏။ ကောင်းကောင်းတောင် စကားမပြောလိုက်ရ။



"အောင်ပြည့်တစ်ယောက်နေကောင်းရဲ့လား၊ ဝင်းငြိမ်းရော၊ မြတ်ခိုင်ရော"

ဟု သတိရသမျှ လှမ်းအော်မေးရင်း တစ်စတစ်စ ဝေးသွားသည်။

ဖောင်းထက်၏ပန်းရထားသည် လမ်းချိုးကလေးတစ်ခုထဲ ကွေ့ဝင်သည်။ ဂရင်းနိုက်လို ကျောက်သားမျိုးဖြင့် ဆောက်ထားသော ဗိမာန်တစ်ခုရှေ့မှာရပ် ရပ်သည်။

"ဒါ ဆရာငြိမ်းကျော်ရဲ့ ဂေဟာပဲ၊ ခင်ဗျားပြန်ချင်တဲ့အချိန်ကျရင် လာထားလို့ သုံးခါအော်လိုက်"

ဟု ပြောပြီး ထွက်သွားသည်။

အဆောက်အဦထဲသို့ ဝင်လိုက်၏။ ဆရာငြိမ်းကျော်သည် ကြမ်းပေါ်မှာ ဖျာကလေးခင်း ဝမ်းလျားမှောက်ပြီး ရင်ဘတ်အောက်မှာ ခေါင်းအုံးကလေးခုလျက် စာရေးနေသည်။

"အစ်ကိုကြီး"

မော့ကြည့်ပြီး အံ့သြသွား၏။

ပြီးမှ

"ဟာ...ဟော့ကောင် မင်းလာလည်တာ မဟုတ်လား"

ထထိုင်ရင်း မေးသည်။

"အံမယ် ကျွန်တော် လာလည်ရုံသက်သက်ပဲဆိုတာ ဘယ်လိုသိလဲ"

"သိတာပေါ့ကွ၊ မင်းကိုယ်က လူစော်နံနေသေးတာကိုး။ တို့ဆီက ပုဂ္ဂိုလ်တွေမှာ ကိုယ်နံ့လုံးဝမရှိဘူးကွ"

"အစ်ကိုကြီး ဘာတွေ ရေးနေတာလဲ"

"ဟိုမှာတုန်းက မပြီးပြတ်သေးတာလေး ဆက်လုပ်နေတာပါကွာ၊ ဗျူခေတ်ဂီတအကြောင်း သုတေသနစာတမ်းလေ၊ ဒါနဲ့ မင်း အတူးဆီရော ရောက်သေးရဲ့လား" သူ့ဇနီးကို သတိတရ မေးသည်။

"အရင်ကတော့ ဆွမ်းကျွေးရှိတိုင်း ရောက်ပါတယ်၊ ခုနောက်ပိုင်း ရောက်ဖြစ်တာ နည်းနည်းကြာသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီရောက်တော့ မင်းအဖေဆီ သွားပြီးပြီလား"

"မသွားရသေးဘူး။ အစ်ကိုကြီးဆီ အရင်ဆုံးဝင်လာတာ"

"ဒီအချိန်သွားလဲ မင်းအဖေ နိုးမှာမဟုတ်သေးဘူး"

"အဖေဒီမှာနေရတာ အဆင်ပြေရဲ့လား"

"ပြေပါ့ဗျာ၊ မင်းအဖေက သူ့ရဲ့ ရေးဖော်ရေးဖက်တွေနဲ့ ပြန်တွေ့ လို့ ဟန်ကျနေတယ်။ ဆရာတင့်တယ်၊ ဆရာသန်းဆွေ၊ ဆရာအောင်လင်း ဆရာသော်တာဆွေ၊ ဆရာစိန်ခင်မောင်ရီတို့လေ၊ ပဒေသာမဂ္ဂဇင်း ပြန် ထုတ်ဖို့တောင် ကြံတိုင်ပြီးတိုင်ပင်နေတယ် ကြားတယ်။ ခုလောလောဆယ် ရှုမဝမှာ ရေးနေကြတယ်ကွ"

"သြော် ရှုမဝလဲ ပြန်ထွက်နေတာကိုး၊ ဦးလေးဆွေနဲ့ ဦးလေးကျော် ပြန်ဆုံကြပြီပေါ့"

"အစစ်ပဲ၊ ရှုမဝဦးကျော်က ဆရာသော်တာဆွေကို ကိုရင့်စက်ကွင်း ကလွတ်ပြီဆိုပြီး ဝမ်းသာနေတာ၊ အခုတော့ ကိုရင်ဟာ ဒီအထိ လိုက်လာ ပြီး ကျုပ်ကို ဒုက္ခပေးဦးမလားဆိုပြီး ခဏခဏ ပြောတယ်တဲ့"

"ဦးလေးဆွေက ဦးလေးကျော်ကို စိတ်တိုအောင် အမြဲ စ,နေ နောက် နေကျကိုး"

မျောက်လူက ရယ်ရင်းပြောသည်။ ဆက်၍

"ဒါနဲ့ ဦးလေးကိုတင်အောင်ကော"

"ဆရာဗန်းမော်တင်အောင်လား၊ သူကတော့ ဒီမှာ ဖေးဗရိတ်ပဲလေ အားလုံးက ချစ်ကြခင်ကြ၊ လေးစားကြတယ် မဟုတ်လား၊ မင်းအဖေဆို ရင် သူ့ကို ခဏခဏဖိတ်ပြီး စကားတွေ ထိုင်ပြောလိုက်ကြတာ တစ်ခါ တစ်ခါ သုံးလေးရက်တောင် ကြာတတ်တယ်"

"ဆရာမြရော၊ ဒီကို ရောက်လာပြီမဟုတ်လား"

"အေးလေ၊ ရောက်လာလို့ ကြိုဆိုပွဲတောင် အကြီးအကျယ်လုပ်ကြ သေးတယ်"

"ဆရာမြသန်းတင့်နဲ့လဲ တွေ့ချင်သေးတယ်"

"သူမရှိဘူး၊ ခရီးသွားနေတယ်"



"ဟင်...ရောက်တာမှ မကြာသေးဘူး"

"ဆရာမြအကြောင်း မင်းသိသားပဲ၊ ခရီးသွားရတာကို သိပ် ဝါသနာ ပါတာ မဟုတ်လား၊ ဒီကြားထဲ အလုပ်မရှိရင် မနေတတ်တဲ့ဆရာမင်းကျော် ရယ်၊ ငြိမ်နေရင် မအီမသာဖြစ်တတ်တဲ့ ဆရာမောင်နေဝင်းရယ်နဲ့ ပေါင်း မိတော့ နတ်ပြည်ခြောက်ထပ်တစ်ခွင် ပြုပြုစင်အောင် လှေလာရေးခရီး ထွက်နေကြလေရဲ့ကွာ"

"နင်ရောက်တယ်လို့ ဇောင်းထက်ကပြောလို့ လာခဲ့တာ"

ဟု ပြောသည်။ ရုတ်တရက် မမှတ်မိ။ သေသေချာချာ ကြည့်တော့မှ

"ဟင် အစ်မ၊ ကြည့်စမ်း၊ ရုတ်တရက် မမှတ်မိဘူး။ အသားတွေဖြူ ပြီး ပိုချောလာတယ်"

သူကား ဆရာမမိုးမိုး(အင်းလျား)ပင်တည်း။

"နင် အဲဒီလို မြှောက်ပင့်ပြောရင် ငါ လန့်တယ်၊ ဆရာကောက်လှိုင်း ပြောလို့ ငါသိပြီးပြီ။ နင်က စာရေးဆရာတွေကို ဇာတ်ကောင်လုပ်ပြီး ပေါက် ကရတွေ ရေးနေတယ်ဆို"

"စာပေသမားတွေ ပျော်စေချင်လို့ပါဗျာ"

"ငါ့ကိုတော့ ချမ်းသာပေးပါဟယ်၊ နင်ရေးချင်ရင် မစန္ဒာအကြောင်း များများရေး"

"ဒါတော့ စိတ်ချပါ"

"ဟဲ့၊ သူက စာ သိပ်မရေးတော့ဘူးဆို"

"ဟုတ်တယ်၊ ဆောက်လုပ်ရေးဘက်မှာ အလုပ်များနေလို့ မအား ဘူး"

"ဟယ်...တိုက်တွေဆောက်တာ ဘယ်သူဆောက်ဆောက် ရပါ တယ်။ စာက လူတိုင်း ရေးနိုင်တာ မဟုတ်ဘူး"

"ဟာ...ဟုတ်တယ်၊ ဟုတ်တယ်၊ အစ်မကြီးမစန္ဒာနဲ့ တွေ့ရင် အဲဒါ ပြောပြရမယ်"

"တဲ့...ငါလဲ သွားဦးမှ၊ တွေ့ချင်လို့သာ ဝင်လာတာ၊ သွားစရာရှိသေး တယ်၊ ဒီနေ့ဆွေးနွေးပွဲ ရှိတယ်၊ သတင်းစာပညာအကြောင်းကို ဆရာသိန်း

www.burmeseclassic.com

www.burmeseclassic.com



ဖေမြင့်ရယ်၊ ဆရာဦးညိုမြရယ်၊ ဆရာလူထုဦးလှရယ်က ဦးဆောင် ဆွေးနွေးကြမှာ"

"ကျွန်တော်လဲ နားထောင်ချင်လိုက်တာ"

"မရဘူးဟ၊ ကြိုတင်စာရင်းပေးထားတဲ့လူမှ ဟက်ခွင့်ရတာ၊ ကိုငြိမ်းကျော်ရော မတက်ဘူးလား"

"လာခဲ့မယ်၊ ဒီကောင့်ကို သူ့အဖေဆီ လိုက်ပို့ပေးလိုက်ဦးမယ်"

ဆရာမမိုးမိုးအင်းလျားထွက်သွားပြီးနောက် ဆရာကိုငြိမ်းကျော်က သူ၏ပန်းရထားဖြင့် ဆရာကြီးများနေထိုင်ရာအရပ်သို့ လိုက်ပို့ပေးသည်။ သွားရင်းက ဗိမာန်ကြီးများကို ညွှန်ပြပြီး "ဒါက ဆရာကြီး မဟာဆွေရဲ့ ဗိမာန်၊ ဟိုဘက်က ဆရာကြီးဦးရန်အောင်နေတာပေါ့" စသည်ဖြင့် ညွှန်ပြသွား၏။

ဆရာကြီးများနေသော နေရာမှာ မြို့တော်၏ဆိတ်ငြိမ်အေးချမ်းသော နေရာဖြစ်၏။ သစ်ပင်အုပ်များကြားတွင် လှိုဖြောင်စိမ့်စမ်းများဖြင့် အလွန်သာယာသည်။ ကျောက်စိမ်းတောင် တောင်ကုန်းများပေါ်မှ ရွှေမှုန်၊ ငွေမှုန်များက ရေတံခွန်လို စီးကျနေသည်။ သစ်ပင်များပေါ်တွင် တစ်ခါမှမမြင်ဖူးသော ပုံသဏ္ဍာန်မျိုးစုံရှိသည့် ရောင်စုံပန်းများ ဖူးပွင့်နေသည်။

"ကဲ ရောက်ပြီ၊ ဟောဒါက ဆရာသာခုရဲ့ ဗိမာန်ပဲ"

အဖေ့ဗိမာန်ကို သူ့အကြိုက်မီးခိုးရောင် သုတ်ထားသည်။ ပုံသဏ္ဍာန်က သူ၏စာသဘင်စာအုပ်တိုက် တံဆိပ်လို စာအုပ်ပုံပါဝင်သော ကျောက်တိုင်ကြီးထောင်ထားသည့်အတိုင်း ဖြစ်၏။

"တံခါးပိတ်ထားတယ်ကွ၊ မနိုးသေးဘူးထင်တယ်"

ထိုစဉ်တစ်ဘက်မှ လှမ်းအော်သံ ကြားရသည်။

"ဟေ့ ဘယ်သူတွေလဲကွ၊ ဒီအချိန် သာခု မနိုးသေးဘူးဆိုတာ မသိဘူးလား"

အသံကြားရာကို လှမ်းကြည့်လိုက်တော့ ဆရာသော်တာဆွေ။

"ဟာ…ဦးလေးဆွေ"

"ဟယ်…ခွေးပစ်တဲ့ တုတ်ပါလား၊ ဘယ်က ဘယ်လို ရောက်လာ



ဘာလဲ"

ခေါ်နေကျအတိုင်း နှုတ်ဆက်သည်။

"ကျွန်တော် ခဏလာလည်ရင်းအဖေ့ဆီလာတာ"

"ဟ…ကိုယ့်အဖေအကြောင်း ကိုယ်မသိဘူးလား၊ ဒီကောင်က မီး ကျက်လိုပဲ၊ လူတွေအိပ်တဲ့အချိန် အလုပ်လုပ်ပြီး သူများတွေနိုးရင် သူက အိပ်ရော၊ ကဲ…လာလာ ငါနဲ့ စကားလေးဘာလေးပြောရင်း စောင့်ပေါ့ကွာ"

ဆရာသော်တာဆွေဘက် ကူးလာခဲ့သည်။ သူ၏ဗိမာန်ကတော့ ပုံဆန်းဆန်းဖြစ်၏။ ပုလင်းတစ်လုံးထောင်ထားသည့်ပုံဖြစ်ပြီး ထိပ်မှာ ကြက်နှင်ကောင်ခွပ်နေပုံ ရုပ်ထုကို တပ်ထားသည်။

"ဟို လူပိန်သလောက် အသံပြဲတဲ့ကောင်၊ မင်းလည်း လာလေကွာ"

ဆရာငြိမ်းကျော်ကို လှမ်းခေါ်သည်။

"ကျွန်တော် သတင်းစာပညာဆွေးနွေးပွဲသွားမလို့ ဆရာ၊ မဝင်တော့ဘူး၊ ဒီကောင်ကို လိုက်ပို့တာ"

ဟု ပြောပြီး ဆရာငြိမ်းကျော် ထွက်သွားသည်။

"လာကွာ၊ ဒီမှာပဲ ထိုင်တော့"

အပြင်ဘက်ရှိ ကျောက်သားထိုင်ခုံမှာ ထိုင်ခိုင်းသည်။ ကျောက်စားပွဲဝိုင်းကြီးဘေးမှာ ထိုင်ခုံကလေးတွေ ခင်းထားခြင်းဖြစ်၏။ ကျောက်သားဆိုသော်လည်း ထိုင်ချလိုက်သောအခါ အိအိစက်စက် နွေးနွေးထွေးထွေး ရှိလေသည်။

"ကဲ၊ မင်းက ဧည့်သည်ဆိုတော့ ငါကပဲ ဧည့်ခံရမှာပေါ့ကွာ"

ဆိုပြီး ဆရာသော်တာဆွေက ကျောက်စားပွဲအောက်မှ ပုလင်းတစ်လုံးကို ထုတ်ပြီး စားပွဲပေါ်တင်သည်။

"ဟာ…ဦးလေး ကျွန်တော် မသောက်ဘူး"

"လုပ်မနေစမ်းပါနဲ့ကွာ၊ မင်း ခွက်ပုန်းဆိုတာ ငါ သိပါတယ်၊ ငါနဲ့ ထောင်တုန်းဟောပြောပွဲ လိုက်လာတုန်းကတောင် တစ်ခွက်တစ်ဖလား နှိပ်သေးတာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အခု မသောက်တော့..."

"ဘာလဲ၊ မင်းအဖေ သိမှာကြောက်လို့လား၊ ကိစ္စမရှိပါဘူးကွ၊ ဒီဟာက အနံ့လုံးဝမထွက်ဘူး၊ မင်းတို့ဆီက ဟာတွေလို မှတ်နေလို့လား၊ ဒါ စပယ်ရှယ်ကွ၊ ဟိုမှာ ဒါမျိုးမရဘူး၊ ကြုံတုန်းကြုံခိုက် ချသွားစမ်းပါ၊ လူပြည် ပြန်ရောက်တဲ့အခါ ကိုပိုက်တို့ ကြွားလို့ရတာပေါ့"

ဒါမျိုးက ကြုံရခဲ့ရခဲသည်။ အခွင့်အရေးရတုန်း မြည်းစမ်းကြည့်သင့်သည်။ ဟိုပြန်ရောက်တဲ့အခါ မင်းနိုင်ဦးတို့၊ နောင်ဝင်းထွန်းတို့ကို ပြန်ပြောလျှင် ဘယ်လောက် မနာလို ဖြစ်ကြမလဲလို့၊ ကာတွန်းဝင်းအောင်တို့၊ စောမင်းဝေတို့၊ ဆွေမင်း(ဓနုဖြူ)တို့ဆိုလျှင်တော့ သူတို့အတွက် မယူလာရကောင်းလားဆိုပြီး စိတ်ကောက်ချင် ကောက်ကြလိမ့်မည်။

ဆရာသော်တာဆွေက ကျောက်စိမ်းနှင့် ပြုလုပ်ထားသည်ဟု ယူဆရသော ခွက်နှစ်ခွက်ထဲသို့ ငှဲ့ထည့်လိုက်သည်။

"ကဲ၊ ချကွာ"

သူက ခွက်ကိုယူကြည့်လိုက်၏။ ခွက်ထဲမှာ အရည်များမဟုတ်ဘဲ အနီအငွေများ ဖြစ်နေ၏။

"ဒါက ဘယ်လိုဖြစ်တာလဲ ဦးလေးရဲ့"

"တို့ ဒေဝတာတွေဟာ အငွေ့ကိုပဲ စားသုံးကြတယ်လေကွာ"

"ဒါဖြင့် ကျွန်တော်က ဘယ်လို"

"လွယ်ပါတယ်၊ အဲဒီအငွေ့တွေကို ဆေးလိပ်သောက်သလို ရှိုက်သွင်းလိုက်ပေါ့၊ ဒီမှာကြည့်"

ဆရာသော်တာဆွေက လုပ်ပြသည်။ သူလည်း လိုက်လုပ်၏။ ခွက်ထဲက အနီအငွေများကို ပါးစပ်နှင့်စုပ်ယူပြီး ဆေးလိပ်မီးခိုးကို ရှိုက်သလို ရှိုက်လိုက်သည်။

အနံ့က အလွန်မွှေးကြိုင်သည်။ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားပြီး ခဏအကြာမှာ အလွန်ထူးခြားသော ခံစားမှုကို ရလိုက်၏။

"ဘယ်လိုလဲကွ"

"တော်တော်ကောင်းတာပဲ ဦးလေး၊ ဒါနဲ့ ဦးလေးကို ကျွန်တော်



ဘစ်ခုမေးရဦးမယ်၊ စာရေးဆရာတွေ ကွယ်လွန်ရင် ကောင်းရာ သုဂတိကို ရောက်ကြတာပဲလား"

"ဒါပေါ့ကွ၊ စာရေးဆရာဆိုတာ ကိုယ်က လူပင်ပန်း စိတ်ပင်ပန်း ခံရင်းရဲခံပြီး အများအတွက် ဆောင်ရွက်ကြတာကိုး၊ ပရဟိတစိတ်ရှိတဲ့ လူတွေပဲလေကွာ"

ထိုအခိုက် လမ်းမကြီးပေါ်မှ မြင်းဖြူကြီးတစ်ကောင်ကို အသားကျ စီးလာသော လူကြီးတစ်ယောက်ကို လှမ်းမြင်လိုက်ရ၏။ သူသည် အရပ် မြင့်မြင့်ကြံ့ခိုင်သော မေးရိုးရှိပြီး မျက်နှာထားက ဣန္ဒြေကြီးလှသည်။ ဆေးတံခဲထားသည်ကို မြင်တော့မှ

"ဟာ...ဆရာကြီး ရွှေဥဒေါင်း မဟုတ်လား"

"အေးဟုတ်တယ်ကွ၊ ဝက်ထား၊ ဝက်ထား"

ဆိုပြီး ပုလင်းနှင့်ခွက်ကို စားပွဲအောက် ဝှက်ထားသည်။ ဆရာကြီး လွန်သွားမှ ပြန်တင်ပြီး

"ဦးကြီးက ဆရာကြီးမြမျိုးလွင်ဆီ သွားတာကွ၊ သူတို့နှစ်ယောက် နေ့တိုင်း ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်အကြောင်း ဆွေးနွေးကြတယ်၊ လက်တွေ့လည်း ကျင့်ကြတယ်"

ဆရာကြီး သွားရာဘက်သို့ လှမ်းကြည့်လိုက်၏။ ဆရာကြီး၏ မြင်းနောက်မှ ခွေးလေးတစ်ကောင် ပြေးလိုက်သွားတာ တွေ့လိုက်၏။

"ဦးလေး အဲဒီခွေးလေးက"

"ဆရာကြီးရဲ့ အချစ်တော် ဘော်ဘီလေကွာ"

"ကဲကဲ ချလိုက်ဦးကွဆိုပြီး တစ်ခွက် ထပ်ငှဲ့ပေးသည်။ အငွေ့များကို တစ်ရှိုက် ရှိုက်လိုက်ပြီးနောက် အဖေ့ဗိမာန်ဘက် လှမ်းကြည့်၏။ တံခါး ပိတ်ထားတုန်း။

"ဖေဖေနဲ့ ဦးလေးကော ရန်ဖြစ်ကြတုန်းပဲလား"

ဦးလေးဆွေက ရယ်လိုက်ပြီး

'ဘာပြောကောင်းမလဲကွာ၊ တကျက်ကျက်ပေါ့။ ဒါပေမယ့် မင်းသိ ဘဲ့အတိုင်း ငါတို့သူငယ်ချင်းနှစ်ယောက်က ဒီနေ့ရန်ဖြစ်လိုက်၊ နောက်နေ့

www.burmeseclassic.com

www.burmeseclassic.com



ကျတော့လည်း လည်ပင်းဖက်ပြီး ရယ်လိုက်မောလိုက်နဲ့ ငါတို့နှစ်ယောက်ရှိလို့ စိုစိုပြည်ပြည် ဖြစ်နေတာလို့ တင့်တယ်တို့ သန်းဆွေတို့ကတောင် ပြောသေးတယ်"

"အဖေကတော့ ဘုဂလန့် ကျတုန်းပဲလား"

"ထုံးစံအတိုင်းပေါ့၊ နတ်သဘင် အစည်းအဝေးကျရင် သိကြားမင်းကို ခုကျကျမေးခွန်းတွေ ထထမေးတတ်တယ်ကွ၊ ဟိုက ပြန်ရှင်းတာကျတော့ သူက မကြားလို့ ငါက အော်အော်ပြီး ပြန်ပြောပြရတယ်"

"ဟင် ကျွန်တော်ကြားဖူးတာက နတ်တွေဟာ ဒိဗ္ဗစက္ခုရတယ်ဆို၊ ဒါဆို ဒိဗ္ဗသောတရော မရနိုင်ဘူးလား"

"မင်းလဲ မင်းအဖေလိုပဲ၊ တော်တော် ကပ်သီးကပ်သပ် ပြောတတ်တယ် ဟား...ဟား..."

ပြိုင်တူရယ်လိုက်ကြပြီးနောက် ခွက်များကိုမြှောက်၍ တစ်ရှိုက်ရှိုက်မည်ပြုစဉ် နောက်ဘက်က တစ်စုံတစ်ယောက်က ဆတ်ခနဲ လုယူသွား၏။ လန့်ပြီး လှည့်ကြည့်တော့...

"ဟင်...ဖေဖေ"

အဖေသည် အလွန် ဒေါသထွက်နေသော မျက်နှာထားဖြင့် စိုက်ကြည့်နေသည်။

"မင်း...မင်း ဘာလုပ်တာလဲ၊ ဒါ..."

ခွက်ကိုနမ်းကြည့်၊ နှာခေါင်းရှုံ့ပြီး လွှင့်ပစ်လိုက်၏။ ထို့နောက် လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီး ရွယ်လိုက်စဉ်...

"ဟာ...ဦးလေးဆွေ...ကယ်ပါဦး"

ဆရာသော်တာဆွေ၏နောက်သို့ ပြေးဝင်ပြီး အကာအကွယ်ယူလိုက်သည်။

"ဟေ့..ဟေ့...သိပ်ဒေါသမကြီးနဲ့လေ၊ ငါ..ပြောပါရစေဦး"

ဆရာသော်တာဆွေက ဟန့်တားလိုက်ရာ အဖေက လက်ညှိုးငေါက်ငေါက်ထိုးပြီး...

"ဟဲ့...ငသော်တာ၊ နင်က ဘာကောင်လဲ၊ ငါ့သားတွေကို လူပြည်မှာတုန်းက အရက်တိုက်တာ အားမရသေးလို့ ဒီအထိခေါ်ပြီး တိုက်တာလား



ငဲ့ ကြွက်သမားရဲ့..."

"အောင်မာ၊ ဒီမှာ သာခု နားထိုင်းရဲ့၊ နင့်သားတွေက သူတို့ဘာသာ ...ခြားမှာ သောက်တတ်လာပြီးမှ ငါနဲ့ လာတွဲတာဟဲ့၊ ရမ်းမပြောနဲ့၊ အခု ... နင် သောက်အိပ်ကြီးနေလို့ ငါက အကောင်းဧည့်ခံထားရတာ"

"ဘာမှ စကားရှည်မနေနဲ့ ဖယ်ပေး၊ ဟေ့ကောင်...ထွက်ခဲ့"

အဖေက ရှေ့တိုးလာသည်။ ဆရာသော်တာဆွေက ဆီးကာထားပြီး

"ဟေ့ကောင်လေး ပြေးတော့...ပြေးတော့လေ"

သူ လှစ်ခနဲ လှည့်ပြီးပြေးသည်။ ပြီးမှ သတိရသည်။ အဖေနှင့်တွေ့ခွင့်...ဆိုတာ ရှားရှားပါးပါးအခွင့်အရေး။ ရိုက်ချင်ရိုက်၊ ထိုးချင်ထိုးစေတော့...ပြီး ပြန်လှည့်လိုက်၏။

ဆရာသော်တာဆွေက အဖေ့ကို ရှင်းပြနေ၏။

"ဒီမှာ သာခုရဲ့၊ ဒါ အရက်မဟုတ်ပါဘူးဟ၊ မဇ္ဈူသက အသက်ရှည်...း‌ပါ၊ ဒီကို ရောက်ကတည်းက ငါမသောက်တော့ဘူးဆိုတာ နင် သိသား...မဟုတ်လား၊ အခုဟာက နင် ဒေါသဖြစ်တာ မြင်ချင်လို့ တမင်တကာ...ကျက်သောက်ချင်ယောင် ဆောင်ပြီး နင့်ကို စတာပါ ဟား... ဟား..."

ဆရာသော်တာဆွေက ရယ်သည်။ အဖေက ဘုကြည့်ကြည့်လိုက်... ထို့နောက် သူ့ဘက်လှည့်ကြည့်သည်။ သူသည် အဖေ့ရှေ့မှာ ဒူးတုပ်...ချလိုက်ပြီး ကန်တော့သည်။ ပြီးတော့ ဆရာသော်တာဆွေကိုပါ ကန်...တော့သည်။ ပြန်မော့ကြည့်လိုက်တော့...

အဖေသည် လက်သီးဆုပ်ထားရာမှ ဖြေလျော့လိုက်သည်။ မျက်နှာ...မှ တင်းမာမှုတွေလည်း ပျောက်သွား၏။ ဆရာသော်တာဆွေက ပြုံး...ကြည့်နေသည်။ အဖေက မေးသည်။

"မင်းအမေ နေကောင်းလား"

"ဟုတ်ကဲ့ ကောင်းပါတယ်"

"ဟိုကောင်တွေရော..."

"ကောင်းပါတယ်"

"မင်းတို့ မိန်းမနဲ့ ကလေးတွေရော..."

"ကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုပြီးရော"

ဆိုပြီး လှည့်ထွက်သွား၏။ ခပ်လှမ်းလှမ်းရောက်မှ တစ်ချက်ငဲ့ကြည့် ပြီး..."

"မင်း ပြန်တော့၊ မင်းအနေနဲ့ ဒီကိုရောက်ဖို့ အချိန်တွေ အများကြီး သေးတယ်၊ အေး...တစ်ချိန်ချိန် ဒီလိုမြင့်မြတ်တဲ့နေရာမျိုးကို ရောက်ရင် စာဖတ်ပရိသတ်ကို ငါ့ကိုယ်စား ရိုရိုသေသေ လေးလေးစား စေတနာထားတတ်ရမယ်...ဒါပဲ"

"ဟုတ်ကဲ့ပါ ဖေဖေ"

ထိုစဉ်ပတ်ဝန်းကျင်တစ်ခုလုံး အခိုးအငွေ့များ ဖုံးလွှမ်းသွား ဘာကိုမှမမြင်ရတော့။ 'ပြန်ချင်ရင် လာထားလို့ အော်လိုက်' ဆိုသော ဖေခင်းထက်၏စကားကို သတိရ၏။

"လာထား၊ လာထား၊ လာထား"

ဟု အော်လိုက်သည်။

"ဟော သတိရပြီထင်တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ တစ်ခုခု ပြောနေတယ်"

မီးခိုးငွေ့များ ပြယ်စပြုလာသည်။ မြင်ကွင်းသည် တစ်စတစ်စ ကြည် လင်လာ၏။ တစ်စုံတစ်ယောက်က လက်ကို လာကိုင်သည်။

မျက်စိ ဖွင့်ကြည့်လိုက်၏။ သူ့မိန်းမျက်နှာကို မြင်ရသည်။ ပြီးတော့ နားကြပ်ကို လည်ပင်းမှာ ဆိုင်းထားသော ဆရာဝန်တစ်ယောက်။ သူ ဆေးရုံပေါ်ရောက်နေခြင်း ဖြစ်၏။

"ကျွန်တော် ဘာဖြစ်သွားတာလဲ"

သူက မေးသည်။ ဆရာဝန်က...

"ခင်ဗျားကို စာရေးဆရာတွေက ဝိုင်းပြီး ကလိထိုးကြလို့..အူအတက် လွှန်ပြီး အာရုံကြော ထိခိုက်သွားတာပါ"

"ထူးထူးဆန်းဆန်း ဆရာရယ်၊ အူအတက်ပေါက်တယ်ပဲ ကြားဖူး တယ်၊ အူအတက်လွှန်တယ်လို့များ.."

"အခု ကောင်းသွားပါပြီဗျ"

သူ့မိန်းမက ဝင်ပြောပြန်သည်။



"သူသတိလစ်နေတုန်းက သူ့ကို ကလိဝိုင်းထိုးတဲ့ စာရေးဆရာတွေ၊ ...မတွေ လာကြသေးတယ်၊ စားစရာ သောက်စရာတွေ ပေးသွားကြ ... အများကြီးပဲ"

"ဩော်...ဟုတ်လား၊ ငါက အဖေတို့ဆီ သွားလည်နေတာ"

မိန်းမမျက်လုံးအနည်းငယ် ပြူးသွား၏။ ဆရာဝန်ကို အဓိပ္ပါယ်ပါပါ ...ကြည့်သည်။ ဆရာဝန်က...

'ခင်ဗျား အေးအေးဆေးဆေး အနားယူလိုက်ပါဦး၊ ကျွန်တော် ဆေး တစ်လုံး ထိုးပေးမယ်"

ဟု ပြောသည်။ သူက

"ကျွန်တော် အခုရောက်နေတာ ဘာဆေးရုံလဲဟင်"

"ဦးနှောက်နဲ့ အာရုံကြောရောဂါ အထူးကုဆေးရုံလေ"

ဆရာဝန်က ဆေးတစ်လုံး ထိုးပေးသည်။ ခဏအကြာတွင် သူ ပြန် အိပ်ပျော်သွားလေ၏။ အိပ်မက် ထပ်မက်မလား မမက်ဘူးလားဆိုတာ တော့ တပ်အပ် မပြောနိုင်။

♦ ♦ ♦

(ကွယ်လွန်လေပြီးသော စာရေးဆရာကြီးများကို အမှတ်တရရှိကြ စေရန် အလွမ်းပြေ ရေးလိုက်ခြင်း ဖြစ်ပါသည်။)

(သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၉၉)

www.burmeseclassic.com

www.burmeseclassic.com




## ရေးတော့အမှန်

ဟိုတလောက စာနယ်ဇင်း စာမျက်နှာတွေပေါ်မှာ စာရေးဆရာများကို စာမူခတိုးပေးရေးအတွက် ရေးကြတာ ဖတ်လိုက်ရသည်။ အားတက်သရော ဝိုင်းပြီးရေးကြ၊ ပြောကြ၊ ဆွေးနွေးကြတာ ပျော်စရာကြီး ဖြစ်၏။

သို့ရာတွင် စာနယ်ဇင်း ထုတ်ဝေသူတွေဘက်ကတော့ စာမူခတိုးပေးရေးအတွက် ဘယ်လိုစီစဉ်ထားပါတယ်၊ ဘယ်လိုစိတ်ကူး ရှိပါတယ် ဆိုတာမျိုး တုံ့ပြန်မှုနည်းပါးတာကိုတော့ စိတ်မကောင်း ဖြစ်ရ၏။ (ကိုယ့်အသိစိတ်ဓာတ်နှင့်ကိုယ် တတ်နိုင်သလောက် စာမူခတိုးပေးကြရှာသော စာနယ်ဇင်းအချို့ကိုတော့ အားနာပါရဲ့။)

သတင်းစာထဲက လူထုအော်သံ အခန်းမှာ ပါတတ်သည့် 'လမ်းထိပ်က အမှိုက်ပုံ ဖယ်ရှားပေးပါ' ဆိုသော တောင်းဆိုမှုမျိုးကိုတောင် 'လမ်းထိပ်က အမှိုက်ပုံ ဖယ်ရှားပြီးဖြစ်' ဆိုတာမျိုး ဂရုတစိုက် ဖြေရှင်းတတ်ပါသေးသည်။

ကျွန်တော် စဉ်းစားမိတာကတော့ တကယ်လို့သာ ခုလို စာမူခနှုန်းအားနဲ့ပဲ ဆက်ပြီး စခန်းသွားနေကြမယ်ဆိုရင် စာမူခလေးကိုသာ အားပြုပြီး အသက်ဆက်နေကြရှာသော စာရေးဆရာများခမျာ လာမည့် ၂၀၀၀ နှစ်များတွင် အောက်ပါအတိုင်း လုပ်ကိုင်စားသောက်နေကြရတာကို တွေ့ကောင်း တွေ့မြင်ရလိမ့်မည်။

(၁)

ဘတ်စ်ကားမှတ်တိုင်သို့ ဟိုင်းလတ်ကားတစ်စီး ထိုးစိုက်ထား၏။ [illegible]သယ်ပိုင်းမို့ ခရီးသည် နည်းနည်းပါးနေသည်။ စပယ်ယာက အော်ဟစ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး လူခေါ်လိုက်၏။

"ရန်ကုန်... ရန်ကုန်၊ မင်္ဂလာဈေး၊ ဆူးလေ၊ လာ...ညီမ ဖြည်းဖြည်းတက်၊ ခြင်းတောင်း အစ်ကိုကိုင်ပေးထားမယ်၊ ဟိုအဒေါ် တည့်တည့်ထိုင်ပါဗျာ၊ တစောင်းကြီး လုပ်မနေနဲ့၊ ဘေးတန်းခုနစ်ယော ရတယ်၊ ခက်တာပဲ၊ ခဏလေးဆရာရေ...၊ တစ်ယောက်လိုက်ဦး ဩော်...ဟုတ်ကဲ့၊ မာမူလဲ လိုက်မယ်၊ ချန်မထားနဲ့တဲ့လား၊ လာ... သွက်ကလေး"

"ဟော့ကောင် နောင်ဝင်းထွန်း၊ အတွယ်အတာ စွပ်တင်မနေနဲ့ ရှေ့မှာ လှည့်ကင်းရှိတယ်"

ရှေ့ခန်းမှ ဒရိုင်ဘာမင်းနိုင်ဦးက အင်တာကွန်းမှ လှမ်းအော်သ

(၂)

ခြေစွယ်ငုတ်တာကို ဖော်ရတာ အလွန်သတိထားရသည်။ နာ လျှင် ဖောက်သည်ပျက်မှာ စိုးရသည်။ တကယ်တော့ သူက ဓားကိုင် ကျင်ပြီးသား။ လုပ်ရာကိုင်ရာမှာလည်း သန့်ရှင်းသည်။ ခြေမနှင့်ခြေသ ကို အရက်ပြန်ရွှဲရွှဲစွတ်ပြီးမှ လုပ်ငန်းစသည်။ ကိရိယာတွေကိုလည်း မီး သေသေချာချာ ကင်သေးသည်။ မကြာခင်မှာပင် စူးဝင်နေသော ခြေ ကိုဖော်ပြီး လှီးထုတ်ပစ်လိုက်၏။ ပြီးတော့ ဆေးရည်တို့ထားသော ဖြင့် အုပ်ပေးလိုက်သည်။

ဖောက်သည်ကြီးသည် ကျေနပ်သွားဟန်ဖြင့် ငွေငါးဆယ်တန် ရွက်လှမ်းပေးသည်။ လာနေကျဖြစ်သောကြောင့် သူ့နာမည်ကိုတောင် နေသည်။

"တစ်ချိန်လုံး စူးပြီး နာနေတာဗျာ၊ ခုမှပဲ နေသာထိုင်သာ ရှိ တော့တယ်၊ ကျေးဇူးပဲဗျာ၊ ကိုဖေမြင့်၊ အင်း...ရောက်တုန်းရောက်ခိုက် လိုက်ဦးမှပါပဲ"

ဟုပြောပြီး နားဖာကလော်သည့် ကီဝီဆီ လျှောက်သွားသည်။ သွေးသစ်ကတော့ တရုတ်ကြီးတစ်ယောက်ကို ဇက်ကြောဆွဲ၊ နှိပ်



...ခနလေ၏။

(၃)

မြို့ပတ်ရထားပေါ်တွင် လမ်းလျှောက်ဈေးသည်တွေ ခြေချင်းလိမ်နေ ... ခရီးသည်တို့၏ ဝယ်လိုအားနှင့် အချိုးချကြည့်လျှင် ဈေးသည်အရေ ...ကကောင် များနေသလား ထင်ရ၏။ သည်အထဲက တစ်ယောက် ...ဘာ:...

"လျက်ဆားနော် လျက်ဆား၊ ဆရာကြီးဦးမောင်မောင်ကိုယ်တိုင် ...စပ်တဲ့ လင်းယုန်တံဆိပ် အစာကြေလျက်ဆား၊ ဟစ်တလာတောင် ...ွှာပွားရတဲ့ လျက်ဆား၊ ချေငွေဗားရားတောင် လေကြေအောင် စားရ ...ဲ့ လျက်ဆား"

သူက အာဘောင်အာရင်းသန်သန် အော်သော်လည်း ဝယ်မည့်သူ ...၊ သူ့လိုပင် ဈေးရောင်းသူတစ်ဦး ဘေးမှာ လာရပ်ပြီး မေးသည်။

"ဘယ်လိုလဲ ကိုအောင်ဆွေ ရောင်းကောင်းရဲ့လား"

"မကောင်းပါဘူး၊ ကိုမြတ်ဆွေရာ၊ ခင်ဗျားကော ဘယ်လိုလဲ"

"ဒီလိုပါပဲ အာပေါက်အောင် အော်မှ တန်ကာကျတယ်၊ ကဲ...သွားဦး ...ယ် ကိုအောင်ဆွေ"

ကိုမြတ်ဆွေကလည်း နှုတ်ဆက်ပြီး ထွက်သွားသည်။ နှုတ်မှလည်း ...ရောင်းကုန်ကို အော်ဟစ်ကြော်ငြာသွား၏။

"တနင်္လာသားသမီးတွေ ထီပေါက်ကိန်းရှိတယ်တဲ့၊ အပျိုကြီးတွေ ...လေး မရနိုင်ဘူးဆိုပဲ၊ လာပြီနော် လာပြီ၊ ဟောဒီမှာ ဆရာရှမ်းဗေဒင် ...ဘာစာတမ်းတွေ"

(၄)

"ဟုတ်မှလဲ လုပ်စမ်းပါ မောင်မောက်ရာ"

"မပိုင်ဘဲ ပြောပါ့မလား ကိုဇော်နောင်ရယ်၊ ဒီတစ်ခါ ကျိန်းသေပါဗျ"

"ကျိန်းသေပေါင်းက များနေပြီ၊ ဟိုတစ်ခါလဲ ပွဲသိမ်းပဲဆိုလို့ ...အော ...ိုက်တာ အုံနာခတောင် ပေးစရာမရှိဘဲ ဖြစ်သွားရသေးတယ်၊ ဒီတစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ကော ဘယ်သူပေးတာလဲ"

"ဘိုးတော်ဆရာအောင်ပွင့်ပေးတာ၊ တည့်တည့်ကြီးပြောတာ မဟုတ်ဘူးပေါ့။ ကျွန်တော့်ရှေ့မှာ ပဲကြီးလှော်ခြောက်စေ့ကို ညက် အောင် ဝါးစားပြတာ၊ ခြောက်တစ်လုံးကတော့ ကျိန်းသေပဲ"

"ကဲ...တစ်နေ့တစ်နေ့ ဒါနဲ့ပဲ ပြီးနေတာပဲ၊ အလုပ်ကော လုပ် ကြဦးမှာလား၊ ဒီနေ့ ဖတ်စ်ဂိတ် ဘယ်သူလဲ၊ ဒီမှာ ဈေးကွေ့သွားချင်လို့

ဦးသင်းခိုင်ကြီးက လှမ်းအော်သည်။ သူတို့နှစ်ယောက် ခရီးသည် လှမ်းကြည့်လိုက်၏။ ပြောင်းဖူးပြုတ်သည် မသန်းမြင့်အောင်ကို တွေ့လို ရသဖြင့် ရှုံ့မဲ့သွားကြ၏။ မသန်းမြင့်အောင်မှာ တုတ်တုတ်ခိုင်ခိုင်နှင့် အ ချိန်စီးရုံမျှမက သူ့ပြောင်းဖူးပြုတ်တောင်းကလည်း တနင့်တပိုးကြီး။ တော့ အချင်းချင်းတွေပဲဟာဆိုပြီး ဈေးဆစ်တတ်သေးသည်။ ထို့ကြော သူတို့က မလိုက်ချင်။

"ဦးသင်းခိုင်ပဲ လိုက်ပို့လိုက်ပါတော့၊ ဒီမှာ ဂွင်ဆင်းကလေးတွေ စရာ ရှိသေးလို့"ဟု မောင်မောက်က လှမ်းပြောသည်။ ဦးသင်းခိုင် မျက်စောင်းခဲ၍

"ဟဲဗီးတွေဆိုရင် ငှဲ့ပဲ ခိုင်းနေ"ဟု ဆူအောင့်အောင့် ရေရွတ်ရင်း ဆိုင် ကားကို တွန်းထုတ်သွား၏။

(၅)

သူသည် ပင်ကိုက အသားလတ်သူသာ ဖြစ်၏။ ခုတော့ နေပူစပ်ခါး မှာ ဈေးရောင်းနေရသဖြင့် အသားတွေ ညိုညစ်ညစ်ဖြစ်ကုန်ပြီ။ သို့ရာ တွင် ဝမ်းရေးအတွက်မို့ စိတ်ပျက်မနေနိုင်။ သနပ်ခါးဘဲကြားလိမ်းပြီး အသံကုန်အော်ဟစ် ရောင်းရသည်။ သူကား နုနုရည်။

"ရေခဲရေ အေးအေးလေးသောက်ချင်ရင် ဒီကိုလာ၊ လင်လိုချင်ရင် အောင်ကျော်တိုးဆီသွား၊ အဲ...ဟုတ်ပေါင်၊ အိမ်လိုချင်ရင် ကြည်စိုးထွန်း ဆီသွား"

"ခင်ဗျားလဲ အိမ်ကလူကြီးပဲ အမြဲ သတိရနေတာပဲ"

ဘေးမှ ကွမ်းယာသည် မောင်သွေးချွန်က ပြောသည် နုနုရည်က



"အို...သတိရတာပေါ့၊ ကိုအောင်ကျော်တိုးခများ ရေစည်လှည်းတွန်း တော ဘယ်လောက် ပင်ပန်းတယ် မှတ်သလဲ"

မောင်သွေးချွန် ရယ်မည်ပြုပြီးမှ ရှုံ့မဲ့သွား၏။ မိုက်ကိုနှိပ်လိုက်ပြီး

"ကျွန်တော့် ကွမ်းယာဘန်းကလေး ခဏလောက်ကြည့်ပေးထားစမ်း ဗျာ၊ အရေးထဲ မိုက်ကနာလာလို့ အိမ်သာပြေးလိုက်ဦးမယ်၊ ဒီနေ့ ဘယ် ို့ဖြစ်လဲ မသိဘူး၊ သုံးခါရှိပြီ"

ပြောရင်း ခပ်သုတ်သုတ် လစ်ထွက်သွား၏။ တစ်ဖက်မှာထိုင်နေ သော စာကလေးဗေဒင်ဆရာမ မသီတာက...

"ဖြစ်မှာပေါ့၊ ဦးကြူးနစ်ကြီးရောင်းတဲ့ ဝက်သားတုတ်ထိုးတွေ စား ဘာကိုး" ဟု လှမ်းပြောသည်။

(၆)

ပလတ်စတစ် အပြာရောင်အမိုး မိုးထားသော်လည်း နေရှိန်သည့် ဒဏ်ကိုတော့ အလူးအလဲ ခံနေရ၏။ သို့ရာတွင် ပူတာ၊ အေးတာ ဂရုမစိုက် နိုင်။ တစ်ချိန်လုံး တကုပ်ကုပ်ရေးနေမှ တော်ကာကျသည်။ ဒါနဲ့လည်း မစားလောက်လို့ အပိုအလုပ်တစ်ခု ထပ်လုပ်ရသေးသည်။ ခုလည်း စာမူ တစ်ပုဒ်ကို အပူလှိုင်းအောက်မှာ သည်းကြီးမည်းကြီး ရေးနေတုန်း လူ တစ်ယောက် ရှေ့မှာလာရပ်သည်။ မော့ကြည့်လိုက်တော့ သူက ဂက်စ် မီးခြစ်တစ်လုံးကို လှမ်းပေးသည်။ လက်ထဲက ဘောလ်ပင်ကို ချလိုက်ပြီး မီးခြစ်ကိုလှမ်းယူလိုက်၏။ ဘီအိုင်စီအမျိုးအစား မီးခြစ်ဖြစ်၏။ ဒါမျိုးက လက်ဝင်သည်။ မကျွမ်းကျင်ဘဲ လုပ်လို့မရ၊ ထို့ကြောင့် ရိုးရိုးမီးခြစ်တွေ ထက် ဈေးပိုယူရသည်။

"ဆယ့်ငါးကျပ်တော့ ကျမယ်နော်"ဟု ကျွန်တော် ပြောလိုက်၏။

(အလင်းတန်းဂျာနယ်၊ ၂၉-၉-၉၉)

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com




# စာပေလေလံပွဲ

ခုတလော စာမူတောင်းသူတွေ တော်တော်များသည်။ ဒီလိုဖြစ်ရတာကလည်း သဘာဝကျသည်။ ခုကာလမှာ စာနယ်ဇင်းတွေက ကျွန်တော်စာရေးသက်တစ်လျှောက်အတွင်း အများဆုံးထွက်ရှိနေသည်ဟု ဆိုရမည်။ ဂျာနယ်ချည်းသက်သက် မှတ်ပုံတင်ထားသမျှ ငါးဆယ်ကျော်နေပြီဟု ဆိုရ၏။ လစဉ်မဂ္ဂဇင်း၊ နှစ်လည်မဂ္ဂဇင်း၊ အထိမ်းအမှတ်မဂ္ဂဇင်းတွေပါ ပေါင်းလျှင် ရာကျော်နေပြီလား မသိ။

အဲဒီတော့ စာမူတွေ အများအပြား လိုအပ်လာသည်။ ဟိုအရင်မဂ္ဂဇင်းတွေချည်းရှိနေတုန်းက မဂ္ဂဇင်းတစ်စောင်အတွက် တစ်လတစ်ခါသာ စာမူလိုသည်။ ခုအခါမှာ ဂျာနယ်တွေပေါ်လာတော့ တစ်ပတ်တစ်ခါ စာမူလိုလာသည်။ ထိုအခါ လူငယ်မျိုးဆက်သစ် စာရေးဆရာတွေလည်း နေရာရလာသည်။ လူဟောင်းတွေထဲကလည်း ရေးအားကောင်းသူတွေ အထိုက်အလျောက် အဆင်ပြေလာသည်။ အဲ…ရေးအားသိပ်မကောင်းသူတွေအတွက်တော့ သိပ်မစားသာလှပါ။

ဒီအထဲမှာ ကျွန်တော်လည်း ပါသည်။ ကျွန်တော်က စာရေးနှေးသည်။ ဝတ္ထုတိုတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ်၊ အက်ဆေးလေးတစ်ပုဒ်ကို တစ်ပတ်လောက်တော့ အချိန်ယူရေးရသည်။ တခါတလေ ဆယ့်လေးငါးရက်ကြာချင်ကြာသွားတတ်သည်။ ကျွန်တော့်အကျင့်က မရေးခင် တစ်ရက်နှစ်ရက်လောက်တော့ အချိန်ယူရသေးသည်။ ရေးပြီးပြန်တော့လည်း ဒီအပေါ် သာယာတဲ့စိတ်ကလေးက အရှိန်မကုန်သေးသဖြင့် တစ်ရက်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ရက် စောင့်နေရပြန်သည်။ နောက် အလုပ်တစ်ခုပြန်စဖို့ စိတ်အာရုံကို နှိုးဆွရပြန်သည်။

ဝတ္ထုတိုအတွက်ရတဲ့ စာမူခကလည်း အများသိတော်မူကြသည့်အတိုင်း မည်ကာမတ္တဆိုတော့ စားဝတ်နေရေးအတွက် လုံးချင်းစာအုပ်ကိုအားကိုးနေရသည်။ ဒီအတွက်လည်း အချိန်ပေးကို ပေးမှဖြစ်မည်။

ဒီကြားထဲ ကျွန်တော်နှင့်ခေတ်ပြိုင် ရေးဖော်ရေးဖက်တချို့က သိပ်မရေးကြတော့။ ဒီလိုဖြစ်ရတာကလည်း အကြောင်းအမျိုးမျိုး ရှိသည်။ စာပေကို စိတ်နာသွားလို့၊ စိတ်ကုန်သွားလို့ ကျောခိုင်းကုန်ကြတာလည်း ရှိ၏။ စာရေးချင်သော်လည်း တစ်ဖက်မှာ စားဝတ်နေရေးအတွက် တခြားအလုပ်တစ်ခုကို လုပ်ရင်း ရှန်းကန်လှုပ်ရှားနေရသောကြောင့် ဒီဘက် မလှည့်နိုင်ရှာကြခြင်းလည်း ဖြစ်ချင်ဖြစ်မည်။ တချို့ကတော့ စာရေးဖို့ အချိန်မရလောက်အောင် စီးပွားရေး၊ ကြီးပွားချမ်းသာတိုးတက်ရေးတို့ဘက်မှာ လုံးပမ်းနေရသောကြောင့်လည်း ဖြစ်နိုင်သည်။

ကျွန်တော်တို့လို စာရေးခြင်းသက်သက်ဖြင့် ဆက်လက်ရပ်တည်နိုင်ဖို့ ကြိုးစားနေသူတွေက တဖြည်းဖြည်း လျော့နည်းလာသည်။

ခုချိန်မှာ အယ်ဒီတာ လုပ်နေသူတွေကလည်း ကိုယ်လေးစားရမယ့်ဆရာသမားတွေ၊ ညီအစ်ကိုလို ခင်မင်နေသူတွေ၊ ရေးဖော်ရေးဖက်တွေသာများလေ၏။ ဒီတော့ သူတို့ တာဝန်ယူရသည့် မဂ္ဂဇင်းဂျာနယ်တွေအတွက် စာမူလိုလာလျှင် ကျွန်တော့်ကို သတိရကြသည်။ (စားစရာ၊ သောက်စရာ၊ ကျွေးစရာ၊ မွေးစရာရှိလျှင်တော့ မေ့နေတတ်ကြတာ များပါသည်။

ကျွန်တော့်ခမျာ ရေးနိုင်သလောက် ရေးပေး၊ အလျှင်မမှီနိုင်တဲ့အခါတောင်းပန်သင့်သူကို တောင်းပန်၊ ဖားသင့်သူကိုဖား၊ အလိမ္မာသုံးပြီး ရှောင်သင့်သူကိုရှောင် လုပ်ရရှာလေ၏။

ကျွန်တော့်အကျင့်က ကတိပေးထားလျှင် မဖြစ်ဖြစ်အောင် ရေးပေးချင်သည်။ ဖြစ်နိုင်လျှင် ချိန်းထားသည့်ရက်ပိုင်းမှာ ရအောင် ကြိုးစားချင်သည်။ ကိုယ့်ဘက်က အချိန်မီမပြီးနိုင်လို့ တစ်ဘက်သား အလုပ်နှောင့်နှေးတာမျိုး၊ ကသီလင်တဖြစ်ရတာမျိုး မရှိစေချင်။ ထို့ကြောင့် မသေချာ



င် ဘယ်တော့ ရေးပေးမည်ဟု ကတိမပေးချင်။ ရေးပေးပါ့မယ် နည်းး စောင့်ပါဦး ပြောရတာ အလွန်မျက်နှာပူ အားနာမိ၏။

ထို့အတူ အယ်ဒီတာတွေဘက်ကလည်း ကျွန်တော်တို့ အခက်အခဲကို နားလည်ပြီး ညှာတာသင့်ပါသည်။ သူတို့ခမျာလည်း တမင်သက်တ် ညှဉ်းဆဲချင်လို့တော့ မဟုတ်တန်ရာပါ။ သူတို့က စာရေးဆရာတွေကိုတာချင်သည့်တိုင် ပရိသတ်ကတော့ သူတို့ကို ညှာတာလိမ့်မယ်မဟုတ် မဂ္ဂဇင်းဖတ်လို့မကောင်းလျှင် အယ်ဒီတာတွေပဲ အထောင်းခံရမှာကိုး။ သတ်က အယ်ဒီတာတွေကို ဖိအားပေး။ အယ်ဒီတာတွေက စာရေးရာတွေကို နားပူ၊ စာရေးဆရာတွေက ညည်းညူ။ ဒီလိုနဲ့ပဲ စခန်းသွားကြရတော့တာပါပဲ။

➢

တစ်ရက်တွင် ကျွန်တော့်ဆီ တယ်လီဖုန်းလာသည်။ ဖုန်းကိုင်ပြီး ထူးက်တော့ တဘက်မှ

"ကျွန်တော် မဟေသီက ခင်မောင်မြင့်ပါ"ဟု နှုတ်ဆက်၏။ ထိုားသည် ကျွန်တော်တို့ချင်းသာသိသော လျှို့ဝှက် အချက်ပြသင်္ကေတ၏။ အဓိပ္ပါယ်ကတော့ "စာမူပေးပါ"။

ဒါတော့ ဒီဆရာ တဆိတ်လွန်လွန်းပြီ ထင်၏။ ပြီးခဲ့တဲ့လကပဲ သူ့ဇင်းအတွက် တစ်ပုဒ်ရေးပေးခဲ့ပြီးပြီ။ သူ့ မဂ္ဂဇင်းချည်းပဲ လတိုင်းရေးရအောင် သူနှင့်ကျွန်တော် စာချုပ်ချုပ်ထားတာလဲ မဟုတ်။ ဒီလိုစာမူလီလုပ်ချင်လို့ ဘယ်ရမလဲ။

တကယ်တော့လည်း အယ်ဒီတာဆိုသူများမှာ စာမူနှင့်ပတ်သက်လျှင်တမ်း ဆာလောင်မွတ်သိပ်နေကြသူများ ဖြစ်၏။ သူတို့ဘက်က ကြည့်သည်း ဝဠ်ကြွေးမှာ မသေးလှပါ။ နေစကြာဝဠာထဲက ဘလက်ဟိုး ဘွင်းနက်ကြီးတွေလို လာသမျှ စာမူတွေ ဝါးမျိုလို့ ဘယ်တော့မှဘိမ်ရောင့်ရဲနိုင်ရှာကြသူများ မဟုတ်ကြ။ စာမူလို့ မခေါ်ဘဲ ဆာမူခေါ်ဖို့ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်တော်ကလည်း သူ့ကို ခပ်ပြတ်ပြတ်ပင် တောင်းပန်လိုက်ရပါသည်။ ခုတစ်လော ပေးစရာ စာမူကြွေးတွေ အတော်များနေကြောင်း မဂ္ဂဇင်း၊ ဂျာနယ်အသစ်တွေ ထပ်ထွက်နေသဖြင့် တတ်နိုင်သမျှ ကူညီမည်ဖြစ်ကြောင်း စသည်ဖြင့် တရစပ် ညည်းညူပြလိုက်သည်။ ထိုအခါ သူ့ဆီက စကားတစ်ခွန်း လွှတ်ခနဲ ထွက်လာ၏။

"ဒါဆိုရင် စာမူကို လေလံတင်လိုက်ပါလား"

အမယ်...သူကလဲ အတော်လာတဲ့ ပုဂ္ဂိုလ်ပါလား။ ပျော့ပျော့လေးနဲ့ အဲ..ပျော့ပျော့လေးနဲ့ စားလို့ကောင်းတဲ့ ဆန္ဒင်းမကင်းလိုပဲ လေသံကလေးနဲ့ အပျော့ဆွဲဆွဲတတ်တဲ့ လူပါလား။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အတွေးစတစ်ခု ရသွားပြီ။ တကယ်လို့သာ ကျွန်တော့်ဝတ္ထုတိုတစ်ပုဒ်ကို လေလံတင်လိုက်ရလျှင် ဘယ်လိုများနေမလဲ။

ထိုအခါ အောက်ပါဝတ္ထုကို ရေးဖြစ်လေတော့သည်။

➢

ဝတ္ထုတိုလေးတစ်ပုဒ်ကို ကြိုးစားပမ်းစား ရေးလို့ ပြီးသွားသည်။ ဒီတစ်ခါရေးရတာ ခါတိုင်းဝတ္ထုတွေထက် ပိုကြာသွားသည်။ ပြန်ဖတ်ကြည့်တော့ ကိုယ့်ဟာကိုယ်လည်း သဘောကျမိ၏။

ဘယ်မဂ္ဂဇင်း၊ ဘယ်ဂျာနယ်ကို ပေးရင်ကောင်းမလဲ။ တောင်းထားတဲ့ လူတွေကတော့ အများကြီးပဲ။ ဟိုလူ့ပေးပြန်လည်း ဒီလူ့အားနာစရာ၊ ဒီလူ့ပေးပြန်လည်း ဟိုဆရာက ဆဲဦးမည်။ မဂ္ဂဇင်းပေးလျှင် ဂျာနယ်က စိတ်ကောက်လိမ့်ဦးမည်။

ရှုပ်ပါတယ် ထူးထူးခြားခြားလေးလည်း ဖြစ်သွားအောင် စာပေနယ်မှာလည်း ပြောစရာလေးတစ်ခုခု ဖြစ်သွားအောင် ဒီစာမူကို လေလံတင်မည်။ ထိုအခါ ဂျာနယ်တွေက သတင်းရေးကြမည်။ ကိုယ့်ဓာတ်ပုံတွေဘာတွေတောင် ပါလာဦးမည်။ စာပေနယ်မှာ စာမူကို ပထမဦးဆုံးလေလံတင်သူအဖြစ် မှတ်တမ်းတင်ခံရဦးမည်။ မကြေလည်သူအချို့က စာပေကို ဒီလို စီးပွားတွက် တွက်ရကောင်းလား။ "အနုပညာသည် လောက

အတွက်"ဆိုသော ဝါဒီတစ်ယောက်အဖြစ် ရှုံ့ချဝေဖန်ကြမည်။ ကိစ္စမရှိ နာမည်တောင် ပိုကြီးသွားနိုင်သေးသည်။

တစ်ခုတော့ရှိသည်။ လေလံပွဲဆိုတာ တစ်ယောက်တည်းလုပ်လို့ရ တာမျိုးမဟုတ်။ အခမ်းအနားမှူးက လိုသေးသည်။ ဟိုတစ်ခါ စာပေကြော်ငြာစတိတ်ရှိုးတုန်းက အခမ်းအနားမှူးလုပ်ခိုင်းခဲ့သော မြတ်ခိုင်ကို သတိရသေးသည်။ သို့ရာတွင် သူကိုယ်တိုင်က အယ်ဒီတာဖြစ်နေသောကြောင့် စာမူလေလံတင်တာကို သဘောတူချင်မှတူမည်။

ဆရာမြင့်မောင်မောင်ကို သွားသတိရ၏။ သူက ဟိုတစ်ချိန်က စာပေနယ်မှာ ဩဇာရှိနေတုန်းက မိတ်ဆွေစာရေးဆရာတွေ စာမူခမှန်မှန်ရရေး၊ ပိုရရေးအတွက် တက်တက်ကြွကြွ ကူညီခဲ့ဖူးသည်။ ထို့ကြောင့် သူ့ဆီသွားတိုင်ပင်သည်။

"အေး...မင်းစိတ်ကူးကတော့ မဆိုးဘူးကွ၊ ကြမ်းခင်းဈေးကို ဘယ်လောက်ထားမယ် စိတ်ကူးလဲ"

"ထုံးစံအတိုင်း အခု စာနယ်ဇင်းအများစုပေးလေ့ရှိတဲ့အတိုင်း တစ်ထောင်ပေါ့"

"တစ်ခုရှိတယ်နော်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေက အားလုံးညှိပြီး ဈေးကို မတိုးဘဲထားရင် ဘယ်လိုလုပ်မလဲ"

"ဒါတော့ စိတ်ချ၊ စာနယ်ဇင်းတွေအားလုံး တညီတညွတ်တည်းဖြစ်ဖို့ဆိုတာ စုပေါင်းအရက်ဖြတ်ပွဲ လုပ်ရသလိုနေမှာပဲ"

"အေးကွ၊ ဒါတော့ ဟုတ်တယ်၊ ဒါနဲ့ အများဆုံးကော ဘယ်လောက်ထိ မှန်းထားသလဲ"

"အဖေတို့ခေတ်က စာမူခနဲ့တော့ နှိုင်းလို့မဖြစ်ဘူးအစ်ကိုကြီးရဲ့ ကိုယ်ဖြတ်သန်းခဲ့ရတဲ့ အခြေအနေနဲ့ပဲ စံထားရမှာပဲ။ ဟိုအရင် ချယ်ရီမဂ္ဂဇင်းတိုက်ကနေ အမြင့်ဆုံး စာမူခအဖြစ် တစ်ရာငါးဆယ်ရဖူးတယ်၊ အဲဒီတုန်းက လက်ဖက်ရည်တစ်ခွက် တစ်ကျပ်ပဲ ရှိသေးတယ်။ အခု သုံးဆယ်ပဲ ထားအုံး၊ အချိုးချကြည့်ရင် ဝတ္ထုတိုတစ်ပုဒ် လေးထောင့်ငါးရာတော့ ရသင့်တယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အနည်းဆုံး အဲဒီလောက်တော့ ဖြစ်သင့်တယ်"

သူက ထောက်ခံသဖြင့် ကျွန်တော အားတက်သွားပြီး

"ဒါဆို လေလံပွဲမှာ အစ်ကိုကြီးပဲ အခမ်းအနားမှူး လုပ်ပေးပါလား"

သူ တွေသွား၏။ ပြီးမှ

"ဒါတော့ မလွယ်ဘူးကွ။ အခု အယ်ဒီတာလုပ်နေတဲ့ လူတော်တော်များများက ငါနဲ့ မျက်နှာနာတဲ့လူတွေ။ ငါက အားလုံးနဲ့တည့်အောင် နေခဲ့တာ။ ခုကျမှ ပြဿနာမဖြစ်ချင်ဘူး။ မင်းလုပ်မယ့် လေလံပွဲကို စိတ်ဓာတ်ရေးရာအရ အားပေးထောက်ခံတယ်လို့ပဲ သဘောထားပါကွာ"

ဟု အလိမ္မာနှင့် ရှောင်ထွက်သွား၏။ ဟုတ်တော့လည်း ဟုတ်သား။ ခုချိန်မှာ သူက နားအေးပါးအေးနေပြီဆိုတော့ 'ဗိုက်တာ' ဘယ်လုပ်ချင်ပါတော့မလဲ။ လေလံပွဲအောင်မြင်ရေးအတွက် တက်ရောက်အားပေးမယ်ဆိုသော ကတိကိုတော့ သူပေး၏။

➤

တခြား လူတစ်ယောက်ရှာရမည်။ လူကြီးတွေထဲကတော့ မစဉ်းစားတာပဲ ကောင်းမည်။ သူတို့အနေနှင့် ငဲ့ကွက်စရာတွေ တစ်ခုမဟုတ်တစ်ခုတော့ ရှိမှာပဲ။ လူငယ်လူလတ်တွေထဲက ရွေးမှ...

ထိုအခါ ကိုဂျိုးကို သွားသတိရမိ၏။ သူက ဟိုစပ်စပ်ဒီစပ်စပ် လုပ်ရတာ ဝါသနာပါသည်။ သူ့ကို သွားမေးကြည့်တော့ ဝမ်းမြောက်ဝမ်းသာ လက်ခံသည်။ သို့ရာတွင် သူအခမ်းအနားမှူးလုပ်ပုံကို ဗီဒီယိုနှင့် မှတ်တမ်းတင်ပေးရမည်ဟု တောင်းဆိုသည်။ သူ့အသားအရောင်နှင့်ဆိုလျှင် ဗွီဒီယိုထဲမှာ သူ့ရုပ်ပေါ်အောင် ဝပ်တစ်သောင်းအားလောက်ရှိသည့် မီးမောင်းကြီးတွေနှင့်ထိုးမှ ဖြစ်မည်။ဒီအတွက် ၄၄၀ ဗို့ ပါဝါမီတာရှိတဲ့ နေရာမှာမှ အလုပ်ဖြစ်မည်။ ထိုအခက်အခဲကို ပြောပြမေတ္တာရပ်ခံသော်လည်း မရသည့်အပြင်...

"ကျွန်တော်ပြောတဲ့အတိုင်းသာ လုပ်စမ်းပါဗျာ။ ခင်ဗျားလေလံပွဲကို လူတွေပါ စိတ်ဝင်စားပြီး စည်စည်ကားကားဖြစ်ဖို့ ကျွန်တော် တာဝန်



ငယ်"

"ခင်ဗျားက ဘာစိတ်ကူးရှိလို့လဲ"

"လေလံပွဲမစခင်မှာ ဖျော်ဖြေရေးအစီအစဉ် ထည့်ရမယ်ဗျ။ ကျွန်ော့်စိတ်ကူးက ဆရာကီဝိရဲ့ ညွှန်ခံဟာသနဲ့ ဆရာနေဝင်းမြင့်ရဲ့ ကိုယ်ဟောက်မျက်လှည့်ပါ ထည့်ရမယ်"

"ဟာ သူတို့ပါ ပါလို့ကတော့ ဘောလုံးကွင်းထဲက မီးမောင်းကြီးတွေ သွားငှားမှရမယ်။ မဖြစ်ဘူးဗျို့"

"နေစမ်းပါဦးဗျ။ ဒါတွင် မကသေးဘူး။ ဆရာမောင်စိန်ဝင်းပုတီးကုန်း ဖျက်သွယ်သီချင်း ကိုယ်တိုင် ဆိုခိုင်းမယ်။ ပြီးတော့ ဆရာမောင်မောက် ဥက္ကလာကိုလဲ ခေတ်ပေါ်ဂန္ထဝင်သီချင်းတွေ ဆိုခိုင်းဖို့ စိတ်ကူးထား းတယ်"

"မထူးပါဘူးဗျာ၊ နိုင်ဂျီးရီးယား ဘောလုံးအသင်းကိုပါ ခေါ်လိုက် တော့"

"ဒီလိုလဲ မပြောနဲ့အုံးလေ၊ ဗီဒီယိုရိုက်တဲ့အခါမှာ ခင်ဗျားလဲ ပါရမှာ၊ င်ဗျားက ကာယကံရှင် မဟုတ်လား"

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော့်ရုပ်ကြီးကို လူမြင်မခံပါရစေနဲ့"

"ခင်ဗျားပုံက မဆိုးပါဘူးဗျ၊ ရုတ်တရက်ကြည့်ရင် မန်ချက်စတာ ာလုံးအသင်းက ဒွိုက်ယောက်နဲ့ ခပ်ဆင်ဆင်ပဲဗျ"

"တော်ပါတော့ဆရာရယ်၊ ခင်ဗျားလုပ်ပုံနဲ့ စာမူလေလံတင်တာ ာဘ်ဘဲ မီးသွေးအရောင်းမြှင့်တင်ပွဲလို့ ထင်နေပါအုံးမယ်"

ဆိုပြီး သူ့ဆီက အမြန်လစ်ထွက်ခဲ့ရသည်။ ဒါနဲ့တောင် သူက

"ခင်ဗျားတို့အဖေ ဆရာသာခုမရှိတာ နာတယ်ဗျာ။ ရှိရင် သဘာပတိ ပ်ခိုင်းလို့ရတယ်၊ အဲ အဲ ဆရာတက္ကသိုလ်ဘုန်းနိုင်ကို သွားပြောကြည့် ဘူး၊ ခင်ဗျားပြောရင် ရနိုင်တယ်"ဟု လှမ်းအော်ပြောလိုက်သေးသည်။

➤

www.burmeseclassic.com

www.burmeseclassic.com



ကိုဂျိုးကို အခမ်းအနားမှူးလုပ်ခိုင်းဖို့ကိစ္စ လက်လျှော့လိုက်ရ ဒီပွဲက တခြားပွဲတွေနဲ့ မတူ။ တခါမှ မလုပ်ဖူးသေးသည့် စာမူလေလံ ဆိုတော့ တော်ရုံတန်ရုံလူကို အခမ်းအနားမှူး လုပ်ခိုင်းလို့မဖြစ်။ စာန ဇင်းတွေက ဘယ်လိုတုံ့ပြန်မလဲဆိုတာ တပ်အပ်မပြောနိုင်။ သူ့ထ အလုအယက် ဈေးပိုပေးကြမလား။ ဒါမှမဟုတ်...

အိမ်မှာထိုင်စဉ်းစားနေတာထက်စာရင် စာရေးဆရာတွေ ဆုံတ သောနေရာမှာ သွားရှာလျှင် တစ်ယောက်မဟုတ်တစ်ယောက် တွေ့ နိုင်သည်။ ထို့ကြောင့် မြို့ထဲဘက်ထွက်ပြီး သုံးဆယ့်သုံးလမ်းထဲ ဝင်လ ၏။ လေထန်ကုန်းလက်ဖက်ရည်ဆိုင်ရှေ့ရောက်လို့ မျက်လုံးဝေ့ လိုက်သောအခါ ဓမ္မာရုံတံခါးပေါက်နားက စားပွဲမှာထိုင်နေသော အောင်ဝေးကို တွေ့ရလေသည်။

ကြည့်စမ်း။ ကိုအောင်ဝေးတစ်ယောက်လုံး ရှိနေတာကို မေ့ ကောင်းလားဆိုပြီး ကိုယ်နဖူးကိုယ် ထုမိမလိုတောင် ဖြစ်သွား၏။ ခု မှာ သူနှင့်အသင့်တော်ဆုံး။ သူက ဒီလို စာပေကိစ္စမျိုးဆိုလျှင် တက်တ ကြွကြွ ရှိ၏။ ပြောရဲဆိုရဲလည်း ရှိ၏။ ထို့ကြောင့် သူ့စားပွဲမှာ သွား နှုတ်ဆက်လိုက်ပြီး

"ကိုအောင်ဝေးကို အကူအညီတောင်းစရာရှိလို့ဗျာ"

ဟု စကားစသောအခါ

"ဘာလဲ...ကိုဝဏ္ဏက ကိုယ်နဲ့ ဗီဒီယိုရိုက်ချင်လို့ ခင်ဗျားကိုပြောခိုင်း လိုက်တာလား"

လာပြန်ပြီ ဗီဒီယို။ ဘယ်လိုများ ဖြစ်နေကြသလဲ မသိ။ စာပေလော ကိုမျိုးညွန့်သည်လည်း ကိုဝဏ္ဏ၏ဇာတ်ကားတစ်ကားတွင် သူ့မျက်နှာ တစ်စက္ကန့်လောက်ပါပြီးကတည်းက 'ကိုဝဏ္ဏ နောက်ထပ် ကားမရိုက်သေး ဘူးလား၊ လုပ်စမ်းပါအုံး'ဟု ခဏခဏ မေးနေလေ့၏။ ခုလည်း တ ယောက် မေးပြန်ပြီ။

ဘာပဲဖြစ်ဖြစ် ခုချိန်မှာ သူ့အကူအညီ လိုအပ်နေတာဆိုတော့ ဟုတ် ဟုတ် မဟုတ်ဟုတ် သူကျေနပ်အောင် ပြောမှဆိုပြီး



"အင်း...ကိုဝဏ္ဏကတော့ ပြောပါတယ်၊ ယမကာလုလင်ကို ရိုက်ဖြစ် ကိုအောင်ဝေးကိုလဲ ခေါ်ရမယ်တဲ့။ အဲ...လောလောဆယ်တော့ ကျွန် တော့်ကို တစ်ခုလောက် ကူညီပါလား"

သူ့အကြိုက် အရင်လိုက်ပြီး ပြောထားသဖြင့်

"ဆိုပါအုံး၊ ကိုယ် ဘာကူညီရမလဲ"

ဟု သူက လိုလိုလားလားမေးသည်။ ကျွန်တော်ကလည်း ကျွန်တော့် တို့ တစ်ပုဒ်ကို လေလံတင်ရာမှာ အခမ်းအနားမှူး လုပ်ပေးဖို့ ကြောင်း ပြောသည်။ သူက

"ဟာ...သိပ်ကောင်းတဲ့ အိုင်ဒီယာပဲ။ ဒီကိစ္စအောင်မြင်ရင် နောက်ဆို မူခတွေ အလိုလိုတိုးလာကြမှာပဲ ကောင်းတယ်။ စိတ်ချ ကိုယ်အစွမ်း ကူညီမယ်"

သူက အားတက်သရော သဘောတူလက်ခံလိုက်သဖြင့် စိတ်အေး ရ၏။ သို့နှင့် စာပေလေလံပွဲ ကျင်းပမည့်အကြောင်း စာနယ်ဇင်း သို့ ဖိတ်စာပို့လိုက်သည်။ ဖိတ်စာဝေသည့် ကိစ္စကိုတော့ နှံ့နှံ့စပ်စပ် သော ကိုဂျိုးကပင် တာဝန်ယူပေးသဖြင့် အဆင်ပြေသွားလေ၏။

➢

စာပေလေလံပွဲကို စာပေနယ်မှ လူတော်တော်များများ ရောက်ရှိလာ ၏။ တကယ် လေလံဆွဲမယ့်လူထက် ဘာများထူးခြားလာမလဲလို့ လာ ငံ့ကြည့်သူတွေက ပိုများမည်ဖြစ်ကြောင်း ခန့်မှန်းမိ၏။ စာရေးဆရာ းကတော့ ကျွန်တော့်ကို အားပေးကြသည်။ ကျွန်တော့်ပွဲ အောင်မြင် င် သူတို့ပါ စာမူခတွေတိုးရဖို့ အခြေအနေရှိလာမယ် မဟုတ်လား။ မြင့် ဦးမြင့်ကတော့

"ခင်ဗျားဗျာ အခမ်းအနားလုပ်တာ ဘာမှလဲ အကျွေးအမွေးမပါဘူး။ က်ဖက်ရည်လေးလောက်ဖြစ်ဖြစ်တော့ တိုက်သင့်ပါတယ်"

ဟု အရေးထဲမှာ ငတ်ကြီးကျနေသေးသည်။

"ဟာဗျာ၊ လေလံတင်တာကဖြင့် ဘယ်လောက်ရမယ် မသိသေးဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အခုလာတဲ့ပရိသတ်ကို လက်ဖက်ရည်တိုက်ရရင် အိတ်ထဲကတောင် စိုက် ရအုံးမယ်”

မြမြင့်မိုကလည်း တမျိုး။

“ဒီပွဲကို တီဗီကနေ ကြေငြာသင့်တယ်ဗျ။ ဒါဆို ခုထက်ပိုပြီး စည်ကား မှာပဲ၊ ခုချိန်မှာ ကြော်ငြာကောင်းမှ အလုပ်ဖြစ်တာဗျ”

ဆိုပြီး လာချွန်နေသေးသည်။

စာနယ်ဇင်း အယ်ဒီတာတွေကတော့ အချင်းချင်း တိုးတိုးကြိတ်ကြိတ် တိုင်ပင်နေကြ၏။ သူတို့တွေ ညှိပြီး ဈေးနှိမ်မလို့ ကြံစည်နေကြသလား မသိ။ ဒီအတွက်တော့ ပူစရာမလို။

အင်းဝစာပေတိုက်မှ ကိုမျိုးအောင်ကလည်း အနည်းငယ် နောက်ကျ ပြီးမှ ရောက်လာ၏။

“ပွဲများစနေပြီလားလို့ သုတ်ခြေတင်လာခဲ့ရတာ”

ဟု သူက ခရီးရောက်မဆိုက်ပြောသည်။ သူတို့ အင်းဝ စာအုပ်တိုက် က ငွေကြေးအင်အားတောင့်သည်။ နိုင်ငံခြားစာအုပ်တိုက်များနှင့်လည်း အဆက်အသွယ်ရှိ၏။ ထို့ကြောင့် ဒီပွဲကို သူရောက်လာတာကို စိတ်ဝင်စား ကြသည်။

မဟေသီစ်အိန်ဂျယ်ကလေးများဖြစ်သော သင်းသင်းသာနှင့် သွယ် နှင်းအိမ်တို့မှာ အလွန်လျင်သည်။ ပရိသတ်တွေကြားမှာ လှစ်ခနဲ လှစ်ခနဲ သွားလာရင်း လေလံပွဲအပေါ် စာပေသမားတို့သဘောထားကို လိုက်စေ့ နေ၏။ အင်းဝကိုမျိုးအောင်ဝင်လာတာမြင်တော့ အနားကပ်သွားပြီး

“ဦးမျိုးအောင်ကကော စာမူကို လေလံဆွဲဖို့လာတာလား”

ဟု မေးလိုက်၏။ တခြားဆရာများကလည်း ကိုမျိုးအောင် ဘာဖြေ မလဲလို့ နားစွင့်နေကြ၏။ ကိုမျိုးအောင်က ဘာမှမပြောဘဲ ပြုံးရုံသာပြုံး နေလိုက်သည်။ ခုလိုလုပ်တာက ပိုပြီး စိတ်ဝင်စားစရာဖြစ်နေ၏။ နောက် တော့ သိမှာပေါ့ဆိုသော အချိုးမျိုး။

တကယ်တော့လည်း ခုလိုဖြစ်အောင် တမင်စီစဉ်ထားခြင်းဖြစ်၏။ ကိုမျိုးအောင်မှာ အင်းဝတိုက် မလုပ်ခင်ကတည်းက ကျွန်တော်နှင့် ခင်မင်



ခဲ့ပြီးသား။ ဒီပွဲကိုတက်ဖို့ သူ့ကို ဖိတ်ကြားပြီး သူများတွေမေးလျှင် ဘာမှ မဖြေဘဲ ပြုံးရုံသာပြုံးပြီး တောင်လိုလို မြောက်လိုလို လုပ်နေဖို့ ကျိတ်မှာ ထားပြီးသား။ ကိုဂျိုးကလည်း ကျွန်တော့်ဝတ္ထုတိုကို ကိုမျိုးအောင်က အက်ဖ်အီးစီနှင့် ဝယ်မည်ဟု ကြားရကြောင်း ပရိသတ်ကြားမှာ သတင်းလွှင့် ထားသည်။ ဒါမှအားကျမခံ အပြိုင်အဆိုင် ဈေးတိုးပေးကြမှာဟု တွက်ဆ ထား၏။ အမှန်က အက်ဖ်အီးစီနေနေသာသာ သူ့ကိုတောင် မနေ့က လက် ဖက်ရည် တိုက်ခဲ့ရသေးသည်။

ဒါတွင်မကသေး မိတ်ဆွေကြီးဆရာမောင်ညိုပြာကို ကျွန်တော့် အတွင်းလူအဖြစ် ပရိသတ်ကြားမှာ ထည့်ထားသည်။ လေလံပွဲတို့တွင် ပထမဆုံး ဈေးစပေးခြင်းသည် အလွန်အရေးကြီးသည်။ လေလံသမား အချင်းချင်း သူဈေးစဖွင့်နိုးနိုး၊ ကိုယ်ဈေးစဖွင့်နိုးနိုး အကဲခတ်ရင်း အချိန် တွေ ကုန်တတ်သည်။ တစ်ယောက်ယောက်က ဈေးစခေါ်ပြီးမှသာ သွက် သွားတတ်၏။ ခုဟာက တစ်ခါမှ မလုပ်ဖူးသော စာပေလေလံပွဲလည်း ဖြစ်၊ လေလံဆွဲမည့်သူများမှာလည်း တစ်ယောက်နှင့်တစ်ယောက် သိနေ ကြသဖြင့် ဒီလိုအခက်အခဲမျိုး ပိုဖြစ်နိုင်သည်။ ထိုအခါမှာ ကိုညိုပြာက ဈေးစပေးပြီး ချူဖို့ စီစဉ်ထားခြင်းဖြစ်၏။

“ဆရာ”ဟု ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်၏။ အင်တာဗျူး ဂျာနယ်မှ တူးတူးသာဖြစ်၏။

“ဆရာက လေနဲ့အကျိုးပေးတယ်နော်”

ဟု စကားစသည်။

“ဘာကိုဆိုလိုပါလိမ့်”

“အော် ဟိုတစ်ခါတုန်းကလဲ လေထန်ကုန်းကိစ္စ မေးခဲ့ရသေးတယ် လေ။ ခုတစ်ခါလဲ လေလံပွဲဆိုတော့ လေတွေချည်း ဖြစ်နေလို့ပါ၊ နောက် ဆပ်ပြီးတော့ လေနဲ့ပတ်သက်တဲ့ အစီအစဉ်ရှိသေးလား”

လုပ်ပြီ။ သူ မေးလိုက်လျှင် ကပ်သီးကပ်သပ်တွေချည်းပဲ။ ဆရာ အောင်ပြည့်တူမလို့ မပြောရဘူး။

“ခင်ဗျားတို့ ဂျာနယ်က ဗျူးပဲဗျူးနိုင်လွန်းတယ်။ ခင်ဗျားနာမည်တူး

www.burmeseclassic.com

www.burmeseclassic.com



တူးသာလို့ မှည့်ဖို့ မကောင်းဘူး၊ ဗျူးဗျူးသာလို့ ခေါ်ဖို့ကောင်းတယ် တကယ် စိတ်လေတယ်"

"ဟော...စိတ်လေတယ်ဆိုတာလဲ လေပါတာပဲ"

ထိုစဉ်မှာ လျှပ်တပြက် မီးဖျတ်ခနဲ လက်သွားသည်။ လှမ်းကြည့်တော့ အလင်းတန်းဂျာနယ်မှ ကိုဦးဆွေက ဓာတ်ပုံလှမ်းရိုက်လိုက်ခြင်း ဖြစ်၏။

"ဓွတ်မောနင်း"

ဟု ကျွန်တော်က လှမ်းနှုတ်ဆက်လိုက်၏။ သူ့မျက်နှာက ဓွတ်မောနင်းပေါင်မုန့်နှင့်တူသောကြောင့် ခုလို နှုတ်ဆက်လိုက်ခြင်း ဖြစ်၏။

"ခင်ဗျားကတော့ လုပ်ချလိုက်ပြန်ပြီပေါ့လေ"

သူက ပြုံးသလိုလို၊ မဲ့သလိုလိုလုပ်၍ ပြောပြီး ခပ်သုတ်သုတ် ထွက်သွား၏။ တစ်နေရာမှာ ခပ်တည်တည်ကြီးလုပ်ရင်း ထိုင်နေသော ဆရာဝင်းငြိမ်းဆီသွား၍ တစုံတစ်ခု ပြောသည်။ ကိုဝင်းငြိမ်းက ခေါင်းခါပြနေတာ တွေ့ရ၏။

ကျွန်တော့်နားသို့ ကာတွန်းကိုကြည်ဝင်း၊ နောင်ဝင်းထွန်းနှင့် မောင်ရတနာတို့ ကပ်လာသည်။ သူတို့က ရုပ်ရှင်အမြုတေအဖွဲ့သားများ

"ခင်ဗျားတို့လဲ အမြင့်ဆုံးဈေးပေးကြဦးနော်"

ဟု ကျွန်တော်က ဈေးခေါ်ပြော ပြောလိုက်၏။ ကိုကြည်ဝင်းက

"ဟာဗျာ..သဃ်န်းကျွန်းသားအချင်းချင်းတွေပဲဟာ၊ နည်းနည်းပါးပါး ညှာပါအုံး"

"ဘာကို ညှာရမှာလဲဗျ"

"ဒီလိုပါ၊ ကျွန်တော်တို့က အခုမှ အစပြန်လုပ်ရတဲ့ မဂ္ဂဇင်းဆိုတော့ သိပ်အရမ်း မသုံးနိုင်သေးဘူး၊ ဒါကြောင့် တစ်ခု ညှိနှိုင်းပါရစေ"

"ဘာညှိချင်တာလဲ"

"ဟိုဒင်းလေ တကယ်လို့လေလံပွဲ မအောင်ရင် ကျွန်တော်တို့မဂ္ဂဇင်းကို ကြမ်းခင်းဈေးနဲ့ပဲ ပေးပါလို့"

"ဟာ ပါးစပ်ပုပ်ကြီးနဲ့ ဘယ့်နှယ်ကြောင့် လေလံပွဲ မအောင်ရမှာလဲ"



"ဒါလေးတော့ ကူညီပါဗျာ။ ကျွန်တော့်မှာ မဂ္ဂဇင်းစထုတ်ကတည်းက အိမ်ဂရန်ကို အဆင်သင့် လုပ်ထားရတယ်။ ဘယ်တော့ ပေါင်ရမလဲ မသိဘူး"

"ခင်ဗျားဘာသာ အေးအေးမနေဘဲ ကျား‌မြီးသွားဆွဲတာ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"

"ကိုကြည်ဝင်းပြောတာ မှန်တယ်ဗျ"

ဟု ဘယ်အချိန်က အနားရောက်နေမှန်းမသိသော ဆွေမင်း(ဓနုဖြူ)က ဝင်ပြော၏။ ဆက်၍

"ကျွန်တော်လဲ သောကြာစာစောင် ထုတ်ပြီးကတည်းက ကားပွဲစားတွေက တွတ်ပီ ကားရောင်းချင်ရင် ပြောနော်ဆိုပြီး ခဏခဏ လာမေးနေကြတယ်"

ကောင်းတယ်။ ကိုယ့်ဘာသာ ကာတွန်းမရေးဘဲ မဂ္ဂဇင်းပိုးထတဲ့လူတွေ ခံရတာ နည်းတောင်နည်းသေးတယ်ဟု စိတ်ထဲက ပြန်ပြောလိုက်၏။ သောင်းပြောင်းထွေလာအဖွဲ့သားများ ရောက်လာပြန်၏။ ဆရာကောက်က

"ဒီမှာ ခင်ဗျားဝတ္ထုတိုက ဟာသဆိုရင်တော့ ဈေးချင်းတူရင် ကျုပ်တို့ကို ပေးရမယ် ဒါပဲ"

ဟု ဗီဒီယိုဓာတ်ကားတွေထဲမှာ ပါတတ်သည့် ဆက်ကြေးတောင်းသော လေသံဖြင့် ပြော၏။ ဆရာမာလတ်ကလည်း "ဟုတ်တယ်၊ မပေးရင် သိမယ်"ဟု အသားလွတ်ကြီး ဝင်ကြိမ်းပြန်၏။

"လေလံပွဲ စပါတော့ဗျို့"

"ကြာလှချည်လား"

"ဗိုက်ဆာနေပြီ ဘာစားရမလဲ"

တာရာမင်းဝေ၊ နီကိုရဲ၊ မင်းခိုက်စိုးစန်တို့အုပ်စုဆီမှ အသံထွက်လာသည်။ မျက်နှာထားတည်တည်နှင့် လှမ်းကြည့်ပြီး သိပ်မလောင်ကြဖို့ အမူအရာနှင့် ဟန့်ကြည့်သော်လည်း ကြောက်ပုံမရဘဲ စပ်ဖြဲဖြဲလုပ်နေကြ၏။

ထိုစဉ်မှာပင် ကိုအောင်ဝေးအသံက စပီကာမှတစ်ဆင့် ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေပွဲလာ စာပေမိတ်ဆွေအပေါင်းတို့ခင်ဗျား၊ ခုချိန်ကစပြီး စာပေ လေလံပွဲကြီး စတင်တော့မည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား"

စင်မြင့်ပေါ်မှ ကိုအောင်ဝေး၏အသံက ဟိန်းထွက်လာသည်။ ဘယ်သူမှ လက်ခုပ်မတီးကြ။ ကိုညိုပြာကို လှမ်းကြည့်တော့လည်း ဘေးမှာ ထိုင်နေသော ကုံကော်ဝတ်ရည်စာပေမှ ကိုကျော်ဇင်၊ မဝိုင်းတို့နှင့် ဘာတွေ စကားလက်ဆုံ ကျနေမှန်းမသိ။ ကိုကျော်ဇင်နဲ့တွေလို့ကတော့ လေလံပွဲ ပြီးတာတောင် စကားစပြတ်ပါ့မလားပဲ။

တော်သေးသည်။ ယဲဝင့်ဟန်နှင့်သွန်းနေစိုးတို့ကစပြီး လက်ခုပ်တီး လိုက်သဖြင့် တချို့လူများ ဝတ်ကျေတန်းကျေ လိုက်တီးကြသည်။ ကျွန် တော်လည်း စင်မြင့်၏ဘေးကပ်လျက် ချထားသောခုံမှာ သွားထိုင်ရင်း ပရိသတ်ကို လက်ပြလိုက်၏။ ထို့နောက် ကိုအောင်ဝေးကို မော့ကြည့်ပြီး စတော့ဟု အမူအရာဖြင့် အချက်ပြလိုက်သည်။ ကိုအောင်ဝေးက

"စာပေမိတ်ဆွေအပေါင်းတို့ခင်ဗျား၊ ကျွန်တော်အောင်ဝေးပါ"

"သိပါတယ်၊ ဒီရုပ်ကြီးများ မမှတ်မိဘဲ နေမလား"

ထောင့်တစ်ထောင့်မှ အသံတစ်သံ ထွက်လာ၏။ ကိုအောင်ဝေးက ဂရုမစိုက်ဘဲ ဆက်ပြောသည်။

"ကျွန်တော်ဟာ ကဗျာဆရာတစ်ယောက်ဖြစ်ပါတယ်၊ ကဗျာဆရာ ဆိုတာ ဘယ်နေရာပဲရောက်ရောက် ကဗျာအကြောင်း မပြောရရင် မနေ နိုင်ဘူး" ဒါကြောင့်…

ဆိုပြီး ကဗျာသဘောတရားတွေကို ပြောနေလေတော့သည်။ ကျွန် တော်က ဟန့်တားဖို့ကြိုးစားသော်လည်း သူက ကျွန်တော့်ကို လုံးဝ ငုံ့ မကြည့်ဘဲ ပြောနေသဖြင့် ဘာမှုမတတ်နိုင်ဘဲ ရှိနေ၏။ ပရိသတ်ကလည်း အငိုက်မိသွားသဖြင့် သူပြောသမျှ နားထောင်နေရသည်။

"ဒီတော့ ကဗျာဆိုတာ ခံစားဖို့၊ ခံစားတယ်ဆိုတဲ့နေရာမှာ ဖတ်ပြီး တော့ ခံစားလို့လဲ ရတယ်။ ရွတ်ဆိုပြီးတော့ ခံစားလို့လဲ ရတယ်။ ဒါကြောင့် ကျွန်တော် နောက်ဆုံးရေးထားတဲ့ ကဗျာတစ်ပိုဒ်ကို အခု ရွတ်ဆိုပြပါမယ် ခင်ဗျား"



"ဟေ့လူ သတိထားပါအုံး ဒါက…"

ကျွန်တော်က အသံတိုးတိုးဖြင့် ကြိတ်ပြီး သတိပေးသေးသည်။ မရ တော့ပါ၊ သူသည် ကဗျာတစ်ပုဒ်ကို အသံနေအသံထားနှင့် ကျကျနန ရွတ် ဆိုနေပါတော့သည်။ ကျွန်တော်လည်း ထူပူနေသဖြင့် ဘာတွေရွတ်နေမှန်း သေသေချာချာ မကြားမိတော့။ နောက်ဆုံးတစ်ပိုဒ်ကိုသာ သတိပြုမိ၏။

"မြို့သစ်ရဲ့
ခြေကုန်လက်ပန်းကျနေတဲ့
ညနေခင်းကိုသာ
အာမထိလျှာမထိမျိုချရင်း
ဝမ်းမီးကို ငြိမ်းစေရတော့တယ်"

"ကိုအောင်ဝေးကွ"

"ဝေးကြီးကွ"

ဟု အော်ဟစ်အားပေးရင်း လက်ခုပ်တီးကြသည်။ တချို့ကတော့

"ဟေ့ လေလံပွဲဆိုပြီး ဘာတွေ လျှောက်လုပ်နေတာလဲ၊ ဒါ စာပေ ဟောပြောပွဲ မဟုတ်ဘူးကွ"

ဆိုပြီး ကန့်ကွက်ကြသည်။

ကိုအောင်ဝေးက လက်နှစ်ဘက်ကိုမြှောက်၍ ပရိသတ်ကို ငြိမ်နိုင်း လိုက်ပြီးမှ….

"မှန်ပါတယ်၊ မှန်ပါတယ်။ ဒါကြောင့် အခုကြားဖြတ်အစီအစဉ်အရ ဘောစောက ရွတ်ပြတဲ့ ကျွန်တော့်ကဗျာကို အရင်ဆုံး လေလံတင်ပါ့မယ်"

ကျွန်တော် မျက်လုံးပြူးသွား၏။ နဂိုအစီအစဉ်ထဲမှာ သူ့ကဗျာ လေလံတင်တာမပါ။ခုကျမှ ရုတ်တရက်ကောက်ပြီး ကြေညာလိုက်ခြင်းဖြစ် ၏။ မိုက်ကရိုဖုန်းက သူ့လက်ထဲမှာဆိုတော့ ဘာမှု မတတ်နိုင်။ တစ်ခု တော့လဲ ကောင်းသည်။ တကယ်လို့ သူ့ကဗျာလေလံဆွဲဖြစ်သွားလျှင် ကျွန် စရိတ်ကို တစ်ဝက်ခံနိုင်းလို့ ရမည်။ ထို့ကြောင့် အသာငြိမ်နေလိုက်၏။

"ကဗျာက ကြမ်းခင်းဈေး ဘယ်လောက်လဲ"

ဟု ရန်ကုန်သစ် ချစ်ဝင်းမောင်က လှမ်းမေးသည်။ ကိုအောင်ဝေးက

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဒီလိုရှိတယ်လေ။ ဟိုအရင်တစ်ချိန်တုန်းက တစ်ရာမပေးရင် ကဗျာမရေးဘူးလို့ ကဗျာဆရာတွေက ကြွေးကြော်ခဲ့ကြဖူးတယ်။ နောက်ပိုင်းကျတော့ တစ်ထောင်မပေးရင် ကလောင်မသွေးဘူးလို့ ဆိုလာကြပြန်တယ်။ တကယ်တော့ နှလုံးသွေးနဲ့ရေးရတဲ့ကဗျာကို ငွေတစ်ထောင်လောက်နဲ့ တန်ဖိုးဖြတ်တာ နည်းလွန်းပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ တစ်သောင်းမပေးရင်...အဲ...တစ်သောင်းမပေးရင် နှာခေါင်းမရှူးဘူး...အဲ မဟုတ်သေးပါဘူး။ အင်း...အင်း...တစ်သောင်းမပေးရင် တစ်ကြောင်းမှ မရေးဘူးလို့ ပြောချင်တယ်၊ ဒါကြောင့် ကျွန်တော့်ကဗျာအတွက် ကြမ်းခင်းဈေးကတော့ တစ်သောင်းပဲ၊ ဘယ်သူပိုပေးမလဲ"

ပရိသတ်များထံမှ ကြွက်စီကြွက်စီအသံများ ထွက်လာ၏။ ထိုစဉ်မှာ ကိုညိုပြာက ထရပ်ပြီး

"သောင်းတစ်ထောင်"

ဟု အော်လိုက်၏။ အားလုံး 'ဟင်ခနဲ' ဖြစ်ပြီး အံ့သြသွားကြ၏။ ကိုညိုပြာကတော့ လုပ်ချလိုက်ပြီ။ ကျွန်တော် သူ့ကို ကျိတ်ပြီး မှာထားတာက ကျွန်တော့်ဝတ္ထု လေလံတင်တဲ့အခါ ဈေးစခေါ်ပြီး တခြားလူတွေကို ချူဆီထည့်ပေးဖို့သာ ဖြစ်၏။ ခုတော့ သူက နားစွန်နားဖျားကြားပြီး ကိုအောင်ဝေးကဗျာကို သောင်းတစ်ထောင် ပေးပစ်လိုက်ပြီ။ ပြီးတော့ ပုဂ္ဂိုလ်က ကျွန်တော့်ကိုလှမ်းကြည့်ပြီး 'ကိုယ်လုပ်တာ ပိုင်တယ်မဟုတ်လား' ဆိုသောသဘောဖြင့် ပြုံးပြနေသေးသည်။

တစ်ခုတော်သွားတာက အခြေအနေကို ရိပ်စားမိသော ငြိမ်းငြိမ်းချမ်းချမ်းစာပေမှ ချမ်းငြိမ်းမိုးက သူ့ဆီ ခပ်သုတ်သုတ်လှမ်းသွားပြီး အဖြစ်မှန်ကို ရှင်းပြဟန်တူသည်။ ကိုညိုပြာလည်း ပြူးပြူးပျာပျာဖြစ်သွားပြီး

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မပေးတော့ဘူး"

ဟု လှမ်းအော်လိုက်၏။ ကိုအောင်ဝေးက

"ဒါ...နောက်စရာမဟုတ်ဘူးဗျ"

ကျွန်တော်လည်း ဒီအတိုင်းဆက်လွှတ်ထားလျှင် ကျွန်တော့်အစီအစဉ်ပါ ပျက်တော့မှာပဲဟု စိုးရိမ်ပြီး စင်ပေါ်တက်၍



"ကိုအောင်ဝေး ဘယ်လိုလုပ်တာလဲဗျ။ တော်ကြာ ကျွန်တော့် ဝတ္ထုလဲ ကြမ်းခင်းဈေး တစ်သောင်းက စမှာပဲထင်ပြီး ထပြန်ပြေးကုန်ကြရင် ခက်မယ်"

"ကျွန်တော်က ခင်ဗျားကိုစွန့်စားပြီး ကူညီရတာဗျ၊ ဒီလောက်တော့ အခွင့်အရေးပေးသင့်တာပေါ့"

သူကစောဒကတက်၏။ သူပြောတာလည်း ဟုတ်သည်။ ထို့ကြောင့်

"ကိုအောင်ဝေး မနစ်နာစေရပါဘူးဗျာ"

ဟု ပြောလိုက်ရာ သူက

"ဘယ်လို စီစဉ်ပေးမှာလဲ"

ကျွန်တော့်ကို မယုံသလိုပြန်မေးသည်။ ထို့ကြောင့်

"ဒီလိုလေဗျာ...ဟိုးအရင်စာရေးဆရာတွေ ရွှေခေတ်ဖြစ်နေတဲ့အချိန်တုန်းက ဆရာသော်တာဆွေကို ရှုမဝက ဝတ္ထုတိုတစ်ပုဒ်သုံးရာပေးတော့ ပေဖူးလွှာက အားကျမခံဘဲ ငွေသုံးရာအပြင်ဘရန်ဒီတစ်ပုလင်းအပိုဆောင်းပေးတယ်တဲ့ဗျ။ ခုလဲ ကျွန်တော့်ကို ဘီယာတကတ် ထပ်ဆောင်းပေးချင်ပေးကြမှာ...အဲဒီလို အပိုဆောင်းပြီးရတာကို ခင်ဗျားကို ပေးမယ်ဗျာ.. ဘယ့်နှယ်လဲ"

သူက စိတ်ဝင်စားပုံရသည်။ နှုတ်ခမ်းကို လျှာနဲ့သပ်လိုက်ပြီး...

"ခင်ဗျား တကယ်ပြောတာနော်"

"တကယ်ပါ"

"ပြီးမှ အဲဒါတွေ ခင်ဗျား ပြန်ကပ်သောက်မှာ မဟုတ်လား"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော် မသောက်တော့ဘူးဆိုတာ ခင်ဗျားသိသားနဲ့"

"ဒါဆိုရင်လဲပြီးရော"

သဘောတူညီမှုရသဖြင့် စင်အောက်ပြန်ဆင်းခဲ့သည်။ ကိုအောင်ဝေးက ပရိသတ်ဘက်လှည့်ပြီး

"စောစောက ကြားဖြတ်အစီအစဉ်ကို အကြောင်းကြောင်းကြောင့် ပြန်လည်ရုပ်သိမ်းလိုက်ပါတယ်။ မူလအစီအစဉ်ကိုပဲ ပြန်စပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ် နည်းနည်းငြိမ်သွားသည်။ တချို့ကတော့ စောစောက ကဗျာကိစ္စကို ဆက်ပြီး ဝေဖန်ပြောဆိုနေကြ၏။ တချို့က

"အောင်ဝေးလုပ်လိုက်ရင် ဒီလိုချည်းပဲ၊ ကဗျာကို ဘယ်သူက သောင်းနှီးပေးမှာလဲဗျ"

ဟု ဆိုသည်။ တချို့ကတော့ ကိုအောင်ဝေးလုပ်ပုံကို သဘောကျသည်။ တကယ်ရတာမရတာ အပထား။ ကဗျာတစ်ပုဒ်အတွက် သောင်းချီပြီး ဈေးခေါ်ရဲတာကို ချီးကျူးကြ၏။ တချို့ကလည်း 'တစ်သောင်းဆိုတာတော့ များလွန်းတယ်။ ဘာပဲဖြစ်ဖြစ် သုံးထောင်ဆိုရင်တော့ မဆိုးဘူး' ဟု ကြားချပြီး စိတ်ကူးယဉ်ကြည့်ကြ၏။

ကိုအောင်ဝေးကတော့ စတိတ်ခုံကို သစ်သားတူကလေးနှင့် သုံးလေးချက် ထုလိုက်သည်။ ဒါကလည်း တကယ့်လေလံပွဲနှင့်တူအောင် စီစဉ်ထားခြင်းဖြစ်၏။ ထိုသစ်သားတူလေးကတော့

"ကိုအောင်ဝေးရယ် ဖြည်းဖြည်းထုပါဗျာ။ အဲဒါညည ကျွန်တော် ဘုရားရှိခိုးပြီးရင် ကြေးစည်ထုတဲ့လက်ခတ်ကလေးပါဗျာ။ ညာညာတာတာ လုပ်ပါဗျာ"

ဟု ဆရာဆောင်းဝင်းလတ်က ရိုရိုကလေးထရပ်ပြီး မရဲတရဲ ပြောလိုက်၏။ ထိုကြေးစည်လက်ခတ်ကလေးကို ဆရာဆောင်းဝင်းလတ်ထံမှ မရမက အနိုင်ကျင့်ပြီး ငှားလာခဲ့ခြင်း ဖြစ်၏။ ကျွန်တော်လည်း သူ့နားကို အမြန်သွားလိုက်ပြီး

"ဘယ်လိုဖြစ်တာလဲ ကိုဆောင်းရာ၊ လက်ခတ်ကလေးတစ်ခု ဘယ်လောက်ပေးရမှာမို့လို့လဲ ကျိုးပဲ့သွားလဲ ပြန်ဝယ်ပေးမှာပေါ့ဗျာ"

"ကိုအောင်ဝေးက အရမ်းကြီးထုတော့ လက်ခတ်ကလေးခမျာ တော်တော်နာရှာမှာပေါ့ဗျာ"

"ဟာ...အရေးထဲမှာ လာနုနေရသေးတယ်ဗျာ"

"ကျွန်တော်က ကြင်နာတတ်တယ်ဗျ၊ သက်မဲ့ပစ္စည်းပေမယ့် မေတ္တာထားဖို့လိုတယ် မဟုတ်လား"

သူက မေတ္တာထားဖို့ပြောနေသော်လည်း ကိုအောင်ဝေးကတော့ စ



တိတ်ခုံကို သုံးလေးချက်ခပ်ပြင်းပြင်းထုပြီး ပရိသတ်ကို ငြိမ်အောင် သတိပေးလိုက်၏။ ပြီးမှ

"ခုချိန်ကစပြီး ဆရာမင်းလူရဲ့ဝတ္ထုတိုတစ်ပုဒ်ကို လေလံတင်ပါတော့မယ်၊ ဒီဝတ္ထုတိုဟာဆိုရင် ဂန္ထဝင်နဲ့မော်ဒန်ကို ပေါင်းစပ်ထားတဲ့ ဘဝသရုပ်ဖော်မှန် မော်ဒဝင်ပုံစံသစ်နဲ့ ရေးထားတာဖြစ်ပါတယ်၊ ရှားရှားပါးပါး တစ်ခေတ်မှာတစ်ခါသာ ပေါ်နိုင်တဲ့ ဝတ္ထုဖြစ်ပါတယ်"

ကိုအောင်ဝေးကတော့ စွတ်တင်နေပြီ။ ကိုညိုပြာသည် စောစောတုန်းကလို နားစွန်နားဖျားမဖြစ်ရအောင် နားရွက်နောက်မှာ လက်ဝါးလေးကာပြီး နားစွင့်နေ၏။ ကိုအောင်ဝေးစကားဆုံးတော့ ချမ်းငြိမ်းမိုးဘက်လှည့်၍ လက်ကုတ်ပြီး

"တစ်နှစ်တစ်ခါ ပေါ်တယ်ဆိုတာ ဘယ်သူ့ကိုပြောတာလဲကွ"

ဟု မေး၏။ ချမ်းငြိမ်းမိုးက

"ဟာ...ဆရာကလဲ နားကြားက လွဲပဲလွဲနိုင်လွန်းတယ်၊ တစ်နှစ်တစ်ခါ ပေါ်တယ်လို့ ပြောတာမဟုတ်ဘူး၊ တစ်ခေတ်မှာ တစ်ခါပဲ ပေါ်တယ်လို့ ပြောတာပါ"

"အော်..ဟုတ်လား၊ ဆောရီးဆောရီး"

ချမ်းငြိမ်းမိုးခမျာ ဒီဆရာနဲ့တော့ ကြာလျှင် ခက်မည်ဆိုပြီး ခပ်လှမ်းလှမ်းသို့ နေရာရွှေ့ထိုင်လိုက်၏။

ကိုအောင်ဝေးစကားဆက်သည်။

"ခုလိုရတောင်ရခဲ့တဲ့ အခွင့်အရေးကို လက်လွှတ်မခံကြပါနဲ့၊ သူ့ထက်ငါလုယက်ခါ ဈေးပိုပေးကြပေတော့လို့ နှိုးဆော်လိုက်ပါတယ်၊ ကဲ...စပါပြီခင်ဗျာ...ကြမ်းခင်းဈေးကတော့ အခုလက်ရှိ စာနယ်ဇင်း အများစုကပေးနေကြတဲ့အတိုင်း တစ်ထောင်က စပါမယ်၊ ဘယ်သူပိုပေးမလဲ"

ပရိသတ်မလှုပ်ကြ၊ သူ့ကိုယ်ကြည့် ကိုယ့်သူကြည့်။ အကဲခတ်နေကြ၏။ ကိုအောင်ဝေးက သစ်သားတူကို နှစ်ချက်သုံးချက်ထု၍ လှန့်လိုက်ပြီး

"ကဲ... ဈေးပေးကြလေ၊ တွေဝေနေရင်တော့ အခြေအနေထူးမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ချူဆီအဖြစ် ဈေးစပေးဖို့ အတွင်းလူ ခန့်ထားသော ကိုညိုပြာကို လှမ်းကြည့်သည်။ ကိုညိုပြာမှာ နားကြားလွဲဖန်များလို့ ထွ သွားသလားမသိ။ သင်ပေးထားသလို ထမအော်ဘဲ ဟိုယောင်ယော ယောင်ယောင် လုပ်နေ၏။ ထိုစဉ်မှာပင်

"ကျွန်တော် ထောင့်တစ်ရာပေးမယ်"

ထောင့်တစ်ထောင့်မှ အသံထွက်လာ၏။ ပရိသတ်အားလုံးအသံ ကြားရာသို့ လှမ်းကြည့်လိုက်ကြ၏။ ပြီးတော့ အံ့သြသွားကြသည်။ ဈေးစပေးလိုက်သူက ဘယ်သူမှ ထင်မထားသူ တစ်ယောက် ဖြစ်နေသော ကြောင့်ပင်။ သူကား ခုတလော မဂ္ဂဇင်းစာမျက်နှာများပေါ်မှာ အရေးပြ နေသော ဆရာနိုင်ဇော်။

"နေစမ်းပါဦး၊ ခင်ဗျားမှာ ဘာမဂ္ဂဇင်းလက်ကိုင်ရှိလို့ စာမူကို လေလံ ဝင်ဆွဲရတာလဲ"

တစ်ယောက်ကလှမ်းမေးတော့ ကိုနိုင်ဇော်က သူ့ပင်ကိုဟန်အတိုင်း တိုးတိုးညင်သာဖြေ၏။

"မဂ္ဂဇင်းရှိလို့ မဟုတ်ဘူး၊ ကျွန်တော်က သူ့စာမူကို ဝယ်ပြီး သိမ်းထား မလို့"

ပြောပြီး ကျွန်တော့်ကို လှမ်းကြည့်ပြုံးပြသည်။ သူ ကျွန်တော့်ကို ထ ကူလိုက်တာပဲဟု အသိအမှတ်ပြုသောအပြုံးကို ပြန်ပြုံးပြလိုက်၏။ လောက်နဲ့ ပြီးသင့်ပါလျက် ကိုအောင်ဝေးက ထပ်ကွန့်လိုက်သည်။

"အော်..အော်..ကိုနိုင်ဇော်က ဆရာမင်းလူရဲ့ဝတ္ထုတွေကို သိပ် နှ သက်စွဲလမ်းတယ် ထင်တယ်"

"မဟုတ်ပါဘူး၊ စာဖတ်ပရိသတ်တွေကို သနားလို့ပါ"

ကိုအောင်ဝေး ဟိုက်ခနဲ ဖြစ်သွား၏။ ပရိသတ်ထဲမှ ရယ်သံအ ထွက်ပေါ်လာသည်။ ကိုအောင်ဝေးက ဣန္ဒြေပြန်ဆည်လိုက်ပြီး

"ထားပါတော့လေ၊ ဘာပဲဖြစ်ဖြစ် ထောင့်တစ်ရာပေးမယ် ဟု လား၊ ကဲ...ထောင့်တစ်ရာတဲ့ခင်ဗျ၊ ဘယ်သူထပ်တိုးပေးအုံးမလဲ"

ပြောပြီး ပရိသတ်ကို ဝေ့ကြည့်လိုက်၏။ မိုးဝေကိုသန်းအုံး မတ်တ



ခဲ့လိုက်၏။ သူက အခု စိမ်းရောင်လွှင်မဂ္ဂဇင်းကို ကိုင်နေသည်။

"အော်...ကိုသန်းအုံးပါလား၊ ဈေးဘယ်လောက် တိုးပေးမလို့လဲ"

ကိုအောင်ဝေးက အားတက်သရော မေးလိုက်၏။

ကိုသန်းအုံးက ချက်ချင်းမပြောသေးဘဲ အေးတိအေးစက် လေးတိ လေးကန် လုပ်နေ၏။ အမှန်ကတော့ ဒါက သူ့အကျင့်သူ့စရိုက်။ ဒါကို ပရိ သတ်က ပိုစိတ်ဝင်စားပြီး သူ ဘယ်လောက် တိုးပေးမလဲ သိချင်နေကြ၏။

"ပြောပါ၊ ပြောပါ အားမနာပါနဲ့"

ဟု ထပ်ပြီးတိုက်တွန်းတော့မှ

"ဈေးတိုးပေးမလို့ မဟုတ်ဘူး၊ ပြောစရာရှိလို့"

"ပြောလေ၊ ဘာလဲ"

"ခုချိန်မှာ မဂ္ဂဇင်းဂျာနယ်တွေက သိပ်များလို့ ဈေးကွက်ဝေစုခွဲယူ နေကြရတာ၊ အရမ်းကြီး ရောင်းကောင်းနေတာ မဟုတ်ဘူး။ တခြားကုန် ပစ္စည်းတွေဆိုရင် ဒစ်စကောင့်ချရောင်းတာတို့၊ ကံစမ်းမဲပေးတာတို့၊ လက် ဆောင်ထည့်ပေးတာတို့ လုပ်ပြီး ဆွဲဆောင်နေကြရတာ၊ ဒီအချိန်မှာ ခင်ဗျား ဘို့က စာမူခကိုတိုးပြီး လိုချင်တာ သဘာဝမကျဘူး"

"ဟုတ်တယ်၊ ဟုတ်တယ်"

စာနယ်ဇင်းသမားတွေဆီက အသံ

"အနုပညာကို အခြားကုန်ပစ္စည်းတွေနဲ့ မနှိုင်းယှဉ်ပါနဲ့"

စာရေးဆရာ ကဗျာဆရာအုပ်စု၏ကန့်ကွက်သံ။

တကယ်တော့ ကိုသန်းအုံးသည် ကျွန်တော်က သူ့မိန်းမခင်မြဇင်ကို ဝတ္ထုတွေထဲမှာ ထည့်ထည့်နှောက်တာရယ်၊ သူ့မဂ္ဂဇင်းအတွက် စာမူချက် ချင်းရေးမပေးနိုင်တာရယ်ကြောင့် စိတ်ခုနေဟန်တူသည်။ ဒါကြောင့် ခု ပွဲမှာ ကိုးလိုးကန့်လန့်ထလုပ်ခြင်း ဖြစ်မည်။ သူလုပ်တာနဲ့ ဈေးတိုးပေးချင် ဘဲ့လူတွေတောင် နောက်တွန့်သွားနိုင်သည်။ မဖြစ်ချေဘူးဆိုပြီး ကျွန်တော် ရုတ်တရက် ထရပ်ရင်း

"ဒီမှာဆရာကိုသန်းအုံး၊ ဟိုကိစ္စခင်မြဇင်ကို ပြန်တိုင်လို့ရမလား"

ဟု တစ်ခွန်းတည်းမေးလိုက်၏။ သူသည် ရုတ်တရက်မျက်နှာပျက်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး…

“အဲ…အဲ … ကျွန်တော်က နောက်တာပါ၊ စောစောက စကားဆို ပြန်ရုပ်သိမ်းပါတယ်”

ဟု ထစ်ထစ်ငေါ့ငေါ့ပြောရင်း ပြန်ထိုင်လိုက်၏။ တကယ်တော့ ကျွန်တော်ပြောလိုက်သော ‘ဟိုကိစ္စ’ဆိုတာ ဘာမှန်း ကိုယ့်ဘာသာတော် မသိပါ။ ယောက်ျားများအနေဖြင့် မိန်းမမသိအောင် ကျိတ်လုပ်ထားတာ တစ်ခုမဟုတ်တစ်ခုတော့ ရှိမှာပဲ ဆိုပြီး ရမ်းပစ်လိုက်ရာမှ တည့်တည့်မှန် သွားခြင်း ဖြစ်လေ၏။ (မဂ္ဂဇင်းကရတဲ့ အယ်ဒီတာလခကို လျှော့ပြောထား တာမျိုးပေါ့။)

ကိုအောင်ဝေးက အခွင့်အရေးကို လက်လွှတ်မခံဘဲ လေလံပွဲဘက် အာရုံပြန်ရောက်အောင် ပြန်ဆွဲလိုက်၏။ သူက ရယ်သွမ်းသွေးလိုက်ပြီး—

“ဟဲ…ဟဲ ကိုသန်းအုံးက တော်တော်နောက်တာပဲ၊ ကဲကဲ စောစော က တစ်ထောင့်တစ်ရာအထိ ပေးထားပြီးပါပြီ၊ ဘယ်သူထပ်တိုးအုံးမလဲ”

ကလျာမဂ္ဂဇင်းမှ ဆရာရဲခေါင်မဲမောင် ထရပ်ပြီး

“ထောင့်တစ်ရာနဲ့ အစိတ်”

“အစိတ်ထဲတော့ တိုးလို့မရဘူး၊ အနည်းဆုံး တစ်ရာပြည့်အောင် တိုးမှ လက်ခံမယ်”

“ကျွန်တော်က သိပ်တိုးပေးချင်တာမဟုတ်ဘူး၊ ဒေါ်ကလျာကြီးက ဒီလူနဲ့ဒီလူ ပိုက်ဆံလာချေးရင်တောင် ပေးရမယ့်ဟာပဲ၊ နည်းနည်းတော့ တိုးပေးလိုက်ပါလို့ မှာထားလို့ဗျာ”

“ခင်ဗျားတို့မဂ္ဂဇင်းက ဘယ်လိုလဲဗျ၊ တာဝန်ခံအယ်ဒီတာကြီးတစ် ယောက်လုံး လုပ်နေပြီး ငွေအစိတ်ပဲ သုံးခွင့်ရှိသလား”

ဟု ကျွန်တော်က မခံချင်အောင် တမင်ဆွပေးလိုက်ရသည်။ ဒီတော့မှ

“အမယ် ကျုပ်သုံးချင်ရင် ထောင်ဂဏန်းလဲ သုံးလို့ရပါတယ်ဗျ”

“ဒါဆိုလဲ ဈေးတိုးပေးလေ”

ရဲခေါင်မဲမောင်မှာ မတတ်သာတော့သဖြင့်

“ဒါဆိုလဲ ထောင့်နှစ်ရာပဲ ထားလိုက်ပါတော့”



“ဟုတ်ပြီ၊ ထောင့်နှစ်ရာ ထိပ်တန်းမဂ္ဂဇင်းကြီးလဲဖြစ် နောက်ခံအင် အားကလဲ တောင့်တင်းတဲ့ ကလျာမဂ္ဂဇင်းက ထောင့်နှစ်ရာပေးနေပါပြီ ခင်ဗျာ”

ကလျာမဂ္ဂဇင်းထက် ပိုမပေးနိုင်လျှင် ထိပ်တန်းမဂ္ဂဇင်းမဟုတ်တော့ သလိုလို အပင့်အထောင်လေး လုပ်လိုက်ခြင်း ဖြစ်၏။ သူ့စကား တာသွား သည်။ လူနှင့်အရပ် တစ်ထပ်တည်းကျသော ကိုဦးဆွေသည် ဆတ်ခနဲထ ရပ်ပြီး လက်ညှိုးထောင်လိုက်စဉ် ဘေးမှာထိုင်နေသော ဆရာဝင်းငြိမ်းက သက်ကို ဖမ်းကိုင်ပြီး ပြန်ထိုင်ခိုင်းလိုက်၏။ ပြီးမှ သူကိုယ်တိုင် ထရပ်သည်။

ကျွန်တော် ဝမ်းသာသွားသည်။ ဆရာဝင်းငြိမ်းမှာ ကျွန်တော်နှင့်ခင် ခင်သူဖြစ်သဖြင့် လူတွေ အံ့သြသွားလောက်အောင် ဈေးကို မတန်တဆ တင်းပေးလိမ့်မည်ဟု ယူဆရ၏။ ထို့ကြောင့် ကျွန်တော်က မျက်နှာချိုသွေး ရင်း

“အစ်ကိုက ဘယ်လောက်တိုးပေးမှာလဲ”

“တစ်ပြားမှ မပေးဘူး”

ဟု သူက ရုတ်တရက်ကြီးပြောလိုက်သဖြင့် အံ့သြကုန်ကြသည်။ သူက မျက်နှာထားကြီးနှင့် ကြည့်ရင်း ဆက်ပြောသည်။

“ဒီမှာဟေ့ကောင်၊ မင်းဝတ္ထုပါမှ မဂ္ဂဇင်းဖြစ်မယ်ထင်နေသလား သိပ် ကြီးကျယ်မနေနဲ့”

လင်းနိုင်ဦးက

“အချင်းချင်းတွေပဲ အစ်ကိုရာ၊ တစ်ရာလောက်တော့ တိုးပေး လိုက်ပါ”

ဟု ဖျောင်းဖျရင်း ကျွန်တော့်ဘက်တစ်ချက်ကြည့်ပြီး လက်ငါးချောင်း သိမသာ ထောင်ပြသည်။ သူ့ကို ငါးဆယ်ပွဲခပေးရမယ်ဆိုသည့်သဘော။ ကျွန်တော်ကလည်း သဘောတူကြောင်း ခေါင်းဆတ်ပြသည်။ သို့ရာတွင် ဆရာဝင်းငြိမ်းက…

“မပေးဘူး၊ ငါးကျပ်တောင် မပေးဘူး၊ လာသွားမယ်”

ဆိုပြီး ဆောင့်ကြီးအောင့်ကြီးထွက်သွားသည်။ ကိုဦးဆွေနှင့် လင်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဦးတို့လည်း ကုပ်ကုပ်ကလေး လိုက်ပါသွားကြ၏။ ဆရာဝင်းငြိမ်းသည် အပေါက်ဝရောက်မှလှည့်ပြီး "မိုးလုံးဟိန်းတဲ့ဝင်းငြိမ်းကွ" ဟု ကြုံးဝါးသွားသေးသည်။

"ကဲကဲ...ဆရာအောင်ဝေး၊ အစီအစဉ်အတိုင်းသာ ဆက်လုပ်ပါ"

ဟု ကျွန်တော်က အခြေအနေကို ထိန်းရင်း ပြောလိုက်၏။ ကိုအောင်ဝေးက

"အဟမ်း...အဟမ်း စောစောက ထောင့်နှစ်ရာထိ ပေးပြီးပါပြီ ထပ်တိုးပေးမယ့်လူ ရှိပါသလား"

ခနမဂ္ဂဇင်းမှကိုဝီလျံထရပ်ပြီး

"ထောင့်သုံးရာ"

"ခနမဂ္ဂဇင်းကြီးက ထောင့်သုံးရာပါတဲ့ခင်ဗျာ"

ထိုစဉ်မှာ ဈေးကွက်ဂျာနယ်မှ ကိုကျော်စိန်မင်း ထရပ်လိုက်၏။ ထိုသတ်အားလုံး စိတ်ဝင်စားသွားကြသည်။ ထင်ရှားသောစီးပွားရေးမဂ္ဂဇင်းကြီးနှင့် အောင်မြင်နေသော စီးပွားရေးဂျာနယ်တို့ ထိပ်တိုက်တွေ့ကြပြီ။

"ဟုတ်ကဲ့ခင်ဗျာ...ဆရာကျော်စိန်မင်းက ဘယ်လောက်တောင် ဈေးတိုးပေးမလဲ သိပါရစေ"

ကိုအောင်ဝေးက မေးလိုက်၏။ ကိုကျော်စိန်မင်းသည် သူ့ဟန်အတိုင်း ကြောင်စီစီလုပ်နေပြီးမှ

"ဟာ...မဟုတ်ဘူး မဟုတ်ဘူး၊ ကျုပ်က အိမ်သာသွားမလို့ ထရတာဗျ"

ဟုပြောပြီး ခပ်သုတ်သုတ် ထွက်သွား၏။ ကိုအောင်ဝေးလည်း ကြောင်အအ ဖြစ်သွားသည်။ ကျွန်တော်က ဝင်ထိန်းလိုက်သည်။

"ကဲကဲ...ကိုဝီလျံတို့ ခနမဂ္ဂဇင်းက ထောင့်သုံးရာပေးထားပါပြီ အဲဒါ"

ကျွန်တော်စကားမဆုံးခင် ကိုဝီလျံဘေးမှာထိုင်နေသော ကိုခင်အောင် မတ်တပ်ရပ်ပြီး

"ကျွန်တော်တို့ ခနမဂ္ဂဇင်းက ထောင့်သုံးရာပေးတယ်ဆိုရာမှာ စာမူကို နှစ်လခွဲပြီး သုံးမှာနော်"



"ဟင်...ဒါဆို တစ်လမှခြောက်ရာ့ငါးဆယ်နှုန်းပဲ ရှိတာပေါ့၊ ပိုတောင် နည်းသွားသေးတယ်၊ ဟိုအရင် ခင်ဗျားတို့တိုက်က ကျွန်တော့်စာအုပ်တွေ ထုတ်ခဲ့တာကို ထောက်ထားပါအုံးဗျာ၊ ဆရာအောင်မောင်းကျတော့ ခင်ဗျားတို့ စာမူခအများကြီးပေးတယ် မဟုတ်လား"

"သူ့စာတွေက နက်နက်နဲနဲ ရှိတာကိုး"

ကျွန်တော်တို့ အပြန်အလှန်ပြောနေတုန်း ထောင့်တစ်ထောင့်မှာ ထိုင်နေသော ဆရာမောင်သွေးသစ် ထရပ်လိုက်၏။ ကျွန်တော်က...

"အစ်ကိုအိမ်သာသွားချင်လို့လား၊ ဟိုဘက်မှာ.."

ဟု လှမ်းပြောလိုက်ရာ...သူက

"ဟာ...မဟုတ်ပါဘူးကွာ၊ မောင်ရင့်စာမူကို လေလံဆွဲမလို့ပါ၊ ကိုယ့်ဘက်က ထောင့်ငါးရာပေးမယ်ဟေ့"

နှစ်ရာကြီးများတောင်ခုန်တက်ပေးလိုက်သဖြင့် ကျွန်တော် ဝမ်းသာသွား၏။ သူက ကျွန်တော့်ကို လက်မထောင်ပြသည်။ ဒါတွင်မက လက်မ နှုတ်ခမ်းနားတေ့ပြသည်။ ဒီတော့မှ ကျွန်တော် သဘောပေါက်သည်။ သူ့ဘေးမှာထိုင်နေကြသော ဆရာဖေမြင့်၊ ဆရာကီဝီ၊ စာပေလောက ဆရာကိုမျိုးညွန့်တို့ကို ပြုံးပြုံးကြီးတွေ လုပ်နေကြတာ တွေ့ရပြန်တော့ ပိုပြီး အဓိပ္ပါယ်ပေါက်သွားသည်။ ဆရာကိုသွေးသစ်ဆိုလိုတာက ကျွန်တော့် စာမူကို သူတို့က ထောင့်ငါးရာနှင့်ဝယ်မည်။ ပြီးတော့မှ သူတို့ကို ကျွန်တော် က တစ်ဝိုင်းပြန်ပေးရမည်ဆိုသောသဘော။ ရမှာက ထောင့်ငါးရာ၊ ကုန်မှာက နှစ်ဆသုံးဆဖြစ်သွားနိုင်သည်။ ဒီအတိုင်းဆိုလျှင်တော့ မစားသာ လှ။ နောက်ထပ်ပိုပေးပြီး လေလံဆွဲမယ့်လူပေါ်ပါမှ ... ဆိုပြီး ကိုအောင်ဝေးကို မျက်ရိပ်ပြလိုက်ရ၏။

"ကဲ...ထောင့်ငါးရာတဲ့၊ ပိုပေးမယ့်လူ ရှိပါသလား"

တစ်ယောက်မှ မလှုပ်၊ တစ်ဦးဦးရအောင် ရှာရမည်။ ထို့ကြောင့်

"အဲ...ခုချိန်မှာ ဈေးက မြင့်လာပြီဆိုတော့ စည်းကမ်းချက်ကို ပြောင်းပေးပါမယ်၊ ငါးဆယ်လောက်တိုးပေးရင်လဲ ရပါတယ်၊ ဘယ်သူတိုးမလဲ၊ ငါးဆယ်ထဲပါ၊ ငါးဆယ်နော်...လက်ဖက်ရည်ဖိုးသာသာလောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်"

ကျွန်တော့်လေသံမှာ စျေးပေါင်ကျိုးချိန်မှာအော်သော သစ်သီးသည်၏ပုံစံမျိုးဖြစ်နေ၏။ ကျွန်တော်က ပရိသတ်ကြားထဲ မျက်လုံးဝေ့ပြီးရှာသည်။ ကျွန်တော်နှင့် မျက်နှာချင်းနာနေသူအချို့မှာ ခေါင်းငုံ့သူငုံ့၊ ရှေ့ကလူနှင့် ကွယ်လိုကွယ်လုပ်နေကြ၏။ ဆရာနွယ်ဦးလှိုင်သည် ထရပ်မည်ပြုသောသည်။ ဘေးမှကိုမြတ်ခိုင်က သူ့ပခုံးကို အတင်းဖိထားလိုက်၏။

မြန်မာ့ခနမဂ္ဂဇင်းမှ ဆရာကြည်နိုင် လက်ညှိုးထောင်ပြသည်။

"ပြောပါဆရာ၊ ပြောပါ"

ကျွန်တော်က အားတက်သရောမေးလိုက်၏။ သူက

"ခင်ဗျားစာမူက ဝတ္ထုလား၊ အက်ဆေးလား"

"ဝတ္ထုပါဆရာ"

"ဝတ္ထုဆိုရင်တော့ မလိုချင်ဘူး၊ အက်ဆေးဆိုရင်တော့ စဉ်းစားမယ်"

"ကဲ...ကဲ... လေလံစည်းကမ်းအတိုင်း ဝမ်နင်ခေါ်တော့လေ"

ကိုမျိုးညွန့်က လှမ်းပြောသည်။ မတတ်သာတော့သဖြင့် ကိုအောင်ဝေးက

"ထောင့်ငါးရာတစ်ကြိမ်၊ တိုးပေးမယ့်လူရှိပါသလား"

ဆရာဖေမြင့်က လက်ခါပြ၏။ ကိုအောင်ဝေးသည် ဟိုဒီကြည့်သည်။ အလားအလာ မရှိမှန်းသိသဖြင့်

"ထောင့်ငါးရာနှစ်ကြိမ်"

"ထောင့်ခြောက်ရာ"

အော်လိုက်သူမှာ အခြားလူမဟုတ်။ ကျွန်တော် ကိုယ်တိုင်ပင်ဖြစ်၏။ သူတို့ကို တစ်ဝိုင်းပေးရတာထက်စာလျှင် ကိုယ့်စာမူကိုယ့်ဘာသာပြန်ဝယ်ထားလိုက်တာကမှ သက်သာဦးမည်ဆိုပြီး ကြံမိကြံရာလုပ်လိုက်ခြင်းဖြစ်၏။

"ဟာ ဒီလို ကိုယ့်ဟာကိုယ်ပြန်လေလံဆွဲလို့ ဘယ်ရမလဲ"

ဆရာကိုဝိက ကန့်ကွက်သည်။ တခြားလူတွေလည်း

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါဆိုအစက ဘာလို့တင်နေသေးလဲ၊ ဒီလိုရှုလည်မကျနဲ့ကွ" စသည်ဖြင့် ဝိုင်းအော်ကြလေ၏။



"ကြာတယ်ဗျာ၊ ဝမ်နင် နောက်ဆုံးတစ်ကြိမ်အော်တော့"

ကိုအောင်ဝေးမှာ ချောင်းဆိုးသလိုလို၊ လည်ချောင်းရှင်းသလိုလို၊ ချွေးသုတ်သလိုလိုလုပ်ရင်း အချိန်ဆွဲနေသေးသည်။ နောက်ဆုံးမတတ်သာတော့မှ

"ထောင့်...ငါး...ရာ"

"ဟေ့နေအုံး"

အပေါက်ဝဘက်မှ လှမ်းအော်ပြီးတားလိုက်သည့် အသံကြားရသည်။ ခေါ်သူမှာ တခြားမဟုတ်။ ကျွန်ုပ်တို့၏ဆရာကြီးကွေး။ ကယ်တင်ရှင်ဆရာကြီးကြာကွေး။

"ဟာ...ဆရာကွေး"

ကျွန်တော် ဝမ်းသာအားရ လှမ်းအော်နှုတ်ဆက်လိုက်၏။ ဆရာကွေးက ကျွန်တော့် အကျပ်အတည်းကို ဖြေရှင်းပေးတော့မည်။

"ငါ နည်းနည်း နောက်ကျသွားတယ်ကွာ"

"ဟာ...ရတယ်ဆရာကွေး၊ မှီသေးတယ်၊ ခုမှ ဒုတိယအကြိမ်ပဲ ဝမ်နင်ခေါ်ရသေးတာ"

"ဟုတ်လား၊ အခု ဘယ်လောက်အများဆုံးပေးထားသလဲ"

"ထောင့်ငါးရာပါ၊ အဲဒါဆရာကွေးက..."

"အေး...ထောင့်ငါးရာထက် ပိုပေးမယ်"

ကျွန်တော်က အားတက်သရော ဗျာဗျာသလဲ မေးလိုက်၏။ ဆရာကွေးက ခပ်တည်တည်ခပ်တင်းတင်း မျက်နှာထားဖြင့် ပရိသတ်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ

"ထောင့်ငါးရာနဲ့ နားရင်းတစ်ချက်"

"ဗျာ"

ကျွန်တော်ဗျာသလို ပရိသတ်လည်း 'ဟာ'ခနဲ ဖြစ်သွား၏။

"ဟာဗျာ...ဆရာကွေးကလဲ၊ နောက်နေပြန်ပြီ"

"နောက်တာမဟုတ်ဘူးကွ၊ တကယ်အတည်ပြောတာကွ... အား

www.burmeseclassic.com

www.burmeseclassic.com



လုံးပဲ ကျုပ် သုံးကြိမ်သုံးခါ မေးမယ်"

ဆိုပြီး ပရိသတ်ဘက်လှည့်၍

"ထောင့်ငါးရာနဲ့ နားရင်းတစ်ချက် တစ်ကြိမ်၊ ထောင့်ငါးရာနဲ့နားရင်း တစ်ချက် နှစ်ကြိမ်၊ ထောင့်ငါးရာနဲ့နားရင်းတစ်ချက် သုံးကြိမ်၊ ကဲ.... မင်း စာမူကို ငါလေလံဆွဲလိုက်ပြီ၊ ဒီတော့...ဟေ့ကောင် လာစမ်း ငါ့နားကို"

"ဟာ...မလုပ်ပါနဲ့ ဆရာကွေးရာ"

"မရဘူးကွ၊ လာမလား မလာဘူးလားပြော"

ပရိသတ်ကလည်း ဆူညံဆူညံဖြစ်လာပြီး 'ဟုတ်တယ်၊ ဆရာကွေး လုပ်တာ မှန်တယ်၊ ချဘာချ' ဆိုပြီး ဝိုင်းမြှောက်ပေးကြ၏။

ဆရာကွေးကလည်း နားရင်းအုပ်ဖို့အတွက် လက်တမြှောက်မြှောက် ဟန်တပြင်ပြင်လုပ်နေ၏။ ကျွန်တော်လည်း ဘာလုပ်လို့ ဘာပြောရမှန်း မသိဖြစ်နေရာမှ တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်ပြီး

"ဟာ...နေပါအုံး...နေပါအုံး၊ ဒီလိုရှိပါတယ်၊ ကျွန်တော်နဲ့ ဆရာ အောင်ဝေးနဲ့ ကြိုတင်သဘောတူထားကြတာက လေလံပွဲကရတဲ့ စာမူ ရဲ့ အစွန်းထွက်ကို သူ့ကိုပေးမယ်လို့ ပြောထားခဲ့တာပဲ၊ ဒါကြောင့် ဆရာ ကွေးပေးမယ့် အပိုဆုကို သူ့ကိုပဲ ပေးလိုက်ပါ ဟဲဟဲ"

ပြောပြောပြေးပြေး လစ်ထွက်လာခဲ့၏။ ကိုအောင်ဝေးက

"ဟေ့လူ...ဟေ့လူ ကျုပ်ပြောတာ အဲဒီအစွန်းထွက်မျိုး မဟုတ်ဘူး ဗျာလေ ဗျာ၊ ဟာ...မပြေးနဲ့ နေအုံး..."

ဟု အလန့်တကြား လှမ်းအော်သည်။ ကျွန်တော်လုံးဝလှည့်မကြည့် တော့ဘဲ အသားကုန်ပြေးသည်။ နောက်မှာ ဘာတွေဆက်ဖြစ်ပြီး ကျန်ခဲ့ သလဲဆိုတာကိုတော့ ဆရာကြီးကွေးကိုသာ ကြုံလျှင်မေးကြည့်ကြပါတော့။

(ရုပ်ရှင်အမြုတေ၊ ၂၀၀၃)

# အော်ပရေးရှင်း ဒါယ်ရိုမော

မင်းလူ



www.burmeseclassic.com

www.burmeseclassic.com

## အော်ပရေးရှင်းအယ်ကိုဟော

ကျွန်တော်သည် စာပေသမားတွေကို ဇာတ်ကောင်လုပ်၍ ဝတ္ထုလေးတွေ ရေးပြီး ကလူကျီစယ်လေ့ရှိ၏။ တကယ့် အဖြစ်အပျက်တွေတော့ မဟုတ်။ ကျွန်တော့်ဘာသာ ပေါက်ကရ ဇာတ်လမ်းတွေဆင်ပြီး အသုံးတော်ခံစေခြင်း ဖြစ်၏။

ဒီလိုရေးရာမှာ တချို့ စာရေးဆရာတွေက အဓိကဇာတ်ဆောင်များအဖြစ် ပါဝင်ပြီး တချို့က ဇာတ်ပို့ဇာတ်ရံနေရာမှ ဖြစ်၏။ တချို့ဆိုလျှင် (ရုပ်ရှင်အခေါ်အရ) ဖြတ်လျှောက်နေရာကသာ တစ်ကွက်တလေ ပါသည်။

ဥပမာ–ဆရာမဂျူးဆိုလျှင် စာပေကြော်ငြာစတိတ်ရှိုးပွဲတော်မှာ ဝင်ပြီး မန္တဲရလိုက်ရလေခြင်းဟု ယူကြုံးမရဖြစ်ပြီး ပရိဗိမင်အားဆေး အလုံးသုံးဆယ် တစ်ခါတည်းသောက်လိုက်သည်ဆိုသော အခန်းတစ်ခန်းသာ ပါဖူးသည်။ တကယ်ဆိုလျှင် သူ့လို စာပေအဆင့်အတန်းလည်းရှိ ရောင်းအားလည်းကောင်းသော စာရေးဆရာမျိုးကို နေရာများများပေးပြီး ရေးသင့်သည်။

သူက ရုပ်ရည်လည်း မဆိုးလှ။ ဟောလီးဝုဒ်မှ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးဒမ်မီမိုးနှင့် ခပ်ဆွဆင်ဆင်ပဲ (ဆံပင်ပုံစံမျှသာ)။ တကယ်လို့များ အရုပ်ကလေးသာ နောက်ထပ်နှစ်ပေလောက် ရှည်လိုက်လျှင် ရုပ်ရှင်မင်းသမီးတောင် လုပ်လို့ရသည်။

ဘချို့လူကြီးတွေကျတော့ ဝတ္ထုထဲထည့်ရေးချင်သော်လည်း မလေးမစား လုပ်ရာ ကျမှာစိုးလို့ လက်ရှောင်ထားရသည်။ (အန်တီခင်နှင်းယုနှင့် ဒေါ်လေးမေဦးတို့ဆိုလျှင် ဇာတ်လမ်းတောင်နည်းနည်းဆင်ကြည့်ပြီးပြီ။)



တချို့ကျတော့ လူချင်း အတော်ခင်မင်နေပါလျက် သူတို့အကြောင်းရေးဘာနည်းသည်။ ဟိုလူ့ကျတော့ ပိုချစ်လို့ များများရေးတာလားဟု ...ကြသည်။ ဒီထဲမှာ ဆရာမောင်သွေးသစ်လည်း ပါသည်။ သူက

"ညီလေးရာ မင်းစဉ်းစားကြည့်ပါဦး၊ ချစ်ဦးညိုလို ချန်ပင်ဇီကို မျက်...တပ်ပေးထားတဲ့ ပုံမျိုးတောင် ခဏခဏထည့်ရေးသေးတာ၊ ကိုယ့်လို ...သွားညား လူမျိုးကို မေ့မထားသင့်ပါဘူး"

ဟုဆိုသည်။ ဟုတ်တော့လည်း ဟုတ်သည်။ အသားဖြူဖြူ ရုပ်က...နှံ့သန့်။ ကဗျာဆရာသာ မဟုတ်လျှင် ပြဇာတ်မင်းသားဖြစ်နိုင်သောရုပ်...း ဖြစ်၏။ ထို့ကြောင့် ဤဝတ္ထုတွင် နေရာများများပေးပြီး ထည့်ရေးလိုက်...သည်။

နောက်တစ်ခုကတော့ အစ်ကိုမောင်သွေးသစ်ပြောသလို ဆရာချစ်...ညိုကိစ္စ။ သူသည် ကျွန်တော့်ဝတ္ထုတွေထဲမှာ မကြာခဏပါလေ့ရှိ၏။ ဘာ...ကြောင့် သူ့ကိုချည်း ခလုတ်တိုက်နေရပါသလဲ ဆိုတော့ အကြောင်းတွေ...သည်။

ပထမအချက်က လူချင်းခင်မင်မှုဖြစ်၏။ သူက သမိုင်းနောက်ခံ၊ ...တ်သဘင်၊ ဘာသာရေး စသဖြင့် အတည်အခံ့အကြောင်းအရာတွေ ရေး...ဖြစ်၏။ ကျွန်တော်က ပေါက်ကရ အကုန်လျှောက်ရေးတာ၊ သူနှင့် ...နတော် စာရေးတဲ့လိုင်းချင်း လုံးဝ တခြားစီဖြစ်သော်လည်း လူချင်းကျ...တော့ ညီအစ်ကိုလို ခင်သည်။

သူသည် ကျွန်တော့်အစ်ကိုကြီးကိုဝတ္ထုနဲ့မှ ရှယ်တူဖြစ်သည်။ သို့ရာ...င် သူကတော့ (ငယ်ချင်နေလို့လားမသိ) ကျွန်တော်နဲ့သာ အထိအတွေ့...းသည်။ ကျွန်တော်ကလည်း ကိုယ့်အစ်ကိုကြီးအရွယ်ဖြစ်သော်လည်း ...ငယ်ချင်းပေါင်း ပေါင်းသည်။ စာကို လေးစားသော်လည်း လူကိုတော့ ...ရိုတသေ မရှိခဲ့။ ဒါက တစ်ကြောင်း။

နောက်တစ်ချက်ကတော့ သူတို့ဇနီးမောင်နှံသည် ကျွန်တော့်...ထဲမှာ ဘယ်လိုပဲ ချိုးချိုးဖွဲ့ဖွဲ့ ရေးရေး စိတ်မဆိုးကြရှာပါ။ ဒါ့အပြင်မက ...န်တော့်ဝတ္ထုတွေ ဖတ်ပြီး ငယ်မူပြန်လို့တောင် ကောင်းသေးတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျေနပ်နေကြသေးသတဲ့။ (ဆရာမောင်ခိုင်မာတို့ ဇနီးမောင်နှံလည်း ထို့အတူပဲ။)

ပြီးတော့လည်း လူချင်း အရမ်းခင်ရုံမျှမက လက်ထောက်ချတတ်သော ပန်းချီကိုကိုနိုင်တို့လို အတွင်းသူလျှိုတွေကြောင့်လည်း ရေးကွက်ချော ပိုရသည်။ သူတို့အကြောင်းရေးလျှင် ပိုပီပြင်တတ်သည်။

ထို့ကြောင့် ရှေ့ဆက်ဖတ်ရှုရမည်ဖြစ်သော ဝတ္ထုထဲမှာလည်း ကျွန်တော်၏ ချစ်လှစွာသော ကိုကြီးညိုကို ထပ်မံကျီစားလိုက်ရပြန်ပါသည်။

➤

အရက်သောက်ပြီးလျှင် တုန့်ပြန်မှုအမျိုးမျိုး ရှိ၏။

တချို့က မူးလာလျှင် သွေးဆူလာတတ်သည်။ ကြမ်းချင်ရမ်းချင်လာသည်။ ပြဿနာရှာပြီး ရန်ဖြစ်ချင်သည်။ သူများကို ရန်စလို့မရလျှင် အိမ်က မိန်းမကို အပြစ်ရှာပြီး ရိုက်ချင်နှက်ချင်သည်။ ဒီလိုလူမျိုးကို သွေးဆိုး သည်ဟု ခေါ်သည်။

တချို့က သွေးကြွလာတာတော့ မှန်သည်။ သို့ရာတွင် ကြမ်းတာရမ်းတာမဟုတ်။ အူမြူးလာတတ်တာ။ ဒီလိုလူမျိုးက မူးလာလျှင် သီချင်းအော်ဆိုသည်။ ကွေးနေအောင် က,ချင် က,တတ်သည်။

နောက်တစ်မျိုးက မူးလာလျှင် ငြိမ်ကျသွားတတ်သည်။ စကားလည်း သိပ်မပြောတော့။ ငူငူငိုင်ငိုင် တွေတွေငေးငေးကြီးလုပ်နေတတ်သည်။ တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်ပြီးနောက် ခေါင်းငိုက်စိုက် ကျသွားတတ်၏။

နောက် တစ်မျိုးကတော့ နဂိုကစကားနည်းသူတစ်ယောက်သည် မူးလာသောအခါ စကား အလွန်များလာတတ်သည်။ တစ်ဝိုင်းလုံး သူ့အသံတွေချည်း ဖြစ်နေတတ်သည်။ အရင်က လျှို့ဝှက်သိပ်သည်းခဲ့သမျှ အကုန် ပေါ်တော့သည်။

ဒီထဲမှာ ထူးခြားသော လူတစ်မျိုးလည်း ရှိသေးသည်။ အရက် မူးလာမှ ပိုပြီး သဘောကောင်းလာ၊ ပိုပြီး ယဉ်ကျေးသိမ်မွေ့လာသူမျိုး ဖြစ်၏။

မောင်သွေးသစ်သည် ထိုသူမျိုးပင် ဖြစ်လေ၏။



သူမူးလာလျှင် သူငယ်ချင်းတွေကို ဘယ်လောက်ချစ်ကြောင်း ပြောသည်။ သူ့အပေါ် စိမ်းစိမ်းကားကား ဆက်ဆံခဲ့ဖူးတာရှိလျှင် သူချစ်သလိုခဲ့ဘူးဆိုပြီး ဝမ်းနည်းပက်လက်ဖြစ်၊ မျက်ရည်တွေဘာတွေ ကျမည်။ အိမ်က မိန်းမကို ချွဲမည်၊ ချော့မည်။

အဲ၊ ခုတစ်လောမှာတော့ သူ့စိတ်တွေ ပြောင်းလဲလာသည်။ သူငယ်ချင်း ကဗျာဆရာတစ်ယောက်၏ အဖြစ်အပျက်ကြောင့်ပင် ဖြစ်သည်။ ထိုသူသည် မူးလာပြီး ရစ်နေသဖြင့် မိန်းမက သနပ်ခါးတုံးဖြင့် ထုလိုက်ရာ ခေါင်းကွဲသွားသည်။ သုံးချက်ချုပ်ရသည်။ ထိုကိစ္စသည် စာပေနယ်ထဲမှာ ပြောစမှတ်တစ်ခု ဖြစ်သွား၏။

သူက ဒါကို အားကျမိခြင်း ဖြစ်၏။ အရက်သောက်ပြီး အိမ်ပြန်တဲ့အခါ အေးအေးချမ်းချမ်း အဆင်ပြေပြေဖြစ်နေတာ သဘာဝမကျဘူးထင်လာသည်။ ဆူဆူညံညံ မရှိ၊ ပြဿနာမဖြစ်တော့ ပျင်းစရာကြီး။ နည်းနည်းပူညံပူညံဖြစ်မှ စိုစိုပြည်ပြည် ရှိမည်ဟု တွေးသည်။

ဒီလိုနဲ့ တစ်ရက်တော့ အိမ်အပြန်မိန်းမကို ပြဿနာအမျိုးမျိုးရှာပြီး ရစ်တော့သည်။ သူ့ဇနီးကလည်း ဒါမျိုး တစ်ခါမှမဖြစ်ဖူးတော့ အံ့သြနေသည်။ တကယ်မဟုတ်ဘဲ နောက်နေတာ ထင်ပြီး ပြုံးစေ့စေ့လုပ်နေ၏။ နောက်ဆုံး ဘယ်လိုမှ ကြံရာမရသောအခါ သူ့ဘာသာပဲ သနပ်ခါးတုံးခပ်သတ်လတ် တစ်တုံး သွားယူလာသည်။ ပြီးတော့...

"ရော့၊ ဒီသနပ်ခါးတုံးနဲ့ ငါ့ခေါင်းကို ရိုက်စမ်း"

ဟု ပြောလိုက်၏။ မိန်းမက...

"အို...ဘာလို့ ရိုက်ရမှာလဲ၊ နှမြောစရာကြီး၊ ဒီသနပ်ခါးတုံးက ခုချိန်သွားဝယ်ရင် အနည်းဆုံး ငါးရာလောက် ပေးရမှာ"

ဆိုပြီး ငြင်းဆန်လိုက်၏။

"ကဲ...မင်းမရိုက်ရင်လည်း ငါ့ဘာသာ ရိုက်မယ်ကွာ"

ဟု ပြောပြီး သူ့နဖူးသူ ရိုက်လိုက်၏။ ကိုယ့်ဟာကိုယ်ဆိုတော့ ခပ်ဆဆပဲ ရိုက်မိသောကြောင့် ကွဲတော့မကွဲ၊ နည်းနည်း ဖုသွားသော ရှိ၏။

သူက...

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မင်းကြောင့် ငါ့ခေါင်းက သွေးဖြိုင်ဖြိုင်ကျရပြီ၊ ဒါဟာ မင်းနဲ့ ရက်စက်မှုပြယုဂ်ပဲ"

"ဟင်...သွေးလည်း မထွက်ဘဲနဲ့ ဖုရုံဖုသွားတာ၊ အတော်ပဲ၊ ကြော် ငြာထဲမှာပါတဲ့ ဒဏ်ကြေလိမ်းဆေး ညနေကပဲ ဝယ်ထားတာ"

"တိတ်စမ်း၊ သွေးမထွက်ပေမယ့် အတွင်းကြေကြေသွားတာကွ၊ ဒါ ဟာ မင်းကြောင့်ပဲ၊ တော်ပြီ၊ မင်းမျက်နှာမြင်ရရင် ဒေါသတွေ ပေါက်ကွဲ လာလိမ့်မယ်၊ ဒါကြောင့် ငါအိမ်ပေါ်ကဆင်းမယ်"

ဟုပြောပြီး ထွက်လာခဲ့၏။ သူ့ဇနီးက မတားသည့်အပြင်...

"ရာသီဥတုက အေးတယ်၊ အနွေးထည်ယူသွားဦး"လို့တောင် သတိ ပေးလိုက်သေးတယ်။

သူသည် ကြိုတင်စိတ်ကူးထားသည့်အတိုင်း ချစ်ဦးညိုတို့ အိမ်ဘက်သို့ ထွက်လာခဲ့၏။ ဟိုရောက်လျှင် မိန်းမတွေဟာ ကောင်းကို မကောင်းဘူး ဘာညာပြော၍ ရင်ဖွင့်ရင်း သောက်မည်ဟု အားခဲထား၏။

သို့ရာတွင် ဟာသဇာတ်လမ်းတွေထဲတွင် ဖြစ်တတ်သော သဘော အတိုင်း လှေကားရင်းမှာ ငုတ်တုတ်ကလေးထိုင်နေသော ချစ်ဦးညိုကို တွေ့ လိုက်ရသည်။

"ဟင်...သူငယ်ချင်း၊ ဘယ်လိုဖြစ်တာလဲ"

"မောင်ရင်ကော ဘယ်လိုဖြစ်လာတာလဲ"

➢

ချစ်ဦးညိုရဲ့ ပြဿနာကတော့ ဒီလို။

သူသည် ခုတလော ကံဇာတာ ကောင်းနေသည်။ သူ့စာအုပ်တွေ ရောင်းကောင်းနေသည်။ သူ့စာအုပ်တွေ ရောင်းကောင်းနေရုံမျှမက နိုင်ငံ ခြားလည်း မကြာခဏ သွားရသည်။ ထိုအတောအတွင်းမှာပင် သူ၏ 'မဏိ စန္ဒာဥဒါန်း' အမည်ရှိဝတ္ထုကို မျိုးရုပ်ရှင်ထုတ်လုပ်ရေးမှရုပ်ရှင်ကားကြီး ရိုက် ကူးရန်လာဝယ်သည်။ ဇာတ်ညွှန်းကိုလည်း သူ့ကိုပင် အပ်သည်။



ထိုဇာတ်ကားတွင် မဏိစန္ဒာအဖြစ် အကယ်ဒမီ မျိုးသန္တာထွန်းက သရုပ်ဆောင်မည်ဖြစ်၏။ ဇာတ်လမ်းသဘောအရ ရင်ထဲက အချစ်ကိုနှုတ် မှ ဖွင့်ဟပြောဆိုဖို့ အခွင့်မသာသဖြင့် မျက်လုံးအကြည့်များ၊ နှုတ်ခမ်းအပြုံး များ စသော အမူအရာဖြင့်သာ ဖော်ပြသရုပ်ဆောင်ရမည့် အခန်းတွေ ပါသည်။ ဒီလို သရုပ်ဆောင်မှုမျိုးမှာ စပယ်ရှယ်လစ်ဖြစ်သော မျိုးသန္တာ ထွန်းနဲ့တော့ ကွက်တိပဲ။

ချစ်ဦးညိုကလည်း သူ့ကျွန်မခံပြီ ဇာတ်ကားကြီး၏ဇာတ်ညွှန်းကို အောင်မြင်စွာ ရေးသားခဲ့သူ ဖြစ်၏။ ခုလည်း သူပိုင်နိုင်ကျွမ်းကျင်သော အကြောင်းအရာဖြစ်သောကြောင့် နောက်တစ်ကြိမ် လက်စွမ်းပြရပေတော့ မည်။ ထို့ကြောင့် ထိုဇာတ်ကားမရိုက်ခင်ကတည်းက နာမည်ကြီးနေလေ တော့သည်။

အဲ၊ ခက်နေတာက ဒီဇာတ်ညွှန်းကြောင့်ပင် ချစ်ဦးညိုတို့လင်မယား ပြဿနာတက်ခဲ့ရခြင်း ဖြစ်၏။ သူ့လေဒီက ထိုဇာတ်ကားထဲက မဏိစန္ဒာ မင်းသမီးလေးနေရာမှာ သူကိုယ်တိုင် သရုပ်ဆောင်ချင်သည်ဟု အရေး ဆိုလာသောကြောင့်ပင် ဖြစ်လေ၏။

"ဟာ...ဘယ်ဖြစ်မလဲ၊ မဏိစန္ဒာဆိုတာ ငယ်ငယ်ချောချောလေးဟ၊ မျိုးသန္တာထွန်းနဲ့မှ လိုက်မှာပေါ့။ မင်းနဲ့ ဘယ်ဖြစ်မလဲ"

"ဒါဆိုလည်း မဏိစန္ဒာကို ဥဿာပဲချူး ဘုရင်ရဲ့သမီးတော်လို့မရေးဘဲ နှမတော်လို့ ပြောင်းရေးလိုက်ပေါ့"

"အိုကွာ၊ သမိုင်းဆိုတာ ကိုယ်ပြောင်းချင်တိုင်း ပြောင်းလို့ရတာမှ မဟုတ်ဘဲ"

"ဩော်၊ ဒါတော့ ပြောင်းလို့မရဘူး၊ ဒဿဂီရိကို မင်းသားလုပ်ပြီး ရေးတာကျတော့ ရသလား"

"ခက်ပါလားကွာ၊ ကဲကဲ၊ ဒီလိုလုပ်၊ ဒီဇာတ်ကားကတော့ အားလုံး စီစဉ်ပြီးသားမို့ မပါပါနဲ့တော့၊ တကယ်လို့ ကျွန်စစ်သားမင်းကြီးနဲ့ မြေး တော် အလောင်းစည်သူမင်းကြီးအကြောင်း ရိုက်တဲ့အခါကျရင်တော့ မင်း ကို မဏိစန္ဒာနေရာက ပါခွင့်ရအောင် ပြောပေးမယ်၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု လှည့်ပတ်နှစ်သိမ့်သော်လည်း မရ။ တကယ်တော့ လေဒီကြီးသည် ချစ်ဦးညိုကို တေးထားတာ ကြာပြီ။

ဟိုတလောက ဝင်းမင်းထွေး အိမ်လာလည်သည်။ ကမ္ဘာ့ဖလားဘောလုံးပွဲအကြောင်း ပြောရင်းက ဝင်းမင်းထွေးက အစ,ထောင်သည်။

“ကိုချစ်တို့ကတော့ စလောင်းရှိတော့အဆင်ပြေတယ်နော်၊ တိုက်ရိုက်ကြည့်လို့ ရတာပေါ့”

ဟု ပြောသည်။ ချစ်ဦးညိုတို့တိုက်က အခန်းတွေ စုပြီး စလောင်းတစ်ခု တပ်ထားသည်။

“မရဘူးဗျ၊ ကျွန်တော်တို့စလောင်းက ရှစ်ပေစလောင်းကြီး၊ ဒစ်ဂျစ်တယ်နှစ်ပေစလောင်းနဲ့မှ ကြည့်လို့ရမယ် ပြောတာပဲ”

“ဒါဆို စလောင်းအသေးနဲ့ လဲလိုက်ပါလား”

“လဲချင်တာပေါ့၊ မတတ်နိုင်သေးလို့၊ အိမ်က စလောင်းကြီးက ဒိတ်အောက်နေပြီလေ”

‘အိမ်က စလောင်းကြီး’ဆိုတာ သူ့ကိုစောင်းပြောတာပဲ ဆိုပြီး မကျေမနပ်ဖြစ်နေခဲ့တာ၊ ခုကျမှ ကီစွနှစ်ခုပေါင်းပြီး ပေါက်ကွဲတော့တာပေါ့။

ချစ်ဦးညိုသည် နားပူတော့ မခံနိုင်ဘူး၊ ဝမ်းပူတာပဲ ခံနိုင်မယ်ဆိုပြီး လေးဆယ့်နှစ်လမ်းဘက် ထွက်သွားသည်။ တစ်စိတ်လောက် မော့ပြီး ပြန်လာသောအခါ လေဒီကြီးက အိမ်တံခါး ဖွင့်မပေးတော့။ ပြန်အဝင်မခံတော့ဘဲ ‘ဥပေက္ခာဒေဝီ’လုပ်နေလိုက်လေသည်။ ထို့ကြောင့်...

➤

“သြော်၊ ဒါကြောင့် မောင်ရင်က လှေကားရင်းမှာ ဆင်းထိုင်နေရတာကိုး၊ ကိုယ်လည်း မိန်းမနဲ့ ပြဿနာ ဖြစ်ပြီး မောင်ရင့်ဆီ လာခဲ့တာ၊ ခုတော့...”

“တို့နှစ်ယောက် ဘဝတူဖြစ်နေပြီပေါ့ ကိုသွေးရ”

“ဘဝတူက အရေးမကြီးဘူး၊ ဒီည ဘယ်မှာ သွားနေကြမလဲ၊ ဒီနားမှာ ငုတ်တုတ် ထိုင်နေလို့တော့ မဖြစ်ဘူး၊ တော်ကြာ အခြေနေမှဲ့ဆိုပြီး



ခမှာင်ရိုပ်ခိုမှုနဲ့ အဆွဲခံနေရဦးမယ်”

“အဲဒါ နောက်မှစဉ်းစားမယ်၊ အခုတော့ တစ်စိတ်စီလောက် သွားတင်လိုက်ရအောင်”

‘ကောင်းသားပဲ၊ အဲ၊ ဒါပေမယ့် ဒီအချိန် ဆိုင်တွေပိတ်ရောပေါ့”

“မပူပါနဲ့၊ လေးဆယ့်နှစ်လမ်းဆိုင်တွေ ကိုယ် ပိုင်ပါတယ်”

သူတို့နှစ်ယောက် လေးဆယ့်နှစ်လမ်းဘက် ထွက်လာကြသည်။ ဆိုင်တွေက တံခါးတွေ အကုန် ပိတ်ထားကြပြီ။ ချစ်ဦးညိုက ဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်ပြီး...

“လူတိုင်းကိုတော့ ဖွင့်ပေးတာ မဟုတ်ဘူးကွ၊ စကားဝှက်နဲ့ပြောမှ ရတာ”

‘ဟု ပြောရင်း တံခါးကို သုံးချက်ခေါက်သည်။ အထဲက ‘ဘယ်သူလဲ’ ဟု ခပ်အုပ်အုပ်အသံဖြင့် မေးသည်။ ချစ်ဦးညိုက...

“ဒဿဂီရိ”

“ခေါင်းဘယ်နှလုံး ရှိသလဲ”

“တစ်ပိုင်း...”

“ဆရာချစ်လား”

“ဟုတ်တယ်၊ တစ်ပိုင်းလောက်လိုချင်လို့”

“ခုန တစ်ခေါက်တုန်းက တစ်ခါတည်းယူသွားရင် ပြီးရောဆရာရယ်”

”ခုမှ သူငယ်ချင်းရောက်လာလို့ဗျ၊ လမ်းမှာသောက်မှာနော်၊ ရေပါ တစ်ခါတည်း စပ်ပေးလိုက်”

ဆိုင်ရှင်၏ အသံကို ကြားသောအခါ မောင်သွေးသစ်သည် မှောင်ရိပ်ကျသည့်ဘက်သို့ ရွှေ့ပြီး ရပ်လိုက်၏။ ခဏအကြာမှာ ချစ်ဦးညိုသည် အသင့်စပ်ပေးထားသည့် ပုလင်းကို ယူပြီး ပြန်လှည့်လာသည်။

“ကိုသွေး ဘာကြောင့် မှောင်ကြီးထဲ သွားရပ်နေတာလဲ”

ဟု မေးတော့...

“ကိုယ် မိုးဝေမဂ္ဂဇင်းမှာ လုပ်တုန်းက ဒီဆိုင်မှာ အကြွေငါးဆယ် ပေးစရာကျန်နေတယ်ဟ၊ တော်ကြာ တွေ့သွားရင် တောင်းနေမှာ စိုးလို့”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဒီလောက်ကြာမှ ဘယ်မှတ်မိတော့မလဲ"

"ပြောလို့မရဘူးနော်၊ ဟိုတစ်လောက အစီးယားဆိုင် ရောက်တော့ နံရံမှာ မောင်ဝဏ္ဏ သုံးဆယ့်ငါးကျပ်လို့ မြေဖြူနဲ့ ရေးထားတာ တွေ့တယ် ကိုဝဏ္ဏ မသောက်တော့တာ ဆယ်နှစ်မကတော့ဘူး၊ ကြွေးစာရင်းက ခုထိ ရှိသေးတယ်"

"ဒီလိုအကြွေးမျိုးကတော့ လူတိုင်းမကင်းပါဘူးကွာ၊ ကိုယ်တော် အရင်စာရင်းနဲ့ ပေါင်းမှတ်ထားလိုက်လို့ ပြောပြီး ယူလာခဲ့တာ"

ပုလင်းကို လက်ဆင့်ကမ်းပြီး တစ်ယောက်တစ်လှည့်စီ မော့ရင်း ကမ်းနားဘက်ကို လျှောက်ခဲ့ကြသည်။

"အေးကွာ၊ ကမ်းနားရောက်တော့ ဟိုအရင်က ကိုယ်တို့ ဒလဆိပ် ကမ်းမှာ သွားသွားသောက်ကြတာ သတိရမိတယ်"

ဟု ချစ်ဦးညိုက ပြောသည်။ ထိုအခါ မောင်သွေးသစ်က...

"ဟာ...ဒလဆိုမှ သတိရပြီ၊ ဒလမှာ ကိုပြည့်ရှိတယ်၊ သူ့အိမ်သွားရ အောင်"

"ကိုအောင်ပြည့်က ယမကာနဲ့ အပစ်အခတ် ရပ်စဲထားတာ ကြာပြီ ပဲ၊ သူ့ဆီသွားလို့တော့ ခုနေခါ ကော်ဖီမစ်ပဲ သောက်ရမှာပဲ"

"မထင်နဲ့ကွ၊ ကိုပြည့်က မသောက်တော့ပေမယ့် သူ့အိမ်ကို ပန်းချီ ကိုဖေသက်နဲ့ ကိုကောင်းညွှန့်နဲ့ လာလာပြီး ကျိုကျလွန်းလို့ဆိုပြီး ဘီအီး တစ်ပုလင်း အမြဲဆောင်ထားရတယ်လို့ ပြောဖူးတယ်"

"ဒါဆိုလည်း သွားကြတာပေါ့၊ အဲ၊ ဒီအချိန် ဒလ ကူးတို့သင်္ဘော မရှိတော့ဘဲ"

"သမ္ဗာန်နဲ့သွားမှာပေါ့၊ လေတဖြူးဖြူးနဲ့ ပိုတောင် ကောင်းသေး တယ်"

ဒီလိုနဲ့ သမ္ဗာန်တစ်စင်းငှားပြီး ဒလဘက် ကူးခဲ့ကြသည်။ မြစ်ပြင် ကျယ်ကြီးထဲမှာ လေက တသုန်သုန်တိုက်နေသည်။ မြစ်လယ်ရောက်တော့ ရန်ကုန်ဘက် ပြန်ကြည့်တော့ မီးရောင်တွေ ဟိုတစ်ကွက် သည်တစ်ကွက် လင်းနေတာ တော်တော်လှသည်။ ချစ်ဦးညိုက ယမ်းနာပတ်ပျိုးသီချင်းကို



တောင် ဆိုလိုက်သေးသည်။

ထိုအခိုက်မှာပင် လေက ရုတ်တရက်ထန်လာ သည်။ ထို့နောက် မိုး သီးမိုးပေါက်တွေ ကျလာသည်။ လေရောမိုးပါ ပြင်းထန်လာသည်။ အရှေ့ အနောက် တောင်မြောက် ဘာကိုမှ မမြင်ရတော့။ သမ္ဗာန်သမား အထိန်း အသိမ်း ကျွမ်းကျင်လို့သာ နစ်မသွားခြင်း ဖြစ်၏။ အရေးထဲမှာ မောင်သွေး သစ်က...

"ဟေ့ ကိုချစ် ပုလင်းကို သေသေချာချာ ထိန်းထားနော်"

ဟု လှမ်းအော်လိုက်သေးသည်။

နာရီဝက်လောက်ကြာမှ လေရော မိုးပါ စဲသွားသည်။ ပတ်ဝန်းကျင် ပြန်လည်ကြည်လင်လာသောအခါ သမ္ဗာန်သည် ဟိုဘက်ကမ်းနှင့် ကိုက်ငါး ဆယ်အကွာမှာ ရောက်နေကြောင်း သိရ၏။ သမ္ဗာန်က မကြာခင် ကမ်းစပ် ကို ဦးတိုး ဆိုက်ကပ်မိသည်။

"ဟင် ဒလဘက်ကမ်းက ဘာမှလည်း မရှိပါလား၊ ခြုံတောတွေချည်း ပဲ၊ ဟုတ်မှဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဆရာတို့ရဲ့၊ ရေစီးနဲ့ မျောပါလာလို့ ဆိပ်ကမ်းရဲ့ အောက် ဘက်မှာ လာကပ်မိတာပါ၊ မြောက်ဘက်ကို နည်းနည်း ပြန် လျှောက်သွားရင် ရောက်ပါပြီ"

ဟု သမ္ဗာန်သမားက ပြောသည်။ သူတို့လည်း မထူးတော့ဘူး ဆိုပြီး သမ္ဗာန်ပေါ်က ဆင်းသည်။ သမ္ဗာန်က ပြန်ထွက်သွားသည်။

"ကိုသွေးရေ မြောက်ဘက်ဆိုတာ ဘယ်ဘက်လဲ"

"မှုံဝါးကြယ်ရှိတဲ့ဘက်ပေါ့"

"ဒီလောက် မိုးမှောင်ကျနေတာ မှုံဝါးကြယ် ဘယ်မှာသွားရှာရမလဲ"

"နေဦးကွ၊ ငယ်ငယ်က ဆိုခဲ့တဲ့ ကဗျာထဲမှာတော့ ဟောဒါ လက်ယာ တောင်ဘက်ပါ၊ ဟောဒါလက်ဝဲ မြောက်ဘက်ပဲလို့ ပါတယ် မဟုတ်လား၊ ဘယ်ဘက်ဟာ မြောက်ဘက်ပဲ"

"ဒါဆို သွားကြစို့"

သူတို့လည်း လက်ဝဲဘက်ကို ဦးတည်လျှောက်လာသည်။ အချမ်းပြေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ပုလင်းထဲက လက်ကျန်ကို တစ်လှည့်စီမော့လာကြတာ ခဏ တော့ ကုန်သွား၏။ ပတ်ဝန်းကျင်က မှောင်မည်းနေသည်။ ဘာကိုမှ သဲ ကွဲကွဲ မမြင်ရ။ ခြုံတွေနှင့် သစ်ပင် ငယ်ငယ်တွေကို ကွေ့ရှောင်ပြီး လျှော ရသည်။

"လမ်းမှားနေပြီလား မသိဘူး၊ ဒလဘက်ကို ဦးတည်သွားနေတာ ဆိုရင် မီးရောင်မြင်ရမှာပေါ့"

"ဒီနေ့ မီးပျက်ရက် ဖြစ်လို့ ဖြစ်မှာပေါ့"

"ကိုချစ်ရေ၊ ခုလို ပိန်းပိတ်အောင်မှောင်နေတဲ့ ကာလမျိုးမှာ ကဗျာ တစ်ပုဒ်လောက် ရွတ်လိုက်ရရင် ကောင်းမှာပဲ"

"အရေးထဲမှာကွာ"

"ကိုယ် ခံစားချင်လို့ပါ"

"ကဲ၊ ဒါဆိုလည်း ရွတ်ကွာ"

"အမလေး၊ မြွေပေါက်တယ်ဟ"

"ဟွင်း၊ နင့်ကဗျာကလဲ..."

"ကဗျာရွတ်တာ မဟုတ်ဘူး၊ တကယ့် မြွေ...မြွေ"

ဟု ရေရွတ်ရင်း မောင်သွေးသစ်မှာ ပျော့ခွေကျသွား၏။

"ဟာ...ကိုသွေး...သူငယ်ချင်း... ချင်း"

ချစ်ဦးညိုသည် အလန့်တကြားအော်ရင်း မောင်သွေးသစ်ကို ပွေ့ရ မည်ပြုစဉ် သူ့တင်ပါးဆီမှ စူးခနဲ နာကျင်သွားသဖြင့်

'ဟာ...ငါ့ကိုလည်း မြွေပေါက်...ပေါက်"

ပြောရင်း မျက်လုံးတွေ ပျာပြီး လဲကျ သတိမေ့သွားပြန်လေသည်။

➤

မောင်သွေးသစ်ပြန်သတိရလာသောအခါ အိစက်နေသော ဆိုဖာ ထိုင်ခုံ တစ်ခုပေါ်ရောက်နေကြောင်း တွေ့လိုက်ရ၏။ ဘေးကိုကြည့်တော့ လည်း ချစ်ဦးညိုသည်လည်း ကပ်လျက် ထိုင်ခုံပေါ်မှာ သတိရကာစ ကြောင် တိကြောင်တောင် ဖြစ်နေ၏။



ချစ်ဦးညိုက....

"ကိုပြည့်တို့ ဒလက တော်တော် တိုးတက်နေပြီပဲ၊ အဲယားကွန်း ဘတ်စ်တွေတောင် ဆွဲနေပြီ"

ဟု ယောင်ကန်းကန်း ပြောသည်။ မောင်သွေးသစ်က...

"မဖြစ်နိုင်ဘူး၊ ဘတ်စ်ကားဆို တို့နှစ်ယောက်တည်း ရှိပုံမလား၊ ဟင် ကိုချစ်၊ နင်ဘယ်တုန်းက အဝတ်အစားလဲ၊ ဟာ၊ ကိုယ်လည်း ဘယ် လို ဖြစ်နေတာလဲ"

သူတို့နှစ်ယောက်စလုံး မူလ အဝတ်အစားများနှင့် မဟုတ်တော့၊ ဘောင်းဘီနှင့် အင်္ကျီ တစ်ဆက်တည်းဖြစ်သော မီးခိုးပြာရောင်ဝတ်စုံများ နှင့် ဖြစ်နေသည်။အင်္ကျီရင်ဘတ်နေရာမှာတော့ မာဆာ(M.A.S.A)ဆို သော စာတန်းပါသော တံဆိပ်ကပ်ထားသည်။

"ဘာတွေ ဖြစ်ကုန်တာလဲဟ"

"နေဦး၊ ပြန်စဉ်းစား ဟုတ်ပြီ၊ ကိုယ်တို့ ဒလက ကိုပြည့်အိမ်ကိုသွား ခင်းက မြွေပေါက်ခံရပြီး သတိလစ်သွားတာ"

"မြွေပေါက် ခံရတာ ဟုတ်မယ် မထင်ဘူး"

ဆိုပြီး သူတို့ရောက်နေသော နေရာအနေအထားကို အကဲခတ်လိုက် တော့ ...

သူတို့ ရောက်ရှိနေသော အခန်းလေးမှာ ကိုးပေပတ်လည်လောက် ကျယ်သည်။ အခန်းက ခပ်ဝိုင်းဝိုင်းဖြစ်ပြီး သူတို့ထိုင်နေသော ခုံများ၏ ရှေ့မှာလေယာဉ်မောင်းခန်းလို ခလုတ်တွေ၊ မီးနီမီးဝါတွေနဲ့၊ တီဗီဖန်သား ပြင် တစ်ခုလည်း ရှိသည်။ တီဗီပေါ်မှာ အနီရောင် အစက်ကလေး တစ်စက် တရွေ့ရွေ့ သွားနေပုံ ပေါ်နေ၏။

ချစ်ဦးညိုက...

"တီဗီက ဘာတွေ လာမှန်းမသိဘူး၊ ဒီညမန်ယူနဲ့ ချဲလ်ဆီးပွဲ ရှိတယ်"

ဆိုပြီး ချယ်နယ်ပြောင်းတဲ့ ခလုတ်ကို လိုက်ရှာနေစဉ်...

"ကိုချစ်၊ လာပါဦး မြန်မြန်"

ဟု အလန့်တကြား အော်လိုက်သော မောင်သွေးသစ်အသံကို ကြား

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အနားကိုသွားပြီး သူ ညွှန်ပြရာကို ကြည့်လိုက်သည်။ ပြတင်းမှ အပိုင်းမှ တစ်ဆင့် မြင်နေရတာက အောက်ဘက်မှာ ကျန်ရစ်ခဲ့သော ကမ္ဘာလုံးကြီး။

"ဟာ...ကိုယ်တို့ အာကာသယာဉ်ထဲ ရောက်နေပါလား"

➢

အဖြစ်အပျက်ကတော့....

လွန်ခဲ့သော နှစ်ပေါင်းများစွာက ကမ္ဘာမြေကြီးမှ ပဲ့ထွက်သွားခဲ့သော ဂြိုဟ်ငယ်လေးတစ်လုံးသည် နေစကြဝဠာအတွင်း လှည့်ပတ်နေခဲ့ရာမှ ခုရက်ပိုင်းအတွင်း ကမ္ဘာနှင့် အနီးဆုံးလမ်းကြောင်းမှ ဖြတ်သွားမည် ဖြစ်၏။ ထိုဂြိုဟ်ငယ်လေးကို လေ့လာဖို့အတွက် မြန်မာနိုင်ငံ အာကာသနှင့် သိပ္ပံအသင်းကြီး (မာဆာ)မှ အာကာသယာဉ်တစ်စင်း လွှတ်တင်ဖို့ အစီအစဉ် ရှိ၏။

ထိုကိစ္စအတွက် ရွေးချယ်ထားသော အာကာသယာဉ်မှူး နှစ်ဦးမှာ လွှတ်တင်ချိန်နီးလာတော့မှ ကြောက်လန့်ပြီး ထွက်ပြေးကြသည်။ ပိုက်စိပ်တိုက် လိုက်ရှာကြရင်း မှောင်ကြီးမည်းကြီးထဲ လျှောက်သွားနေကြသော ချစ်ဦးညိုနှင့် မောင်သွေးသစ်တို့ကို တွေ့တော့ လူမှားပြီး မေ့ဆေးသေနတ်နှင့် ပစ်ဖမ်းခဲ့ကြခြင်း ဖြစ်၏။

အာကာသယာဉ်ကို အချိန် အတိအကျ လွှတ်တင်ရမည် ဖြစ်၏။ မိနစ်ပိုင်းလောက် နောက်ကျလျှင်ပင် မိုင်ထောင်နှင့်ချီ လွဲချော်သွားနိုင်သည်။ အချိန်ကလည်း အလွန် နီးကပ်နေပြီ။ နောက်ဆုံးမတတ်သာတော့သဖြင့် သူတို့နှစ်ယောက်ကိုပဲ အာကာသယာဉ်ထဲ ထည့်လွှတ်လိုက်ရခြင်း ဖြစ်လေ၏။

သူတို့နှစ်ယောက်သည် ခရီးနှင်ရင်း မြေပြင်နှင့် အဆက်အသွယ်ရပြီး ညွှန်ကြားချက်များ ရရှိသည်။ အာကာသယာဉ် ဂြိုဟ်ငယ်ပေါ်သို့ ဆင်းသက်ရေး၊ ပြန်လည်ထွက်ခွာရေးတို့အတွက် မြေပြင်စခန်းမှ ထိန်းချုပ်မောင်းနှင်ပေးမည် ဖြစ်သဖြင့် ဘာမှ စိုးရိမ်စရာမလို။ သူတို့အနေဖြင့်



ဂြိုဟ်ငယ်ပေါ်မှာ သုံးရက်တိတိ နေထိုင်ပြီး လေ့လာရမည်။ အပြန်ကျလျှင် ဂြိုဟ်ငယ်ပေါ်မှ မြေကြီးနမူနာ ယူလာရမည်၊ ရေရှိလျှင် ရေနမူနာ ယူလာရမည်။ လိုအပ်လျှင် သုံးဖို့ အောက်စီဂျင်ဘူးများနှင့် ရိက္ခာ၊ သောက်ရေသည်တို့ကို ဆယ်ရက်စာထည့်ပေးထားသည်။ သောက်ရေကိုတော့ ပိုပိုလျှံလျှံ တစ်လစာ ထည့်ပေးလိုက်သည်။

သူတို့လည်း ဗိုက်ဆာလာသဖြင့် စားသောက်စရာများ ထည့်ထားသော အအေးခန်းကြီးကို ဖွင့်ကြည့်သည်။ စားစရာများကို အဆင်သင့်ချက်ပြုတ်ပြီး ဘူးများထဲထည့်၍ အေးခဲထားသည်။ စားချင်တော့မှ မိုက်ကရိုဝေ့ဖ် မီးဖိုထဲ ထည့်ပြီး နွေးစားရုံပင်ဖြစ်၏။ ချစ်ဦးညိုက ဆိချက်ခေါက်ဆွဲ၊ မောင်သွေးသစ်က ထမင်းပေါင်းဘူးတွေ ယူပြီး နွေးထားလိုက်သည်။

"ကိုချစ်ရေ၊ ယမကာလေးများ ရှိလားလို့ ရှာကြည့်ရအောင်"

ဟု မောင်သွေးသစ်က ပြောပြီးလျှောက်ရှာသည်။ အချိုရည်ပုလင်းတွေ၊ ဘူးတွေသာ တွေ့သည်။ အရက် လုံးဝမပါ။

"ဒုက္ခပါပဲ သူငယ်ချင်းရာ၊ ဒီရက်အတွင်းမှာတော့ ဝတ်ပါပြီ"

ချစ်ဦးညိုက ညည်းညူလိုက်သည်။

➢

"မကြာခင် အချိန်အတွင်းမှာ ကိုလံဘီအီး အာကာသယာဉ်ဟာ ဂြိုဟ်ငယ်ပေါ် ဆင်းသက်တော့မှာမို့ ထိုင်ခုံပေါ်မှာထိုင်ပြီး ခါးပတ်ပတ်ထားကြပါ"

စပီကာမှ အသံထွက်ပေါ်လာသဖြင့် သူတို့လည်း ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ကြရသည်။ အာကာသယာဉ်သည် အရှိန်နှေးသွား၏။ ထို့နောက် တုန်ခါပြီး အောက်ကို တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ မြေပြင်ကို ငြိမ့်ခနဲဆောင့်မိပြီး ရပ်သွား၏။

သူတို့လည်း ခါးပတ်တွေဖြုတ်ပြီး ထရပ်လိုက်သည်။ မှန်ပေါက်မှတစ်ဆင့် အပြင်ကို ကြည့်ရှု အကဲခတ်လိုက်ပြီး အံ့သြသွားရ၏။ ဂြိုဟ်ဟုဆိုသော်လည်း သူတို့ထင်ထားသလို မြေပြင်နှင့် ကျောက်ခဲတုံးတွေချည်းရှိနေတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ကမ္ဘာမြေမှာလိုပဲ သစ်ပင်တွေ၊ လူနေအိမ်ခြေ အဆောက်အဦတွေ မြင်လိုက်ရသောကြောင့်ပင် ဖြစ်၏။ ဒါတွင်မက လူအချို့သည် သူတို့အာကာသယာဉ်အနားကို ဝိုင်းအုံလာကြ၏။ သူတို့၏ပုံသဏ္ဌာန်မှာလည်း လူသားတွေနှင့် တစ်ထေရာတည်းပင်ဖြစ်၏။ တစ်ယောက်က မှန်ပေါက်မှ ချောင်းကြည့်နေသော ချစ်ဦးညိုတို့ကို မြင်သွားပြီး ဆင်းလာခဲ့ဖို့ လက်ယပ်ခေါ်သည်။

"ခေါ်နေတယ်၊ ဆင်းကြည့်ရင် ကောင်းမယ်"

"ဟာ...ငါတို့ကို ရန်မူရင် ဘယ်လိုလုပ်မလဲ"

"ကြည့်ရတာတော့ ရန်မူမယ့်ပုံ မပေါ်ပါဘူး၊ လက်နက်တွေဘာတွေလည်း မပါဘူး၊ တကယ်လို့ ရန်မူချင်ရင်လည်း တံခါးကိုဖွက်ပြီး ဝင်လာလို့ ရတာပဲ"

"ဒါလည်း ဟုတ်တာပဲ၊ မထူးပါဘူး၊ ရင်ဆိုင်လိုက်တာ အေးပါတယ်၊ နောက်ပြီး အဆင်ပြေရင် ပုလင်းလေးဘာလေးလည်း ရှာဝယ်ရဦးမှာ မဟုတ်လား"

သူတို့လည်း အာကာသယာဉ် တံခါးကို ဖွင့်လိုက်သည်။ လူအချို့က သူတို့ကို လက်ပြနှုတ်ဆက်တာ တွေ့ရ၏။ လေ့ကားအတိုင်း သတိထားပြီး ဆင်းသွားကြသည်။ ရန်မူမယ့်ပုံတော့ မရှိ။ သူတို့ထဲက တစ်ယောက်က

"ခင်ဗျားတို့ အာကာသယာဉ် ရောင်းဖို့လား"

ဟုမေးသည်။ သူတို့ဘာပြန်ဖြေရမှန်းမသိ ဖြစ်နေ၏။ လူတစ်ယောက်က အာကာသယာဉ်၏ ကိုယ်ထည်ကို တခေါက်ခေါက် ခေါက်ကြည့်ပြီး...

"သတ္တုပြားချည်းပဲဗျ၊ ပတ်တီး လုံးဝ မရှိဘူး"

ဟု ပြောသည်။ နောက်တစ်ယောက်ကလည်း...

"ခေါင်းလည်း ရှင်းတယ်ဗျ၊ ကျွန်တော် သေသေချာချာကြည့်ပြီးပြီ ဖြတ်ဆက် မဟုတ်ဘူး"

"ကွက်ပျောက်တော့ ကွက်ပျောက်ပဲ၊ ဒါပေမယ့် ဆေးဘော်ဒီတာ ထော်တော်သန့်တယ်"

တစ်ယောက်တစ်ပေါက် ပြောနေကြ၏။ လက်စသတ်တော့ အာကာသယာဉ် ပွဲစားတန်းထဲ သွားဆင်းသက်မိတာကိုး။ ခပ်လှမ်းလှမ်းမှာလည်း အာကာသယာဉ် ဆယ့်လေးငါးစင်း ရပ်ထားတာတွေ့ရ၏။



ပထမလူက...

"အခု အာကာသယာဉ်တွေ ဈေးတက်နေတယ်ဗျ၊ ဩော်...ဒါနဲ့ ခင်ဗျားတို့ ယာဉ်က ဘာမော်ဒယ်လဲ"

ချစ်ဦးညိုက '၂၀၀၂' ဟု ယောင်ကန်းကန်း ဖြေလိုက်သည်။

"ဟာ ဒါဆိုရင် ပြဿနာမရှိဘူး၊ သိပ်မော်ဒယ်နိမ့်ရင်တော့ ဒီမှာ နယ်ဝင်လက်မခံတော့ဘူးဗျ၊ ခင်ဗျားတို့ ရောင်းရင်ပြောလေ၊ ဈေးကောင်းရမယ်၊ အလဲအထပ် လုပ်ချင်ရင်လည်း ဖြစ်တယ်"

'ကျွန်တော်တို့ ရောင်းဖို့လာတာ မဟုတ်ပါဘူး၊ လာပြီး လေ့လာတာပါ"

"ဩော်....ဩော်"

"ဒါနဲ့ တဆိတ်လောက်ဗျာ၊ စားသောက်ဆိုင် ဘယ်နားမှာ ရှိလဲ၊ ယမကာလည်း ရတဲ့ဆိုင်ပေါ့"

"ဟာ...လွယ်ပါတယ်၊ ဒီက တည့်တည့်သွားပြီး ညာဘက် ချိုးလိုက်ရင် ရောက်ပြီ၊ ဩော်၊ ဒါနဲ့ စိတ်ကူးပြောင်းသွားလို့ ဒီအာကာသယာဉ် ရောင်းမယ်ဆိုရင် ကျွန်တော့်ကို ပြောနော်၊ အပေါ်ခွင်က အောင်နိုင်နိုင်လို့ မေးရင် လူတိုင်းသိပါတယ်"

"ကျေးဇူးပဲ"

ဟု ပြောပြီး သူတို့ ထွက်လာခဲ့သည်။

"လူတွေက သဘောတော့ ကောင်းပါတယ်"

ချစ်ဦးညိုက ပြောသည်။

"ဒါနဲ့ နေဦးဟ၊ အရက် သွားဝယ်မယ်ဆိုရအောင် တို့မှာ ပိုက်ဆံမှ မပါတော့တာ၊ ပါရင်တောင် ဒီဂြိုဟ်မှာ ငါတို့ငွေက သုံးလို့မှ ရမှ မရတာပဲ"

"အေး....ဟုတ်သားပဲ"

ချစ်ဦးညိုက ပြောရင်း ဟိုဒီကြည့်လိုက်တော့ အမိန့်ရအရောင်းဆိုင်ဆိုသော ဆိုင်းဘုတ်ကို လှမ်းမြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဟုတ်ပြီ၊ ကိုယ့်လက်စွပ်ကို ဝင်ပေါင်လိုက်မယ်"

အပေါင်ဆိုင်ထဲ ဝင်လာကြသည်။ ဆိုင်ရှင်က 'ဘာကိစ္စရှိလို့ပါလဲ' ဟု မေးသည်။ ချစ်ဦးညိုက လက်စွပ်ကို ပြပြီး…

"ဒါလေး ပေါင်ချင်လို့ပါ၊ အပြတ်ဝယ်မယ်ဆိုလည်း ရောင်းမယ်" ဟု ပြောလိုက်သည်။ ဆိုင်ရှင်က ယူကြည့်ပြီး…

"ဟာ…ဒါက ရွှေလက်စွပ်ကြီးပဲ၊ ခင်ဗျားတို့က ကျုပ်ကို ငတုံးအော မှတ်ပြီး လာလိမ်တာလား"

'ဟင်…ဒါ ရွှေအစစ်ပါ ဆရာကြီးရဲ့"

"ရွှေအစစ်မို့ ပြောနေတာပေါ့ဗျ။ ဒါ ဘာမှ တန်ဖိုးမရှိဘူး၊ ရွှေအိုးရွှေ ခွက် အပေါင်းဝယ်တဲ့လူတောင် ဒီလို အသေးအဖွဲ့ကို ဝယ်မှာမဟုတ်ဘူး"

ချစ်ဦးညိုနှင့်မောင်သွေးသစ်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ဘယ်လိုလဲဟု မေးဆတ်ပြမိ၏။ ပြီးမှ မောင်သွေးသစ်က…

"ဒီလိုပါ၊ ကျွန်တော်တို့က ကမ္ဘာဂြိုဟ်က လာတဲ့ ဧည့်သည်တွေပါ။ ဒီအကြောင်းတွေ ဘာမှ မသိသေးပါဘူး၊ ခုမှ ရောက်တာပါ"

"ဩော် ဒီလိုလား၊ ကျွန်တော့်ဆိုင်မှာ ကြေးနီနဲ့ကြေးဝါပဲ အပေါင်ခံ တယ်"

မောင်သွေးသစ်က ချစ်ဦးညို နားနားကပ်ပြီး…

"ဒီဂြိုဟ်မှာ ရွှေက တန်ဖိုးမရှိဘူး၊ ကြေးကမှ အဖိုးတန်တယ်ထင် တယ်"

ဟု ခပ်တိုးတိုးပြောသည်။ ချစ်ဦးညို ခဏ တွေစဉ်းစားနေပြီးမှ…

"တစ်ခုတော့ရှိတယ်၊ ကိုယ့်လက်စွပ်က ဆယ့်လေးပဲရည်ပဲရှိတာ၊ ကြေးက နှစ်ပဲရည်လောက်တော့ ပါမှာပဲ၊ စမ်းကြည့်တာပေါ့"

ဆိုင်ရှင်ဘက်ပြန်လှည့်ပြီး

"ဆရာကြီးရာ တစ်ခုလောက် ကူညီပါ၊ ကျွန်တော့်လက်စွပ်ထဲမှာ ကြေးနည်းနည်း ပါပါတယ်၊ အဲဒါကိုပဲ တန်ဖိုးဖြတ်ယူလိုက်ပါ၊ ပေးချင် သလောက် ကြည့်ပေးပေါ့"

ဆိုင်ရှင်က လက်စွပ်ကို ယူပြီး မှတ်ကျောက်တိုက်ကြည့်သည်။ခေါင်း



ဆတ်ပြီး…

"အင်း…နည်းနည်းတော့ ပါပါတယ်၊ ကဲလေ၊ တစ်ရွက်တော့ ပေး လိုက်မယ်"

ဆိုပြီး ငွေစက္ကူတစ်ရွက်ပေး၏။ သူတို့ငွေစက္ကူက ဂျာနယ် အရွယ် လောက်ရှိသော အရွက်ကြီး ဖြစ်၏။ အပေါက်ကလေးတွေ ဖောက်ပြီး အရာပေးထားသည်။ သုံးချင်သလောက်ကို (တံဆိပ်ခေါင်းလို) ဖြဲဖြဲပြီး သုံး ရခြင်း ဖြစ်ဟန်တူ၏။

အပေါင်ဆိုင်ထဲက ထွက်လာပြီးနောက် …

"ဒီလောက်ဆို ရမ်တစ်ပုလင်းလောက်တော့ ရကောင်းပါရဲ့"

ဟုပြောပြီး စားသောက်ဆိုင်ဆီသို့ သွားကြသည်။ ဆိုင်ထဲဝင်သွားပြီး ကောင်တာရှေ့မှာ ရပ်လိုက်သည်။ ကောင်တာမှ လူက…

"ဘာအလိုရှိပါသလဲ"

"ရမ်တစ်လုံးလောက် လိုချင်လို့"

ဟိုလူက နားမလည်သလို ကြည့်နေသည်။ ဟုတ်တာပေါ့၊ သူတို့ဆီ မှာ ဘယ်လိုအရက်တွေ သောက်ကြသလဲမှ မသိတာ။ ထို့ကြောင့် …

"ဒီလိုပါ အရက်တစ်ပုလင်းလောက် ဝယ်ချင်လို့"

"ဟာဗျာ၊ ခင်ဗျားတို့ တော်တော်နောက်တဲ့လူတွေပဲ"

"ဗျာ ဘာမှားနောက်မိလို့လဲ"

'အရက်များ လာဝယ်နေရတယ်လို့ဗျာ၊ သောက်ချင်ရင် ကြိုက်သ လောက် အလကား သောက်သွား"

သူတို့ နားမလည်နိုင်ဘဲ ကြောင်တောင်တောင် ဖြစ်နေစဉ် လူတစ် ယောက်ဝင်လာပြီး ကောင်တာရှေ့က ခုံဝိုင်းမှာ ထိုင်ရင်း …

"ရေ နှစ်ပက်လောက် ပေးပါ"

ဟု ပြောလိုက်၏။ ကောင်တာမှလူက ပုလင်ထဲက ချင့်တွယ်၍ ငှဲ့ ပေးသည်။ ဟိုလူကလည်း ဖန်ခွက်ထဲက အရည်များကို နည်းနည်း မြည်း ကြည့်ပြီး ရှုံ့မဲ့ပြလိုက်သည်။

"ပြင်းလှချည်လားဗျ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်တာမှလူက ...

"ဟုတ်တယ်၊ ကျွန်တော့်ဆိုင်က အကောင်းစားရေပဲ ရောင်းတာ အရက်များများ ရောသောက်ပေါ့"

ချစ်ဦးညိုက မောင်သွေးသစ်ကို လက်ကုတ်ပြီး....

"တစ်မျိုးပဲဟ၊ ဘယ်လိုတွေလဲ မသိဘူး"

"ဘာပဲဖြစ်ဖြစ် စမ်းကြည့်ရအောင်"

ဆိုပြီး ကောင်တာဘက်လှည့်၍...

"ကျွန်တော်တို့ကိုလည်း ရေ နှစ်ပက်စီပေးပါ"

ဟု မှာလိုက်သည်။ ဖန်ခွက်များရောက်လာတော့ နည်းနည်းစီ မြည်းကြည့်ကြပြီးနောက် တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ပြုံးမိကြသည်။ ဖန်ခွက်ထဲမှာ တကယ်ပဲ ရေတွေသာ ဖြစ်၏။ အရသာလေးနည်းနည်း မသိမသာ ကွာတာလောက်ရှိ၏။ ထို့ကြောင့် သူတို့သည် ဖန်ခွက်ထဲက ရေကို တကျိုက်ကျိုက် သောက်ချလိုက်၏။

ကောင်တာမှ လူသည် အံ့သြသွား၏။

"တကယ့် ချီးတွေပါလား၊ ဒီလောက်ပြင်းတဲ့ရေကို 'နီ'ချနိုင်တယ် တစ်ချက်ကလေးတောင် အိမြွေမပျက်ဘူး၊ ဒါပေမယ့် ရင်ပူသက်သာအောင် အရက်ကလေးတော့ သောက်ပေးကြဦးဗျ"

ဆိုပြီး ဖန်ချိုင့်တစ်ခု ချပေးသည်။ အထဲက အရည်များကို ငုံ့ပြီး သောက်ကြည့်တော့ ဟာ...တော်တော်ပြင်းတဲ့ အရက်တွေပါလား"

➤

ဒီဂြိုဟ်မှာက ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ အလွန်ရှားသည်။ ထို့ကြောင့် ရေကလည်း သဘာဝအလျောက် တည်ရှိမနေနိုင်။ တကူးတကန့် ချက်လုပ်မှသာ ရရှိနိုင်သောကြောင့် ရှားပါးပစ္စည်းဖြစ်နေ၏။ ဒီကလူတွေကလည်း ဟိုက်ဒရိုဂျင်ဓာတ်ကို အလေ့အကျင့်မရှိသောကြောင့် ရေသောက်လျှင် မူး ကြသည်။ ရေကိုပက်ချင်နှင့် ဝယ်သောက်ကြသည်။

ဘာပဲဖြစ်ဖြစ် ချစ်ဦးညိုနှင့် မောင်သွေးသစ်တို့အတွက်တော့ အဆင်



ပြေနေ၏။ ညနေကျလျှင် အရက်ဘုံဘိုင်မှာ ဖြစ်စေ၊ လမ်းဘေးအရက် ဆိုင်မှာဖြစ်စေ တစ်ပုလင်း သွားထည့်ပြီး သောက်ရုံပဲ။ အမြည်းအတွက် လည်း အာကာသယာဉ်အအေးခန်းထဲမှာ စားစရာတွေအပြည့်အစုံ ရှိနေ သည်။ ဒီကြားထဲက တစ်ရက်မှာ အရက်မိုးရွာသဖြင့် အပြင်ထွက်ပြီး မိုးပေါ် မော့၍ ပါးစပ်ဟထားရုံဖြင့် လုံလောက်သွားသည်။ သူတို့မှာ အတော် စိမ့်ကျနေ၏။ မြေပြင်စခန်းက တာဝန်ပေးလိုက်သော ဂြိုဟ်ပေါ်က မြေ သားနမူနာ ယူဖို့လည်း ဘာမှခဲခဲယဉ်းယဉ်း မဟုတ်၊ မြေသားနမူနာအပြင် အရက်နမူနာတွေတောင် ငါးဂါလံဝင် ပုံးကြီးတစ်ပုံးနှင့် ထည့်ထားပြီးပြီ။ အားလုံး အဆင်ပြေနေ၏။

ပြဿနာဆိုလို့ နည်းနည်းပါးပါးသာ ရှိ၏။

တစ်ခုကတော့ သူတို့အာကာသယာဉ်ကိုယ်ထည်မှာ ကပ်ထား သော 'ကိုလမ်ဘီအီး' ဆိုသော တံဆိပ်ပြား အခိုးခံရခြင်းဖြစ်၏။ ကြေးပြား ပေါ်မှာ ထွင်းထားခြင်းဖြစ်သဖြင့် ဒီဂြိုဟ်ပေါ်မှာ အရမ်းအဖိုးတန်နေသည်။ ထို့ကြောင့် တစ်စုံတစ်ယောက်က ဖြုတ် ခိုးသွားခြင်းဖြစ်၏။ ဒါကလည်း ကိစ္စမရှိပါ။ ဒီတံဆိပ်ပြားမရှိလည်း ဖြစ်သည်။

နောက်တစ်ခုကတော့ မောင်သွေးသစ်သည် မူးလာလျှင် တရှုံ့ရှုံ့ငို တတ်ခြင်းပင် ဖြစ်၏။ ချစ်ဦးညိုက ချော့ရသည်။

"ကိုသွေးရာ၊ ဒီအရွယ်ကြီးရောက်မှ မိန်းမကို လွမ်းနေရသေးလားဟ၊ အရင်က စာပေဟောပြောပွဲ သွားရင် ဒီထက်မကတောင် ကြာသေးတာ၊ ကိုယ်ဆိုရင် မိန်းမနဲ့ဝေးဝေးမှာ နားအေးပါးအေး နေရလို့ ပျော်တောင် ပျော်သေးတယ်"

"မိန်းမကို သတိရလို့ မဟုတ်ဘူး၊ ခုလို ပေါပေါများများ သောက်နေ ရတော့ ဆရာနတ်နွယ်တို့၊ ကိုသန်းနိုင်တို့၊ ကိုသန်းအုံးတို့ကို သတိရလို့ပါ"

ချစ်ဦးညိုကလည်း မိန်းမကို သတိမရဘူးလို့သာ ပြောတယ်၊ ဒီဇာ အပြန် ဘာလက်ဆောင် ဝယ်သွားရကောင်းမလဲ စဉ်းစားနေခဲ့ခြင်းသာ ဖြစ်၏။

➤

www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာ အာကာသယာဉ် ဝယ်ရောင်းလုပ်သော အောင်နိုင်နိုင်ကလည်း မကြာခဏလာပြီး အာကာသယာဉ် ရောင်းမလားချည်း လာလာမေးနေသည်။ တစ်ခါတော့ မောင်သွေးသစ်က စိတ်ကူးရပြီး အာကာသယာဉ်မှာ ပါလာသောရေတစ်ပုလင်းကို အောင်နိုင်နိုင်အား လက်ဆောင်ပေးလိုက်သည်။

နောက်တစ်နေ့ကျတော့ အောင်နိုင်နိုင်ရောက်ရှိလာပြီး ...

“ကောင်းလိုက်တဲ့ရေဗျာ၊ ဟိုတယ်ကြီးတွေမှာ ဈေးကြီးပေး သောက်ရတဲ့ ရေစကီထက်တောင် ကောင်းသေးတယ်၊ ပြင်းလည်း ပိုပြင်းတယ်။ ရေ ဖြတ်ထားတဲ့ ကျွန်တော့်အဖေတောင် တယ်မွှေးပါလားဆိုပြီး တံတွေး မျိုချမိလို့ အမေက မျက်စောင်းထိုးသေးတယ်”

ဟု ဝမ်းသာအားရပြောသည်။

ဆက်၍...

“ဒါနဲ့ အစ်ကိုတို့ဆီမှာ အဲဒီရေမျိုး တော်တော်များများ ရှိလား”

“အသင့်အတင့်တော့ ရှိပါတယ်”

ဟု ချင့်ချင့်ချိန်ချိန် ဖြေလိုက်တော့ အောင်နိုင်နိုင်က....

“ရောင်းမလား၊ ကျွန်တော် စပ်ပေးမယ်၊ ဈေးကောင်းရစေရမယ်။ ကျွန်တော့်ကို ပွဲခမပေးနဲ့၊ တစ်ပုလင်းပဲပေး၊ ကျွန်တော့်သူငယ်ချင်း သန်းဌေးမောင် ကိုလက်ဆောင်ပေးချင်လို့၊ သူ့မိန်းမ မီးနေသည်ခက်မာကို တိုက်ချင်လို့ တဲ့”

ချစ်ဦးညိုခေါင်းထဲမှာ အကြံတစ်ခု ပေါ်လာသည်။ သူတို့ဆီမှာ သောက်ရေသန့်က တစ်လစာလောက် ပါလာသည်။ တချို့တစ်ဝက် ထုတ်ရောင်းလို့ ဘာမှပြဿနာ မရှိ။ ပြီးတော့ ဒီဂြိုဟ်မှာက ရွှေကဘာမှ တန်ဖိုးမရှိ။ ဒီတော့ ရေရောင်းလို့ရတဲ့ငွေနဲ့ ရွှေတွေ ဝယ်သွားမည်။ စိတ်ကောက်နေတဲ့ မိန်းမကို ဒါနဲ့ ချော့ရမည်။

ထို့ကြောင့် ရေတချို့ ထုတ်ရောင်းလိုက်သည်။ ပြီးတော့ ရွှေအိုးရွှေခွက် အဟောင်း ရောင်းသောဆိုင်မှာ ရွှေတွေ သွားဝယ်ထားလိုက်သည်။ ကမ္ဘာဆီသို့လည်း နောက်ထပ် နှစ်ရက်လောက် ဆက်နေဖို့ ခွင့်တောင်း



င်း ဒီက အခြေအနေကို သတင်းပို့လိုက်သည်။

နောက်တစ်နေ့ကျတော့ စားသောက်ဆိုင်က ဆိုင်ရှင်သည် သူတို့ဆီ ရောက်လာ၏။ စရောက်တဲ့နေ့က သူ့ဆိုင်မှာ ရေကို မရှို့မမဲ့ဘဲ သောက်နိုင်ခဲ့သောကိစ္စနှင့် ပတ်သက်သည်။

အကြောင်းကတော့ နာမည်ကျော် ‘ရေလုလင် ကုမ္ပဏီလီမိတက်’မှ အရောင်းမြှင့်တင်တဲ့ အနေနဲ့ ရေသောက်ပြိုင်ပွဲကြီး ကျင်းပမည်။ သူတို့နှစ်ယောက်သာ ဝင်ပြိုင်လျှင် ကြိမ်းသေနိုင်မည်ဟု သတင်းလာပေးခြင်း ဖြစ်၏။

ထို့ကြောင့် သူတို့လည်း စာရင်းပေးပြီး ဝင်ပြိုင်ကြသည်။ ပြိုင်ဘက်အများစုမှာ ရေတစ်ပုလင်းလောက် အကုန်မှာပင် လက်လျှော့ အရှုံးပေးသွားကြသည်။ သောက်လုံးကြီးသော လူအချို့သာ ကျန်သည်။ ဒီလူတွေလည်း ဒုတိယမြောက်ပုလင်း မကုန်ခင်မှာပင် ပြိုင်ပွဲမှထွက်ကြရပြန်သည်။ နောက်ဆုံး မဲမောင်ဆိုသော လူတစ်ယောက်သာ ပြိုင်ဘက်အဖြစ် ကျန်တော့သည်။ ဒီလူကတော့ အတော်သောက်နိုင်သည်။ သို့ရာတွင် သူလည်း တတိယပုလင်းတစ်ဝက်မကျိုးခင်မှာပင် ခေါင်းစိုက် ကျသွား၏။ ပုလင်းကိုတော့ လက်က မလွှတ်ဘဲ ကိုင်ထားသည်။ ဘာပဲဖြစ်ဖြစ် သူရှုံးသွားပြီ။

ချစ်ဦးညိုနှင့် မောင်သွေးသစ်တို့ကတော့ ရေတွေသာ သောက်နေရသဖြင့် ဗိုက်ကယ်ရုံကလွဲပြီး တစ်ချက်ကလေးတောင် အိန္ဒြေမပျက်။ ပုလင်းထဲက လက်ကျန်ရေဖြင့် မျက်နှာတောင် သစ်လိုက်သေးသည်။ သူတို့နှစ်ယောက် ပူးတွဲဗိုလ်စွဲသွားသည်။

ရေသောက်ပြိုင်ပွဲမှာ သူတို့နိုင်သဖြင့် ဆုအဖြစ်ရလာတာကတော့ မက်လောက်စရာမရှိ။ ကြေးဖလားကြီးတစ်လုံးသာ ဖြစ်၏။

သူတို့ကမ္ဘာသို့ ပြန်ရမည့်ရက် ရောက်လာသည်။ အားလုံးအဆင်သင့်ဖြစ်ပြီ။ ရေသောက်ပြိုင်ပွဲမှာ ဆုအဖြစ်ရခဲ့သော ကြေးဖလားကြီးကိုလည်း ရှုံးနိမ့်သွားသူ မဲမောင်ကို လက်ဆောင်အဖြစ် ပြန်ပေးလိုက်သည်။ ဖလားကြီးကို ရောင်းလိုက်လျှင် ရေအကြွေးတွေ ဆပ်နိုင်ရုံမက နောက်ထပ် တစ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်လောက် ငွေကြေး ပြည့်စုံသွားပြီ ဖြစ်သဖြင့် မဲမောင်မှာ အလွန်ပျော် သွားသည်။

အာကာသယာဉ် ထွက်ခွာဖို့ ဆယ့်ငါးမိနစ်လောက် အလိုမှာထဲ ပြဿနာ တစ်ခု ဖြစ်လာသည်။ သူတို့ အာကာသယာဉ်ပေါ်မှ ရေများကို ထုတ်ရောင်းခဲ့ကြောင်း ရဲမှ သိသွား၏။ ထို့ကြောင့် တရားမဝင် ရေခိုးသွင်းမှု၊ မှောင်ခိုထုတ်ရောင်းမှုဖြင့် အရေးယူရန် အာကာသယာဉ်ကို လာဝိုင်း ကြခြင်းပင် ဖြစ်၏။ အာကာသယာဉ်ပေါ်မှာ လက်နက်တွေ ပါကောင်း ပါနိုင်သဖြင့် အပေါ်ကိုတော့ မတက်ရဲကြသေး။

"ကိုသွေးရေ ဘယ်လိုလုပ်မလဲ"

"ကိစ္စမရှိဘူး၊ ကိုယ် ကြည့်လုပ်မယ်၊ မောင်ရင်က နာရီကိုသာ ကြည့် ပြီး သတိပေး"

ဟုပြောပြီးနောက် မောင်သွေးသစ်က အပေါက်ဝမှာ ထွက်ရပ်လိုက် သည်။ ထို့နောက် ကဗျာရှည်ကြီးတစ်ပုဒ်ကို အသံနေအသံထားနှင့် ရွတ် ဆိုလေတော့သည်။ ဝိုင်းထားသော ရဲများကလည်း ဂါထာမန္တရားတွေ ရွတ်ပြီး ဟန့်တားကာကွယ်နေသည်ဟု ထင်သောကြောင့် ရှေ့ဆက်မတိုး ရဲဘဲ ဖြစ်နေ၏။

ချစ်ဦးညိုက အာကာသယာဉ်ထွက်ခွာမည့်အချိန်ကို 'ကောင့်ဒေါင်း' လုပ်ပြီးပြနေသော နာရီကိုကြည့်၍ ငါးမိနစ်၊ သုံးမိနစ်၊ တစ်မိနစ် စသည် ဖြင့် ခပ်တိုးတိုးရေရွတ်နေရင်း ဆယ်စက္ကန့်အလိုတွင် ...

"တစ်ဆယ်၊ ကိုး၊ ရှစ်၊ ခုနစ်၊ ခြောက်၊ ငါး၊ လေး၊ သုံး၊ နှစ်၊ တစ်"

'သုည'ဟု အော်လိုက်သော အခိုက်တွင် မောင်သွေးသစ်သည်လည်း သူ့ကဗျာတွေမှာ အခဲသုံးသပ်လေ့ရှိသည့် စကားလုံးဖြစ်သော 'ညယ်'ဟု အော်ပြီး တံခါးကို အလျင်အမြန် ပိတ်လိုက်သည်။

ထိုစဉ် အာကာသယာဉ်လည်း စက်နိုးလာပြီး အပေါ်သို့ တဟုန်ထိုး တက်သွား၏။ ဒီတော့မှ သက်ပြင်းချနိုင်ကြသည်။ သို့ရာတွင် အာကာသ ယာဉ်သည် ပေတစ်ရာအမြင့်လောက် အရောက်တွင် ဆက်မတက်နိုင်ဘဲ လေထဲမှာ တုန့်ပြီး ရပ်နေပြန်သည်။



အောက်က ပစ်ခတ်လိုက်သော ကျည်ဆံတွေက သတ္တုကိုယ်ထည်ကို ဖောက်ဖောက်လာမှန်သည်။ ကမ္ဘာမြေပြင် စခန်းဆီ လှမ်းအကြောင်း ကြားပြီး အကူအညီတောင်းရသည်။ မြေပြင်စခန်းက တွက်ချက်ကြည့်ပြီး...

"မင်းတို့ အာကာသယာဉ် ရွှေလိုက်စက်ကွင်းထဲမှာ မိနေတယ်"

"ဗျာ...ဘယ်လို..."

"ဟုတ်တယ်၊ ငါတို့ကမ္ဘာမှာ သံလိုက်စက်ကွင်းဆိုတာ ရှိသလို အဲဒီ ဂြိုဟ်မှာ ရွှေလိုက်စက်ကွင်းဆိုတာ ရှိတယ်၊ မင်းတို့ အာကာသယာဉ်ပေါ် မှာ ရွှေထည်ပစ္စည်းတွေ ပါနေတယ် မဟုတ်လား၊ အဲဒါကြောင့် ရွှေလိုက် ဆွဲငင်အားကို ရုန်းမထွက်နိုင်တာ၊ ရွှေထည်တွေ အကုန်ပစ်ချလိုက်"

"ဟာ၊ နှမြောစရာကြီး"

ထိုစဉ်မှာပင် အောက်ကပစ်လိုက်သော လောင်ချာကျည်တစ်တောင့် လာမှန်သဖြင့် အာကာသယာဉ်ကြီး တုန်ခါသွားသည်။ သတ္တုကိုယ်ထည် မှာလည်း အချိုင့်ကြီးဖြစ်သွား၏။ ထို့ကြောင့် မတတ်သာတော့ဘဲ အချောင် ချောင်နှင့် ဝယ်လာသော ရွှေထည်ပစ္စည်းအားလုံးကို နှမြောတသစွာ ပစ်ချ လိုက်ရတော့သည်။

ဒီတော့မှ အာကာသယာဉ်လည်း ဝေါခနဲ ထိုးတက်သွားသည်။

ဒီနောက် အပြန်ခရီးမှာတော့ ဘာပြဿနာမှမရှိတော့။ အာကာသ ယာဉ် 'ကိုလံဘီအီး'သည် မြေပြင်သို့ ချောမောစွာ ဆင်းသက်နိုင်ခဲ့လေ သည်။ သူတို့နှစ်ယောက် အာကာသယာဉ်ပေါ်မှ ဆင်းလာသောအခါ လူ အုပ်ကြီးက သောင်းသောင်းဖျဖျ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို လူအုပ်ထဲတွင် စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ ကာတွန်း ဆရာနှင့် စာနယ်ဇင်းဆရာတွေက အများစုဖြစ်၏။ အာကာသယာဉ်ပေါ် မှာ ဂြိုဟ်ပေါ်က သယ်ယူလာခဲ့သော ယမကာတွေ ပုံးလိုက်ပါလာသည်ဟု သတင်းရခဲ့သဖြင့် ရှယ်ယာခွဲရန် လာစောင့်နေကြခြင်း ဖြစ်၏။ မောင်သွေး သစ်က ယမကာတွေကို ကြွပ်ကြွပ်အိတ်နှင့် ထည့်ပြီး ဝေပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် လူအုပ်ကြားမှ အမျိုးသမီးတစ်ယောက် တိုးဝှေ့ထွက်လာသည်။ ချစ်ဦးညို၏ အိမ်က လေဒီကြီးပင်ဖြစ်၏။ သူက ချစ်ဦးညိုဆီပြေးလာပြီး ...

"ကိုကိုချစ်... မေ့အတွက် ဘာလက်ဆောင် ပါသလဲ"

ဟု မေးသည်။ ချစ်ဦးညိုကား ဤကိစ္စမျိုးမှာ ခေသူမဟုတ်။ ဂိုဟ်ပေါ်ရှိ စတိုးဆိုင်တစ်ခုမှ ဝယ်လာခဲ့သော ရေမွှေးပုလင်းကြီးကို ထုတ်ပေးလိုက်သည်။ လေဒီကြီးက ဟန်မဆောင်နိုင်လောက်အောင် ဝမ်းသာသွား၏။ အိမ်ရောက်တဲ့အထိတောင် မစောင့်နိုင်တော့ဘဲ ရေမွှေးပုလင်းအဖုံးကို ဖွင့်ပြီး ကိုယ်ပေါ်သို့ ဖြန်းချလိုက်၏။

သူ၏ ပြုံးရွှင်နေသော မျက်နှာမှာ ရုတ်တရက်တည်သွားသည်။ နှာခေါင်းကို ရှုံ့လိုက်ပြီးနောက် မျက်လုံးကြီးပြူးထွက်လာသည်။

"ဟာ...ဘာနံ့ကြီးလဲ"

ဘေးနားကလူတွေကလည်း 'ဟင်...နံလိုက်တာ'ဟု အော်ဟစ်ရင်း နှာခေါင်းပိတ်တဲ့လူ ပိတ်၊ အော့အန်တဲ့လူ အန်၊ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်၏။

အကြောင်းကတော့ ရေကို အရက်လိုသောက်၊ အရက်ကို ရေလိုသောက်သောဂြိုဟ်၏ ပြောင်းပြန်သဘောသဘာဝအတိုင်း သူတို့ဆီက ရေမွှေးဆိုသည်မှာလည်း အနံတကာ့အနံဆိုး၊ အပုပ်တကာ့အပုပ်ဆိုး အနံ့များကို ထည့်သွင်းဖော်စပ်ထားခြင်း ဖြစ်နေတာကိုး။

လေဒီကြီးသည် မျက်နှာငယ်လေးနှင့် ဖြစ်နေသောချစ်ဦးညိုကို ဒေါသအမျက် ချောင်းချောင်းထွက်သော မျက်လုံးများနှင့် စိုက်ကြည့်နေရာမှ—

"ရှင်..ရှင် ဒါ ကျုပ်ကို လူကြားထဲမှာ သက်သက် အရှက်ခွဲတာပေါ့လေ"

ဆိုပြီး ဗိုက်ခေါက်ကို တအား ဆွဲလိမ်လိုက်ရာ ချစ်ဦးညိုမှာ "အားရှိအားရေ"ဟူ၍သာ အော်ဟစ်မြည်တမ်းနိုင်ရှာတော့လေသည်။ ။

(ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၀၃)



www.burmeseclassic.com

www.burmeseclassic.com

# စာပေကုလီထမ်းခြင်း

"ကျွန်တော်တော့ ရုပ်ရှင်မင်းသားသာ လုပ်လိုက်ချင်တော့တာ ပဲဗျာ"

ဟု မျောက်လူက ညည်းလေ့ရှိ၏။ အကြောင်းကတော့ သူသည် နာမည်လေး မတောက်တခေါက်ရသော စာရေးဆရာဖြစ်၏။ လုံးချင်း လောကမှာလည်း စောင်ရေလေး အတော်အသင့်ရှိ၏။ ဒါကလည်း ချ တော်လို့မဟုတ်။ ခုချိန်မှာ ရသစာပေကို ဖြစ်ဖြစ်မြောက်မြောက် ရေးနေသူ တွေက အင်အားနည်းပါးလာသည်။ စာဖတ်ပရိသတ်တွေကတော့ တိုးပွား လာ၏။ ထိုအခါ ကုန်ပစ္စည်းတွေ ရှားပါးပြတ်လတ်နေ တဲ့ အချိန်မျိုးမှာ ဆင်ချေးတုံးဆပ်ပြာကို ပင် တိုးဝှေ့ဝယ်ကြတဲ့ သဘောမျိုးဖြစ်သွားရတာ ပါပဲ။

နောက်တစ်ချက်ကတော့ တခြားစာရေးဆရာတွေ လေးလေးနက် နက် တည်တည်တံ့တံ့ ရေးနေချိန်မှာ သူက တောင်ရောက်မြောက်ရောက် ပေါက်တတ်ကရတွေ လျှောက်ရေးသည်။ ဒါကိုပဲ စတိုင် တစ်မျိုးထူးခြား တယ်ဆိုပြီး အားပေးမြှောက်စားခြင်း ခံရတာလည်း တစ်ကြောင်းပေါ့။

ဘာပဲဖြစ်ဖြစ် ခုလိုအခြေအနေကလေး ဖြစ်လာတော့ ဂျာနယ်၊ မဂ္ဂဇင်းတွေကလည်း စာမူတွေ ဝိုင်းတောင်းကြတော့တာပေါ့။ သာမန်အား *ဖြင့် ဆိုလျှင်တော့ ဒါဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမယ့် ကိစ္စပဲ။ ဘယ်သူ* မဆို ကိုယ့်လုပ်ငန်းအတွက် ဖောက်သည်တွေ များပြားလာလျှင် ကျေနပ် ကြရတာပဲ မဟုတ်လား။



သို့ရာတွင် ဘယ်ကိစ္စမှာမဆို ချွင်းချက်ဆိုတာက ရှိစမြဲ။ ဥပမာ ...ဟု ခေါ်ခဲ့ပြီး ဒီစကားကြီးက သိပ်ရင့်သီးတယ်ထင်လို့ အထမ်းသမား ... မြန်မာမှု ပြုခဲ့သောအလုပ်မျိုး ဆိုပါတော့။

"ကဲ…ဒီသင်္ဘောပေါ်က ကုန်ပစ္စည်းတွေအားလုံး မင်းတစ်ယောက် ...သည်း ထမ်းချဖို့ ကန်ထရိုက် ပေးလိုက်တယ်"

လို့ ပြောရင် သူဝမ်းသာမယ် ထင်သလား။ အချိန် သုံးရက်ပေးမယ် ...သော စည်းကမ်းသတ်မှတ်ချက်မျိုးပါ ပါလာလို့ကတော့ ဘာပြော ...ကောင်းမလဲ။ ထိုင်မငိုရင် ကံကောင်းပဲ။

ဒီသဘောမျိုးပါပဲ။ ဂျာနယ်မဂ္ဂဇင်းတွေက စာမူတောင်းတာခံရလို့ တစ်ခါတစ်ခါ မာန်တက်မိပေမယ့် အလျဉ်မီအောင် ရေးမပေးနိုင်သောအခါ ကိုယ့်ကိုယ်ကိုယ် 'စာပေကုလီ'ဟု သမုတ်ချင်လာသည်။

အရေးထဲမှာ သူက စာရေးနှေးသေးသည်။ ဝတ္ထုတို၊ ဆောင်းပါး၊ အက်ဆေးတစ်ပုဒ်ကို အနည်းဆုံး တစ်ပတ်တော့ ကြာသည်။ တစ်ခါတ လေများ အက်ဆေးလေးတစ်ပုဒ်ကို တွေးရင်းရေးရင်း ရက်နှစ်ဆယ် အစိတ် ကြာချင်ကြာသွားတတ်သည်။

ပြီးတော့လည်း အိမ်က ဆန်အိုး(စာအိုးမဟုတ်)ကို ဖြည့်တင်းနိုင်ရန် လုံးချင်းဝတ္ထုတွေ ရေးဖို့လည်း အချိန်ပေးရသေးသည်။ ဒီတော့ တစ်လကို ဝတ္ထုတိုတစ်ပုဒ်လောက်သာ ရေးနိုင်သည်။ ထိုအခါ သူနှင့် အယ်ဒီတာများ သည် ကားစပယ်ယာနှင့် ခရီးသည်တွေလို ဖြစ်နေတော့သည်။ ပိုက်ဆံ ပြန်အမ်းဖို့ကို စပယ်ယာက အမေ့ခံထားပေမယ့် ခရီးသည်တွေကတော့ သတိရနေကြသလိုမျိုးပေါ့။ ကားစပယ်ယာတွေလိုတော့…

"အမ်းမှာပေါ့ဗျာ၊ ငွေတစ်ဆယ်လောက်နဲ့ ဥစ္စာခြောက်နေရသလား"

ဆိုတာမျိုးတော့ ပြန်ဟောက်လို့ ဘယ်ဖြစ်ပါ့မလဲ။ ဒီတော့လည်း ...သဘောကပြောသလို ညည်းညူမိတာပါပဲ။

စဉ်းစားကြည့်လေ၊ ရုပ်ရှင်မင်းသားတွေဆိုတာ လူရှိနေရင် အလုပ် ဖြစ်သည်။ ကျန်းမာရေးကောင်းဖို့နှင့် အချိန်အခါ ရှိဖို့သာ လိုသည်။ သူတို့ သည် စာရေးဆရာတွေလို ဦးနှောက်ခြောက်လောက်အောင် စဉ်းစားပြီး

www.burmeseclassic.com

www.burmeseclassic.com



တကုပ်ကုပ်ရေးနေစရာလည်း မလို။ စာရေးဆရာက ဝတ္ထုတိုတစ်ပုဒ်ကို တစ်ပတ် လောက်ကြာအောင် ပင်ပင်ပန်းပန်း ရေးသားပြီးသောအချိန်တွင် ရုပ်ရှင်မင်းသားဗီဒီယိုတစ်ကားလောက် အေးအေးလေးရိုက်ပြီးနေပြီ။ ဒီ ကြားထဲမှာ ကြော်ငြာလေးတစ်ခုလောက်၊ ပြက္ခဒိန်လေး တစ်ခုလောက် အပြေးအလွှား ရိုက်ချင်ရိုက်ဖြစ်ဦးမှာ။ ဝင်ငွေကလည်း တစ်ရက်တစ်ရက် ကို သိန်းဂဏန်းရှိ၏။

အဆိုတော်တွေကလည်း စာရေးဆရာထက်တော့ စားသာတယ် ထင်တာပဲ။ သူတို့အနေဖြင့် သီချင်းတစ်ပုဒ်ကို ထပ်ခါထပ်ခါ ဆိုလို့ရသည်။ စတိတ်ရှိုးမှာလည်း ဒီသီချင်း။ သကြ်နမှာလည်း ဒီသီချင်း။ မင်္ဂလာဆောင် မှာလည်း ဒီသီချင်း။ တစ်ခါတလေ ပရိသတ်ပွဲတောင်းလျှင် တစ်ပွဲတည်း မှာပဲ နှစ်ကျော့သုံးကျော့ ပြန်ဆိုပြရတာ ရှိသေးသည်။

စာရေးဆရာတွေကတော့ စာနယ်ဇင်း တစ်စောင်အတွက် အသစ် တစ်ပုဒ် ထပ်ရေးရတာ။ မတော်တဆ ဝတ္ထုတစ်ပုဒ်ဟာ တစ်လတည်းမှာ မဂ္ဂဇင်းနှစ်စောင် တစ်ပြိုင်တည်း မှားယွင်းပါသွားမိလျှင်တောင် လုပ်စား တယ် အပြောခံရတာလေ။

စာရေးဆရာအနေဖြင့် ရုပ်ရှင်မင်းသားကို ကျောနိုင်တဲ့ အချက်တစ် ချက်ကိုတော့ ကြုံဖန်ပြောလို့ရတာ ရှိ၏။ မြန်မာနိုင်ငံမှာ မှတ်ပုံတင်ထား သော စာနယ်ဇင်းပေါင်း နှစ်ရာကျော်လောက် ရှိကြောင်းကြားဖူးသည်။ ဒါတောင် နှစ်လည်မဂ္ဂဇင်းတို့၊ ဘာရတုအထိမ်းအမှတ် မဂ္ဂဇင်းတို့ မပါ သေး။ နှစ်ရာပဲ ထားပါတော့။

တစ်ပတ်ကို ဝတ္ထု၊ ဆောင်းပါးတစ်ပုဒ်နှုန်း ပုံမှန်ရေးနိုင်တယ် ဆိုလျှင် တောင် ရှိသမျှ စာနယ်ဇင်းတွေအားလုံးစုံအောင် ရေးနိုင်ဖို့ ရက်သတ္တပတ် ပေါင်း နှစ်ရာကျော် ကြာလိမ့်မည်။ လေးနှစ်နီးပါးပဲ။

ကဲလေ... ဘယ်ရုပ်ရှင်မင်းသားက လေးနှစ်စာ ရက်ချိန်းပြည့်နေ ပြီလို့ ကြားဖူးသလဲ။ အဲ...ဝင်ငွေချင်းယှဉ်လျှင်တော့ စာရေးဆရာရဲ့ လေး နှစ်စာက စူပါမင်းသားရဲ့ တစ်ပတ်စာဝင်ငွေကိုတောင် မီဖို့ မလွယ်လှဘူး ပေါ့။



ဒီတော့လည်း ဂျာနယ်မဂ္ဂဇင်းတွေအတွက် စာမူတွေ အလျှဉ်မမီ အောင် ရေးမပေးနိုင်တဲ့အခါ 'ရုပ်ရှင်မင်းသားသာ လုပ်ချင်တော့တာပဲ' လို့ ညည်းညူမိတာပါပဲ။

ထိုအခါ သူ့မိန်းမက...

"မြန်မာပြည်မှာမို့ပေါ့၊ ဟောလိဝုဒ်မှာဆိုရင် ရှင် မင်းသားဖြစ်နိုင် တယ်"

ဟု အားပေးစကားပြောသည်။ ပြီးတော့....

"ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်အကြောင်း ရုပ်ရှင်ရိုက် မယ်ဆိုရင် ရှင်နဲ့ အလိုက်ဖက်ဆုံးပဲ"

ဟု ဆက်ပြောလေ၏။

➤

တစ်ရက်မှာတော့ မျောက်လူသည် ရွှေအမြုတေမဂ္ဂဇင်းနှင့် အလင်း တန်းဂျာနယ်တိုက်သို့ ရောက်ရှိသွား၏။ သူ့ကိုမြင်သောအခါ ကိုမျိုးမြင့် ညိမ်းက အံ့သြသွားဟန် တမင်တကာလုပ်ပြီး...

"အံမယ်...ထူးထူးဆန်းဆန်း ရောက်လာပါလား၊ မဂ္ဂဇင်းတိုက်ကို တော လွယ်လွယ်ကူကူ ရှာလို့ရရဲ့လား၊ လမ်းများမှားပြီး မျက်စိလည်နေ သေးလား"

ဟု ဖြောင့်လက်သီးတစ်လုံး ပစ်သွင်းလိုက်၏။ ဆိုလိုတာကတော့ သူတို့မဂ္ဂဇင်းဂျာနယ်မှာ မရေးဖြစ်တာကြာပြီဖြစ်သဖြင့် မဂ္ဂဇင်းတိုက် လိပ်စာကိုတောင် မေ့နေပြီလား၊ လာတတ်သေးရဲ့လားဟု ဖမ်းထေ့ငေါ့ လိုက်ခြင်း ဖြစ်၏။ သူ ရယ်ကြဲကြဲလုပ်လိုက်ပြီး...

"ဟဲဟဲ...ပုဂ္ဂိုလ်ကလဲဗျာ၊ ဒါနဲ့ အစ်ကိုကော ဘယ်သွားလဲ"

ဟု စကားလွှဲလိုက်သည်။ ထိုစဉ်မှာပင် ဆရာဝင်းငြိမ်းသည် ကန့်လန့် ကာကို ဆွဲဖယ်လိုက်ပြီး အတွင်းခန်းထဲမှ ထွက်လာသည်။ သူ့ကိုမြင်သော အခါ ပြုံးတုံးတုံး လုပ်သည်။ ပြီးတော့ သူ့ညီဘက်လှည့်၍...

"ဒီကောင်က ဘယ်သူလဲ၊ မင်းသူငယ်ချင်းလား၊ ငါလည်း မိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပေးပါဦးကွ"

ဟု သိသိကြီးနှင့် ဝိုက်လက်သီးတစ်လုံး လွှတ်လိုက်ပြန်သည်။ အ... ထဲမှာ ကိုလင်းနိုင်ဦးကလည်း...

"ဒီဆရာကို ကျွန်တော် မြင်ဖူးသလိုလို ရှိတယ် အစ်ကို"

ဟု စာနယ်ဇင်းသမားပီပီ 'ဖောလိုးအပ်' ဝင်လုပ်ပြန်သည်။ သူ... သည် လူကို ဝိုက်ကျော်ခြင်းလို ဝိုင်းပြီးဖွဲ့နေကြသည်။ လွှတ်လမ်းကို ... နေခိုက်မှာပင် ဆရာဝင်းငြိမ်းသည် တရုတ်ဓာတ်လမ်းတွဲထဲက လိပ်... လို ဦးခေါင်းကို ဟိုလှည့်ဒီလှည့် ဆတ်တောက်ဆတ်တောက် လုပ်နေ... တွေ့လိုက်ရ၏။ ထိုအခါ အကြံတစ်ခု ရသွားပြီး...

"အစ်ကို စာမူတွေ ဖတ်ရလွန်းလို့ ဇက်ကြောတွေတက်နေပြီ ... တယ်၊ ကျွန်တော် နှိပ်ပေးမယ်"

ဆိုပြီး ဘာမှ စကားမပြန်နိုင်ခင် အလျင်အမြန် ပြေးပြီး ပခုံးကို... ကိုင် နှိပ်နယ်ပေးလိုက်၏။ ဆရာဝင်းငြိမ်းသည် အငိုက်မိသွားပြီးမှ အ... ရုန်းကန်ပြီး ...

"ဟာ...ဟေ့ကောင်....ဟေ့ကောင်၊ စာမူမပေးချင်တာနဲ့ ငါ့ကို ... ချိုးသတ်နေတာလား၊ မင်းလုပ်တာနဲ့ အညောင်းမပြေတဲ့အပြင် အုန်းလျှံ... သလိုတောင် ဖြစ်သွားပြီ"

ဟု ရှုံ့ရှုံ့မဲ့မဲ့ပြောရင်းက သူ့ညီဘက် လှည့်လိုက်ပြီး...

"မင်းကောင်ကို လက်ဖက်ရည်ဆိုင်ကိုသာ မြန်မြန် ခေါ်သွားစမ်း... တော်တော်ရှုပ်တဲ့ကောင်"

တကယ်တော့ စာမူတောင်းခံရခြင်းမှ လွှတ်ကင်းအောင် အာရုံ... တဲ့အနေနဲ့ ကြံမိကြံရာ လုပ်လိုက်ခြင်းသာ ဖြစ်၏။ မထင်မှတ်ဘဲ ဒီနည်း... ဗျူဟာက အောင်မြင်သွားသည်။ ထိုအခါ အကြံအစည်တစ်ခုကို ရ... သည်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေကို စာမူရေးမပေးနိုင်တဲ့အခါ တ... ဝန်ဆောင်မှုတွေပေးပြီး ချွေးသိပ်ရင် ရနိုင်တယ်ဆိုသော အတွေးဝင်... ခြင်းပင် ဖြစ်၏။



သဲထိတ်ရင်ဖို မဂ္ဂဇင်းတိုက်ထဲ ဝင်သွားသောအခါ ...

"ဟာ...အတော်ပဲ၊ မောင်ရင့်အကြောင်းကို အခုပဲ ပြောနေကြတာ"

ဟု ဆရာမောင်သိန်းဆိုင်က နှုတ်ဆက်ရင်းပြောသည်။ ဆရာဆိုင်သည် အရွယ်နှင့်မလိုက်အောင် နုပျိုကျန်းမာသူ ဖြစ်၏။ ရုတ်တရက်ကြည့်လျှင် အသက်လေးဆယ်ကျော်လောက်ပဲ ထင်ရ၏။ ဆရာမောင်သွေးသစ်ကလည်း တကယ့်လူငယ်လေးအတိုင်းပဲ။ ဒီတော့ သူတို့ကို နင်းပေးနှိပ်ပေးရမလား မေးလို့မဖြစ်။ ကျန်းမာရေးဒေါင်ဒေါင်မြည်နေသူတွေ ဖြစ်၏။

"ကဲ...ဘယ်မှာလဲ၊ ပေးလေ"

ဆရာမောင်သွေးသစ်က လက်ဝါးဖြန့်ရင်း ပြောသည်။ သူက...

"စာမူတော့ မပါသေးဘူး အစ်ကိုရာ..."

ဟု ပြန်ပြောသောအခါ ဆရာနှစ်ယောက်၏ မျက်နှာများမှာ အလိုမကျသလို အနည်းငယ်တင်းမာသွား၏။ နှစ်ဦးစလုံး အသားဖြူသူများဖြစ်သောကြောင့် သူတို့မျက်နှာတွေ အိုးဘရန်ဒီရောင် သမ်းသွားတာမြင်ပြီး အားငယ်သွားရ၏။ အသက်ရော၊ ဝါရော၊ ပညာရော မယှဉ်နိုင်လောက်အောင် ကြီးမြင့်သူများ ဖြစ်သောကြောင့် သူတို့စိတ်ဆိုးမှာ ကြောက်ရ၏။ ထို့ကြောင့် ....

"စာမူမပါပေမယ့် ဒါလေးတော့ ပါပါတယ်"

ဆိုပြီး လွယ်အိတ်ထဲမှ ရမ်ပုလင်းပြားလေးကို အလျင်အမြန်ထုတ်ပြီး စားပွဲပေါ်တင်ပေးလိုက်ရသည်။ ထိုအခါကျမှ ဆရာအစ်ကိုနှစ်ယောက်၏ မျက်နှာများမှာ ဒရိုင်းဂျင်ကဲ့သို့ ပြန်လည် ကြည်လင်လာတော့သည်။ ဆရာဆိုင်က...

"အင်းပေါ့လေ၊ ကိုယ်လည်း လုံးချင်းရေးနေတဲ့လူ ဆိုတော့ ကိုယ်ချင်းစာပါတယ်၊ အရှည်ရေးနေတဲ့ အချိန်မှာ ဝတ္ထုတို ဖြတ်ကိုင်ဖို့ဆိုတာ မလွယ်လှဘူး၊ ရပါတယ်လေ၊ ရပါတယ်၊ အေးအေးဆေးဆေးပေါ့"

ဟု ဖေးဖေးမမ ပြောသည်။ ဆရာသွေးက...

"အစစ်ပဲ"

ဟု ပြောလိုက်၏။ ထိုစကားမှာ ဆရာဆိုင်၏ စကားကို ထောက်ခံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းမဟုတ်၊ ရမ်ပုလင်းကို သေသေချာချာ စစ်ဆေးကြည့်ရှုပြီးနောင် အတုမဟုတ်ကြောင်း၊ ရမ်အစစ်ဖြစ်ကြောင်း မှတ်ချက်ပေးလိုက်ခြင်းသာ ဖြစ်လေ၏။

➢

မဟေသီ ဆရာခင်မောင်မြင့်သည် အလွန်စိတ်ရှည် သည်းခံတတ်သူ အယ်ဒီတာ, ကောင်း တစ်ဦး ဖြစ်၏။ ထို့အတူ တစ်ဘက်ကလှည့်တွေးလျှင် စာမူတစ်ပုဒ်ကို မရမချင်း အပျော့ဆွဲ ဆွဲ၍ တောင်းတတ်သူဟုလည်း အဓိပ္ပါယ် ကောက်နိုင်သည်။ စာမူတောင်းတဲ့နေရာမှာတော့ တော်တော် ဖွဲ့ကောင်းသူ ဖြစ်၏။

စာအုပ်ဆိုင်တစ်ဆိုင် ဖွင့်ပွဲမှာ ဆရာခင်မောင်မြင့်နှင့် သွားဆုံ၏။ ချောင်ကျသော ထောင့်စားပွဲတစ်ခုမှာ နှစ်ယောက်တည်းသွားကျသဖြင့် ရှောင်လို့မရတော့။

"ဘယ်လိုလဲ၊ လုပ်ဦးလေ၊ မဟေသီမှာ မရေးဖြစ်တာ ကြာပြီ"

ဟု ဆရာခင်မောင်မြင့်က စကားအစပျိုးစဉ်မှာပင် သူက ရုတ်တရက် စကားကိုဖြတ်၍…

"အဲဒါ အရေးမကြီးဘူး၊ အသာထားလိုက်ပါဦး၊ ဒီမှာ အစ်ကို့ကို သူညာ တစ်လုံး ကျိန်းသေပါမယ့် ခွင်လေးတစ်ခု ပြမယ်"

ဆိုပြီး လမ်းလွှဲလိုက်ဖို့ ကြိုးစားရာ…

"ကျွန်တော် အဲဒါတွေ ဝါသနာ မပါဘူး"

" အစ်ကို ဝါသနာမပါပေမယ့် သွန်းနှင်းအိမ်တို့၊ သင်းသင်းသာတို့ ဝါသနာ ပါချင်ပါမှာပေါ့၊ သူတို့ကို ပြန်ပြလို့ ရအောင် ကြည့်သွားပါဦး"

"ဟိုဒင်းဗျာ…ဒါက"

"အစ်ကို သိပ်ကံကောင်းတယ်နော်၊ ဒီခွင်က ဆရာပွားကိုယ်တိုင် ရှာထားတာ၊ ဘယ်သူ့ကိုမှပြတာမဟုတ်ဘူး၊ ကျွန်တော့်မို့လို့ ခင်လို့မင်လို့ပေး လိုက်တာ"

ဟု ပြောပြီး အတင်းပင် တွက်ချက်ပြသည်၊ ဆရာခင်မောင်မြင့်မှာ



အားနာတတ်သူ ဖြစ်သောကြောင့် မငြင်းဆန်နိုင်တော့ဘဲ 'အင်း… ဟုတ်ပါ ဘယ်'၊ 'မှန်ပါတယ်' စသည်ဖြင့် ခေါင်းတညိတ်ညိတ်လုပ်၍ နားထောင်ရင်း 'အင်း'လိုက်နေရရှာလေသည်။

➢

အနော်ရထာလမ်းအတိုင်း လျှောက်လာရင်း ပလက်ဖောင်းပေါ်က ဈေးဆိုင်တွေကို လျှောက်ကြည့်လာခဲ့သည်။ အကြောင်းက…

ဆရာတင်ကိုအောင်ကို ဝတ္ထုတိုတစ်ပုဒ်ရေးပေးမည်ဟု ကတိခံထား တာ ခုထိရေးမပေးရသေး၊ အတော်ကြာနေပြီ။ စာမူမပေးနိုင်သေးတဲ့ အချိန်အတွင်းမှာ ပုဆိုးတစ်ထည်လက်ဆောင်ပေးပြီး နှစ်သိမ့်ထားမည်ဟု စိတ်ကူးထားသည်။

ဆိုင်ကြီးတွေမှာ ရောင်းသော ပုဆိုးအကောင်းတွေက ဈေးကြီးလို့ မဝယ်နိုင်။ လမ်းဘေး ပလက်ဖောင်းပေါ် ချရောင်းသောဆိုင်တွေမှာ ပုဆိုး အဆင်လှလှလေးတွေ ရတတ်သည်။ ရုတ်တရက်ကြည့်လျှင် အကောင်း စားလိုပဲ။ ဈေးလည်းပေါသည်။ နောက်မှ ကောင်းတာ မကောင်းတာက တော့ သူ့ကံပေါ့လေ။

ဟိုကြည့်ဒီကြည့်လျှောက်လာရာမှ တစ်နေရာတွင် ကြွေးရှင်ကို မြင် လိုက်ရသလို တုန်လှုပ်ချောက်ချားသွားသည်။ ဗိုလ်ဆွန်ပက်လမ်းထဲက ထွက်ပြီး မျက်နှာချင်းဆိုင်လျှောက်လာနေသော မြတ်ခိုင်ကို တွေ့လိုက်ရ သောကြောင့်ပင် ဖြစ်၏။

သူနှင့်မြတ်ခိုင်တို့သည် ပြောမနာဆိုမနာ၊ ဆဲမနာများ ဖြစ်ကြ၏။ မြတ်ခိုင်သည် အရင်ကတော့…

"သူငယ်ချင်း ငွေ့မဂ္ဂဇင်းအတွက် ရေးပေးဦးလေကွာ"

ဟု ချိုချိုသာသာပြောတတ်သည်။ နောက်ပိုင်း စာမူမပေးနိုင်တာ ကြာလာတဲ့ အခါကျတော့ ….

"ဟေ့ကောင်…ကြိုးကျယ်မနေနဲ့၊ ရေးမပေးချင်လည်း နေတော့"

ဟု စိတ်ကောက်ပြီး ဟောက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ခုနေခါ မြတ်နိုင်နဲ့ ပက်ပင်းမတိုးအောင် ရှောင်နေတာ အကောင်းဆုံး ဖြစ်လိမ့်မည်။ ထို့ကြောင့် တစ်ဖက်ခြမ်းပလက်ဖောင်းဘက် မှကွေ့သွားနိုင်ရန် ကားရှင်းတဲ့အခိုက်မှာ အနော်ရထာလမ်းကို အလျင်အမြန် ဖြတ်ကူးလိုက်၏။ လမ်းတစ်ဖက်ခြမ်းသို့အရောက်မှာ ရပ်ထားသော ပစ်ကပ်ကားပေါ် တက်ရန် ညွှန်ပြနေသော ယာဉ်ထိန်းရဲတစ်ဦးကို တွေ့ လိုက်ရ၏။ မျဉ်းကျားမှ လမ်းမကူးသူများကို ဖမ်းတဲ့အဖွဲ့လေ။

မျောက်လူကလည်း ပစ်ကပ်ကားပေါ် ပျော်ပျော်ကြီးပင်တက်ထိုင် လိုက်သည်။ မြတ်နိုင်၏လက်တွင်းသို့ သက်ဆင်းရတာထက်စာလျှင် ဒဏ် ငွေဆောင်လိုက်ရတာကမှ သက်သာဦးမယ် မဟုတ်လား။

➤

ပေါ်ပြူလာဂျာနယ်မှ ဆရာဟိန်းလတ်က စာမူတောင်းတဲ့အခါ သူက

"ဆရာတို့ဂျာနယ်က အောင်မြင်ကျော်ကြားပြီးသားပါ၊ စာမူမရှားပါ ဘူး"

ဟု အကြောင်းပြသည်။ ဆရာဟိန်းလတ်ကလည်း...

"လူစုံစေချင်လို့ပါဗျ"

ဟု ပြန်ဆိုတတ်၏။

တစ်ရက်မှာတော့ လက်ဖက်ရည်ဆိုင် ထိုင်နေတုန်း ဆရာဟိန်းလတ် နှင့် ပက်ပင်းသွားတိုးသည်။

"ဘယ်လိုလဲ၊ ဟိုဒင်း..."

ဟု ဆရာဟိန်းလတ်က စာမူအကြောင်း စကားစမည်ဟု ပြင်လိုက် စဉ်မှာပင်...

"ဟာ...ဆရာနဲ့တွေ့တာ အတော်ပဲ၊ ကျွန်တော့်လက္ခဏာလေး စစ် ဆေးပေးပါဦးဆရာ"

ဆိုပြီး လက်ဖဝါးကို အလျင်အမြန် ဖြန့်ပေးလိုက်၏။

ဆရာဟိန်းလတ်သည်ဗေဒင်၊လက္ခဏာ၊ ဂမ္ဘီရပညာကို လေ့လာလိုက်



စားနေသည်။ အတော်လည်း ပေါက်မြောက်အောင်မြင်နေပြီ။ ဟောတာ တွေ တော်တော်မှန်သည်ဟု နာမည်ကြီးနေသည်။ ထို့ကြောင့် လက္ခဏာ ကို ကြည့်ခိုင်းလိုက်လျှင် ဒီဘက်အာရုံရောက်ပြီး စာမူတောင်းဖို့ကိစ္စမေ့သွား နိုင်သည်ဟု တွက်သည်။ ဟုတ်လည်း ဟုတ်သည်။

ဆရာသည် လက်ဝါးပြင်ကို စိတ်ဝင်စားစွာ ကြည့်လိုက်ပြီး...

"မောင်ရင့်လက္ခဏာက ပေါက်ကရ စိတ်ကူးလေးတွေ ဖေါက်ဖေါက် လာတာကလွဲရင် ကောင်းပါတယ်၊ တနင်္ဂနွေဂြိုဟ်ခုံရယ်၊ ကြာသပတေး ဂြိုဟ်ခုံရယ်၊ အင်္ဂါလွင်ပြင်ရယ်၊ အနေအထားတွေအရဆိုရင် အနုပညာ လုပ်ငန်းနဲ့ အကျိုးပေးမယ်၊ အထူးသဖြင့် စာပေဘက်မှာ အောင်မြင်လိမ့် မယ်"

"မှန်လိုက်တာဆရာရယ်"

"မှန်ရမယ်လေ၊ ကိုင်ရိုနည်းနဲ့ ဟောတာပဲ"

"သြော် ဆရာက လက္ခဏာပညာကို အီဂျစ်အထိသွားသင်ခဲ့တာကိုး၊ ဘဂ္ဂဒက်တို့၊ တီဟီရန်တို့ကော ရောက်ခဲ့သေးလား"

'ဟာ...ကိုင်ရိုဆိုတာ ကမ္ဘာကျော်လက္ခဏာဆရာကြီးရဲ့ နာမည်ပါဗျ၊ အီဂျစ်က မြို့တော်ကိုင်ရိုကို ပြောတာ မဟုတ်ဘူး"

"သြော်..သြော်...ဒီလိုလား"

"နေဦးဗျ၊ မောင်ရင့်ကို အင်္ဂဝိဇ္ဇာနည်းနဲ့ ထပ်ဟောဦးမယ်"

"ဖုန်းငွေဆိုတာ ဘုန်းဝေရဲ့ညီကို ပြောတာလား၊ ဆရာဘုန်းဝေက တော့ ကျွန်တော်နဲ့ ခင်ပါတယ်"

"လုပ်ပြန်ပြီ၊ အင်္ဂဝိဇ္ဇာဆိုတာ အင်မတန် ထူးခြားတဲ့ ပညာရပ်တစ်ခု ဗျ"

"ဟုတ်လား၊ ဟောပါဦး ဆရာ"

"အင်္ဂဝိဇ္ဇာသဘောအရဆိုရင်တော့ မောင်ရင်လွယ်အိတ်လွယ်ထား ပုံကို ကြည့်ရင် ခုရက်ပိုင်းအတွင်းမှာ စာမူတစ်ပုဒ်ကို အကောင်းဆုံးဖြစ် အောင် ကြိုးစားပြီး ရေးတော့မယ်လို့ ကောက်ချက်ချနိုင်တယ်"

ဒုက္ခပဲ အဖျားတော့ခတ်လာပြီဟု တွေးနေတုန်း ဆရာဟိန်းလတ်

www.burmeseclassic.com

www.burmeseclassic.com



က ဟောက်ိန်းကို ဆက်သည်။

"ပရိသတ်နှစ်သက်အားပေးစေချင်တယ်ဆိုရင်တော့ အဲဒီစာရေး ကြာသပတေးနံနဲ့ စတဲ့ ဂျာနယ်ကို ပို့ရမယ်"

ဟိုက်၊ လူလည်ကြီး။ လက္ခဏာဟောသလိုလိုနဲ့ ကိုယ့်ဘက်ကိုဆွဲ ယက်နေတာပါလား။ ဆရာသည် အောင်မြင်ခဲ့ညားစွာ ပြုံးလိုက်သည်။ မတတ်သာတော့သဖြင့်...

"ဟဲ...ဟဲ... ကြာသပတေးနံဆိုတာ ပလေးဘွိုင်မဂ္ဂဇင်းကို ပြောတာ မဟုတ်လား"

ဟုပြောပြီး အလျှင်အမြန်ထ၍ လစ်ပြေးရသည်။ ဆရာဟိန်းလတ်မှာ

"ဟာ...မဟုတ်ဘူးလေ၊ ဟိုဒင်း...ပေါ်...ပေါ်..."

တစ်ဝက်တစ်ပျက်ပြောရင်း ကျန်ရစ်ခဲ့ရှာ၏။

➢

ခနမဂ္ဂဇင်းတိုက်ထဲသို့ ဝင်လိုက်သောအခါ ဆရာမောင်မိုးသူက...

"အံမယ် ဟော့ကောင်၊ ထူးထူးခြားခြား ရောက်လာတာဆိုတော့ ဧကန္တ စာမူလာပေးတာ ထင်တယ်၊ ဟုတ်လား"

"မဟုတ်ပါဘူးအစ်ကိုရာ၊ ကျွန်တော် စိတ်ကူးတစ်ခု ရလို့ပါ"

"ပြောစမ်းကွာ၊ ဘာတုံး"

"စာမူရေးပေးမယ့်အစား သီချင်းတစ်ပုဒ် ဆိုပြမယ်လေ"

ဒီစကားကြားတာနဲ့ တစ်ပြိုင်နက် ကိုဝေလျှံက...

"ကိုစိုးသိဏ်းနဲ့ ချိန်းထားတာ မေ့နေတယ်"

ကိုသိန်းက..

"စိစစ်ရေးသွားရဦးမယ်၊ အဖုံးကျလောက်ပြီ ထင်တယ်"

ကိုခင်အောင်က...

"ကွန်ပျူတာ အခြေအနေသွားကြည့်ဦးမှပဲ"

ဆိုပြီး အသီးသီး ရှောင်ပြေးကုန်ကြ၏။ ဆရာမောင်မိုးသူကတော့ ခြေထောက်နည်းနည်းနာနေသဖြင့် ရုတ်တရက် မထနိုင်ဘဲ ဖြစ်နေသည်။



"အစ်ကိုကြိုက်တဲ့ စစ်ကိုင်းတောင်သီချင်း ဆိုပြမယ်"

ဆရာမိုးက လက်ကာပြဖို့ ကြိုးစားနေစဉ်မှာပင် သီချင်းကို စ၍ဆို လိုက်သည်။

"ပုညခင်...ပုညခင် စေတီအပါး၊ စစ်ကိုင်းတောင် အထက်နား ဆီက..."

ဆရာမိုး အလန့်တကြား ထပြီး တားမြစ်လိုက်သည်။

"ဟော့ကောင်..ဟော့ကောင် တော်တော့၊ ဘယ့်နှယ်ကွာ...၊ အသံက လည်း ကြောင်အော်သလို အသံနဲ့၊ ပြီးတော့ စကတည်းက တလွဲတချော်၊ ပုညခင် မဟုတ်ဘူး၊ ပုညရှင်ပါကွ"

"ဆောရီး၊ ဆောရီး...ပြန်ဆိုပြပါမယ်...အဟမ်း..."

"မဆိုပါနဲ့ကွာ....မဆိုနဲ့၊ မကြားချင်ဘူး၊ မင်းသွားတော့ကွာ၊ သွား တော့၊ တော်တော် ရှုပ်တဲ့ကောင်"

ဟု အော်ငေါက် နှင်ထုတ်လိုက်လေ၏။ ဒီလိုနဲ့ စာမူကိစ္စကို မျက်ခြေ ပြတ်နိုင်ခဲ့ပြန်သည်။

➢

ဆရာမကြီးဒေါ်လေးခင်ဆွေဦးသည် စံပယ်ဖြူမဂ္ဂဇင်းကို ကြီးကြပ် ထုတ်ဝေခဲ့သူ ဖြစ်၏။ ခုခါမှာ တိုက်ရိုက်ကွပ်ကဲခြင်း မရှိသော်လည်း အရှိန် အဝါက ရှိတုန်း ဖြစ်၏။ နောက်တစ်ချက်ကတော့ ဒေါ်လေးခင်ဆွေဦးသည် ကလျာမဂ္ဂဇင်းပေါ် ဩဇာညောင်းခြင်းပင် ဖြစ်၏။ ဒေါ်လေးကိုသာ ချဉ်း ကပ်စည်းရုံးထားနိုင်လျှင် စာမူကိစ္စ နားပူနားဆာမလုပ်ဖို့ ဆရာမကလျာ ကြီးကို ဖိအားပေးခိုင်းလို့ ရသည်ဟု တွက်မိ၏။

ထို့ကြောင့် ဒေါ်လေးခင်ဆွေဦးအိမ်သို့ စားစရာသောက်စရာများနှင့် အတူ သွားကန်တော့ရင်း တိုင်ကြားအကူအညီတောင်းရသည်။

ဆရာမကလျာကြီးသည် စာမူတောင်းသော မက်ဆိတ်ချ်ကို အကြံ ဆက် ရီကော်ဒါထဲ သွင်းထားပြီး အိမ်ကို ဖုန်းဆက်၍ မကြာခဏဖွင့်ပြ ကြောင်း၊ စာမူတောင်းသော စာတိုစာရှည်တွေလည်း ပို့တတ်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်က မိန်းမတောင် သမီးရည်းစားဘဝက ဒီလောက်တောင် စာမျာ... မရေးခဲ့ဖူးကြောင်း၊ ဖြူမည်းညီနောင်ဖြစ်သော အောင်နိုင်နိုင်နှင့် အော... ဇော်ဇော်တို့ကလည်း စာမူမပေးလျှင် ဆိုက်ကားပေါ်မှာ ဗျောက်အိုး... ရှူးဒိုင်းတွေ အပြည့်တင်ပြီး အိမ်ကို တိုက်ခိုက်မည်ဟု ခြိမ်းခြောက်... ကြောင်း စသည်ဖြင့် ငိုပြပြီး...

"အဲဒါ ဒေါ်လေး ကြည့်ပြီး ဆုံးမထားပေးပါဦး"

ဟု ပြောလိုက်သည်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကလျာတို့ အနေနဲ့လည်း—"

ဒေါ်လေးက ဖေးဖေးမမ ပြောဖို့ပြင်သည်။ မဖြစ်သေးဘူး၊ လုပ်... ကျ နည်းအတိုင်း သုံးမှ ကြံပြီး...

"ဪ...ဒါနဲ့ ဒေါ်လေးလည်း စာတွေ ရေးရတာ ညောင်းမှာ... ကျွန်တော် နှိပ်ပေးရမလား"

"နေပါစေကွယ်၊ ကိုဝင်းငြိမ်း အနန်းလွဲသွားတယ်၊ ကြာပြီးကတည်း... အနှိပ်မခံရဲတော့ဘူး"

"ဒါဆိုလည်း ရေဆွဲပေးရမလား၊ ဒါမှမဟုတ် အိမ်သန့်ရှင်းရေး လုပ်... ပေးမယ်လေ"

"ရပါတယ်ကွယ်၊ မလုပ်ပါနဲ့"

ဒေါ်လေးက အားနာနေသော်လည်း ဒေါ်လေးသမီး မပုလဲသည် ဘယ်အချိန်ကတည်းက အမြင်ကတ်ပြီး တေးထားသလဲ မသိ။

"အဝတ်တွေ ရေစိမ်ထားတာတော့ရှိတယ်"

ဟု ဝင်ပြောလိုက်လေသည်။ ဒေါ်လေးက...

"အို...မဟုတ်တာ၊ ဘုန်းနိမ့်ကုန်ပါမယ်"

ဟု ပြောရာ မပုလဲက....

"မေမေကလည်း ဒါဘာဆန်းလဲ၊ အိမ်ကလူလည်း နိုင်ငံခြားမသွား... ခင်တုန်းက အဝတ်တွေ သူပဲ လျှော်တာပဲဟာ"

ဘာပဲဖြစ်ဖြစ် စာမူမပေးရပြီးရောဟု တွေးပြီး...

"ဖြစ်ပါတယ်ဒေါ်လေး၊ ကုသိုလ်တောင် ရပါသေးတယ်"



ဟု ပြောလိုက်ရလေသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ဒေါ်လေးခင်ဆွေဦးက ခပ်မဆိတ်နေသော်... ည်း မပုလဲက နှုတ်မလုံဘဲ မျောက်လူတစ်ယောက် စာမူရေးမပေးရ... အောင် အကြံအဖန်တွေ လိုက်လုပ်နေကြောင်း အင်တာနက်ဝက်ဆိုက်ပေါ် ...တင်လိုက်သည်။ ထိုအခါ ဒဗလျူ ဒဗလျူ ဒဗလျူ ဒေါ့ မိချမ်းဝေ ဒေါ့ကွန်းမှ ...တစ်ဆင့် ဆရာမကလျာဆီ သတင်းရောက်ရှိသွားလေသည်။

ထို့ကြောင့် ...

➢

ကလျာမဂ္ဂဇင်းတိုက်ထဲသို့ ဝင်သွားသောအခါ ....

"ဒါပဲနော်၊ တို့ကတော့ တို့ကတော့ ဇက်ကြောလည်း မတက်တတ်ဘူး၊ ညောင်းလည်း မညောင်းတတ်ဘူး၊ လက္ခဏာလည်း မကြည့်တတ်ဘူး၊ နှစ်လုံးသုံးလုံးလည်း ဝါသနာမပါဘူး၊ လျှော်စရာအဝတ်တွေလည်း မရှိဘူး၊ စာမူပဲ လိုချင်တယ်"

ဟု ဆရာမ ကလျာကြီးက ဆီး၍ ပြောလေသည်။

"ဆရာမရယ်၊ ခုရက်ပိုင်းမှာ ဦးနှောက်က သိပ်မရှင်ဘူး၊ ပြီးတော့ ရာသီဥတုကလဲ ပူတော့ စာရေးလို့ မရဘူး၊ ဒါကြောင့် စာမူတော့ သည်းခံပါအုံး"

ဆိုပြီး အသနားခံကြည့်လိုက်သည်။ ဆရာမက...

"ကောင်းပြီလေ၊ ဒါဆိုရင် အလောင်းအစား တစ်ခု လုပ်ရမယ်"

"အလောင်းအစား ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မခိုင်းတဲ့ ကိစ္စသုံးခုကို အောင်မြင်ဖြစ်မြောက်အောင် လုပ်ပေးနိုင်ရင် စာမူကိစ္စ ကင်းလွတ်ခွင့်ပေးမယ်၊ မလုပ်နိုင်ရင်တော့ နှစ်လည်မဂ္ဂဇင်းအတွက် ဝတ္ထုတစ်ပုဒ် အမြန်ဆုံးရေးပေးရမယ်"

ငြင်းလို့ရမှာ မဟုတ်သဖြင့် သဘောတူလိုက်ရ၏။ ဆရာမက...

"ကဲ...ဒါဆိုရင် ပထမဆုံး လုပ်ရမယ့်ကိစ္စကို စပြောမယ်၊ ကိုမြနုကြီးရဲ့ နှုတ်ခမ်းမွှေးတွေကို မည်းနက်သွားအောင် လုပ်ပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဆရာမကလည်း ဒါတော့ ဘယ်လွယ်ပါ့မလဲ"

"အလောင်းအစားပါဆိုမှ တမင်တကာ ခက်တာကို ခိုင်းမှာပေါ့"

➢

တခြားလူတစ်ယောက်ရဲ့ နှုတ်ခမ်းမွေးကို ကိုယ်က ဘာသွားလုပ်လို့ရမလဲ။ ဒီအခါ တစ်ခု သွားစဉ်းစားမိ၏။ ကိုယ်က သွားလုပ်လို့ရပေမယ့် ကာယကံရှင်ကိုယ်တိုင်တော့ လုပ်လျှင်ရသည်။ ထို့ကြောင့် ဆရာဦးစိန်ကြီးဆီသွားပြီး စည်းရုံးရသည်။

"အစ်ကို့နှုတ်ခမ်းမွေးတွေက အဖြူနဲ့ အမည်းရောနေတော့ ကြည့်လို့မကောင်းဘူး၊ ဆေးဆိုးလိုက်ပါလား၊ နုသွားတာပေါ့၊ အစ်ကိုရ"

ထိုအခါ ဆရာဦးစိန်ကြီးက...

"ဟာကွာ...ဒီမှာ နှုတ်ခမ်းမွေးအားလုံး ဖြူချင်နေတာ မဖြူသေးလို့ အားမလို အားမရ ဖြစ်နေတဲ့ကြားထဲ"

"ဟင် ဘာကြောင့် အားလုံး ဖြူချင်ရတာလဲ"

"မင်း ဒိတ်အောက်နေပြီ၊ ဂျိုန်းစဘွန်းမင်းသားဟောင်းကြီး ရှောင်ကွန်နရီဟာ အခုဆိုရင် ဆွတ်ဆွတ်ဖြူနေတဲ့ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနဲ့ ဘယ်လောက် ခံ့ညားသလဲ၊ ငါလည်း ဒါမျိုးဖြစ်အောင် နေနေတာ"

အရေးထဲမှာ စိန်ကွန်နရီနှင့် တွေ့နေသဖြင့် တပ်ဆုတ်လာခဲ့ရသည်။

ဘာဆက်လုပ်ရကောင်းမလဲ အကြံအိုက်နေသဖြင့် လက်ဖက်ရည်ဆိုင်ထိုင်ပြီး စဉ်းစားသည်။ စိတ်ကူးက ပေါ်မလာ။ ထိုစဉ်တွင်...

"ကျွဲခေါင်းသီးပြုတ်"

ဆိုင်ရှေ့မှဖြတ်သွားသော ကျွဲခေါင်းသီးပြုတ်သည်ကို တွေ့လိုက်ရသည်။ အကြံအစည်တစ်ခု ဖျတ်ခနဲ ပေါ်လာသည်။ ကျွဲခေါင်းသီးပြုတ်၏ အခွံမှာ အမည်းရောင်အရည်များ ထွက်တတ်သည်။ အခွံနွှာစားတဲ့အခါ လက်မှာ အမည်းရောင်များ စွန်းပေသွားတတ်သည်။

ဆရာဦးစိန်ကြီးသည် သူ စိတ်ဝင်စားတဲ့ အကြောင်းအရာကို ပြောတဲ့အခါမှာ နှုတ်ခမ်းမွေးကို လက်နှင့် သပ်သပ်ပြီး ပြောတတ်တာကိုလည်း



မြင်ယောင်လာ၏။ ထို့ကြောင့် ကျွဲခေါင်းသီးပြုတ်တွေ ဝယ်ပြီး ဆရာဦးစိန် ကြီးဆီသို့ သွားလေတော့သည်။

"အစ်ကို စားစေချင်လို့ ဝယ်လာတာ"

ဆိုပြီး ကျွဲခေါင်းသီးပြုတ်ကို အထုပ်လိုက်ပေးလိုက်သောအခါ...

"ဟာ...ကျွဲခေါင်းသီးပြုတ်ဆိုရင် ငါက သိပ်ကြိုက်တာကွ၊ မစားရတာ တောင် ကြာပြီ"

ဟု ပြောပြီး အားရပါးရ နွှာစားနေတော့သည်။ ဒီကြားထဲမှာပဲ ဆရာ ယယ်ယယ်က ဆွဲခဲ့သော ခင်မောင်တွန့်ကာတွန်း ရုပ်ပြတွေအကြောင်း၊ ရုပ်ရှင်မင်းသား မင်းသမီးများ၏ ဦးခေါင်းပိုင်းဓါတ်ပုံများကို ကာတွန်း ကိုယ်ထည်တပ်ပြီး ဆွဲခဲ့သည့် အကြောင်း၊ ပြီးတော့...

"ခုခေတ်မှာ ကွန်ပျူတာဂရပ်ဖစ်နည်းနဲ့ လုပ်နေကြတာမျိုးကို အစ်ကိုက ဟိုအရင်ကတည်းက ပန်းချီကာတွန်းပညာနဲ့ ဆွဲခဲ့တာပဲနော်၊ အများကြီး ခေတ်ရှေ့ပြေးခဲ့တာပေါ့"

ဟု စကား အဆက်မပြတ်အောင် ပြောရသည်။ ဆရာဦးစိန်ကြီးက လည်း ဟိုတစ်ချိန်က ပန်းချီ၊ ကာတွန်း၊ ရုပ်ပြလောကအကြောင်း ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောပြသည်။ ကိုယ်မသိမီလိုက်တာတွေကို စိတ်ဝင်စားစွာနားထောင်ရင်း အခြေအနေကို အကဲခတ်ရသေးသည်။ စကားပြောလိုက်၊ ကျွဲခေါင်းသီးနွှာစားလိုက်၊ နှုတ်ခမ်းမွေး သပ်လိုက်လုပ်နေခဲ့ရာ အမည်းရောင် အရည်များ စွန်းပေပြီး နှုတ်ခမ်းမွေးအရောင်မှာ တဖြည်းဖြည်း ရင့်ရင့်လာသည်။ လုံးဝ မည်းနက်နေတာမျိုးတော့ မဖြစ်သေး။ ကိစ္စမရှိ၊ နောက်တစ်ဆင့် ကျန်သေးသည်။

ကျွဲခေါင်းသီးပြုတ် စားပြီး လက်သုတ်ပဝါကို လှမ်းကိုင်မည်အပြုတွင် ဆောင်သင့်ဆောင်ထားသော ကာဗွန်စာရွက်ကို ထုတ်၍ လှမ်းပေးပြီး...

"ရော့...အစ်ကို ဒါနဲ့သုတ်လိုက်"

"ဟာ...မင်းဟာက ကာဗွန်စာရွက်ကြီး"

"မဟုတ်ပါဘူးအစ်ကိုရဲ့၊ ဒါ နောက်ဆုံးပေါ်တဲ့ အီလက်ထရွန်းနစ် တစ်ရှူး ပေပါပဲ။ စာရေးဆရာမလေးမင်နီရှဲလ် အမေရိကားကနေ

www.burmeseclassic.com

www.burmeseclassic.com



ပို့လိုက်တာ"

"ဪ..ဒီလိုလား"

"ဟုတ်တယ်အစ်ကိုရဲ့၊ ဒီတစ်ရှူးပေပါက သုတ်လိုက်ရင် တစ်ခါတည်း စင်ကြယ်သွားတဲ့အပြင် ဘက်တီးရီးယားတွေကိုပါ သုတ်သင်ပေးနိုင်တယ် အဲအဲ ..အချောဘက်က သုတ်ရတယ် အစ်ကိုရဲ့၊ ဟုတ်ပြီ အစ်ကို့နှုတ်ခမ်း မွေးမှာလည်း ပေနေသေးတယ်၊ သုတ်လိုက်ပါဦး"

ဒီနောက်မှာတော့ ချစ်လှစွာသောအစ်ကို ဦးစိန်ကြီး၏ နှုတ်ခမ်းမွေး မှာ တောက်ပြောင် မည်းနက်သွားသဖြင့် ဆရာမကလျာကို ခေါ်ပြလိုက် လေသည်။

➢

အင်း...ပထမတစ်ခုတော့ အောင်မြင်သွားပြီ ဆိုပါတော့၊ ကဲ...အခု ဒုတိယ ဆောင်ရွက်ရမယ့်ကိစ္စကို ပြောမယ်၊ အဲဒါကတော့ မဂျူးရဲ့အရပ် ကို ရှည်လာအောင် လုပ်ပေးရမယ်"

"ဟာ...လုပ်ပြန်ပြီ"

"ဘာလဲ အရှုံးပေးပြီလား၊ ဒါဆို စာမူရေးပေးတော့"

"နေဦး၊ ကြိုးတော့ ကြိုးစားကြည့်လိုက်ဦးမယ်"

ဒါဟာ တကယ် မလွယ်တဲ့ ကိစ္စပဲ။ ဒီအရွယ်ကြီးရောက်မှ ဝိတ်ဝိန် တွေ၊ တင်းဂရိုးတွေ ကျွေးရင်တောင် အရပ်ထင်ရှည်လာဖို့ လမ်းမရှိတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ စဉ်းစားနေစဉ်...

"အစ်ကိုကြီး လက်ဖက်ရည်ဆိုင်သွားမလို့ လိုက်ဦးမလား"

ဆိုသောအသံနှင့်အတူ အိမ်ပေါ်သို့ နီကိုရဲ တက်လာသည်။ နီကိုရဲ ရောက်လာလျှင် စာရေးပျက်သဖြင့် မောင်းထုတ်လေ့ရှိသော်လည်း ဤ တစ်ခါတော့ ကယ်တင်ရှင်ကို တွေ့လိုက်ရသလို ဝမ်းသာသွားမိ၏။

"အတော်ပဲ၊ ခင်ဗျားကို မဂျူးက တွေ့ချင်တယ်လို့ ပြောတယ်၊ လာ လိုက်ခဲ့"

ဆိုပြီး စာရေးဆရာမလေး ဂျူး၏အိမ်သို့ ဆွဲခေါ်သွား၏။ အကြံ



အစည်ကတော့ နီကိုရဲနှင့် ဂျူးကို ယှဉ်လျက်ရပ်ခိုင်းပြီး အမှတ်တရဟု ပြော၍ ဓာတ်ပုံတစ်ပုံ ရိုက်မည်။ ထိုဓာတ်ပုံကိုကြည့်လျှင် မဂျူးက အရပ် ရှည် လာသယောင် ထင်ရမည်။

သို့ရာတွင် ထင်သလို မဖြစ်။ တကယ်တမ်း ယှဉ်လျက်ရပ်လိုက်တော့ နီကိုရဲကတောင် နှစ်လက်မနီးနီးလောက် မြင့်နေတာ တွေ့ရသဖြင့် စိတ်ညစ် သွားရ၏။

ဒီလိုနဲ့ နှစ်ရက်သုံးရက် ကြာသွားသည်။ ဒီကြားထဲမှာ ဆရာမကလျာ ကြီးက ဖုန်းလှမ်းဆက်ပြီး ...

"ဘယ်လိုလဲ၊ အရှုံးပေးပြီလား"

ဟု လှမ်းခြိမ်းခြောက်နေသည်။

တစ်ရက်မှာတော့ အကြံထုတ်လို့မရသဖြင့် ဂျာနယ်တစ်စောင်ကို ဟိုလှန် ဒီလှန်လုပ်ရင်း ဆောင်းပါးတစ်ပုဒ် သွားတွေ့သည်။ ထူးထူးခြားခြား အရပ်အလွန်ပုသော ပစ်ဂမီလူမျိုးတစ်မျိုးအကြောင်းဖြစ်ပြီး ဆောင်းပါး တွင် တန်းစီရပ်နေသော ပစ်ဂမီတို့၏ ပုံပါ ပူးတွဲပါရှိသည်။ ထိုအခါ ခေါင်း ထဲမှာ အကြံအစည်တစ်ခု လက်ခနဲ ပေါ်ပေါက်လာသည်။

ထို့ကြောင့် ကွန်ပျူတာ အိတ်စပတ်ဖြစ်သော ကိုသီဟလတ်ဆီ ပြေး ပြီး အကူအညီတောင်းရသည်။ ပစ်ဂမီလူမျိုးတို့၏ဓာတ်ပုံထဲတွင် မဂျူး၏ ပုံကိုပါ ကွန်ပျူတာနည်းပညာဖြင့် ပေါင်းစပ်ပြီး ထည့်သွင်းပေးခိုင်းရသည်။ ကိုသီဟလတ်၏ပညာစွမ်းမှာ လက်ဖျားခါလောက်ပါပေသည်။

ပရင်တာဖြင့် ပုံထုတ်လိုက်သောအခါ ပစ်ဂမီလူမျိုးတွေ တန်းစီရပ် တဲ့အလယ်မှာ မဂျူးလဲ ပါဝင်နေသည်။ သူ့မျက်နှာပေါက်ကလည်း ပစ်ဂမီ နှင့် ခပ်ဆင်ဆင်တူသောကြောင့် အတော်သဘာဝကျနေသောပုံ ဖြစ်နေ၏။ အားလုံးထဲမှာ မဂျူးက အရပ်အရှည်ဆုံး။

ထိုပုံကို ပြလိုက်သောအခါ ဆရာမကလျာကြီးမှာ ပြောင်မြောက်ပါ ပေတယ်ဟု တအံ့တဩ ဝန်ခံရလေသည်။

➢

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ တတိယနှင့် နောက်ဆုံးကိစ္စဖြစ်သောကြောင့် လွယ်လွယ်ကူကူ မဟုတ်နိုင်တာ သေချာသည်။ ဥပမာ ဆရာမခင်ဝင်းသစ်ကို ဆေးသွန် အပြေးချန်ပီယံဖြစ်အောင် လုပ်ပေးရမယ်ဆိုတာမျိုး ဖြစ်ကောင်းဖြစ်နိုင်သည်။

တကယ်တော့ ဆရာမကလျာသည် ရိုးရိုးအအကြီးသာ ဖြစ်ပါသည်။ သူများကို ဒုက္ခပေးတတ်သူ မဟုတ်။ ကြွေ့တော့ နောက်ကွယ်မှာ ဖြီးကိုင်နေသူတွေ ရှိရမည်။ မသကာစရာအကောင်းဆုံးကတော့ သန်းမြင့်အောင်ဦးဆောင်ပြီး မမွှေး၊ ပိုင်းပိုင်း၊ ဖွန်ပွင့်တို့ပါဝင်သော ချွန်တွန်းပိုဏ်း ဖြစ်သည်။

“ကဲကဲ...နောက်ဆုံးလုပ်ရမယ့်ကိစ္စကို ပြောမယ်၊ အဲဒါကတော့—”

ဆရာမကလျာခိုင်းသော ကိစ္စကို ကြားလိုက်ရသောအခါ ဟိုက်ခနဲ ဖြစ်သွားရ၏။ စာရေးဆရာမလေး ရာသက်ပန်(တောင်ငူဆောင်)ကို အမျိုးကြီးဘဝကကျွတ်အောင်လွတ်အောင် လုပ်ပေးရမယ်တဲ့...။

ဒါကတော့ တကယ် တရားလွန်သော တောင်းဆိုချက်ပင် ဖြစ်၏။ အင်တာဗျူး တစ်ခုမှာ တကယ်လို့ ဖူးစာရှင်ရွေးမယ်ဆိုရင် လိုအပ်သော အရည်အချင်းများအကြောင်းကို ရာသက်ပန်ပြောသွားတာ ဖတ်ဖူးသည်။ သူ့စည်းကမ်းချက်တွေက ဖူးစာရှင်ရွေးတာနဲ့ မတူ။ မော်တော်ကားဝယ်မှာ ကျနေတာပဲ။

ခေါင်းရှင်းရမယ်၊ ဆေးဘော်ဒီ သန့်ရမယ်၊ ဆပ်စပင်းရှင်း ကောင်းရမယ်၊ အောပါဝါ ဖိုက်စပီ ဖြစ်ရမယ်၊ ဖတ်စ်အုံနာ နာမည်ပေါက်ဖြစ်ရမယ် ဆိုတာမျိုး ဖြစ်နေ၏။ ရာသက်ပန်(တောင်ငူဆောင်)အတွက် ဖူးစာရှင်ရှာပေးရတာထက်စာလျှင် ဘင်လာဒင်ကို နားရွက်ဆွဲပြီး ဖမ်းခေါ်လာရတာကမှ လွယ်ကူလိမ့်ဦးမည်။ ထို့ကြောင့် ဆရာမ ကလျာအိုကြီးကို လယ်မြောက်အရှုံးပေးပြီး ဒီဝတ္ထုကို လုပ်ကြံဖန်တီး ရေးသားပေးလိုက်ရခြင်း ဖြစ်ပေသည်။

➢ ➢ ➢

(ကလျာမဂ္ဂဇင်း ဇန်နဝါရီ၊ ၂၀၀



www.burmeseclassic.com

www.burmeseclassic.com

## စာပေအင်မစ်တေးရှင်း

တစ်ချိန်တုန်းကတော့ ကမ္ဘာပေါ်၌ အတုအပလုပ်ရာမှာ နာ
အကြီးဆုံးကတော့ ဟောင်ကောင်နှင့် တရုတ်(တိုင်ပေ)တို့ ဖြစ်၏။ န
ပညာ အဆင့်နိမ့်သော ပစ္စည်းမှန်သမျှ အကုန် အတုလုပ်သည်။ ထိုစဉ်
နည်းပညာ အဆင့်မြင့်တယ်ဟု ဆိုနိုင်သော နာရီတို့ ကက်ဆက်တို့တော
ရအောင် လုပ်သည်။

ပစ္စည်းအများစုကတော့ လက်ရာ မသေသပ်သဖြင့် အတုမှန်းသိ
သည်။ တချို့ပစ္စည်းတွေကျတော့ အတော်သပ်ရပ်အောင် လုပ်နိုင်သ
မသိတဲ့လူဆို အစစ်လို့ ထင်စရာရှိ၏။ အတုအပဝိဇ္ဇာမာစတာတွေ ကြီး
ပြီး ထုတ်လုပ်တဲ့ပစ္စည်းတွေဆိုလျှင် အတွင်းကလီစာတွေကသာ မကော
တာ။ အပြင်ပန်းအားဖြင့်တော့ အစစ်နဲ့ ရွေးမရအောင် တူသည်။ ကျွမ်းကျ
သူတွေတောင် တစ်ခါတလေ မျက်စိလည်သွားရ၏။ ဒါမျိုးကျတော့ အစ
တွေကြားထဲ ရောညပ်ထည့်တာတို့၊ အစစ်နီးပါးလောက်ဈေးနဲ့ ထုတ်
တို့ လုပ်တတ်သည်။

ပစ္စည်းအတုများ၏ ဈေးကွက်ကတော့ အာရှတိုက်ရှိ ဆင်းရဲသော
နိုင်ငံများ ဖြစ်၏။ သူတို့အထဲမှာလည်း အတုမှန်းမသိလို့ ဝယ်သုံးတဲ့လူ
သိသိကြီးနဲ့ ဈေးပေါလို့ ဝယ်တဲ့လူတွေ၊ အပြင်ပန်းကြည့်လျှင် အစစ်နဲ့
သဖြင့် "ဘယ်သူ သိတာလိုက်လို့" ဆိုပြီး ဝယ်တဲ့လူတွေ အမျိုးမျိုး
ရှိနိုင် သည်။ တချို့ကတော့ အတုမှန်း အစစ်မှန်းတောင် သိတာ မဟုတ်
သူတို့ ရှိတဲ့ ငွေနဲ့ ဝယ်နိုင်လောက်တာကိုပဲ သိကြတာ။



ရှိတဲ့ ငွေနဲ့ ဝယ်နိုင်လောက်တာကိုပဲ သိကြတာ။

အမယ်...မရှိတဲ့ လူတွေပဲလား မှတ်တယ်၊ ရှိတဲ့လူတွေကလည်း အတုတွေ ဝယ်ကြတာပဲတဲ့။ နိုင်ငံခြားက ပြန်လာတဲ့ လူတွေ ဆိုရင် အပြန်ခရီး တစ်ထောက်နားတဲ့အခါ ဒါမျိုးတွေ အောတိုက်ဝယ်ကြသည်ဆို၏။ အာရှသားတို့၏ ထုံးစံအတိုင်း နိုင်ငံခြားက ပြန်လာတဲ့အခါ ကိုယ့်ဆီကလူတွေအတွက် လက်ဆောင်တွေ ဝယ်ခဲ့ရတာကိုး။ ဆွေမျိုးတွေ အကုန်လုံး၊ သူငယ်ချင်းမိတ်ဆွေတွေအားလုံး၊ အထက်အရာရှိတွေအတွက်လည်း မပါလို့ မဖြစ်။ ဒီလူတွေ အားလုံးအတွက်သာ တကယ့်ပစ္စည်း အစစ်အမှတွေ ဝယ်လာရရင် သေရချည့်ရဲ့။

ဒီလိုပုဂ္ဂိုလ်တွေတွင်လား ဆိုတော့ မဟုတ်သေး။ တချို့ကမ္ဘာလှည့်ခရီးသည်တွေတောင် အတုမှန်းသိလျက်နဲ့ ဈေးပေါလွန်းလို့ပဲလား၊ အမှတ်တရသဘောပဲလား မသိ။ အတုတွေ ဘယ်မှာ ရောင်းသလဲ မေးမြန်းစုံစမ်းပြီး တကူးတကန့်ကို ရှာဝယ်ကြတယ်ဆိုပဲ။

အတုလုပ်တဲ့လူတွေကလည်း လုပ်ရင်း လုပ်ရင်းက အရှည်အသွေးတွေ ပိုကောင်းလာတတ်သည်။ အစစ်နီးပါးလောက် ဖြစ်လာ၏။ ထိုအခါ အတုမလုပ်တော့ဘဲ အစစ်ပဲ လုပ်လာကြတော့သည်။ ကိုယ်ပိုင်တံဆိပ်တပ်ပြီး 'မိတ်အင်ဟောင်ကောင်'၊ 'မိတ်အင်တရုတ်(တိုင်ပေ)'ဆိုတာမျိုး ဂုဏ်ယူထုတ်လုပ်လာကြ၏။

ဒီလိုဆိုတော့ အတုတွေ ပပျောက်သွားရောပေါ့ ထင်လျှင် မှားပါလိမ့်မည်။ အတုလုပ်တဲ့ စက်ရုံတွေက မြောက်ပိုင်းသို့ ရွှေ့ပြောင်းသွားကြလေသည်။ လောကကြီးကလည်း အတုမရှိရင် မနေတတ်ဘူးထင်ပါရဲ့။

ဆရာ့ထက် တပည့် လက်စောင်းထက်တယ်ပဲ ဆိုရမလား၊ အကြံတူနောက်လူသာစမြဲလို့ပဲ ပြောရမလား မသိ။ သူတို့ကတောင် ပိုပြီး ပညာသားပါတယ် ထင်ရ၏။ ပစ္စည်းတစ်မျိုးကို တံဆိပ်တစ်မျိုးတည်း မဟုတ်တော့ဘဲ ပစ္စည်းတစ်မျိုးတည်းကို တံဆိပ်တုမျိုးစုံ တပ်ပစ်လိုက်တာမျိုး ဖြစ်၏။

အိမ်နီးချင်း နိုင်ငံတစ်ခုမှာ ဘာတံဆိပ် ခေတ်စားနေသလဲ၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်တပ်ပေးလိုက်၊ နောက်တစ်နိုင်ငံမှာကော ဘာတံဆိပ် ကြိုက်သလဲ အဲဒါ တပ်ပေးလိုက်၊ ပစ္စည်းကတော့ ဒါပဲ။ တံဆိပ်တွေသာ ပြောင်းသွားသည်။

ဒါတွင်မကသေး၊ အဆင့်က ဘယ်လောက် မြင့်လာသလဲ ဆိုတော့ ဘယ်လိုဟာမျိုးဖြစ်ဖြစ် ပစ္စည်းနမူနာသာပေး၊ တသွေမတိမ်းတူအောင် လုပ်ပေးနိုင်သတဲ့။ ရေဒီယိုတို့၊ ကက်ဆက်ရီကော်ဒါတို့ ဆိုတာလောက်က အသေးအဖွဲ့ပဲ။ ဗီစီဒီ၊ ဒီဗီဒီစက်မျိုးတွေတောင် လုပ်ပေးနိုင်သည် ဆို၏။

ဒါတွင်မကသေး။ ဘယ်လောက်ထိ ခွက်ကျသလဲဆိုတော့ ဒီမှာ လူကြိုက်များသော ပြည်တွင်းဖြစ် ပစ္စည်းတချို့ကိုတောင် အတုလုပ်ပြီး ပြန်သွင်းလာသတဲ့။

တစ်ခါက မီးခလုတ်ဝယ်ချင်လို့ လျှပ်စစ်ပစ္စည်းဆိုင် တစ်ဆိုင်သို့ ရောက်သွားသည်။ ပြည်တွင်းရှိ နိုင်ငံပိုင်စက်ရုံမှ ထုတ်လုပ်သော နေရှင်နယ် မီးခလုတ်များသည် အရည်အသွေး အလွန်ကောင်းသည်။ ဈေးက လည်း ကောင်းသည်။

"ဈေးကြီးလှချည်လား"

လို့ ပြောတော့ ဆိုင်ရှင်က...

"ဒါ ကစလ အစစ်လေ ဆရာရဲ့၊ ဈေးပေါတာ ယူမလား၊ တရုတ် ကစလလည်း ရှိတယ်"ဟု ပြန်ပြောသည်။

➢

ပစ္စည်းအတုအပတွေကို 'အင်'ဟု ခေါ်ကြသည်။ အင်္ဂလိပ်စကားလုံး 'အင်မစ်တေးရှင်း'ကို အတိုကောက်ခေါ်ခြင်း ဖြစ်ဟန်တူ၏။

ဒီက လူတွေကတော့ အင်တွေနဲ့ အကျွမ်းဝင်ခဲ့တာ တော်တော်ကြာပြီ။ ကျင့်သားတောင် ရနေသလားပဲ။ တချို့ပစ္စည်းတွေကျပြန်တော့လည်း 'အင်' ဆိုပေမယ့် သူ့အတိုင်းအတာနဲ့သူ အသုံးတော့ဝင်သား။ အဖိုးနည်းဝန်မပါဆိုတော့ အခြေခံ လူတန်းစားတွေလည်း လက်လှမ်းမှီနိုင်တာပေါ့။

ဒီမှာ ပတ်နေကြသော လက်ပတ်နာရီ တော်တော်များများမှာ ဒါမျိုး



တွေ ဖြစ်၏။ စက်က သပ်သပ်၊ အိမ်က သပ်သပ်၊ ကြိုးက သပ်သပ်၊ ဒိုင်ခွက် လက်တံက သပ်သပ် ဝင်လာခြင်း ဖြစ်၏။ ဒီရောက်မှ နာရီတစ်လုံးဖြစ်အောင် ပြန်ဆင်ယူကြတာ။ တံဆိပ်တွေကတော့ မျိုးစုံပဲ၊ ဂျပန်လုပ်၊ ဆွစ်ဇာလန် လုပ် နာမည်ကြီး တံဆိပ်တွေ တပ်ပစ်လိုက်သည်။ သိန်းချီတန်တဲ့ နာရီ တံဆိပ်မျိုး ကပ်ထားတာတွေကို ထောင်ဂဏန်း အနည်းငယ်မျှလောက်နှင့် ရနိုင်သည်။

အဖြူအမည်း ရုပ်မြင်သံကြားစက်တွေမှာလည်း အာမခံနှင့်ရောင်းသော အမှန်အကန်တွေ ရှိသလို ကမ္ဘာ့ထိပ်သီး တံဆိပ်တွေ ခပ်တည်တည်နဲ့ ကပ်ထားတာလည်း တွေ့နိုင်သည်။ သူ့ပရိုသတ်နဲ့သူ၊ သူ့ဈေးကွက်နဲ့သူတော့ ဟုတ်နေတာပါပဲ။

➢

'အင်'တွေ အရမ်းခေတ်စားခဲ့တာကတော့ ဆိုရှယ်လစ်ကာလတုန်းကပါပဲ။ ထိုစဉ်က ကုန်ပစ္စည်းအားလုံးလိုလို ရှားပါးခဲ့သည်။ ခုချိန်မှာ အရောင်းထိုင်းပစ္စည်း ဖြစ်နေတာမျိုးတွေတောင် ဟိုတုန်းကတော့ တစ်အိမ်ထောင် ဘယ်လောက်ပဲ ရမယ်ဆိုပြီး ခွဲတမ်းနဲ့ ရောင်းခဲ့တာ။

ဒီတော့ အင်ထုတဲ့ လူတွေအတွက် သိပ်ကောင်းတဲ့ ဈေးကွက်ကြီး ဖြစ်နေခဲ့တာပေါ့။ နေ့စဉ်သုံး သာမန် လူသုံးကုန်တွေက, အစ အကြံအဖန် အရောအနှောတွေ ရှိခဲ့၏။

ဟင်းခတ်မှုန့်ထဲကို သကြားနဲ့ ဆားတွေ ကြိတ်ပြီး ရောထည့်သည်။ နုံးမြေတွေ အခြောက်ခံ အမှုန့်လုပ်ပြီး ဘိလပ်မြေထဲ ရောသည်။ ငါးပိရယ်၊ ဆားရယ်၊ ထန်းလျက်ရည်ရယ်ရောပြီး ငံပြာရည်လုပ်သည်။ ဘီအီးအရက်ဖြူကို အရောင်၊ အနံ့ထည့်ပြီး ရမ်အတုလုပ်သည်။ ရွှေဝါဆပ်ပြာ အတုလုပ်သည်။ တချို့က ရွှေဝါဆိုသော အသားတံဆိပ်ကို မူရင်းအတိုင်း တူအောင် လုပ်သည်။ တချို့ကတော့ 'ရွှေဝါး'၊ 'ရွှေငါး'၊ 'ရွှေဝ' စသည်ဖြင့် ဆင်တူယိုးမှားဖြစ်အောင် ဝိနည်းလွတ် လုပ်ကြသည်။

ခွကျကျ အဖြစ်မျိုးတွေလည်း ရှိသေးသည်။ တစ်ခါတလေမှာ

www.burmeseclassic.com

www.burmeseclassic.com



အတုက အစစ်ထက် ပိုပြီး သပ်ရပ်နေတတ်တဲ့ ကိစ္စမျိုးပေါ့။ ရမ်ပုလင်းအဖုံးကို ဖွင့်လိုက်လို့ 'ဖောက်ဖောက်ဖောက်'ဆိုပြီး အလွယ်တကူ လှည့်လို့ရလျှင် သိပ်စိတ်မချရ။ ပုလင်းထိပ်မှာ အဖုံးနဲ့ တွဲပြီး ကုပ်ညှစ်ထားသော လုံခြုံရေးခါးပတ်ကွင်းကလေးက လွယ်လွယ်နဲ့ ပြတ်မထွက်ဘဲ ဓားနဲ့အားပေးပြီး အသားကုန်လှည့်မှ ဖွင့်လို့ရတာမျိုးဆိုလျှင် ရမ်အရက်အစစ် ဖြစ်ဖို့များသည်။

ထိုစဉ်က အများပါးဆုံး စာရင်းဝင်တာကတော့ ဆေးဝါးများ ဖြစ်၏။ ဒီတော့ အင်သမားတွေက ဒီနယ်မှာလည်း ဝင်ပြီး ကျက်စားကြသည်။ နိုင်ငံပိုင်စက်ရုံက အစွမ်းထက်ပြီး ဈေးနှုန်းချိုသာသော ဆေးဝါးတွေ ထုတ်တော့ထုတ်သည်။ လိုအပ်ချက်ကို ပြည့်မီအောင် မထုတ်နိုင်။ လူတွေကလည်း ဒီဆေးတွေကိုပဲ အားကိုးနေကြရတာ။ ပြည်သူ့ဆေးဆိုင်တွေက လုံလောက်အောင် မရောင်းနိုင်သောအခါ အပြင်မှာ ဈေးကြီးပေး ဝယ်သုံးကြရတော့သည်။ ဒီမှာတွင် တချို့လည်း 'အင်'တွေနဲ့ မိကုန်ကြတော့သည်။

ထို့ကြောင့် ဆေးဆိုင် ဖွင့်ချင်သူများသည် ဆေးဝါးအမည်များ၊ အာနိသင်များ၊ ပျောက်ကင်းသော ရောဂါများအကြောင်း သာမက အတုအစစ် ခွဲခြားနည်းကိုပါ ကျွမ်းကျင်ဖို့ လိုအပ်လေသည်။

ဆေးရည်ဆိုလျှင် လှုပ်ကြည့်၊ အနံ့ခံကြည့်။ ကက်ပ်ဆူးကျတော့ အထဲက ဆေးမှုန့်ကို လက်နဲ့ပွတ်ကြည့်၊ လျှာနဲ့တို့ကြည့်။ ဆေးပြားတွေကိုတော့ ချိုးဖဲ့ကြည့်၊ ဝါးကြည့်၊ ဆေးပြားရိုက်ထားပုံ အနေအထားနှင့် အရောင်အသွေးကိုကြည့်။

တစ်ခါက ဆေးဆိုင်ဖွင့်ထားသော သူငယ်ချင်းတစ်ယောက်ဆီ ရောက်သွားသည်။ စကားပြောနေတုန်း လူတစ်ယောက်က ဆေးပုလင်းတွေ လာသွင်းသည်။ ပြည်တွင်းမှာ ထုတ်လုပ်တဲ့ လူသုံးများသော ဆေးတစ်မျိုး ဖြစ်၏။ သူငယ်ချင်းက ပုလင်းတချို့ကို ယူကြည့်ပြီး လက်ခံထားလိုက်သည်။

"ပုလင်းဖောက်ပြီး သေသေချာချာ မစစ်ဆေးကြည့်တော့ဘူးလား



အတုတွေ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

လို့ မေးတော့ သူက ဆေးပုလင်းတစ်လုံးကို ယူပြပြီး...

"ကြည့်လိုက်ရင် သိတာပေါ့ကွ၊ ပုလင်းအဝက ကြီးပြီး အဖုံးက သေးနေတော့ အက်တောင်အက်ချင်နေပြီ။ ပြီးတော့ တံဆိပ်ပတ် ကပ်ထားပုံကလည်း သေသေသပ်သပ် မရှိဘူး၊ ရွဲ့စောင်းနေတယ်၊ တံဆိပ်ပေါ်က စာသားတွေကို ကြည့်၊ ဘလောက်တုံးကို အသစ်မလဲဘဲ ထပ်ခါထပ်ခါ ရိုက်ထားလို့ စာလုံးတွေ ပြားနေပြီ၊ အတုဆိုရင် သိပ်သပ်ရပ်တာကွ"

ဟု ပြန်ပြောသည်။ တကယ် အဲဒီအတိုင်းပဲလား။ ကျွန်တော့်ကို နောက်ချင်လို့ သက်သက် အကြောင်းရိုက်တာပဲလားတော့ မသိ။

➤

စာပေနယ်ထဲမှာလည်း 'အင်'တွေ ရှိခဲ့သည်။ သူများရေးတဲ့စာကို ကိုယ့်နာမည် တပ်ပြီး ထုတ်ကြသူများဖြစ်၏။ ဒါမျိုးကို 'ရှဲဒိုး'ဟု ခေါ်ကြသည်။ နောက်တစ်မျိုးကတော့ စာအုပ်တွေကို 'အင်' လုပ်ခြင်းဖြစ်၏။ ဒါမျိုးကို ရောင်းကောင်းသော စာအုပ်တွေမှာ လုပ်ကြသည်။

စာအုပ်ကတော့ ဒီစာအုပ်ပဲ။ ဒီစာသား၊ ဒီအဖုံး၊ ဒီစက္ကူ အားလုံး တစ်ထေရာတည်းပဲ။ ကုန်ပစ္စည်းတွေလို အတုလုပ်ခြင်းတော့ မဟုတ်။ အစစ်ကိုပဲ မူပွားထားခြင်း ဖြစ်၏။ စာမူခပေးရတာသက်သာအောင် စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာတွေကို စောင်ရေအမှန်အတိုင်း အသိမပေးဘဲ စာအုပ် အများအပြား ပိုရိုက်ခြင်းပင် ဖြစ်၏။

စာရေးဆရာကို အတု လုပ်တာမျိုးလည်း ရှိသည်။ တချို့ကတော့ သက်သက် လူအထင်ကြီးအောင် ဟန်ဆောင်ခြင်း ဖြစ်၏။ တချို့ကတော့ နာမည်ကြီး စာရေးဆရာအယောင်ဆောင်ပြီး အကြံအဖန် လုပ်ကြတာ။

တစ်ခါက စာရေးဆရာတစ်ယောက် ခံခဲ့ရဖူးသည်၊ သူက အချစ်ဝတ္ထုတွေ ရေးပြီး နာမည်ကြီးနေသူ ဖြစ်၏။ ထိုစဉ်က ခုခေတ်လို စာနယ်ဇင်းတွေမှာ စာရေးဆရာတွေရဲ့ ဓာတ်ပုံတွေ မကြာခဏ ပါတတ်တာမျိုး မရှိ။ ထို့ကြောင့် နာမည်သာကြားဖူးပြီး လူကို မမြင်ဖူးကြ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို အခွင့်ကောင်းယူပြီး လူလည်တစ်ယောက်က ထိုစာရေးဆရာယောင်ဆောင်သည်။ ပြီးတော့ စာရေးဆရာအပေါ် ခရေဇီဖြစ်နေသောနယ်က မိန်းကလေးတစ်ယောက်နှင့် အဆက်အသွယ် လုပ်သည်။ နောက်တော့ အတွေ့မခံဘဲ ရှောင်နေသည်။

ကောင်မလေးက ရန်ကုန်တက်လာပြီး လျှောက်မေးမြန်းစုံစမ်းရင်း စာရေးဆရာအိမ်ကို ရောက်လာသည်။ ထိုအချိန်မှာ စာရေးဆရာက အိမ်မှာမရှိ၊ သူ့ဇနီးနှင့်သာ တွေ့သည်။ အစပိုင်းမှာ စိတ်တိုသော်လည်း ကောင်မလေးက ရှိုးရိုးအအလေး ငိုယိုတိုင်တမ်းတော့ သနားသွားသည်။ ဒေါသကယောကျ်ားအပေါ် ပုံကျသွားသည်။

ညနေစောင်းတော့ စာရေးဆရာ အိမ်ပြန်လာသည်။ မိန်းမက သေသေချာချာ မမေးမစမ်းတော့ဘဲ သနပ်ခါးတုံးနှင့် ဆီးရိုက်သည်။ စာရေးဆရာ ထိပ်ကွဲသည်။ ပြီးမှ သေသေချာချာကြည့်တော့ ကောင်မလေးကသူ့ကို လှည့်စားသွားတာ ဒီလူမဟုတ်၊ စာရေးဆရာနာမည်တော့ တူသည်။ လူက လွဲနေသည်။ ဒီတော့မှ ကြားထဲက လူလည်တစ်ကောင် ဝင်ရှုပ်သွားတာ သိရသည်။လွန်လွန်ကျူးကျူး မဖြစ်ခဲ့သေးတာ ကောင်မလေးအတွက်ကံကောင်းသည်ဟု ဆိုရမည်။

➢

အတုအပတွေအကြောင်း လျှောက်စဉ်းစားရင်းက ခုလို သိပ္ပံပညာအစွမ်းကုန်ထွန်းကားနေသော အချိန်မှာ စာရေးဆရာတွေကို ပုံတူပွားပြီး အတုလုပ်လာလျှင် ဘယ်လိုနေမလဲဟု စိတ်ကူးယဉ်ကြည့်သောအခါ အောက်ပါဝတ္ထု ဖြစ်လာလေသည်။(ပါဝင်သော ဇာတ်ကောင် စာရေးဆရာတချို့၏ ကလောင်နာမည်ရှေ့တွင် လေးစားသမှုဖြင့် 'ဆရာ၊ ဆရာမ' တပ်ပြီး ရေးသင့်သော်လည်း ဝတ္ထုအရသာ ပျက်မှာစိုးသဖြင့် ဒီအတိုင်းပဲ ရေးလိုက်ပါသည်။ မရိုသေ မလေးစားလို့ မဟုတ်ရပါကြောင်း အနူးအညွတ် တောင်းပန်အပ်ပါသည်။)

➢



စာရေးဆရာအတုတွေ ပေါ်နေတယ်ဆိုသော သတင်းကြောင့် စာပေနယ်ထဲမှာ လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ လေထန်ကုန်းမှာလည်း ဒီအကြောင်းပဲ ပြောနေကြသည်။ မဂ္ဂဇင်းတွေမှာလည်း ဒီသတင်းကိုပဲ ဆွေးနွေးကြသည်။ ဂျာနယ်လစ်တွေကလည်း သတင်းထူး သတင်းဦးရဖို့အတွက် လိုက်ချောင်းနေကြသည်။

ခက်နေတာက အတုပေါ်တယ်သာ ကြားရသည်။ ဘယ်နေရာမှာလဲ၊ ဘယ်စာရေးဆရာကို အတုလုပ်တာလဲ ဆိုတာကျတော့ တိတိကျကျ မသိရ...။ တည်ဆောက်ပုံ ပီရိသေသပ်လွန်းလို့ အတုနှင့်အစစ် ခွဲမရဘဲ တစ်ထေရာတည်းတူနေတာ ဖြစ်မယ်ဟု သုံးသပ်ကြပြန်သည်။ ထိုအခါ စာရေးဆရာများသည် အချင်းချင်း တွေ့ကြသောအခါ သူ့ကိုယ်မယုံ၊ ကိုယ့်သူမယုံ ဖြစ်လာကြလေတော့သည်။

သိမ်းတင်သား(ရက်ဒ်ကြွက်)နှင့် မျိုးမြတ်သူတို့ဆုံကြရာ သိမ်းတင်သားက မျိုးမြတ်သူ၏ မျက်မှန်ကို ဆွဲချွတ်လိုက်သည်။

မျိုးမြတ်သူက...

"ဟာ....ဘာလုပ်တာလဲ၊ ဘာမှမမြင်ရတော့ဘူးဗျ"

ဆိုမှ ဒါအစစ်ပဲဟု စိတ်ချသွားရ၏။

မှုားနီနှင့် အတ္တကျော်တို့ တွေ့ကြရာမှာတော့ တစ်ယောက်က နှုတ်ခမ်းမွေးဆွဲနှုတ်၊ တစ်ယောက်က မုတ်ဆိတ်မွေးဆောင့်ဆွဲ၊ နှစ်ယောက်စလုံး မျက်ရည်လည်လောက်အောင် အီသွားပြီးမှ အပြန်အလှန် ယုံကြည်မှု ရသွားကြသည်။

'ဖတ်စရာဂျာနယ်'မှ မောင်နွယ်အောင်(ဒဂုံဆောင်)နှင့် ကိုနောင်ကြီးဘို့ကတော့ စာရေးဆရာ အတုတွေကို မိအောင်ဖော်ထုတ်ပြီး ဂျာနယ်ထဲက နေ ဖွင့်ချမယ်ဟု ကြံစည်ထားကြ၏။ သူတို့ အတုအစစ် ခွဲတဲ့နည်းလမ်းကတော့ စာရေးဆရာတွေတွေ့လျှင် လက်သည်းနှင့် မသိမသာ ဆွဲဆိတ်ကြည့်ခြင်းပင် ဖြစ်၏။ တွန့်ခနဲဖြစ်ပြီး 'ဟ...နာတယ်ဟ' ဟု အော်လျှင်အစစ်ပဲ။

အမျိုးသမီးစာရေးဆရာတစ်ယောက်နဲ့တွေ့စဉ်မှာတော့ ဘယ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



ကို သွားဆိတ်မိသလဲ မသိ။ ဟိုက ဖြိုတောင် မဖြို။

"ဟာ...အတုကြီးဗျ"

မောင်နွယ်အောင်က လွှတ်ခနဲ အသံထွက်သွားသဖြင့်...

"ငါ့ဟာငါ တုတုစစ်စစ်၊ နင်နဲ့ ဘာဆိုင်လို့လဲ"

ဆိုပြီး ခေါက်ထီးနှင့် လိုက်ရိုက်လို့ ထွက်ပြေးရသည်။

➢

စာရေးဆရာမ သန်းမြင့်အောင်သည် အတုပေါ်နေတယ်ကြားသဖြင့် အပူတပြင်း လိုက်ရှာသည်။ ပန်းချီသန်းမြင့်အောင်ကလည်း အတုပေါ်တယ်ဆိုလို့ လိုက်စုံစမ်းသည်။ သူတို့နှစ်ယောက်ဆုံမိကြတော့မှ ဇာတ်ရည်လည်သွားရတော့သည်။နောက်နောင် အခုလို အထင်မမှားရအောင် စာရေး ဆရာမ၏ ကလောင်အမည်ကို 'သန်းမြင့်အောင်(နာရေး)'ဟု ဖြည့်စွက် သင့်ကြောင်း အပေါင်းအသင်းများက အကြံပေးကြလေသည်။

လေးကိုတင်၏အဖြစ်ကတော့ တစ်မျိုးတစ်ဘာသာ ဖြစ်၏။ တစ်ခုသော လဆန်းတစ်ရက်နေ့တွင် 'လေးကိုတင်ထွက်သွားတယ်' ဆိုသော သတင်းဖြစ်ပေါ်လာ၏။ စာပေသမားများမှာ အမျိုးမျိုးတွေးနေကြသည်။ နိုင်ငံခြားကို ထွက်သွားတာလား၊ ဂျာနယ်တိုက်ကနေ ထွက်သွားတာလား၊ ထွက်ရပ်ပဲ ပေါက်သွားတာလား။

လေးကိုတင်သည် ဘယ်မှလည်း မထွက်။ လေထန်ကုန်းမှာ ငုတ်[illegible]ဘ်ကြီး ထိုင်လျက်သား ရှိနေ၏။ သူကိုယ်တိုင်လည်း အံ့သြနေသည်။ ကွေ့ အယောင်ဆောင်သမား တစ်ယောက်တော့ ရှိနေပြီဆိုပြီး လိုက်စုံစမ်းတော့မှ အမှန်ကို သိရ၏။ လေးကိုးတစ်ကို 'လေးကိုတင်ဟု နားကြားလွဲသွားကြခြင်းသာ ဖြစ်လေ၏။

➢

စာရေးဆရာမလေး ကျွန်းခေါ် မိမိုသည် ရိုးရိုးအအလေး ဖြစ်၏။ သောကြာစာစောင် အယ်ဒီတာ ဝေသာက ကျွန်းအတုတွေခဲ့တယ် ပြောတာကို အဟုတ်မှတ်ပြီး သွားရှာတော့ သစ်ခွဲသား ရောင်းသောဆိုင်ကို



တာကို အဟုတ်မှတ်ပြီး သွားရှာတော့ သစ်ခွဲသားရောင်းသောဆိုင်ကို ရောက်သွားသည်။ သစ်ရိုင်းတွေကို ကျွန်းအဆီသွင်းပြီး ပြုလုပ်ထားသော ကျွန်းအတုတွေကို ဆိုလိုခြင်းသာ ဖြစ်၏။ ဒါတွင်မက ပျဉ်းကတိုးအတု၊ ပိတောက်အတုတွေလည်း ရနိုင်ပါသည်ဟု ဆိုင်ရှင်က ပြောလိုက်သေးသည်။

ဒေါက်တာလမင်းကတော့ သူ့နာမည်နဲ့ ကြော်ငြာထားတဲ့ ပိုစတာတစ်ခုတွေ့တယ်ကြားသဖြင့် ပြေးကြည့်သောအခါ လိပ်ခေါင်းပျောက်ဆေး ဖြစ်နေကြောင်း တွေ့ရသည်။

ကန်တော်လေးဘက်မှာ နုနုရည်အသစ်ပေါ်နေသည်ဟု မငြိမ်းက သတင်းပေးသည်။ စိတ်မြန်လက်မြန်ရှိလှသော နုနုရည်(အင်းဝ)သည် မငြိမ်းကို အဖော်ခေါ်ပြီး ချက်ချင်းလိုက်သွားသည်။ နုနုရည်အတု ဆိုသူသည် ဘင်္ဂလီစုထဲမှာ တိုရှည်ရောင်းသော ကုလားမလေး ဖြစ်နေကြောင်း တွေ့ရ သည်။

"နုနုရည်ဆိုတာ နင်လား"

နုနုရည်(အင်းဝ)က ရောက်ရောက်ချင်း မေးသည်။

"ဟုတ်ပါတယ်"

"နင် ဘာဖြစ်လို့ အတုလုပ်ရတာလဲ"

"ဟာ....အစ်မရယ်...အစစ်ပါ၊ တိုရှည်အတုရယ်လို့ ကြားဖူးလို့လား"

"အဲဒါ ပြောတာ မဟုတ်ဘူး၊ နင် ငါ့နာမည်ကို အတုလုပ်တာကို ပြောတာ"

"ဟင်...နာမည်က အတုလုပ်လို့ ရလို့လား"

"အူကြောင်ကြောင်လုပ်မနေနဲ့၊ နုနုရည်(အင်းဝ)ဆိုတာ နင် မကြားဖူးဘူးလား"

"အင်းဝတော့ ကြားဖူးပါတယ်"

"လုပ်ပြန်ပြီ၊ ငါက စာရေးဆရာ သိရဲ့လား"

"ဪ...ဒါနဲ့ အစ်မက မဂ္ဂဇင်းတိုက်ကလား၊ ဂျာနယ်တိုက်ကလား၊ ကျွန်မကို အင်တာဗျူး လုပ်ချင်လို့ထင်တယ်၊ အစ်မတို့နောက်ကျသွားပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့ကပဲ ခေမဂ္ဂဇင်းက ကျော်ရင်မြင့်ဆိုတာလာပြီး ကျွန်မနဲ့ အင်တာဗျူး လုပ်ပြီးသွားပြီ"

သူတို့အံ့အားသင့်နေတုန်းမှာ တို့ရှည်သည် ကုလားမလေးက သူ့ အင်တာဗျူး အတွေ့အကြုံကို အားပါးတရ ဆက်ပြောနေသည်။

"သူတို့က သုံးယောက်လာကြတာ၊ ကာတွန်းဝင်းအောင်ဆိုတာလည်း ပါတယ်၊ ပြီးတော့ သူ့ထက်ကဲဆိုလား၊ အဲ...မဟုတ်ဘူး၊ ညီပုလေးဆိုတဲ့ ဆရာလည်း ပါတယ်၊ ကျွန်မက တို့ရှည်နဲ့ ဧည့်ခံတော့ သူတို့ စားဖူးသမျှ ထဲမှာ အကောင်းဆုံးပဲဆိုပြီး တစ်ယောက် ငါးခုလောက် စားသွားကြသေးတယ်"

"ဒါတော့ ယုံပါတယ်"

"အဲဒီ အင်တာဗျူးရဲ့ ခေါင်းစဉ်တောင် ပြောသွားသေးတယ်၊ တို့ရှည်တစ်ခုရဲ့ အနာဂတ်အိပ်မက်များတဲ့၊ အဲဒါ ရွှေလကျရင် မဂ္ဂဇင်းထဲမှာ ဓာတ်ပုံနဲ့တကွ ပါမှာ၊ ကျွန်မလည်း နယ်နယ်ရရ မဟုတ်ပါဘူးအစ်မရဲ့"

"နင့်ဘာသာ ဘယ်မှာပဲ ပါပါ၊ ငါ့နာမည် ယူမသုံးနဲ့"

"ဟင်း...အစ်မက နုနုရည်(အင်းဝ)၊ ကျွန်မက နုနုရည်(ဘင်္ဂလီစု)ပဲ ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင် မဆိုင်ဆိုင်၊ ငါ့နာမည်ကို တုပပြီး မသုံးရဘူး"

"တုတာမှမဟုတ်ဘဲ၊ ကျွန်မနာမည်က မွေးကတည်းက နုနုရည်ပဲ၊ မှတ်ပုံတင်ထဲမှာလည်း နုနုရည်ခေါ် ခါတမာလို့ အတိအလင်း ရေးထားတာပဲ၊ မယုံရင် ကျွန်မအစ်မကို မေးကြည့်"

ဆိုပြီး ခပ်လှမ်းလှမ်းမှာ မုန့်တွန်ဖံ့ရောင်းနေသော ကုလားမတစ်ယောက်ကို လှမ်းခေါ်သည်။ သူက အနားကို ရောက်လာပြီး...

"ဘာလဲ မဂ္ဂဇင်းတိုက်က ရောက်လာပြန်ပြီလား၊ ဒီတစ်ခါတော့ ကျွန်မရဲ့ မုန့်တွန်ဖံ့အကြောင်း ရေးပေးပါနော်"

ဟု ပြောနေသေးသည်။ ပြီးမှ အကြောင်းစုံသိရပြီး ထောက်ခံချက် တင်ပေးသည်။

"ဟုတ်ပါတယ် သူ့နာမည် မွေးကတည်းက နုနုရည်ပဲ၊ ကျွန်မနာမည်



ကတော့ မငြိမ်းခေါ် ဘီဘီတဲ့။

"ဘာပြောတယ်"

မငြိမ်း မျက်လုံးပြူးသွားပြီး ရေရွတ်လိုက်၏။

"ဟုတ်တယ်လေ၊ ကျွန်မတို့မှာ ညီအစ်မသုံးယောက် ရှိတယ်၊ အစ်မ အကြီးဆုံးက စမိုင်ရောင်းတယ်၊ ဒီနေ့ နေမကောင်းလို့ ဆိုင်မထွက်နိုင်တာ၊ သူ့နာမည်က စမ်းစမ်းနဲ့ ခေါ် မခါတွန်တဲ့"

သူတို့နှစ်ယောက် ဘာမှမပြောနိုင်ဘဲ ငေးကြောင်ကြည့်နေစဉ်မှာ ပင်...

"ဘာလဲ...မယုံသေးဘူးလား"

ဟု ပြောရင်း ခပ်လှမ်းလှမ်းမှာ ကွမ်းယာရောင်းနေသော ကုလားကြီး တစ်ယောက်ကို လှမ်းခေါ်လိုက်၏။

"အီစွပ်ဘိုင်...အီစွပ်ဘိုင်၊ ဒီမှာ လာရှင်းပေးပါဦး"

မုတ်ဆိတ်မွေးကို အနီရောင်ဆိုးထားသော ကုလားကြီးက ဆတ်ခနဲ လှည့်ကြည့်ပြီး...

"ငါ့ကို အဲဒီလို မခေါ်နဲ့လို့ ပြောထားတယ် မဟုတ်လား၊ ငါ့နာမည်ကို ချစ်စံဝင်းလို့ ပြောင်းထားတယ်လို့ ဘယ်နှခါ ပြောရမလဲ"

ဟု ပြန်အော်သည်။

မဖြစ်ချေဘူး၊ ဆက်နေလျှင် မြနှောင်းညိုခေါ် ဟာမီတာ၊ မင်းထက် အောင် ခေါ် အီဘရာဟင်၊ မျိုးကိုမျိုး ခေါ် ခါလစ်၊ ဝေမှူးသွင်ခေါ် အစ္စပါနီ ဆိုတာမျိုးတွေ ထပ်တွေ့လာနိုင်၏။ ထို့ကြောင့် အသာလေး ပြန်လစ်ထွက် ခဲ့ရလေသည်။

➤

တချို့ စာရေးဆရာတွေရဲ့ အဖြစ်ကတော့ တစ်မျိုး။ အစစ်က အတု က အထင်ခံရခြင်း ဖြစ်လေသည်။

မျက်ခုံးကိုပင့်ပြီး ပြုံးတတ်တာ ခင်ပန်နှင်းရဲ့ စတိုင်ပဲ။ သူ့ပြုံးပုံမှာ ခပ် ...း စထရိုက် စီးကရက်ကြော်ငြာထဲက မင်းသမီး၏အရိပ်အငွေ့ ပါသည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကြသဖြင့် ဒီလိုမျိုး မကြာခဏ ပြုံးလေ့ရှိသည်။ ခုရက်ပိုင်းမှာတော့ သွားကိုက်ပြီး ပါးကြီးယောင်နေသဖြင့် ပြုံးလည်းမပြုံးနိုင်။ နဖူးမှာ ဝက်ခြံဖုကြီးထွက်နေသောကြောင့် မျက်ခုံးလည်း မပင့်နိုင်ဘဲ ရုပ်တည်ကြီးနှင့်ဖြစ်နေသောအခါ ခင်ပန်နှင်းအစစ် မဟုတ်နိုင်ဟု သင်္ကာမကင်း အဖြစ်ခံရလေသည်။

အကြည်တော်သည် စာတွေရေးရလွန်းသဖြင့် စိတ်ရောလူပါ ပင်ပန်းနေသည်။ ထို့ကြောင့် အနားယူမယ် စိတ်ကူးပြီး ပင်လယ်ကမ်းခြေဘက် ခရီးထွက်သွားသည်။ ရုတ်တရက် ကောက်ထွက်သွားရသဖြင့် အဝတ်အစားတောင် ကောင်းကောင်းမလဲနိုင်။ ညကလည်း သူငယ်ချင်းတွေနဲ့ တစ်ခွက်တစ်ဖျားကိုင်ရင်း ညဉ့်နက်ခဲ့ရသဖြင့် လူက စုတ်ဖတ်ဖတ် ညှင်းသိုးသိုးဖြစ်နေ၏။ ပင်လယ်ကမ်းခြေရောက်လို့ ဟိုတယ်မှာ အခန်းယူဖို့ စာရင်းသွင်းသောအခါ ဝန်ထမ်းက သူ့ပုံစံကို ကြည့်ပြီး...

"ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်း ထောက်ခံစာ ပါသလား"

ဟု မေးလိုက်သည်။

ဒါရိုက်တာမီးပွားသည် ရုပ်ရှင်ရိုက်ရာမှာ အသေးစိတ် စေ့စေ့စပ်စပ် ရိုက်လေ့ရှိ၏။ တစ်ခါတလေ လိုအပ်တာထက်တောင် ပိုပြီး အချိန်ယူတတ်သဖြင့် မင်းသားမင်းသမီး ပေးထားသော ရိုက်ရက်တွေနဲ့ မလုံလောက်တော့ဘဲ ဇာတ်ကားမပြီးမပြတ် ဖြစ်ရသည်။ ထို့ကြောင့်...

"မုတ်ဆိတ်ဖား ကုလားမဟုတ်၊ ဇာတ်ကားပြီး မီးပွားမဟုတ်"

ဟု စချီးကြရသည်။

ခုခါမှာတော့ ရုပ်ရှင်သမားတွေအပြင် စာနယ်ဇင်းတွေကရော ပရိသတ်တွေကပါ ချီးကျူးဂုဏ်ပြုရသော 'တစ်ခါက ရောဝတီညများ' ဇာတ်ကားကြီးကို အောင်မြင်စွာ ရိုက်ကူးပြီးစီးရုံမက ရုပ်ရှင်ရုံတွေပေါ်မှာတောင် အောင်ပွဲခံနေပြီ။ ထိုအခါ လူတွေက...

"ဒါဆိုရင်တော့ မီးပွားအစစ်မဟုတ်ဘူး၊ အတုပဲ ဖြစ်ရမယ်"

ဟု မှတ်ချက်ပြုကြသည်။

စာရေးဆရာကိုတာကတော့ မိတ်ဆွေတစ်ယောက် ဆေးရုံတက်နေ



သဖြင့် သတင်းမေးဖို့သွားသည်။ ညေ့ချိန်မဟုတ်သဖြင့် အပေါက်စောင့်က တက်ခွင့်မပြု။ ထိုအခါ သူက...

"ကျွန်တော် ကိုတာပါ"

"ကိုတာခေတ် ကုန်သွားပြီ"

"ဗျာ..."

"ဟုတ်တယ်၊ ကုန်ပစ္စည်းတွေ ဒီလောက်ပေါပြီး ဝယ်ချင်သလောက် ဝယ်လို့ရနေတာ၊ အရင်ခေတ်ကလို ကိုတာတွေ၊ ခွဲတမ်းတွေ လာလုပ်မနေနဲ့"

"ဟာ...အဲဒါပြောတာ မဟုတ်ပါဘူး၊ ကျွန်တော် စာရေးဆရာကိုတာပါလို့ ပြောတာပါ"

"ဒါမျိုးတွေ ရိုးနေပြီ၊ ဟိုတစ်လောကလည်း သူ့ကိုယ်သူ ဂျက် (ကွမ်းခြံကုန်း) လို့ ပြောတဲ့ လူတစ်ယောက်လာသေးတယ်၊ လူကို တော်တော်များ မှတ်နေသလား မသိဘူး၊ ကွမ်းခြံကုန်းမှာ လေယာဉ်ကွင်း မရှိဘူးဆိုတာ မသိဘဲ နေပါ့မလားဗျ"

"ကျွန်တော် အရေးကြီးလို့ပါ"

"မရဘူး၊ တာဝန်ရှိတဲ့လူပဲ တက်လို့ရမယ်"

"ကျွန်တော်လည်း ဆရာဝန်တစ်ယောက်ပါပဲဗျာ"

ဟု နောက်တစ်မျိုး စမ်းကြည့်လိုက်တော့....

"ဟား ဟား....ဒါ ဆရာဝန်ရုပ်လား၊ လုပ်မနေနဲ့၊ တောမှာပဲ ရမယ်၊ ဆေးရုံမှာ ဒါမျိုး လာစမ်းလို့ မရဘူး"

ဘယ်လိုပြောလို့မှ မရသဖြင့် နောက်ဆုံးတော့ နိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပေးထားသော ဝင်ခွင့်လက်မှတ်ကို ထုတ်ပြရန် အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်စဉ်....

ဘေးမှဖြတ်လျှောက်သွားသော လူကြီးတစ်ယောက်က...

"ဟေ့ဟေ့ အပေါ်မှာ ဆရာဝန်ကြီး ရောင်းလှည့်နေတယ်နော်၊ ပုံကျ ဈေးသည်တွေ ဆေးရုံပေါ်မတက်စေနဲ့"

ဟု လှမ်းအော်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



➢

မောင်စန်းဦး၏ စိတ်ကူးချိုချိုစာအုပ်ဆိုင်သစ်ဖွင့်ပွဲကို ဘိုကလေးဈေးလမ်းမှာ ကျင်းပသည်။ ဆိုင်ဖွင့်ပွဲ အစီအစဉ်တစ်ခုအဖြစ် ရုပါစာရေးဆရာလေး မင်းခိုက်စိုးစန်က ပရိသတ်နှင့် တွေ့ဆုံပြီး အမှတ်တရ လက်မှတ်ထိုးပေးမည် ဖြစ်၏။

မင်းခိုက်စိုးစန်သည် ပရိသတ်ကို လေးစားသောအားဖြင့် အစောကြီးကတည်းက ရောက်နေသည်။ သူ့အတွက် ပြင်ဆင်ပေးထားသော စားပွဲမှာအဆင်သင့် ထိုင်စောင့်နေသည်။ သို့ရာတွင် ရောက်ရှိလာသော ပရိသတ်များက သူ့ကို မင်းခိုက်စိုးစန်ဟု မထင်ကြ။

ဘယ်ထင်မလဲ။ သူ့ပုံစံကိုလည်း ကြည့်ပါဦး၊ မျက်နှာက အရှေ့တိုင်းမောရုပ်မျိုးဖြစ်၏။ ဆံပင်ကိုကျတော့ ကိုရီးယားမင်းသားတွေလို ရှည်လီလိမ်းပြီး အပေါ်ကို ကော့ထောင်ထားသည်။ သို့ရာတွင် ပုံပန်းမကျအမွေးတုံးနေသော တံမြက်စည်းကို ခေါင်းပေါ်တင်ထားသလို ဖြစ်နေ၏။ အဝတ်အစားကလည်း အဖေလုပ်တဲ့လူရဲ့ အင်္ကျီထဲ ဝင်ဆော့နေတဲ့ ကလေးကျနေတာပဲ။

ဒီတော့ လူတွေက သူ့ကို မင်းခိုက်စိုးစန်ရဲ့ လက်တိုလက်တောင်းခိုင်းတဲ့ တပည့်လေးမှတ်ပြီး ဂရုတောင်မစိုက်ကြ။ အပေါက်ဝဘက်ကိုသာမျှော်ကြည့်ပြီး 'ဆရာကလည်း ကြာလိုက်တာ'ဟု ရေရွတ်နေကြ၏။

ဖြစ်ချင်တော့ ထိုအခိုက်မှာပင် ထုတ်ဝေသူ မောင်မျိုး(ကြောင်နှစ်ကောင်) ဆိုင်ထဲဝင်လာသည်။ သူက သူ့တိုက်က စာရေးဆရာတွေထိုကြက်သားအုပ်မကြီးက ကြက်ပေါက်ကလေးတွေကို မျက်စိအောက်ကအပျောက်မခံသလိုမျိုး ဂရုစိုက်တတ်သူဖြစ်၏။ ခုလည်း သူ့ စာရေးဆရာအခြေအနေကို လာကြည့်ခြင်း ဖြစ်၏။

မောင်မျိုး(ကြောင်နှစ်ကောင်)မှာ အသားဖြူဖြူ၊ အဝတ်အစားသပ်သပ်ရပ်ရပ်၊ အင်္ကျီမှာ ရွှေကြယ်သီးကြိုးတပ်ထားသည်။ ရုပ်ကလည်းသန့်သန့်ချောချော၊ ဂျက်ကီချမ်းကို ဘွန်ဗိုင်းလုပ်ထားတဲ့ ပုံမျိုးဖြစ်၏။ ထို့ကြောင့် ပရိသတ်များသည်...



"ဟော...ဆရာမင်းခိုက် လာပြီ"

ဆိုပြီး မောင်မျိုး(ကြောင်နှစ်ကောင်)ကို အပြေးအလွှား ဝိုင်းအုံပြီး ကြိုဆိုလိုက်ကြတော့သည်။

မောင်မျိုးမှာ ရုတ်တရက်ဆိုတော့ လန့်ဖျပ်ပြီး

"ဟာ...ကျွန်တော် မဟုတ်ပါဘူး၊ ကျွန်တော်က ကြောင်မျိုး(မောင်နှစ်ကောင်) အဲ..ကြောင်နှစ်မျိုး...မဟုတ်ပါဘူး...၊ မောင်မျိုး(ကြောင်နှစ်ကောင်)ပါ"

ဟု အယောင်ယောင်အမှားမှား ပြောမိလေ၏။

➢

စာရေးဆရာ အတုတွေ ပေါ်နေတယ်ဆိုသောသတင်းမှာ တကယ်တမ်းကျတော့ အမှန်မဟုတ်ဘဲ ကောလာဟလမျှသာ ဖြစ်ကြောင်း သိရှိသွားကြသည်။ စာပေလောကသားတို့လည်း ခုမှ သက်ပြင်းချပြီး စိတ်သက်သာရာ ရမယ်ကြံကာ ရှိသေး။

'နီကိုရဲအတုပေါ်နေပြီ' ဆိုသော သတင်းထွက်လာသည်။ ထိုသတင်းမှာ အရင်အခါတွေလို နားကြားလွဲတာတို့၊ နာမည်တူနေတာတို့၊ အစစ်ကိုပဲ အတုထင်မိတာတို့ မဟုတ်။ နီကိုရဲနဲ့ တကယ့်ကို တစ်ထေရာတည်းတူတဲ့ လူတစ်ယောက် ပေါ်လာခြင်းပင် ဖြစ်၏။

တချို့က နီကိုရဲလို လွဲနေကျလူက တစ်ထပ်တည်းတူတဲ့ အတု ပေါ်လာတယ်ဆိုတာကို အံ့သြနေကြ၏။ တချို့ကလည်း လွဲနေကျမို့ ဒီတစ်ခါလည်း လွဲဦးမှာပါဟု ထင်ကြသည်။ တချို့ကတော့ နှစ်ပေါင်းများစွာပျောက်ဆုံးနေတဲ့ နီကိုရဲရဲ့ အမြွှာညီအစ်ကို ဝါကိုရဲ ဆိုတာ ပေါ်လာတာဖြစ်မှာပေါ့ဟု ထင်ကြေးပေးကြသည်။

နောက်ဆုံး နီကိုရဲ၏မိန်းမကိုယ်တိုင်က ချွတ်စွပ်တူနေသော လူနှစ်ယောက်ကို မခွဲခြားနိုင်သဖြင့် သူ့ယောကျ်ားအစစ်က ဘယ်သူလဲဆိုတာကူညီဖော်ထုတ်ပေးဖို့ ငိုယိုတောင်းပန်လာတော့မှ ဟိုးလေးတကြော်ဖြစ်သွားလေတော့သည်။

နီကိုရဲနှစ်ယောက်တူပုံကလည်း အသေးအဖွဲက အစပါ။ ဆံပင်တစ်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းချင်းက အစတူသည်။ သွားကြားက ဆေးလိပ်ချိုး အမည်းကြောင်းလေးတွေကအစ တူသည်။ အသံကလည်း တစ်ထပ်တည်း။ ပိုပြီး အံ့ဩကောင်းတာက တစ်ယောက်ရဲ့ပါးမှာ ဝက်ခြံပေါက်လာတော့ နောက်တစ်ယောက်မှာပါ လိုက်ပေါက်လာတာမျိုး ဖြစ်၏။

ဒီနှစ်ယောက်ထဲမှာ တစ်ယောက်ကတော့ အတုပဲ။ အတုဆိုရာမှာ အဆင့်မြင့် နည်းပညာဖြင့် ပြုလုပ်ထားသော ရိုဘော့စက်ရုပ်ဖြစ်၏။ သို့ရာတွင် ဘယ်လောက်ထိ ပိပိရိရိ လုပ်ထားသလဲဆိုတော့ ဓာတ်မှန်ရိုက်ကြည့်၊ အာထရာဆောင်းရိုက်ကြည့်၊ စကင်ဖတ်ကြည့်တာတောင် ခွဲခြား လို့မရ။ ဒါကြောင့်လည်း သူ့မိန်းမကိုယ်တိုင် ဇဝေဇဝါ ဖြစ်နေရတာ။

ကလေးတွေမှာ ထူးခြားသော အာရုံတစ်မျိုးရှိသည်ဟု ဆိုကြသည်။ ကလေးတစ်ယောက်ကို ခွဲခြားကြည့်ခိုင်းရမည်။ ထို့ကြောင့် သူ့သားကလေးကို ပြကြည့်၏။ ချာတိတ်က နီကိုရဲနှစ်ယောက်ကို တအံ့တဩ ငေးကြည့်နေပြီးမှ တစ်ယောက်ဆီကို ကပ်သွားပြီး....

"ပေးကွ"

ဟု ပြောလိုက်သည်။ နီကိုရဲ တစ်ယောက်က...

"ငါ့သားကြိုက်တာ သိတာပေါ့ကွာ"

ဆိုပြီး အိတ်ထဲက ဂျယ်လီတစ်ခု ထုတ်ပေးသည်။ ချာတိတ်လည်း နောက်တစ်ယောက်ဆီ လျှောက်သွားပြီး 'ပေးကွ' ဟု တောင်းပြန်သည်။ နောက်တစ်ယောက်ကလည်း ဂျယ်လီတစ်ခု ထုတ်ပေးပြန်သည်။ တိုက်ဆိုက်ဆိုင်ဆိုင် ဂျယ်လီတွေက တစ်မျိုးတစ်စားတည်း၊ အရောင်ကလည်း ချာတိတ်ကြိုက်တတ်သော အနီရောင်တွေချည်း ဖြစ်နေ၏။ ချာတိတ်လည်း "ဖေဖေနှစ်ယောက်၊ ဂျယ်လီနှစ်ခု'ဟု ဝမ်းသာအားရ အော်ပြီး [illegible] နေတော့သည်။

➢

နီကိုရဲသည် တာရာမင်းဝေတို့ မင်းခိုက်စိုးစန်တို့လိုပင် မော်ဒန်အနွယ်ဝင်ထဲမှာ ပါသည်။ ထို့ကြောင့် မော်ဒန်ဆရာမြတ်သစ်ဆိုလျှင် ခွဲခြားပေးနိုင်မှာပဲဆိုပြီး ခေါ်သွား၍ပြကြည့်သည်။ သူက နီကိုရဲနှစ်ယောက်ကို တစ်လှည့်စီ စေ့စေ့စပ်စပ်ကြည့်ပြီးနောက်...



"နှစ်ယောက်စလုံးအတုပဲ"

ဟုဆိုလိုက်သဖြင့် ဘာဆက်လုပ်ရမှန်း မသိဘဲ ပြန်ခေါ်လာရသည်။

ဒေါက်တာငွေစိုးသည် ဆရာဝန်စာရေးဆရာဖြစ်၏။ သူဆိုလျှင်တော့ ဆေးပညာ သဘောအရကြည့်ပြီး ခွဲခြားနိုင်မှာပဲဆိုပြီး အကူအညီတောင်းကြပြန်သည်။ သူက စစ်ဆေးကြည့်ပြီး...

"အနာတမိနဲ့ ခွဲခြားလို့တော့မရဘူး၊ ဒါပေမယ့် မပူပါနဲ့လေ၊ ကောင်းသွားမှာပါ အဲ....လူချင်းဘယ်လောက်တူတူ လက်ရေးတို့ ထိုးမြဲလက်မှတ်တို့ကတော့ မတူနိုင်ပါဘူး"

ဆိုပြီး နီကိုရဲနှစ်ယောက်ကို စာတစ်ကြောင်းစီရေးပြီး လက်မှတ်ထိုးခိုင်းသည်။ လက်ရေးချင်း တူသည်။ လက်မှတ်ချင်းလည်း တူသည်။ ဝတ္ထုတိုတစ်ပုဒ်စီရေးခိုင်းကြည့်ပြန်သောအခါ ဒေါက်တာငွေစိုး မျက်လုံးပြူးသွား၏။ ဓာတ်လမ်းရော၊ အရေးအသားပါ၊ ဝါကျတစ်ကြောင်းချင်းကအစ 'ဧ။' 'သည်'မရွေး တူနေရုံမက ခြစ်ရာဖျက်ရာကလေးတွေပါ တစ်ထပ်တည်း ကျနေသောကြောင့်ပင်ဖြစ်၏။

➢

နီကိုရဲကိစ္စနှင့်ပတ်သက်ပြီး စာပေနယ်ထဲမှာလည်း အမျိုးမျိုးပြောဆို၊ ထင်မြင်ချက် ပေးနေကြသည်။ ဘာသာပြန်စာရေးဆရာများ ဖြစ်ကြသော မောင်ပေါ်ထွန်း၊ မောင်မိုးသူ၊ မောင်ဝံသ၊ မြတ်ငြိမ်း၊ စိုးသိဏ်း၊ ဇင်သန့်တို့ စကားဝိုင်းတွင်....

"နေစမ်းပါဦးဗျာ၊ စာရေးဆရာတွေ အများကြီးထဲမှာ နီကိုရဲကိုမှ ဘာကြောင့်ရွေးပြီး အတုလုပ်ရတာလဲ"

"သူက ဘက်ဆယ်လာစာရေးဆရာမို့လို့ ဖြစ်မှာပေါ့"

"တခြားအကြောင်း ရှိသေးတယ်ဗျ"

"ဘာလဲ"

"စဉ်းစားကြည့်လေ၊ လူကို တစ်ထေရာတည်း တူအောင် လုပ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုရမယ့် ကုန်ကြမ်းပစ္စည်းတွေ ဆိုတာ အထူးပြုလုပ်ရတာ၊ သိပ်ဈေးကြီးတယ်၊ နီကိုရဲကို အတုလုပ်တော့ ကုန်ကျစရိတ် သက်သာတာပေါ့"

"ဟုတ်တယ်၊ မောင်ရန်ရှင်းတို့၊ ကြည်စိုးထွန်းတို့၊ လယ်တွင်းသားစောချစ်တို့လို ပုံမျိုးကြီးတွေကို အတုလုပ်ရင် ကုန်ကျစရိတ် သိပ်ကြီးသွားမှာပေါ့"

"စိန်မျိုးမြင့်ကိုသာ အတုလုပ်ရရင် ကုန်ကြမ်းဖိုးနဲ့ မွဲမှာပဲ"

"ဒါရိုက်တာမောင်ဝဏ္ဏတို့၊ အောင်မင်းသိမ်းတို့ ဆိုရင်တော့ အတုလုပ်ဖို့ လွယ်မယ်ဗျ၊ ကုန်ကြမ်းဖိုး သိပ်ကုန်မှာ မဟုတ်ဘူး"

"ဒါဆို မျောက်လူဆိုတဲ့ကောင်လည်း အတုလုပ်ဖို့ လွယ်မှာပေါ့၊ သူလည်း လူကောင် ခပ်သေးသေးပဲ မဟုတ်လား"

"ဟာဗျာ....ဒီကောင်ကတော့ အစစ်တောင် ဘယ်နေရာမှာမှ သုံးစားလို့ မရတာ၊ ဘယ်သူက အဖက်လုပ်ပြီး အတုလုပ်နေမှာလဲ"

စသည်ဖြင့် ဝေဖန်သုံးသပ်နေကြ၏။

➢

ဟာသသမားအချင်းချင်းဆိုရင်တော့ အဆင်ပြေနိုင်ကောင်းရဲ့ဆိုပြီး အဏ္ဏဝါစိုးမိုးကို အကူအညီတောင်းကြပြန်သည်။ ထိုအခါ နီကိုရဲနှစ်ယောက်နှင့် သူ(တို့)မိန်းမကောင်မလေးကို မျက်နှာချင်းဆိုင် ထိုင်ခိုင်းပြီး အင်တာဗျူး လုပ်သည်။

"ကဲ...မေးခွန်းတစ်ခုမေးမယ်၊ ငါ ဖြေခိုင်းတဲ့လူက ဖြေရမယ်"

ပြောရင်း ကောင်မလေးကို လက်ညှိုးညွှန်ပြ၍...

"သူ ဘာကြိုက်တတ်သလဲ၊ ကဲ...မင်းပြော"

ညာဘက်က နီကိုရဲကို မေးလိုက်သည်။

"စားလို့ရတာ အကုန်ကြိုက်တယ်"

ဟု ဖြေသည်။

"သူ မကြိုက်တာရော ဘာလဲ၊ မင်းဖြေ"

ဘယ်ဘက်က နီကိုရဲက ဖြေသည်။

"စားလို့မရရင် မကြိုက်ဘူး"



အဖြေ နှစ်ခုစလုံး မှန်နေသည်။ ကိုအဏ္ဏဝါက လျှပ်တစ်ပြက်မေးခွန်းတစ်ခုကို မေးလိုက်ပြန်သည်။

"ကဲ...ကောင်မလေး ဒီတစ်ခါ နင့်ကို မေးမယ်၊ ကိုယ့်ယောက်ျားအကြောင်း ကိုယ် ကောင်းကောင်း သိမှာပေါ့၊ ဟုတ်လား"

"သိတာပေါ့ ဆရာရဲ့"

"ဟုတ်ပြီ၊ ငါ မေးမယ်၊ နင့်ယောက်ျားရဲ့ ကိုယ်ခန္ဓာပေါ်မှာ လျှို့ဝှက်တဲ့ အမှတ်အသား ဘာရှိသလဲ"

"ဟော့ဟော့...မပြောနဲ့"

"ပြောလို့ မဖြစ်ဘူး"

ကောင်မလေး မဖြေခင် နီကိုရဲနှစ်ယောက်စလုံးဆီက တားမြစ်သံတစ်ပြိုင်တည်း ထွက်လာသည်။ ကောင်မလေးကလည်း ရှက်ပြုံးပြုံးပြီး...

"ဟုတ်တယ်ဆရာ၊ ပြောလို့မဖြစ်ဘူး"

တကယ်တော့ ဒါတွေက ဟန်ပြမေးခွန်းတွေသာ ဖြစ်၏။ ကိုအဏ္ဏဝါဆီမှာ နည်းလမ်းကောင်းတစ်ခု ရှိသေးသည်။ မဟောသဓာ သားတရားစီရင်ခန်းထဲကလို လုပ်ခိုင်းဖို့ပင် ဖြစ်၏။ ထို့ကြောင့်....

"ကဲ...ကလေးမက အလယ်မှာရပ်၊ မင်းတို့နှစ်ယောက် ဟိုဘက်ဒီဘက်ကနေ လက်တစ်ဖက်စီကို ကိုင်ပြီး အသားကုန်ဆွဲကြ၊ ကိုယ့်ဘက်ပါအောင် ဆွဲနိုင်တဲ့လူက နီကိုရဲအစစ်ပဲ"

'ကဲ...ထကြလေ၊ ဆွဲကြလေ"

ထိုအခါ ညာဘက်မှာ ထိုင်နေသော နီကိုရဲတစ်ယောက်က...

"ကျွန်တော် မဆွဲတော့ပါဘူး၊ ဟိုကောင့်ကိုပဲ ပေးလိုက်ပါတော့"

ဘယ်ဘက်က နီကိုရဲကလည်း...

"ဟေ့ကောင်...မင်း...အဲဒီလို လူလည်မကျနဲ့၊ ဒီလောက် တွေကရာဘွစ်တ်ဘွတ် စားနေတဲ့ ဒင်းကို ငါ တစ်ယောက်တည်း ခံရမှာလား"

နောက်တစ်ယောက်ကလည်း....

"ဆရာအဏ္ဏဝါရယ်၊ ကျွန်တော် အတုဖြစ်ချင်လည်း ဖြစ်ပါစေတော့၊ ကျွန်တော်ပဲ အရှုံးပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မရဘူးကွ၊ ငါက အတုပဲ၊ မင်းသာ အစစ်၊ မင်းယူပါလား"

ဟု နှစ်ယောက်စလုံးက အတုပါဟု အပြိုင်အဆိုင် ငြင်းခုန်နေကြသဖြင့် ကိုအဏ္ဏဝါ လက်မြှောက်လိုက်ရသည်။ စိတ်ထဲကတော့ 'အဏ္ဏဝါ စိုးမိုးလည်း အတုပေါ်ရင် ကောင်းလေစွ'ဟု အားကျမိလေ၏။

➤

မျောက်လူသည် အတော်ဦးနှောက်စားနေ၏။ သူကနီကိုရဲနှင့် အရင်းနှီးဆုံးလည်း ဖြစ်၊ တစ်မြို့နယ်တည်းနေကြသူများလည်း ဖြစ်သောကြောင့် ပြဿနာသည် သူ့ခေါင်းပေါ် ပုံကျလာခဲ့၏။

သူသည် လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ဘယ်လို နည်းလမ်းကို သုံးရပါ့မလဲ စဉ်းစားသည်။ သူ့ဦးနှောက်ကလည်း မဟုတ်က ဟုတ်က လုပ်ကြံဖန်တီးတဲ့နေရာမှာသာ အသုံးဝင်တာ၊ ဒါမျိုးကျတော့ ဘာအကြံဉာဏ်မှ မထွက်။

ရေနွေးကြမ်းခွက်ကို ယူပြီး သောက်လိုက်သည်။ ရေနွေးက ဆူခါစကို ထည့်ထားခြင်း ဖြစ်သည်။ အာရုံက တခြားရောက်နေတုန်း အမှတ်တမဲ့သောက်မိသဖြင့် အပူလောင်ပြီး လျှာကျက်သွားသည်။ ဒီမှာတွင်ပဲ အကြံကောင်းတစ်ခုကို ဖျတ်ခနဲ စဉ်းစားမိတော့သည်။

ထိုအစီအစဉ်ကား...

နီကိုရဲနှစ်ယောက်ကို ဘေးချင်းယှဉ် ထိုင်ခိုင်းထားသည်။ ရှေ့က စားပွဲပေါ်မှာ ရမ်နှစ်ပက်စီထည့်ထားသော ဖန်ခွက် နှစ်ခွက်ချထားသည်။

မျောက်လူက...

"ကဲ...သေသေချာချာနားထောင်၊ ငါက အချက်ပေးလိုက်တာနဲ့ ကိုယ့်ရှေ့မှာ ရှိတဲ့ခွက်ကို ယူပြီး တစ်ခါတည်း မော့သောက်ချရမယ်၊ ကြားလားကဲ... စပြီ၊ တစ်၊ နှစ်၊ သောက်"

နီကိုရဲနှစ်ယောက်လည်း ဖန်ခွက်များကိုယူ၍ တစ်ကြိုက်တည်း ပြိုင်တူမော့သောက်လိုက်ကြသည်။ မျောက်လူက သူတို့နှစ်ယောက်ကို သေသေချာချာ ဂရုစိုက်ကြည့်နေသည်။ ဘယ်ဘက်က နီကိုရဲသည် ရှုံ့မဲ့



သွား၏။ ညာဘက်မှ နီကိုရဲကတော့ ဣန္ဒြေမပျက်ဘဲ ခပ်အေးအေးပင် ရှိနေ၏။

ထိုအခါကျမှ မျောက်လူက...

"ကဲ...အဖြေမှန်ပေါ်ပါပြီ၊ တကယ်တော့ လူကိုသာ အတုလုပ်လို့ ရချင်ရမယ်၊ လျှာအရသာခံနိုင်မှုကိုတော့ အတုလုပ်လို့ မရဘူး၊ ဟောဒီဖန်ခွက်ထဲမှာ ထည့်ထားတာက ရေလုံးဝရောမထားတဲ့ ရမ်အစစ်တွေပဲ၊ ရိုဘော့စက်ရုပ်တွေဟာ အရသာခံနိုင်စွမ်း မရှိတဲ့အတွက် ဘာမှ ထူးခြားပြီး ခံစားရမှာ မဟုတ်ဘူး၊ လူအစစ်ကသာ အရသာကို သိနိုင်တယ်၊ ဒါကြောင့် နီကိုရဲအစစ်ဟာ ဟောဒါပဲ"

ဟု ပြောပြီး ရမ်ကို 'နီ'သောက်လိုက်ရသဖြင့် ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်နေသော ဘယ်ဘက်က နီကိုရဲကို လက်ညှိုးညွှန်ပြလိုက်သည်။

"တော်ပါပေတယ်၊ တော်ပါပေတယ် ဒါကြောင့်လည်း နာမည်ကျော်ပေတာပဲ"

စိတ်ဝင်စားစွာ ကြည့်ရှုနေသော ပရိသတ်လည်း လက်ခုပ်သြဘာပေးပြီး ချီးကျူးကြလေသည်။ သို့ရာတွင် ကောင်မလေးသည် မျောက်လူ လက်ညှိုးညွှန်ရာနှင့် ဆန့်ကျင်ဘက်ဖြစ်သော ညာဘက်က နီကိုရဲဆီသို့ သွားပြီး လက်မောင်းကိုကိုင်၍...

"သူကမှ ကျွန်မယောက်ျားအစစ်ပဲ"

အားလုံး 'ဟင်ခနဲ'၊ 'ဟာခနဲ' ဖြစ်ကုန်ကြပြီး...

"ဘာဖြစ်လို့လဲ သူက..."

"ဘာကြောင့်လဲဆိုတော့ ကိုယ့်ယောက်ျားအကြောင်း ကိုယ်သိလို့ပေ့ါ၊ ကျွန်မယောက်ျားက သောက်ရင် ဘယ်တော့မှ မျက်နှာရှုံ့မဲ့သွားဘာမျိုး မရှိဘူး၊ မယုံရင် ကြည့်ပါလား"

နီကိုရဲသည် ပြုံးဖြဲဖြဲလုပ်ရင်း နှုတ်ခမ်းကိုတောင် လျှာနှင့်သပ်နေသေးသည်။ ထို့နောက်...

"နီကိုရဲပဲဟာ၊ မလွဲရင် အစစ် ဘယ်ဟုတ်တော့မလဲ"

ဟု ပြောလိုက်သည်။ ထိုစဉ်မှာပင် ဝုန်းခနဲအသံတစ်ခုကြားရပြီး

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်က နီကိုရဲအတုသည် အခိုးအငွေ့များ အသွင်ပြောင်း၍ တစ်စတစ် စပျောက်ကွယ်သွားသည်။ ဒီတော့မှ အားလုံး စိတ်သက်သာရာရပြီး ဝမ်း မြောက်ပျော်ရွှင်သွားကြလေတော့သည်။

ကောင်မလေးသည် နီကိုရဲ၏ နဖူးကို လက်ညှိုးနှင့်တို့ရင်း အောက်ပါ သီချင်းကို ဆိုလေသည်။

“ကိုကို ကျွန်တော့်ကို
ချာတိတ်လို့ မခေါ်နဲ့ x x x
နာမည်ရှိတယ်
မကြိုက်ဘူးသိရဲ့လား x x x
ကိုကိုနဲ့ကျွန်တော်
အရပ်ချင်းတိုင်း ကြည့်မလား x x x
မို့ကာနီးပြီ ဒါကလေးလား x x x
ဆယ့်ခြောက်လက်မ x x x
ဆယ့်ခြောက်လက်မ x x x
အိုးဝိုး x x အို x x x

(စိတ်ကူးယဉ်ဇာတ်လမ်းမျှသာ ဖြစ်ပါသည်။ မည်သူ့ကိုမှ မရည်ရွယ် ပါ။ တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။)

➢ ➢ ➢

မင်းလူ

( ကလျာမဂ္ဂဇင်း၊ မေ ၂၀၀၅ )



www.burmeseclassic.com

www.burmeseclassic.com



## စာပေကယ်ရီကေးချား

ညသည် အာဆင်နယ် နောက်တန်းမှ အင်္ဂလန်ဘောလုံးသမား ဆိုးလ်ကင်းဘဲ ကဲ့သို့ မည်းနက်နေ၏။ မှောင်လိုက်ပုံကတော့ ရှေ့လေးငါးပေလောက်ကိုတောင် ကောင်းကောင်း မမြင်ရသဖြင့် စမ်းတဝါးဝါးသွားနေရသည်။ သွားနေကျလမ်းမို့လို့သာ စိတ်မှန်းနှင့် သွားလို့ရနေခြင်းဖြစ်၏။

အမြင်အာရုံနည်းသွားသောအခါ အကြားအာရုံက ထက်မြက်လာသည်။ အမှန်တော့ ပတ်ဝန်းကျင်က အတော်လေး တိတ်ဆိတ်နေသည်။ ပိုးကောင်မွှားကောင်တို့၏ မြည်သံကိုသာ တစ်ခါတစ်ရံ ကြားရသည်။ လေက ငြိမ်နေသဖြင့် သစ်ရွက်သစ်ခက်တို့ လှုပ်သံကိုတောင် မကြားရ။

ထိုအချက်ကြောင့်ပင် ကံကောင်းသွားသည်ဟု ဆိုရမည်။ အားလုံး ငြိမ်သက်နေသောအခါ နည်းနည်း လှုပ်တဲ့အရာက အသံ ပိုထွက်သည်။ သစ်ကိုင်းခြောက်ကို နင်းမိသော အသံ 'ချောက်ခနဲ' ကြားသဖြင့် သတိထားလိုက်စဉ်မှာပင် လေထုကို ခွဲလာနေသော အရာဝတ္ထုတစ်ခုကို အကြားအာရုံက ခံစားမိသည်။ ကိုယ်ကိုရှိုပြီး ရှောင်လိုက်သည်။ တစ်စုံတစ်ခုသည် ဝိုးခနဲ မြည်သံပေးရင်း ဘေးမှပွတ်ထွက်ပြီး အနီးက သစ်ပင်ပေါ်မှာ 'ဒုတ်ခနဲ' စိုက်သွားသည်။

"ဟေ့...ဘယ်သူလဲ"

ထွက်ပြေးသွားသော ခြေသံများကို ကြားလိုက်ရသည်။ ဂက်စ်မီးခြစ်ကို ထုတ်ခြစ်လိုက်ပြီး မီးအလင်းရောင်ဖြင့် ကြည့်သည်။ သစ်ပင်မှာ စိုက်ဝင်နေသော လက်နက်ပုန်းတစ်ခုကို တွေ့လိုက်ရ၏။ ဆွဲနုတ်ပြီး စစ်ဆေးကြည့်သည်။

လက်နက်ပုန်းတို့၏ ပုံသဏ္ဌာန်၊ တံဆိပ်အမှတ်အသား စသည်တို့ကို ကြည့်လျှင် အသုံးပြုသူကို ခန့်မှန်းနိုင်သည်။ (အလစ်မှာ ချောင်းပြီးတော့သည်း ပစ်သေးတယ်။ ဘယ်သူမှန်း သိအောင်လည်း အမှတ်အသား လုပ်သားသေးတယ် ဆိုတာကတော့ သိုင်းလောကသားတို့၏ အူကြောင်ကြောင်နိုင်သော ကိစ္စပင် ဖြစ်၏။)

လက်နက်ပုန်း အမြီးပိုင်းမှာ စာအုပ်တစ်အုပ်ကို ဖွင့်လျက်ထောင်ထားသောပုံမျိုး ဖြစ်နေ၏။ ပုဂံစာအုပ်တိုက်တံဆိပ်နှင့် တူနေသည်။ ဒါဆိုလျှင်တော့ ပုဂံစာအုပ်တိုက်ကို ဦးဆောင်ပြန်လည်အသက်သွင်းသူ လူပျိုသိုးဂိုဏ်းမှ အံ့ဘွယ်ကျော်ရဲ့ လက်ချက်ပဲ ဖြစ်ရမည်။

အံ့ဘွယ်ကျော်နဲ့ ဘာရန်ငြိုး ရှိခဲ့သလဲ။ တစ်ခုပဲ ရှိသည်။ အံ့ဘွယ်ကျော်က ပုဂံစာအုပ်တိုက်အတွက် စာအုပ်တစ်အုပ် ရေးပေးဖို့ ပြောဖူးသည်။ သူက

"ခင်ဗျား မင်္ဂလာဆောင်တဲ့နေ့ကျရင် စာမူပေးမယ်"

ဟု ပြန်ပြောခဲ့သည်။ အံ့ဘွယ်ကျော်အနေဖြင့် ဒီတစ်သက် စာမူရတော့မှာ မဟုတ်တဲ့အတူတူ အပြတ်ရှင်းလိုက်တာ ကောင်းတယ်ဆိုပြီး အခုလို ကြံစည်တာဖြစ်ကောင်း ဖြစ်နိုင်သည်။

တကယ်တော့ ကိုယ့်ဘာသာ စိတ်ကူးနှင့် စွပ်စွဲနေမိခြင်းသာ ဖြစ်၏။ သေသေချာချာ ကြည့်တော့မှ လက်နက်ပုန်း၏ အနောက်ပိုင်းကို မြားအမြီးသဏ္ဌာန် ပြုလုပ်ထားခြင်းသာဖြစ်ကြောင်း တွေ့ရသည်။ ပုဂံစာအုပ်တိုက်နှင့် ဘာမှမဆိုင်။ လူပျိုသိုးဂိုဏ်းနှင့်လည်း ဘယ်လိုမှ မပတ်သက်။

➢

အခုတလောမှာ သတိထားပြီး နေရသည်။ ဝတ္ထုထဲမှာ စာပေကယ်ᴗ စာရေးဆရာတွေကို ဇာတ်ကောင်များအဖြစ် ထည့်သွင်းပြီး ခေါက်ကရဒွ ဇာတ်လမ်းဆင်ပြီး ရေးခဲ့သည်။ ဒါကို တချို့က မလေးမနပ်ဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လက်တုံ့ပြန်ဖို့ ကြံစည်နေကြောင်း သတင်းတွေ ရထားသည်။

စာရေးဆရာမလေး ဂျူးသည် အရပ်ပုတယ်ဟု ဝတ္ထုထဲမှာ ထည့်အရေးခံရသဖြင့် မျောက်လူကို အတော် မကျေမချမ်းဖြစ်နေ၏။ ထို့ကြောင့် လူငှားပြီး ရိုက်ခိုင်းဖို့ ကြံစည်သည်။

ဇက်ရဲလက်ရဲ ရှိမယ့်ပုံပေါ်သော အောင်ဘညိုကို အကူအညီတောင်းသည်။ အောင်ဘညိုက ရမ်တစ်လုံးဖိုးရလျှင် ရိုက်ပေးမယ်ဟု ဆို၏။ ဈေးပေါလွန်းသဖြင့် ဝမ်းသာပြီး အမြည်းဖိုးတောင် အဆစ်ပေးလိုက်သေးသည်။

နောက်သုံးရက်ကြာတော့ အောင်ဘညို ရောက်လာပြီး ရိုက်ပြီးပြီဟု သတင်းပို့သည်။

"အမယ် ဒီငနဲက ပြုံးပြုံးလေး အရိုက်ခံတာဗျ"

"ဘယ်လို၊ အရိုက်ခံရတာတောင် ပြုံးပြုံးလေး ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ဒီမှာ ကြည့်ပါလား"

ဆိုပြီး စပ်ဖြဲဖြဲ လုပ်နေသော မျောက်လူ၏ ဓာတ်ပုံကို ထုတ်ပြရင်း

"ကျွန်တော်က ကင်မရာ သိပ်မကျွမ်းလို့ တက္ကသိုလ်အေးမြင့်ကို ခေါ်သွားပြီး ရိုက်ခဲ့ရတာ"

ဟု ပြောသည်။ ရိုက်တာကတော့ ရိုက်တာပဲ။ ဓာတ်ပုံရိုက်လာခဲ့တာ ဖြစ်နေ၏။

ရန်ကုန်က ကဗျာဆရာတွေ သိပ်အားမကိုးရဘူးဟု တွက်ပြီး ကွမ်းခြံကုန်းဘက် ဆင်းခဲ့သည်။ ဟိုရောက်တော့ လက်မရွံ့ခေါ်ကို လိုက်ရှာသည်။ တွေ့တော့တွေ့သည်။ သို့ရာတွင် ခေါ်သည် ထန်းရည်ဝိုင်းတွေမှာ ခွက်ကို ကောက်ကိုင်ဖို့ ဘယ်တော့မှ နှောင့်နှေးခြင်း မရှိသောကြောင့် 'လက်မရွံ့'ဘွဲ့ ရထားခြင်းသာ ဖြစ်ကြောင်း သိလိုက်ရသည်။

လက်လျှော့ပြီး ပြန်ရတော့မလို ဖြစ်နေစဉ် ဘမိုးမြင့်ဆိုသော လူငယ်ကဗျာဆရာလေးနှင့် တွေ့သည်။ အကျိုးအကြောင်းပြောပြတော့...

"ကျွန်တော်လည်း ကူညီချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က လူကိုတော့ မရိုက်ရဲဘူး၊ ပိုကာတို့ ရှိုးတို့ပဲ ရိုက်တတ်တာ၊ ဒါကြောင့် ကျောင်းမှာဆိုရင် တချို့က ဖြတ်မိုးမြင့်လို့ ခေါ်ကြတယ်လေ"



"ဒါဆိုလည်း ပြန်ရုံရှိတာပေါ့"

ဘမိုးမြင့်က ခေါင်းကုတ်ပြီး စဉ်းစားပြီး

"ဟား...နေဦး။ သတိရပြီ၊ ဆရာတင်မောင်ထက်ဆီ သွားအကူအညီတောင်းကြည့်ပါလား၊ သူ့မှာ 'မယားနိုင်ဓား' ရှိတယ်လေ"

ဆိုပြီး လမ်းညွှန်လိုက်သည်။

ဟိုရောက်တော့ အိမ်ရှေ့ခြံဝင်းထဲမှာ တင်မောင်ထက်ကို ခပ်ချောချော အမျိုးသမီးတစ်ယောက်နှင့်အတူ တွေ့ရသည်။ အမျိုးသမီးက ခါးထောက်ပြီး...

"အုန်းနို့ခေါက်ဆွဲချက်စားဖို့ အုန်းသီးညှစ်ထားပါလို့ မှာခဲ့တာ၊ ခုထိ အဆင်သင့် မဖြစ်သေးဘူး။ ရှင်ဘာတွေ လုပ်နေသလဲ"

ဟု ခပ်ငေါက်ငေါက်ပြောနေသည်။

"ဟဲဟဲ...ကဗျာရေးရင်း စျာန်ဝင်သွားလို့ မေ့နေတာပါကွာ။ အခု လုပ်လိုက်ပါ့မယ်"

တင်မောင်ထက်က လေပျော့ကလေးပြောပြီး ခါးတောင်းကျိုက်လိုက်သည်။ ထို့နောက် ခြံဝင်းထဲရှိ အုန်းပင်ပေါ်သို့ ဖက်တက်သွားသည်။ သူ့ခါးကြားမှာ ဓားမတိုတစ်ချောင်း ထိုးထားသည်။ ဓားအရိုးပေါ်မှာတော့ 'မယားနိုင်ဓား' လို့ သပ်သပ်ရပ်ရပ် ရေးထွင်းထားတာ တွေ့ရလေသည်။

➢

ဒီအကြောင်းတွေ ခင်မြဇင်ကို ပြောပြတော့...

"ဟုတ်တယ်၊ တို့လည်း မျောက်လူဆိုတဲ့ကောင်ကို အမုန်းကြိတ်ပစ်ချင်နေတာဟု ထောက်ခံစကားပြောသည်။ အကြောင်းကတော့ မျောက်လူသည် သူ့ဝတ္ထုတွေထဲမှာ ခင်မြဇင်ကို အမျိုးမျိုး ပေါက်ကရ ထည့်ရေးခဲ့သောကြောင့် ဖြစ်၏။ ဆေးဘဲဥနဲ့တူတယ် ပြောလိုပြော။ သူ့ယောက်ျားကိုလည်း ချမ်းသာမပေး။ တကယ်လို့ ဒီကမ္ဘာပေါ်မှာ ကိုသန်းအုံးဆိုတဲ့ လူတစ်ယောက်သာ မရှိခဲ့လျှင် ခင်မြဇင်မှာ အပျိုကြီးဘဝနှင့် အရိုးထုတ်ရမည်ဖြစ်ပြီး ခင်မြဇင်ရယ်လို့ ပေါ်ပေါက်မလာခဲ့လျှင်လည်း ကိုသန်းအုံး

www.burmeseclassic.com

www.burmeseclassic.com



မှာ ငှက်ပျောတုံးသာ အားကိုးရဖွယ်ရှိကြောင်း ရေးခဲ့သည်။ ဒါတင်မက ယမကာလေး ထွေလာတဲ့အခါကျလျှင် မြင့်ကောင်း၊ မောင်မောင်စနေ၊ သားကြီးမောင်ဇေယျတို့နှင့် ပေါင်းပြီး အိမ်ရှေ့မှာ သီချင်းလာအော်ဆိုကြသေးသည်။

"မခင်မြဇင်ရဲ့မြဇင်၊ ဘဲဥလို ဝနေတာပဲ ကြည့်နေပါချင်၊ ငုံးဥလေးလို ညှိုးမှာကိုလည်း စိုးရိမ်တယ်အစဉ်၊ မခင်မြဇင်၊ မခင်မြဇင်၊ ဝစမ်းပါ စဉ့်အိုးကြီးလောက် စောင့်ကြည့်နေရင်၊ နှောင်တော့သာ ပိုမလှရင် မင်းဘဝအတွက်ပဲ တွေးကာပူမိ....အစဉ်"

ဒါကြောင့်လည်း အခဲမကျေနိုင် ဖြစ်နေတာ။ သူကတော့ ဂျူးလို အပျိုကြီးမဟုတ်၊ အားကိုးရှိသည်။ ထို့ကြောင့်

"ရှင်...အဲဒီ မျောက်စုတ်မျောက်နာရဲ့ ခေါင်းကို ရိုက်ခွဲခဲ့။ ဒီကိစ္စ မအောင်မြင်ရင် အိမ်ကို ပြန်မလာနဲ့"

ဟု ရာဇသံပေးလိုက်သဖြင့် ကိုသန်းအုံးလည်း အဝတ်လျှော်တဲ့တုတ်ကြီးကို သတင်းစာစက္ကူနှင့် ပတ်၊ လွယ်အိတ်ထဲ ထည့်ပြီး ထွက်လာခဲ့ရသည်။

ရှေးဦးစွာ မျောက်လူ၏ အိမ်သို့ သွားသည်။ အိမ်မှာ မရှိတော့၊ မြို့ထဲဘက် ထွက်သွားပြီဟု ဆိုသည်။ မဂ္ဂဇင်းဂျာနယ်တိုက်တွေ လိုက်ရှာတော့လည်း မတွေ့။ သုံးဆယ့်သုံးလမ်းထိပ်မှာ စိုးမြင့်လတ်နဲ့ တွေ့တော့မှ သတင်းရသည်။

"စောစောကပဲ စာပေလောကသွားဦးမယ်ဆိုပြီး လမ်းထဲဝင်သွားတာပဲ။ ကျုပ်ရေးတဲ့ စာတွေ သိပ်ကောင်းတာပဲ ဘာညာနဲ့ မြှောက်ပင့်ပြောပြီး ကော်ပြန့်ကြော်တစ်ခု ညာစားသွားသေးတယ်"

ဟု ဆိုသဖြင့် လမ်းထဲ လိုက်သွားသည်။ စာပေလောကဆိုင်မှာ စာအုပ်တွေ ဟိုကိုင်ကြည့် ဒီကိုင်ကြည့် လုပ်နေတာ သွားတွေ့သည်။ ဆိုင်တာဝန်ခံဒေါ်တူးသည် မျောက်လူလာလျှင် စာအုပ်တွေ ပျောက်တတ်မှန်း သိသဖြင့် အလစ်မပေးဘဲ စောင့်ကြည့်နေသည်။ (သူခိုးများဒီလိုအလစ်သဖော တွေ့ရန်ကို ကြောက်လို့ စိတ်မချနိုင်ဘဲ ဆိုင်က မခွာနိုင်သောကြောင့်



အချိန်တွေ လစ်ဟင်းပြီး အပျိုကြီးဖြစ်ရရှာတာပဲဟု မောင်ဖြစ်သူ အောင်မြတ်ကျော်က ပြောဖူးသည်။)

ကိုသန်းအုံးက မျောက်လူကို လက်ဖက်ရည်သောက်ရအောင်ဟု မှားပြီး ခေါ်လာခဲ့သည်။ တကယ်တော့ ကိုသန်းအုံးသည် နားအေးပါးအေး နေတတ်သော စာပေသမားတစ်ယောက်သာ ဖြစ်၏။ ခုလို ကိစ္စမျိုးတွေမှာ ကျွမ်းကျင်မှုမရှိ။ ဒါကြောင့်လည်း ကိုယ်ရိုက်ရမယ့်လူကို လက်ဖက်ရည် ခေါ်တိုက်နေတာပေါ့။ အတော် အူကြောင်ကြောင်နိုင်တဲ့ ပုဂ္ဂိုလ်ပဲ။

သူသည် လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီးနောက် ဘာဆက်လုပ်ရမှန်း မသိဖြစ်နေ၏။ မျောက်လူကတော့ သိတဲ့အတိုင်းပဲ လက်ဖက်ရည်တင်မက မုန့်တစ်ခုပါ ကောက်ဝါး။ လန်ဒန်တစ်ပွဲပေါ့။

ကိုသန်းအုံးလည်း မဖြစ်ချေဘူးဆိုပြီး...

"ခင်ဗျားကို ပြောစရာတစ်ခု ရှိတယ်"

"ပြောလေ အစ်ကိုရဲ့"

"အားတော့ နာပါတယ်ဗျာ"

"ဟာ ရပါတယ်။ အချင်းချင်းတွေပဲ ပြောသာပြောပါ။ ဘာလဲ။ ဆေးလိပ်သောက်တာကို ခင်မြဇင်က အပြစ်ရှာပြန်ပြီလား"

"မဟုတ်ပါဘူး၊ ဟိုဒင်းဗျာ ဘယ်လိုမှ စိတ်မရှိပါနဲ့။ ခင်ဗျားကို ကျွန်တော် ရိုက်ရလိမ့်မယ်"

"ဗျာ"

"ဟုတ်တယ်။ ခင်မြဇင်က ခင်ဗျားကို ကွဲအောင် မရိုက်ဘဲနဲ့ အိမ်ပြန်မလာနဲ့လို့ မှာလိုက်တယ်။ အဲဒါကြောင့် ရိုက်ပါရစေနော်၊ ရိုက်ခွင့်ပြုပါ"

ဟု ပြောပြီးနောက် လွယ်အိတ်ထဲက တုတ်ကိုထုတ်၊ ပတ်ထားသော သတင်းစာစက္ကူကို ပက်ကင်ပေပါလို ဂရုတစိုက် ခွာနေသည်။ ကဲ...လူကို ရိုက်မယ့်ကိစ္စမှာ တလေးတစား ခွင့်တောင်းနေတာမျိုး ကြားဖူးရဲ့လား။

မျောက်လူဆိုတဲ့ ကောင်ကတော့ လူလည်ပဲ။

"ကျွန်တော် နားလည်မှု ရှိပါတယ်ဗျာ၊ ရိုက်ပါ၊ ရိုက်ပါ၊ တစ်ခုရှိတယ်။ အစ်ကိုက ကျွန်တော့် မျက်နှာကိုကြည့်ပြီး ရိုက်ရတာ အားနာနေမှာစိုးရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီလို လုပ်ပါလား၊ မျက်မှန်ချွတ်လိုက်လေ။ ဒါဆို ဘာမှမမြင်ရတော့ ညှာနေစရာ မလိုတော့ဘူးပေါ့"

ဆိုပြီး ကိုသန်းအုံး၏မျက်မှန်ကို ဆွဲချွတ်သည်။

"ကဲ...ရိုက်ပေတော့၊ ခပ်ပြင်းပြင်းသာချ"

ကိုသန်းအုံးလည်း မမြင်မကန်း လှမ်းရိုက်သည်။ မျှောက်လူက တုတ်ချက်ကို လွယ်အိတ်နှင့် ကာရင်း 'အောင်မလေးဗျ'ဟု အော်သည်။ စားပွဲပေါ်က အချဉ်ရည်ပုလင်းကို ဖြတ်ခနဲ ယူပြီး သွေးနှင့်တူအောင် တုတ်ပေါ်မှာ ဖြန်းပေးလိုက်သည်။ ပြီးတော့ ခေါင်းကွဲလို့ ထွက်ပြေးသလို လုပ်ရင်း လစ်ထွက်လာခဲ့ရသည်။

➢

ဒီလိုကိစ္စမျိုးတွေ ရှိနေသဖြင့် ခုတစ်လော သတိထားနေရခြင်းဖြစ်၏။

အိမ်သို့ပြန်ရောက်သောအခါ လက်နက်ပုန်းကို သေသေချာချာ စစ်ဆေးကြည့်သည်။ ပိုင်ရှင် ဘယ်သူလဲ ဆိုသော သဲလွန်စကို စဉ်းစားလို့မရ။ ထိပ်ချွန်အသွားတွင် ပြဒါးလိုလို ပြောင်ပြောင်လက်လက် အမှုန်ကလေးတွေ ကပ်နေတာတွေ့ရသည်။ လက်နက်ပုန်းမှာ အဆိပ်လူးထားပါလား။

ထိုအခိုက် လက်မောင်းဆီမှ ယားကျိကျိ ဖြစ်လာသဖြင့် စမ်းကြည့်ရာ စေးထန်းထန်းဖြစ်နေသည်။ ကြည့်လိုက်တော့ သွေးစို့နေသော ဒဏ်ရာအစင်းကြောင်းကို မြင်ရ၏။ စောစောတုန်းက လက်နက်ပုန်းနှင့် ရှပ်ထိသွားတာကို သတိမပြုမိလိုက်တာ ဖြစ်မည်။ လက်နက်ပုန်းမှာ အဆိပ်ပါတယ်ဆိုတော့....

ထူးဆန်းတာက ဒဏ်ရာမှ နာကျင်မှုမရှိဘဲ ယားကျိကျိဖြစ်နေခြင်းပါပဲ။ ယားယံမှုသည် လက်မောင်းမှ ရင်ဘတ်သို့ ကူးသွားသည်။ ထို့နောက် ဝမ်းဗိုက်ဆီသို့ ရွေ့သွားပြီး အူထဲက တလိပ်လိပ် ဖြစ်လာ၏။ အူယားတာဆိုတော့ အပြင်ကနေ ကုတ်လို့လည်း မရ။ ပြီးတော့ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ တဟားဟား တဟီးဟီး ရယ်မိလေတော့သည်။

ရပ်လို့လည်း မရ။ ရယ်လေ ပိုပြီးရယ်ချင်လေ၊ အူထဲက ပိုယားလာလေ၊ ပိုရယ်ချင်လေပဲ။ တော်တော်ကြီးကြာအောင် ရယ်လိုက်ပြီးမှ အရှိန်လျော့သွားသည်။ လူက တော်တော်မောပန်းပြီး အားကုန်သွားသည်။ ဗိုက်ကြောတွေလည်း နာနေပြီ။ တော်တော် ထူးဆန်းတဲ့ အဆိပ်ပဲ။

➢

ဒီကိစ္စနှင့် ပတ်သက်ပြီး စဉ်းစားစရာတွေ ရှိနေသည်။

ဒါ ဘယ်သူ့လက်ချက်လဲ။ ဘာရည်ရွယ်ချက်နဲ့ လုပ်တာလဲ။ ဖြစ်နိုင်ခြေတွေကို တွေးကြည့်သည်။

မဂ္ဂဇင်းဂျာနယ် အယ်ဒီတာတွေရဲ့ လက်ချက်ဖြစ်ကောင်းဖြစ်နိုင်သည်။ လူကို အဆိပ်မိအောင်လုပ်၊ ပြီးတော့မှ ဖြေဆေးလိုချင်ရင် စာမူနဲ့လဲရမယ်ဆိုပြီး အကျပ်ကိုင်ချင်လို့များလား။ ဒီလိုသဘောမျိုးနဲ့ဆိုရင်တော့ သုတ်ဝေသူ တစ်ယောက်ယောက်က လုပ်တာလည်း ဖြစ်နိုင်တာပဲ။

ဝတ္ထုတွေထဲမှာ မဟုတ်က ဟုတ်က လုပ်ကြပြီး အရေးခံရသော စာပေလောကသားတွေထဲက တစ်ယောက်ယောက် ကလဲ့စားချေတာ ဆိုသော အချက်က အဖြစ်နိုင်ဆုံးပဲ။

ဘယ်သူများ ဖြစ်မလဲ။

➢

ကုံကော်ဝတ်ရည်စာပေက ကိုကျော်ဇင်နှင့်ဝိုင်းဝိုင်းတို့လင်မယားကို သွားသတိရ၏။ တစ်လောလေးကပဲ ဆရာကြီးကာတွန်းဦးဖေသိန်းမွေးနေ့မှာ ဆုံကြတော့ မျှောက်လူက ပြောခဲ့သေးသည်။

အဆိုကျော်မောင်မောင်ကြီးသီဆိုသော အကျည်းတန်ချစ်သူသီချင်းမှာ ကိုကျော်ဇင့်အကြောင်း ဖြစ်သည်ဟူ၍...

"စဉ်းစားကြည့်ပါလား၊ သီချင်းစာသားထဲမှာ ပါတယ်၊ တွေးတွေးမိတိုင်း စေ့စေ့ကြည့်တိုင်း ဝိုင်းမျက်ရည်လည်ကာပင် ဆိုတာလေ၊ ဝိုင်းကျ ရက်ရည်လည်တယ်ဆိုတော့ ကိုကျော်ဇင်အကြောင်းပဲ ဖြစ်ရမှာပေါ့"

ကိုကျော်ဇင်ကတော့ သူ့အကြောင်းမဟုတ်ပါ။ စူပါသရုပ်ဆောင် ဒေါင်းအကြောင်း စပ်ထားတဲ့ သီချင်းပါဟု ပြောရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လေလေတိုင်း၊ ကြည့်လိုက်တိုင်းပင်၊ အရိုင်းမျက်နှာ ကိုယ့်ရုပ် ဝါက၊ နုပ်ပါလှ ခပ်မွဲမွဲပင်"ဆိုသော စာသားကို ကိုးကားပြသည်။

ကိုကျော်ဇင်ကို အကျည်းတန်ချစ်သူနှင့် နှိုင်းရုံမျှမက ဝိုင်းဝိုင်းနှင့် ပတ်သက်ပြီးတော့လည်း

ဝိုင်းဝိုင်းသည် ကိုကျော်ဇင်ကို တကယ်ချစ်လို့ ယူခဲ့တာမဟုတ် ကြောင်း၊ ကိုကျော်ဇင်၏ဖခင် ဆရာကြီးတက္ကသိုလ်ဘုန်းနိုင် ရေးသားခဲ့ သော စာအုပ်များကို သူတစ်ယောက်တည်း လက်ဝါးကြီးအုပ်၍ ထုတ်ဝေ ခွင့်ရရေးကို မျှော်ကိုးပြီး လက်ထပ်ခဲ့ခြင်းသာ ဖြစ်ကြောင်း" လျှောက် သတင်းလွှင့်ခဲ့သေးသည်။ ဒါတွေကြောင့် ဝိုင်းဝိုင်းက မကျေမချမ်းဖြစ်နေ သည်။ သူတို့အနေဖြင့် အဆိပ်သုံးမယ်ဆို သုံးလောက်သည်။ ကိုကျော်ဇင် က ရေးဟောင်းသုတေသနသမားဆိုတော့ ပျူခေတ်ကသုံးသော အဆိပ် တွေအကြောင်း သိချင်သိနေမှာ။

ဒါတင်မက ဝိုင်းဝိုင်းသည် ပန်းချီမမွေးကိုလည်း အကူအညီတောင်း ချင်တောင်းနိုင်သည်။ မမွေးက ဒီလိုကိစ္စမျိုးမှာ 'ဇ'ရှိခဲ့ဖူးသည်။ သူသည် အရွယ်ဟိုင်းလာတဲ့အထိ ယူမယ့်လူမရှိသဖြင့် အူတူတူ အတတနိုင်သော သီဟလတ်ကို ဆေးခတ်၍ ပြုစားပြီး လက်ထပ်ယူခဲ့ခြင်းဖြစ်သည်ဟု ကြား ဖူးသည်။

အပျိုကြီးဖွန်ပွင့်ကိုတောင် သူ့လိုနည်းလမ်းမျိုး သုံးကြည့်ဖို့ အကြံပေး ခဲ့သေးသည်။ သို့ရာတွင် ဖွန်ပွင့်ခမျာ ဒါမျိုးလုပ်ဖို့ အခွင့်အရေး မရရှာခဲ့ အကြောင်းမှာ သူ စိတ်ဝင်စားနေတဲ့လူက ဘာရာဇီးဘောလုံးသမား ရော် နယ်ဒင်ဟို ဖြစ်နေလို့ပါပဲ။

➤

မသင်္ကာစရာ စာရင်းထဲမှာ ချစ်ဦးညိုတို့ လင်မယားသည် ထိပ်ဆုံး က ပါနေသည်။ သူတို့မှာ မျောက်လူ၏ ဝတ္ထုတွေထဲမှာ မကြာခဏ ဆိုး သယ်ဇာတ်ကောင်များအဖြစ် အသုံးတော်ခံရသည်။ တစ်ခါမှလည်း ကောင်းတဲ့ အခန်းက မပါရ။ မဟုတ်က ဟုတ်က ဇာတ်လမ်းဆင်သွား



လှုပ်ရှားကြရရှာသည်။

ဒီလောက်နဲ့တောင် မပြီးသေး။ ဝတ္ထုထဲမှာသာမက အပြင်မှာလည်း မဟုတ်တန်းတရားတွေ လျှောက်ပြောသည်။ ချစ်ဦးညိုရဲ့ လေဒီကြီးသည် အပြင်ထွက်လျှင် ရွှေတွေ သီးနေအောင် ဝတ်တတ်သည်။ တကယ်တော့ ဒါတွေဟာ အတုတွေချည်းပဲ။ ညည့်ခံပွဲသွားတဲ့အခါကျတော့ ရွှေဆိုင်က ငှားဝတ်တာ...စသည်ဖြင့်။

တစ်ခါတော့ လေဒီချစ်သည် ဆေးရုံတက်ပြီး ခွဲစိတ်ကုသမှုခံရသည်။ ဆေးရုံကဆင်းပြီး အိမ်မှာအနားယူနေခိုက် မျောက်လူသည် ဓာတ်စာတွေ ဝယ်ပြီး လူနာသွားကြည့်သည်။ လေဒီကြီးမှာ

"ဒီလိုတော့လည်း ငါ့မောင်လေးက လိမ္မာသားပဲ"ဆိုပြီး ကျေနပ် ဝမ်းသာနေ၏။

သို့ရာတွင် မျောက်လူဆိုတဲ့ကောင်သည် ရှေ့တွင်သာ လေးစား သယောင် ရှိသေသယောင် လုပ်နေသော်လည်း ကွယ်ရာကျတော့ ချိုးချိုး ဖွဲ့ဖွဲ့ လျှောက်ပြောတာက...

"ကျွန်တော်က အန်တီမေကို အပြင်မှာပဲ မြင်ဖူးခဲ့တာကိုး။ အပျံစား ဝတ်စားဆင်ယင် ခြယ်သထားတော့ အသားအရေကလည်း ဖယောင်းတိုင် ဖြူဖွေးချောမွတ်နေတာ၊ အရွယ်နဲ့မလိုက်အောင် နုပျိုနေတဲ့ ကျောင်းအမ ကြီး ဝိသာခါဆိုတာ ဒီလိုနေမှာပဲလို့တောင် ထင်မိသေးတယ်။ ဟိုတလော က အိမ်ကို လူနာမေးရောက်သွားတော့မှ နဂိုရုပ်ကို တွေ့ရတော့တာပဲ။ အိမ်နေရင်းမို့ ဖီးလိမ်းပြင်ဆင်ထားတာလည်းမရှိ။ မိတ်ကပ်တွေ၊ မျက် တောင်တုတွေလည်း မပါ၊ ဆေးရုံကလည်း ဆင်းခါစဆိုတော့...။အင်း ... ကျွန်တော့်စိတ်ထဲ ညီတော်မင်းနန္ဒချွတ်ခန်းကို ဖျတ်ခနဲ သတိရလိုက်မိ တော့တာပါပဲဗျာ"

ဒီလိုပြောကြောင်းကို သီရိဆွေစာပေမှသန်းထိုက်က သစ္စာဖောက်ပြီး မျက်နှာလို မျက်နှာရသွားပြန်ပြောသည်။ ချစ်ဦးညိုဆီက ဝတ္ထုသစ် တစ်အုပ်လောက်များ ထုတ်ဝေခွင့် ရမလားလို့ သွားဖားတာပေါ့။

လေဒီချစ်သည် ဆွေဆွေခုန်ဒေါပွပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဒင်းက ဒီလိုပြောသလား၊ တွေ့မယ်၊ တွေ့မယ်။ ဒီတစ်ခါ အိမ်ကိုလာရင် ကော်ဖီထဲ အဆိပ်ခတ်သတ်မယ်" ဟု ကြုံးဝါးခဲ့ဖူးသည်။

➢

တရားခံဖြစ်နိုင်သော စာရင်းထဲမှာ ရွှေနှလုံးသားစာပေမှ ဓောင်မောင်စနေနှင့်ခင်ဖြူတို့ လင်မယားကိုလည်း ထည့်သွင်းထားရမည်။

သူတို့ကတော့ ရန်ငြိုးရှိသောကြောင့်မဟုတ်။ ဖြေဆေးနဲ့စာမူလဲလှယ်ရန် အကျပ်ကိုင်ဖို့လည်း မဟုတ်။ သူတို့စာအုပ်တိုက်အတွက် ဝတ္ထုတစ်ပုဒ် ပေးထားခဲ့ပြီးသား။

သို့ရာတွင် ခုတလောမှာ စာအုပ်ဈေးကွက်က နည်းနည်း ထိုင်းမှိုင်းနေသည်။ စာကောင်းပေကောင်းတွေတောင် သိပ်အရောင်းမသွက်ဘဲ ဖြစ်နေတာ ဒီလိုပေါက်ကရရေးထားတဲ့ စာအုပ်မျိုးဆိုလျှင် ဝယ်မယ့်လူတောင် ရှိပါ့မလား။

တစ်ခုပဲ ရှိသည်။ စာရေးဆရာရဲ့နောက်ဆုံး လက်ရာဆိုပြီး ကြော်ငြာနိုင်ရင်တော့ ရောင်းကောင်းမှာပဲဟု စိတ်ရှုးပေါက်ပြီး ကြံမိကြံရာ လုပ်ကောင်းလုပ်နိုင်ကြောင်း ထည့်တွက်ရမည်။

➢

ဘယ်သူ့လက်ချက်ကြောင့်ပဲ ဖြစ်ဖြစ် မျောက်လူခများမှာတော့ တော်တော် ခံနေရသည်။ အဆိပ်ရဲ့အာနိသင်က ထူးဆန်းလှသည်။ သာမန်အချိန်များမှာ ဘာမှ ထူးခြားမှုမရှိ။ အကြောင်းတစ်ခုခုကြောင့် နည်းနည်းလေး ရယ်လိုက်မိတာနဲ့ ရပ်လို့မရတော့ဘဲ အတောမသတ်အောင် ဆက်ပြီး ရယ်နေရခြင်းပင်ဖြစ်၏။ တစ်ခါရယ်လျှင် မိနစ်ပေါင်းများစွာ ကြာပြီး ခွေကုန်လက်ပန်းကျတော့မှပဲ ရပ်တော့သည်။ တစ်ခါတစ်ခါများ သတိလစ်မေ့မျောသွားမလားတောင် အောက်မေ့ရ၏။

ထစ်ခနဲရှိ ရယ်ချင်နေသည်။ ထို့ကြောင့် ရယ်စရာဖြစ်နိုင်တဲ့ ကိစ္စတွေကို တတ်နိုင်သမျှ ရှောင်ရသည်။ မဂ္ဂဇင်းတွေထဲမှာ ကာတွန်းစာမျက်နှာကို မကြည့်မိအောင် နေရသည်။ ဝတ္ထုတွေ ဆောင်းပါးတွေထဲမှာလည်း ဟာသလေးတွေ ညှပ်ပါလာတတ်သေးသည်။ ကဗျာတွေကိုပဲ ဖတ်ရသည်။ ဒါတောင် တချို့စကားလုံးလေးတွေ သဘောကျလို့ ပြုံးမိတဲ့အခါ အူထဲက ယားလာတတ်သေးသည်။



ရုပ်မြင်သံကြားကိုလည်း မကြည့်ရဲတော့။ ဇာတ်လမ်းတွေသာမက ကြော်ငြာတွေကပါ ရယ်ရတာကိုး။ ဘော်လုံးပွဲတွေကတော့ ရယ်စရာပါမှာ မဟုတ်ဘူးဆိုပြီး ကြည့်မိပါတယ်။ သူသဘောကျသော မန်စီးတီးအသင်းမှ ကတုံးပြောင်နဲ့ ဒန်နီမီးလ်စ်မှာ ကြည့်ရင်းကြည့်ရင်း ဇာဂနာနဲ့ တူတယ်ဟု ထင်လာပြီး ရယ်ချင်မိပြန်လေသည်။

ဘတ်စ်ကားစီးပြန်တော့လည်း တစ်ဒုက္ခ။ မိန်းမဝဝကြီးတစ်ယောက်သည် လူကြားထဲက အတင်းတိုးဆင်းရာ လူက ရှေ့ရောက်သွားသော်လည်း တင်ပါးကြီးက တစ်ပြီး ကျန်ခဲ့တာ လှမ်းမြင်ရသည်။ ခစ်ခနဲ ရယ်လိုက်မိရာက ရပ်လို့မရတော့။ မိန်းမကြီးက မျက်စောင်းခဲသွားသည်။ ခရီးသည်တွေက အရူးတစ်ယောက်လို ဝိုင်းကြည့်တာ ခံရသည်။ စပယ်ယာက ဟောက်ပြီး ရှေ့မှတ်တိုင်မှာ ကားပေါ်က မောင်းချသည်။

တက္ကစီ စီးပြန်တော့လည်း ဟိုကြည့် ဒီကြည့်လုပ်ရင်း ရယ်စရာ တစ်ခုခု တွေ့ရပြန်သည်။ တက္ကစီသမားက ကားပေါ်မှ ဆင်းခိုင်းသည်။

ကြာတော့ ဘယ်မှလည်း မသွားရဲတော့။ ဘာမှ မမြင်ရ မကြားရအောင် အိပ်ခန်းထဲ အောင်းနေရသည်။ ဒါလည်း သက်သာရာမရ။ တစ်ယောက်တည်း ဟိုတွေးဒီတွေး လုပ်ရင်း ရယ်စရာတွေ စဉ်းစားမိပြန်သည်။

ဒီအတိုင်းဆို ကြာလျှင် ခက်လိမ့်မည်။ ရယ်ရလွန်းလို့ လူလည်း အတော် ပင်ပန်းနေပြီ။ အူတွေနာပြီး အစားအသောက်တောင် ကောင်းကောင်း မစားနိုင်တော့။ နဂိုက ပိန်ရတဲ့ကြားထဲ အားပါ ပြတ်လာပြီ။

လက်သည်ကလည်း ခုထိ ပေါ်မလာသေး။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ အဆိပ်ကို ဖြေရတော့မည်။ ဘယ်လိုလုပ်ရ ကောင်းမလဲ စဉ်းစားရင်း မိတ်ဆွေကြီး လင်းရောင်တင်ကို သွားသတိရမိ၏။ သူက ဂမ္ဘီရတွေ ရေးနေတာဆိုတော့ ဒါမျိုး ဗဟုသုတရှိနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



➢

လင်းရောင်တင်သည် လက်ကို သွေးစမ်းကြည့်ရင်းက ရုပ်ရှင်မင်းသားကြီး ဝင်းဦးဂိုက်မျိုးဖြင့် 'အစ်...အစ်... အစ်' ဟု ညှစ်ပြီး ရယ်နေသည်။

"ဟေ့လူ အဲဒီလို ပုံစံကြီး လုပ်မနေနဲ့ဗျ။ အလိုလိုကမှ ရယ်ချင်နေရတဲ့ ကြားထဲမှာ"

ဒီတော့မှ လင်းရောင်တင်လည်း အရယ်ရပ်လိုက်ပြီး ခေါင်းတညိတ်ညိတ်လုပ်၍

"မောင်ရင် ဘယ်လို ထင်သလဲ"

"ဟာ...ဗျာ ဘာမှန်းမသိလို့ ခင်ဗျားဆီလာတာပေါ့"

"ဟုတ်ပြီလေ၊ ဟုတ်ပြီ၊ တကယ်တော့ ခင်ဗျားဟာ ထူးဆန်းတဲ့ အဆိပ်တစ်မျိုး မိသွားတာပဲ။ ခန့်မှန်းလို့ရသလောက်တော့ ဒါဟာ ရက်တစ်ရာအတွက် အဆိပ်လို့ ခေါ်တယ်။ ရက်တစ်ရာလုံးလုံး ခုလို ဖြစ်နေမှာပဲ"

"ရက်တစ်ရာကျော်ရင်တော့ ပျောက်ပြီပေါ့ ဟုတ်လား"

"မောင်ရင် စဉ်းစားကြည့်ပါဦး၊ သုံးလေးရက်လောက်မှာတောင် ဒီလောက် ခံစားနေရတာ၊ ရက်တစ်ရာလုံး ရယ်နေရင် အူတွေပြတ်ထွက်ကုန်မှာပေါ့ဗျ"

"ဟင်...ဒါဆို ဘယ်လို လုပ်ရမလဲ"

"ခဏနေဦး၊ ဆေးကျမ်းထဲမှာ ရှာကြည့်ဦးမယ်" ဆိုပြီး သားရေဖုံးနှင့် ချုပ်ထားသော စာအုပ်ထူကြီးတစ်အုပ်ကို သွားယူ၍ လှျောက်လှန်ကြည့်နေသည်။

"ဟော...ဒီမှာ တွေ့ပြီ၊ ရက်တစ်ရာ အတွက်အဆိပ်ကို ဖြေတဲ့နည်းက နှစ်တစ်ထောင် ပဒိုင်းသီးနဲ့ ကုရမယ်"

"ဟာ... ပဒိုင်းသီးနဲ့ ကုရင် ကျုပ် ရူးသွားမှာပေါ့"

"ဒီလို မပြောနဲ့လေ၊ အဆိပ်ကို အဆိပ်နဲ့ကုရတယ်ဆိုတာ မကြားဖူးဘူးလား။ မောင်ရင်ကလည်း ဦးနှောက် သိပ်မမှန်တဲ့လူဆိုတော့ ပဒိုင်းသီးနဲ့ ကုရမှာပဲ"

"ဒါပေမယ့် နှစ်တစ်ထောင်ပဒိုင်းသီးကို ဘယ်မှာ သွားရှာမလဲ။



ပဒိုင်းသီးကကော နှစ်တစ်ထောင် ကြာအောင် အထားခံလို့လား။ ပြီးတော့ နှစ်တစ်ထောင် ရှိ မရှိဆိုတာကော ဘယ်လိုစမ်းသပ်မလဲ"

"ဒါတော့ မသိဘူး၊ ဆေးကျမ်းထဲမှာ ဒီအတိုင်း ရေးထားတာပဲ"

"ခင်ဗျားဆေးကျမ်းက ဟုတ်ကော ဟုတ်ရဲ့လားဗျာ"

"အမယ်၊ ဒီဆေးကျမ်းကို ပေါ့သေးသေး မထင်နဲ့။ ဆရာကြပ်ကလေး မကွယ်လွန်ခင်က နှစ်ပေါင်းများစွာ ကြာအောင် စာပေလောကထဲမှာ ရေးခဲ့တဲ့ ကုထုံးတွေကို ကျုပ် ကူးယူထားခဲ့တာ။ ဒီမှာကြည့်"

ဆိုပြီး စာအုပ်ကြီးကို ပြသည်။ အဖုံးပေါ်မှာ ရေးထားတာ ဖတ်ကြည့်ပြီး မျက်လုံးပြူးသွားရ၏။

"ပွဲချင်းပြီး ကုထုံးကျမ်း"

➢

လင်းရောင်တင်က လျှောက်ပြောသဖြင့် မျောက်လူ အဆိပ်မိနေကြောင်း လူတွေ သိကုန်ကြသည်။ အများစုကတော့ ဝမ်းသာကြသည်။

'ကောင်းတယ်၊ သူများကို ဒုက္ခလိုက်ပေးတဲ့အကောင်။ ထိတာ နည်းတောင် နည်းသေးတယ်"

"ဇကွန္တ အမဲတုံးမိတာ ဖြစ်ရမယ်"

"မျောက်ဖလူးဖြစ်တာလား မသိဘူး" ဟု ဝမ်းသာအားရ ဝေဖန်ပြောဆိုနေကြသည်။

ကျော်ဇင်ကိုကိုကတော့ ကြားကြားချင်း အပြေးအလွှား ရောက်ရှိလာသည်။ စိုးရိမ်လို့ သတင်းလာမေးတာမဟုတ်။

"ဆရာဟာ စာဖတ်ပရိသတ်တွေ မရယ်ရ မနေနိုင်အောင် ဝတ္ထုထဲမှာ မဟုတ်က ဟုတ်က ဇာတ်လမ်းတွေဆင်ပြီး ရေးခဲ့လို့ ဝဋ်လည်တာ ထင်တယ်။ အဲ အဲ တကယ်လို့ ဖြေဆေးတွေ့ခဲ့ရင်တော့ ကျွန်တော့်အတွက်လည်း ချန်ထားပေးပါနော်၊ အဆင်သင့် ဆောင်ထားချင်လို့"

ဟု စရန်လာရိုက်ခြင်းသာ ဖြစ်၏။

အေတီကေ (ခေါ်) အောင်သိန်းကျော် (ခေါ်) ဆူဒိုရှင် (ခေါ်) မန်

www.burmeseclassic.com

www.burmeseclassic.com



တာခန်း(ခေါ်) အတ္တကျော်(ခေါ်)(နောက်ထပ် ဘယ်လိုကလောင်နာမည် ယူဦးမလဲ မသိ။ စိတ်က သိပ်မှန်တာမဟုတ်)ကတော့ သူ့ထုံးစံအတိုင်း ခွကျကျလာပြောသည်။

"ကျွန်တော်လည်း အဲဒီလို အဆိပ်မျိုး မိချင်လို့ သွေးနည်းနည်း လောက် ထုတ်ပေးပါ" ဟု ဆိုသည်။

➢

ဆရာဝန် တစ်ယောက်ယောက်ကို အကူအညီတောင်းမှ ဖြစ်တော့ မယ်ဟု စဉ်းစားပြီး ဆရာဝန် စာရေးဆရာ ဖေမြင့်ဆီသွားသည်။ ဆရာဖေ က...

"အဲဒါ ကျုပ်က ဘာလုပ်ပေးရမှာလဲ"

"မဟုတ်ဘူးလေ၊ ဆရာဖေက ဆရာဝန်ပဲ၊ သိရမှာပေါ့"

"ဘာ၊ ကျုပ်က ဆရာဝန် ဟုတ်လား" ဟု ပြန်မေးနေသည်။

"ဟုတ်တယ်လေ"

ဆရာဖေက ခေါင်းကုတ်ရင်း တွေနေပြီးမှ

"ဟာ..ဟုတ်သားပဲ၊ ကိုယ့်ဟာကိုယ် ဆရာဝန်ဆိုတာ မေမေ့နေ တယ်။ ဟိုတစ်နေ့ကတောင် နည်းနည်း နေမကောင်းချင်သလိုဖြစ်လို့ ကွမ်းယာဆိုင်သွားပြီး ကိုယ်တွေလက်တွေ ကိုက်နေတာ ဘာဆေးသောက် ရကောင်းမလဲလို့ ယောင်ပြီး သွားမေးနေမိသေးတယ်"

သူနဲ့ ကုလို့ကတော့ မလွယ်ဘူး။

နောက် ဆရာဝန် စာရေးဆရာတစ်ဦးဖြစ်သော လင်း(ဆေး-၁)ဆီ ပြေးရပြန်သည်။ သူကတော့ ဆရာဝန်ပါပဲ ဆိုတာ မမေ့သေး။ စာရေးဆရာ ဆိုတာသာ မေ့တော့တော့ ဖြစ်ချင်ဖြစ်မည်။ ဆရာလင်းက စမ်းသပ်စစ်ဆေး ပြီးနောက် အံ့ဩသွားသည်။

"ထူးဆန်းလိုက်တာ၊ သွေးတွေက ပြောင်းပြန်စီးနေတယ်။ သွေးပြန် ကြောတွေက သွေးတွေ လွှတ်ပြီး သွေးလွှတ်ကြောထဲကို သွေးတွေ ပြန် ဝင်နေတယ်။ ပြီးတော့ သွေးထဲမှာလည်း နိုက်ထရပ်စ်အောက်ဆိုဒ်ဓာတ်



တွေ ပြည့်နေတယ်"

"အဲဒါ ဘယ်လိုလုပ်ရမလဲ၊ ကယ်ပါဦးဆရာရယ်"

"အင်း...တစ်နည်းပဲ ရှိတယ်၊ လူ အစားထိုးကုရမယ်"

"ဗျာ၊ ဘယ်လို"

"လူတစ်ကိုယ်လုံး အစားထိုးကုရမှာ။ လက်ရှိ ဆေးသိပ္ပံပညာနဲ့တော့ လုပ်လို့ မရသေးဘူး၊ အနာဂတ်အထိ စောင့်ရမယ်"

➢

ဒီအတိုင်း ခံနေရတာထက်စာလျှင် ဆေးရုံပေါ်မှာ နေရတာက တော် လိမ့်မည်ဟု စဉ်းစားမိသည်။ ဆေးရုံပေါ်မှာဆိုတော့ လိုအပ်လျှင် အရေး ပေါ် ကုသမှုလုပ်လို့ရသည်။ ထို့ကြောင့် ဆရာဝန်စာရေးဆရာတစ်ဦးဖြစ် သော မသီတာ(စမ်းချောင်း)ကို အကူအညီတောင်းပြီး သူ အလုပ်လုပ် နေသော ဆေးရုံပေါ်တက်နေလိုက်ရသည်။

အထူးလျှို့ဝှက်ထားသော်လည်း ဘယ်လိုက ဘယ်လို သတင်းရသွား သလဲ မသိ။ စာနယ်ဇင်းသမားတွေရောက်လာပြီး သတင်းယူကြ၊ အင်တာ ဗျူးကြ၊ ဓာတ်ပုံတွေ ရိုက်ကြသည်။ ဟက်ဟက်ပက်ပက် ရယ်နေတဲ့ပုံမှ သဘာဝကျမယ်ဆိုပြီး တစ်ယောက်က အားပေးနှစ်သိမ့်သလို လုပ်ရင်း၊ မသိမသာ ကလိထိုး၊ မနေနိုင်လို့ ရယ်ပြီဆိုမှ ဓာတ်ပုံဝိုင်းရိုက်ကြ။ လူမှာ သေလုမျောပါးပဲ။ (ဒါတောင် တချို့ စာနယ်ဇင်းဆရာတွေက ဖိတ်စာမရ လို့ ဆိုပြီး မလာကြသဖြင့် နည်းနည်း သက်သာသွားတာ)

အတွေးသစ်ဂျာနယ်မှ ထက်ခေါင် ရောက်ရှိလာသည်။

"ခင်ဗျား ဖြေဆေး လိုချင်လို့ဆို" ဟု မေးသဖြင့်

"ဟုတ်တယ် ဆရာထက်ရယ်၊ နည်းလမ်းရှိရင် ပြောပါဦး"

"ဒါများဗျာ၊ ဆေးရုံတက်နေစရာ မလိုပါဘူး၊ လွယ်လွယ်လေးပါ။ ဘလက်ကော်ဖီထဲကို သံပရာသီးလေး ညှစ်ပြီး သောက်လိုက်။ ဒါနဲ့မရဘူး ဆိုရင်တော့ မောနင်းပက်ချလိုက်ပေါ့၊ ကိုစိုးမြင့်တို့တော့ ဒီနည်းနဲ့ ဖြေ တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ၊ ဘာဆိုင်လို့လဲ"

"ခင်ဗျား အရက်နာကျနေလို့ ဖြေဆေးလိုချင်နေတာ မဟုတ်ဘူးလား"

ဟု ဘုမသိ ဘမသိ မေးနေသေးသည်။

ရွှေမြင်သာဂူနယ်မှ ဝင်းမောင်ညွှန့်ကတော့ ချက်ကောင်းမိပြီဆိုပြီး ရောက်ချလာခြင်း ဖြစ်၏။ တစ်ခါက နလုံးအားနည်းလို့ သူဆေးရုံတတ်ရစဉ် ဆရာဝန်တွေက အေးအေးဆေးဆေး နားအေးပါးအေးနေပါဟု ညွှန်ကြားထားသည်။ ဒါကို မျောက်လူဆိုတဲ့ကောင်က အလိုက်ကန်းဆိုးမသိတဲ့ ဆေးရုံခုတင်ဘေးမှာ တမေ့တမောထိုင်ပြီး ပေါက်ကရတွေ လျှောက်ပြောသည်။ ဝင်းမောင်ညွှန့်မှာ အနားယူခွင့်မရသဖြင့် ရောဂါ မသက်သာဘဲ ဆေးရုံမှာ တစ်ပတ်လောက် ပိုနေလိုက်ရသည်။

ထို့ကြောင့် လက်စားချေတဲ့အနေနဲ့ ရယ်စရာတွေ ပြောပြီး ဒုက္ခပေးဖို့ လာတာလေ။

မုဆိုးဝတ္ထုတွေရေးသော ကိုပိုက်သည် သတင်းကြားလို့ဆိုပြီး အပြေးအလွှား ရောက်ရှိလာသည်။

"ဘာမှ မပူနဲ့ဗျ၊ ကျွန်တော့်မိတ်ဆွေ မုဆိုးကြီးဖိုးထော်ဆီမှာ ဘိုးဘွားအစဉ်အဆက် နှစ်ပေါင်းများစွာ လက်ဆင့်ကမ်း ထိန်းသိမ်းလာတဲ့ ပဒိုင်းသီးရှိတယ်"

"ဟာ ...ဟုတ်လား၊ ဘယ်လောက်ကြာပြီတဲ့လဲ"

"နှစ်ပေါင်းကိုးရာရှိပြီတဲ့။ နောက်ထပ် နှစ်တစ်ရာလောက် စောင့်လိုက်ရင် သုံးလို့ရပြီ"

ဟု ဆိုသဖြင့် ပက်လက်လန်သွားရပြန်သည်။

➢

မသီတာ(စမ်းချောင်း)မှာ တတ်နိုင်သမျှတော့ ပြုစုကုသပေးရှာပါသည်။ အဆိပ်ပြေစေတဲ့ ဆေးတွေတိုက်၊ ဆေးတွေထိုး၊ ဆေးတွေသွင်းလုပ်ပေးသည်။ ကလိထိုးရင် မယားရအောင် ချိုင်းကြားတို့ခြေဖဝါးတို့ကို ထုံဆေးဖြန်းပေးသည်။ သို့ရာတွင် ဆေးတွေက ခဏသာ အာနိသင်ပြသည်။ ထူးဆန်းသောအဆိပ်ကို မချေဖျက်နိုင်။



ထိုအခါ မသီတာသည် ကြံမိကြံရာ ကုထုံးတစ်မျိုးကို စမ်းသပ်ကြည့်သည်။ ရယ်ချင်စိတ်ကို ထိန်းချုပ်မည့် နည်းလမ်းကို သုံးခြင်းဖြစ်၏။

စိတ်ကူးချိုချိုစာပေမှ မောင်စန်းဦးကို ခုတင်ဘေးမှာ တစ်ချိန်လုံး လာထိုင်ခိုင်းထားသည်။ မောင်စန်းဦးမှာ ဘယ်သောအခါမှ ရွှင်ရွှင်ပျပျ မရှိ။ အဆင်ပြေပြေ မပြေပြေ ဒီအတိုင်းပဲ။ ကြွေးပတ်လည်ဝိုင်းနေသော လူတစ်ယောက်ရဲ့ မျက်နှာကဲ့သို့ အမြဲလိုလို ငိုင်တွေတွေကြီး ဖြစ်နေတတ်သည်။ သူ့မျက်နှာကို မြင်လျှင် စိတ်ညစ်ပြီး ရယ်ချင်စိတ်တွေ ပျောက်သွားလိမ့်မည်ဟု မျှော်လင့်ရသည်။

သို့ရာတွင် မောင်စန်းဦး၏ မျက်နှာကို ကြည့်ရင်း ကြည့်ရင်း ငယ်ငယ်က ဖတ်ခဲ့ရသော ဦးသန်းကြွယ်၏ ကာတွန်းဇာတ်ကောင် 'နိုးတူး'နှင့် တူသည်ဟု ထင်လာပြီး စိတ်မထိန်းနိုင်ဘဲ ရယ်မိပြန်သည်။

ထို့ကြောင့် သူ့လိုပဲ အမြဲတမ်းငိုင်တွေတွေကြီး လုပ်နေတတ်သော ပန်းချီဝသုန်ကို အကူအညီ ထပ်ခေါ်ရသည်။ ဒါတင်မက နဖူးကြောရှုံ့၊ မျက်မှောင်ကြီးကုပ်၊ နှုတ်ခမ်းကြီး စူနေတတ်သော ပန်းချီကိုညိုဝင်းကိုပါ အားဖြည့်ထားရ၏။

ဟုတ်မလိုလိုဖြစ်နေတုန်း အချိန်မှာပင် ပန်းချီကိုမောင်မောင်သိုက်နှင့် ကိုကျော်သောင်းတို့ ရောက်ရှိလာသည်။ တချို့လူတွေ လက်ကိုင်ဖုန်းဆောင်ကြသလို သူတို့ကလည်း 'မိုဘိုင်းလ်ပုလင်းပြား'လေးတွေ ဆောင်လာကြသည်။

ထိုအခါ မျက်နှာသေကြီးနှင့် မှိုင်နေသော ကိုဝသုန်ကလည်း ပြုံးဖြဲဖြဲဖြစ်လာ၊ မျက်မှောင်ကုပ်ထားသောကိုညိုဝင်းကလည်း ရွှင်ရွှင်ပျပျ ဖြစ်လာသည်။ ပန်းချီကိုဖေသ‌ောင်းနှင့် ကာတွန်းကိုမြင့်သိန်းတို့ရောက်လာသောအခါ မှာတော့ ဒုံရင်း ဒုံရင်းအတိုင်း ဖြစ်သွားရလေတော့သည်။

ဓာတ်ပုံဆရာ ညောင်ဦးဖိုးချိုကလည်း တတပ်တအား ပါဝင်ဆင်နွှဲလာသည်။ သူဝတ်ထားသော ဇီးဂျက်ကက်ရဲ့ အိတ်ကပ်တွေမှာ ကင်မရာ မှန်ဘီလူးတို့၊ ဖလင်လိပ်တို့၊ ဘက်ထရီတို့ ပါမလာဘဲ ပုလင်းကြီးလှော်၊

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မြေပဲ၊ ဆိတ်သားခြောက်ကြော် စသော အမြည်းတွေသာ ပါလာသည်။ ဒီတော့ ဘာဆက်ဖြစ်မလဲ စဉ်းစားသာကြည့်တော့။

ဒီကြားထဲ စာတစ်စောင်နှင့် အထုပ်တစ်ထုပ်ရောက်လာသေးသည်။ စာကိုဖွင့်ဖတ်ကြည့်ရာ

'သူငယ်ချင်း

ကိုယ့်မျက်နှာကိုမြင်ရင် ရယ်ချင်နေမှာစိုးလို့ လာမတွေ့တော့ဘူး။ သူငယ်ချင်းအတွက် ဓာတ်စာပဲ ပေးလိုက်တယ်။

ဘငြိမ်းဝေ

( ရှင်ပျော်ပျော် )

ဟု ရေးထားသည်။ သူပေးလိုက်သော ဓာတ်စာအထုပ်ကို ဖွင့်ကြည့်လိုက်တော့ ခွေးလေးယားသီးတွေ။

➤

ဘယ်လိုမှ မတတ်သာတော့သဖြင့် လူနာပင်ပန်းနေလို့ ဧည့်သည်တွေခွင့်မပြုတော့ပါဟု တားမြစ်လိုက်ရသည်။ သို့ရာတွင် ထိုနေ့ ညနေစောင်းမှာ အခန်းအပြင်ဘက်က ဆူဆူညံညံအသံကို ကြားရသည်။

"မတွေ့လို့မဖြစ်ဘူး၊ သိပ်အရေးကြီးတယ်"

ကြားဖူးသလိုလိုရှိသော အသံများဖြစ်၏။ ဆေးရုံခန်းက လိုဏ်သံပေါက်နေသဖြင့် ရုတ်တရက် ခွဲခြားလို့မရ။ မိနစ်ကလေးသာပဲ။ ခဏအကြာမှာ စပယ်ရှယ်နပ်စ်က တားနေသည့်ကြားက အတင်းပြေးဝင်လာသူနှစ်ယောက်ကို တွေ့လိုက်ရ၏။

မဟေသီစ်အိန်ဂျယ်လေးများဖြစ်သော သွန်းနှင်းအိမ်နှင့် သင်းသင်းသာ။ ဧကန္တ သတင်းထူး သတင်းဦးကို လွတ်သွားမှာစိုးလို့ ပြေးလာကြပုံရသည်။

"ဘျန်မတို့ကို ခွင့်လွှတ်ပါဆရာ"

သွန်းနှင်းအိမ်က ရောက်ရောက်ချင်းပြောသည်။ လူနာအတွက် ဘက်စရာ ပါမလာသဖြင့် တောင်းပန်နေခြင်း ဖြစ်မည်။ ဒီနှစ်



ယောက် ကပ်စေးနဲ့တတ်တာ သိပြီးဖြစ်သဖြင့်...

"ရပါတယ်၊ စားချင်သောက်ချင်စိတ်လည်း မရှိလှပါဘူး၊ ရယ်ရလွန်းလို့ အူတွေလည်း လိန်တွန့်ကုန်ပြီ ထင်တယ်"

"အဲဒီအတွက်ပဲ တောင်းပန်ချင်တာပါ"

သင်းသင်းသာက ဝင်ပြောသည်။

"ဟာ...ဘာဆိုင်လို့လဲ"

"ဆိုင်တယ်ဆရာ၊ အခုလို ဆရာ ရက်တစ်ရာ အူတက်အဆိပ်မိနေတာ ဘျန်မတို့ လက်ချက်ပါပဲ"

'ဟင်...ဘယ်လိုလဲ၊ ခင်ဗျားတို့က ကျုပ်နဲ့ ရန်ညိုးရန်စလည်း မရှိဘဲနဲ့။ သြော် ဟုတ်ပြီ မဟေသီမဂ္ဂဇင်းအတွက် စာမူနဲ့ဖြေဆေး လဲမယ်ပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး၊ တခြားကိစ္စပါ"

"ဘာကိစ္စလဲ"

"ဟိုတစ်ခါ လေထန်ဖုံး တရားရုံးမှာ ဆရာ့ကို ဝိုင်းပြီး ကလိထိုးကြလို့ မေ့မျောသွားတုန်းက ဒေဝတာမြို့တော်ကို ရောက်သွားခဲ့တယ် မဟုတ်လား။ အခုလည်း အဲဒီကို လိုက်ပို့ခိုင်းချင်လို့ အခုလို ကြံစည်ရတာပါ"

"နေစမ်းပါဦး၊ ခင်ဗျားတို့က အဲဒီကို ဘာကိစ္စနဲ့ သွားချင်ရတာလဲ"

"ဆရာမြင့်ကို သွားပြန်ခေါ်မလို့"

"ဟာ...ဆရာခင်မောင်မြင့် ဆုံးသွားတာပဲ တစ်နှစ်လောက်ရှိနေပြီ။ ပြီးတော့ ဟိုရောက်ပြီးသားလူ ဘယ်လိုလုပ် ပြန်ခေါ်မလဲ"

"ရအောင် ကြိုးစားကြည့်ရမှာပဲ။ ဆရာမြင့် မရှိတော့ မဂ္ဂဇင်းလုပ်ရတာ အခက်အခဲတွေ အများကြီး ကြုံရတယ်။ ဆရာမြင့် ဘယ်လောက်အဖိုးတန်တယ်ဆိုတာ ကြာလေ ပိုသိလာရလေပဲ"

"ဟုတ်တယ်၊ ဆရာခင်မောင်ညွန့် တစ်ယောက်တည်း လုပ်နေရတာ အရမ်းပင်ပန်းတာပဲ။ ဒါကြောင့် ဆရာညွန့်က တစ်ခါတစ်ခါကျရင် သူ့ချင်းသာ လဲလိုက်ချင်တော့တာပဲလို့ ညည်းလေ့ရှိတယ်"

သင်းသင်းသာ၏ စကားကို သွန်းနှင်းအိမ်က ထောက်ခံလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကျွန်မတို့ကို ကူညီပါနော်"

ပြောရင်းတစ်ယောက်ကိုတစ်ယောက် မျက်စပစ်၍ အချက်ပေးလိုက်ပြီးနောက် ဘယ်ညာနှစ်ဘက်ညှပ်၍ ကလိဝိုင်းထိုးကြလေတော့သည်။

"ဟာ ဟေ့ဟေ့၊ မလုပ်နဲ့ ဟဲ့ဟဲ့ ဟား ဟား ဟား"

အူတက်အောင်ရယ်ရင်းက သတိလစ်မေ့မျောသွားရာ....

သတိပြန်ရလာသောအခါ ဟိုတစ်ခေါက်တုန်းကလိုပင် ဒေဝတာမြို့တော် မုခ်ဦးအဝမှာ ရောက်နေကြောင်း သိလိုက်ရသည်။ အရင်အတိုင်းပဲ အစောင့်နှစ်ဦးကိုလည်း တွေ့ရသည်၊ အရင်လို ပတ္တမြားကျောက်စီ ပုလင်း ပါမလာသဖြင့် ဝင်ခွင့်မရတော့။

"အချိန်မတန်သေးဘဲ ရောက်လာတာ ဘာကိစ္စလဲ"

"ဆရာခင်မောင်မြင့်ကို လာပြန်ခေါ်တာ"

ဟု သွန်းနှင်းအိမ်က ပြောသည်။ အစောင့်က

"အောင်မယ်...ရာရာစစ၊ ဒီလို မြင့်မြတ်တဲ့နေရာကို ရောက်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို လောဘ၊ ဒေါသ၊ မောဟတွေ ပြည့်နေတဲ့ လူ့ပြည်ကို ပြန်ခေါ်လို့ ရမယ်များ ထင်နေသလား"

"ဟိုမှာ မဂ္ဂဇင်းအလုပ်တွေ မနိုင်မနင်း ဖြစ်နေလို့ပါ"

"အောင်မယ်၊ ခုမှ နှမြောကြသလား။ သွားသွား၊ ပြန်ခေါ်လို့ မရဘူး"

"မခေါ်လို့ မဖြစ်ဘူး"

"ဆရာမြင့်ကို ပြန်ပေး"

"ဆရာမြင့်ကို ပြန်ပေး"

သင်းသင်းသာနှင့် သွန်းနှင်းအိမ်တို့ အတိုင်အဖောက်လုပ်ပြီး အော်ကြသည်။ အစောင့်များလည်း ခေါင်းကုပ်ပြီး

"တယ်ခက်ပါလား၊ ကဲ ဟေ့ကောင် ဆရာခင်မောင်မြင့်ကို ဖုန်းဆက်ပြီး လှမ်းခေါ်ပေးလိုက်၊ သူတို့ချင်း ပြောကြပစေ"

အစောင့်တစ်ယောက်က ပြောလိုက်သောအခါ ကျန်တစ်ယောက်အလက်မကို နားရွက်ထဲထည့်၊ လက်ညှိုးကို ပါးစပ်နားမှာ တေ့ပြီး လှမ်း



အကြောင်းကြားလိုက်သည်။

တယ်ဟုတ်ပါလား၊ ဒါမှ 'ဟန်းဖုန်း'အစစ်ပဲ။ အင်းပေ့ါလေ၊ နတ်ဒေဝတာတွေဆိုတော့လည်း လက်ညှိုးက တယ်လီဖုန်း ဖြစ်နိုင်တာပေ့ါဟု မျောက်လူတွေးနေတုန်း...

ပြောင်လက်တောက်ပနေသော ငွေရောင် ယာဉ်ပျံတစ်စင်းရောက်ရှိပြီး ငြိမ့်ခနဲ ရပ်လိုက်သည်။ ယာဉ်ပေါ်မှ ဆရာခင်မောင်မြင့် ဆင်းလာသည်။ ကိုခင်မောင်မြင့်မှာ အသားအရေ ကြည်လင်ပြီး ဝါဝင်းနေ၏။ မျက်နှာက တည်ငြိမ်အေးချမ်းပြီး ပျော်ရွှင်နေပုံရသည်။

"ဆရာမြင့်"

"ဆရာမြင့်"

သွန်းနှင်းအိမ်နှင့် သင်းသင်းသာတို့က ဝမ်းသာအားရ ပြိုင်တူနှုတ်ဆက်သည်။

"အစ်ကိုနေကောင်းတယ်နော်"

ဟု မျောက်လူကလည်း ဝင်နှုတ်ဆက်သည်။ ကိုခင်မောင်မြင့်က ပြုံး၍ ပြန်နှုတ်ဆက်ပြီး...

"ဘာကိစ္စနဲ့ လာကြတာလဲ"

"ဆရာမြင့်ကို လာပြန်ခေါ်တာ"

ဟု သင်းသင်းသာက ပြောသည်။ သွန်းနှင်းအိမ်ကလည်း

"ဟုတ်တယ်၊ ဆရာမြင့်မရှိတော့ မဂ္ဂဇင်းမှာ တအားလျော့ပြီး တော်တော် ရုန်းကန်နေရတယ်၊ ဒါကြောင့် ဆရာမြင့် ပြန်လိုက်ခဲ့ပါ"

ကိုခင်မောင်မြင့်က ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်ပြီး

"ငါ ပြန်လိုက်လို့ မဖြစ်ဘူး။ ဒီမှာ ငါ အလုပ်ရနေပြီ"

"ဟင် ဟုတ်လား"

"ဟုတ်တယ်၊ ဒီရောက်တော့ ဆရာဦးမြလှိုင်နဲ့ ပြန်ဆုံတယ်။ ဆရာလည်း ပေဖူးလွှာမဂ္ဂဇင်း ပြန်ထုတ်ဖို့ စီစဉ်နေတာနဲ့ အတော်ပဲ ဖြစ်သွားတာပေ့ါ။ ငါ့ကို တာဝန်ခံအယ်ဒီတာ ခန့်လိုက်ပြီလေ"

"ဟာ ကံကောင်းတာပေ့ါ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟု မျောက်လူက ဝင်ပြောသည်။

"ဟုတ်တယ်၊ ဒီမှာ ရောက်နေတဲ့ စာရေးဆရာတွေက ဝိုင်းရေးပေးကြတယ်။ မင်းသူငယ်ချင်းကဗျာဆရာ တိုးမိုးနဲ့ မျိုးရာဇာညွှန့်လည်း ကဗျာတွေ ပို့ထားတယ်။ ပန်းချီဝင်းမော်ဟန်တို့ ကေမြိုးတို့ တာဂိုးမျိုးတို့လည်း ပုံတွေ ဝင်ဆွဲကြမယ်။ ကိုစံတိုးကိုလည်း မျက်နှာဖုံးအပ်ထားတယ်။ အဲဒါ မင်းတို့ ဟိုရောက်ရင် မြင့်ဦးဦးမြင့်ကို ပြောလိုက်ပါဦး။ သူ့ကဗျာတစ်ပုဒ် ငါပြန်သုံးထားတယ်။ စာမူခ လိုချင်ရင်တော့ မဂ္ဂဇင်းတိုက်မှာ လာထုတ်လို့ ပြောလိုက်"

"မဂ္ဂဇင်းကတော့ တော်တော် အင်အားတောင့်မှာပဲနော်"

"ဟုတ်တယ်၊ ဆရာလင်းယုန်မောင်မောင်ကလည်း ပင်တိုင်ကဏ္ဍတစ်ခု တာဝန်ယူထားတယ်။ ကျွန်တော်ဆက်၍ ပို့ချင်သော ဗျာပနများဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးမှာ"

"ဟာ ခေါင်းစဉ်ကိုက စိတ်ဝင်စားစရာကောင်းနေပြီ"

"ပြီးတော့ ဒီမှာက မင်းတို့ဆီမှာလို လွယ်အိတ်ကလေး လွယ်ပြီးနေပူ မိုးရွာမရှောင် လျှောက်သွားနေရတာ မဟုတ်ဘူး၊ မညောင်းသေးလျှင် ညောင်းအောင် လမ်းလျှောက်မည်။ ညောင်းလျှင် ဘတ်စ်ကားတိုးစီးမည်ဆိုတဲ့ အယ်ဒီတာမျိုး မဟုတ်ဘူး။ ဟိုမှာ တွေ့လား။ အဲဒါ ပေဖူးလွှာတိုက်က ပေးထားတဲ့ ယာဉ်ပျံပဲ"

ဒီတော့မှ သူစီးလာသော ယာဉ်ပျံကို သတိပြုမိသည်။ ယာဉ်၏ကိုယ်ထည်ပေါ်မှာ ပေဖူးလွှာ၏ ဆောင်ပုဒ်ဖြစ်သော 'မကောင်းသေးလျှင် ကောင်းအောင် ကြိုးစားမည်၊ ကောင်းလျှင် ပို၍ကောင်းအောင် ကြိုးစားမည်'ဆိုသော စာသားကို ရေးထားတာ တွေ့ရ၏။

ဆရာကိုခင်မောင်မြင့်က ဆက်ပြောသည်။

"ဒီမှာ စာပေသမားတွေက အချင်းချင်း ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်ရှိကြတယ်။ ဟိုအရင်က စာပေအယူအဆချင်းမတူတဲ့ လူတွေတောင် ညီညီနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ဆောင်ရွက်ကြတာ တွေ့ရတယ်။ ဒီမှာနေရတာ အဆင်ပြေပါတယ်"



"ဒါဆိုရင်တော့ ဆရာမြင့်အတွက် စိတ်ချသွားပါပြီ"

"ကဲ ကဲ ငါလည်း သွားစရာရှိသေးတယ်။ ဒီနေ့ မောင်နိုင်မာ ဂုဏ်ပြုကြိုဆိုပွဲ ရှိတယ်လေ။ စာပေသမားတွေအားလုံး လာကြမှာ။ မင်းတို့လည်း ပြန်ကြပေတော့။ ငါ့အတွက် မပူနဲ့။ ဒီမှာနေရတာ စိတ်ချမ်းသာတယ်။ ဟိုက စာပေမိတ်ဆွေတွေကိုလည်း သတိတရ နှုတ်ဆက်ကြောင်း ပြောလိုက်ပါ"

ဆရာခင်မောင်မြင့် ယာဉ်ပျံပေါ်သို့ တက်သည်။ ထို့နောက် လက်ကိုဆန့်တန်းလိုက်သောအခါ ငွေရောင်ဖိတ်ဖိတ်တောက်နေသော ယာဉ်ပျံကြီးသည် တငြိမ့်ငြိမ့် ထွက်ခွာသွား၏။ သွန်းနှင်းအိမ်နှင့် သင်းသင်းသာလည်း မျက်ရည်များဝဲလျက် လက်ပြနှုတ်ဆက်ရင်း ကျန်ခဲ့ကြသည်။

ထိုအခိုက် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ဖုံးသွားသည်။ ပြန်လင်းလာသောအခါ လူ့ပြည်သို့ ပြန်ရောက်နေကြကြောင်း တွေ့ရလေသည်။

(မိထားသောအဆိပ်ကို ဖြေဖို့ နည်းလမ်းကိုလည်း ရရှိခဲ့ပါသည်။ ဘယ်လိုလဲဆိုတာ ဖွင့်ပြောလိုက်လျှင် ဒီလိုအဆိပ်မျိုး မိချင်သူတွေ တိုးပွားများပြားလာမှာစိုးလို့ ဘီယာအဝသောက်ပြီး အဆိပ်ဖြေရကြောင်းကို လျှို့ဝှက်ထားလိုက်ရပါသည်။)

မင်းလူ

(မဟေသီမဂ္ဂဇင်း ဇွန် ၂၀၀၅)

• • •

www.burmeseclassic.com